www.burmeseclassic.com



BURMESE CLASSIC .com

# မိန်းကလေး

အချစ် ရင့်ရင့်

www.burmeseclassic.com

www.burmeseclassic.com

# မိန်းကလေး

အချစ်ရင့်ရင့်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ် ၅၂၀(က)၊ အင်း၀ (၄)လမ်း။ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း။ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ မေလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း - ၀၁- ၂၉၀၉၉၅

ရ၉၅ ● ၈၃
မိန်းကလေး၊
အချစ်ရင့်ရင့် / မိန်းကလေး ။ - ရန်ကုန်။
ဖျူးစာပေ ၊ ၂၀၁၃ ။
၂၇၆ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) အချစ်ရင့်ရင့်

BURMESE CLASSIC .com

## အခန်း(၁)

"ဟဲ့ သမီးသခင်၊ ဒါက ဘယ်တုန်း"

သစ်ခွပန်းပင်တွေကို အားဆေးဖျန်းနေတဲ့ ဒေါ်ဝင်းဝင်းမေရယ်။

ပေါ်တီကိုအောက်ရပ်ထားတဲ့ကားပေါ် လွှားခနဲတက်သွားတဲ့ တူမချောကို မြင်လိုက်သည်နှင့် လှမ်းမေး၏။

တူမချောက မေးရင် တယ်ကြိုက်လှတယ်မရှိပါ။

မကြိုက်ပေမယ့်လည်း အုပ်ထိန်းသူ ဒေါ်ဝင်းဝင်းမေအနေနဲ့ မေးဖို့တာဝန်ရှိတယ်မဟုတ်လား။

ထုံးစံအတိုင်း တူမချောက မေးဖျားလေးပင့်ဆတ်၍

"အပြင်ထွက်ဖို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အပြင်ထွက်ဖို့ဆိုတာတော့ သိတာပေါ့၊ ဘယ်သွားမလဲ ဘယ်သူနဲ့သွားမှာလဲ၊ ဒါကိုမေးတာ"

"ကျွတ်"

တူမချောက ရေစိုကောက်ထားတဲ့ ဆံပင်ရှည်ကို လက် ရှုရှုလေးပွတ်၍

"မေးမနေနဲ့ အန်တီမေရယ်၊ ဘယ်သွားမယ် ဘယ်လာ မယ်ဆိုတာ ခေါင်းထဲ စီမထားဘူး၊ လမ်းပေါ်ရောက်မှ စိတ်က တောင်းဆိုတဲ့ဆီသွားမှာ"

"အံ့ပါပကော"

ဒေါ်ဝင်းဝင်းမေ ကားနားလာရင်း တအံ့တဩပြော၏။

"မအံ့ပါနဲ့၊ ကိုယ့်တူမအကြောင်း ကိုယ်သိနေတာပဲ၊ မေ စရာလား၊ ဒါပဲ"

ပြောရင်းဆိုရင်း စက်နှိုးပြီးနှင့်သည့်ကားကို လျှောခန မောင်းထွက်၏။

"ဟယ် ကြည့်စမ်း၊ ဒီကလေး"

ဒေါ်ဝင်းဝင်းမေ လက်တစ်ဖက် ခါးထောက်နဲ့ ခုန်ဆွခုန် ဆွဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။

ဒီတူမလုပ်သမျှ ဒေါ်ဝင်းဝင်းမေ စိတ်ဆိုးလို့လည်းမရ ဒေါသဖြစ်နေလို့လည်း အကြောင်းမထူးပေ။

ဒင်းလေးက ငယ်ငယ်ကတည်းက တစ်ဘာသာ။





သွားချင်ရာသွားမယ်။ လာချင်ရာလာမယ်။ ဆူဟယ်မာန် ဟယ်လုပ်ရင်လည်း အကြောင်းမထူး။

ဘယ်လောက်ဆူဆူ။ ဆူတဲ့သူ ပါးစပ်အမြုပ်ထွက်ပလေ့စေ။ သူသွားချင်တဲ့နေရာ သွားလိုက်တာပဲ။

နောက်ပြီး ကိုယ်က ခိုင်းချင်တဲ့ဆီ ခိုင်းကြည့်ပါဦး။

ဘယ်တော့မှ ခိုင်းလို့စေလို့မရပါ။ ခိုင်းလို့မရကောင်းလား ဆိုပြီး ရိုက်နှက်ဆုံးမကြည့်သေးတယ်။

အရိုက်ခံပြီး နေလိုက်သည်သာ။ အေး တစ်ခုတော့ရှိတယ်။ သူလုပ်ပေးချင်ရာဆို မပြောရ မခိုင်းရဘဲ လိုက်လုပ်ပေးပြန်ရော။

တူမလေးစိတ်က အဲသလိုပါ။

ဘာကြောင့် ဒီလိုစိတ်ဖြစ်ရတာလဲ။ အရင်းစစ်ကြည့်တော့ တူမလေးရဲ့ မိဘနှစ်ပါးဖြစ်တဲ့ ဒေါ်ဝင်းဝင်းမေရဲ့ အစ်မနဲ့ခဲအို ကြောင့်ဆိုလည်း မမှား။

အစ်မ ဝင်းသန္တာနဲ့ ခဲအို ထွန်းသူရက မျက်နှာချင်းဆိုင် မတွေ့လိုက်နဲ့။ ဆိုင်လိုက်တာနဲ့ တကျက်ကျက်။

ခဲအိုက တစ်ရှူးထိုးနဲ့ စိတ်မြန်လက်မြန်ရှိသည်။ ဘာကိစ္စ ဖြစ်ဖြစ် ထင်တာနဲ့ တဖွတ်ထိုးလုပ်လေ့ရှိ၏။ အကောင်းအဆိုး ခွဲခြားမနေ။

အစ်မဖြစ်သူက နည်းနည်းလေးမှ အတိမ်းအစောင်းမခံ။ ခဲအိုစိတ်ကိုလည်း သဘောမတွေ့လှပေ။ ခဲအိုတစ်ခွန်းဆို အစ်မက



www.burmeseclassic.com

www.burmeseclassic.com



လေးခွန်းလောက် ပြန်ပက်ပြီးသား။

နှစ်ယောက်စလုံး အထည်ချုပ်လုပ်ငန်းကို တွဲလုပ်နေကြတော့ အချိန်ကုန် အခြေအတင် ပြောကြဆိုကြနဲ့။

ဘယ်တော့မှ လင်ရယ်မယားရယ်ဆိုပြီး နွေးနွေးထွေးထွေး ပြောဆိုတာ မရှိဘူး။ သမီးလေးရလာတော့လည်း ဒီအတိုင်း

ခဲအိုနဲ့အစ်မ အခြေအတင်ဖြစ်တိုင်း ငယ်ငယ်ကတည်းက မိဘအနား တူမလေး မကပ်တော့ချေ။

မိဘကလည်း သမီးဟယ် ဘာညာဆိုပြီး ပွေ့ပွေ့ပိုက်ပိုက်နဲ့ အချိန်ပေးပြီးလည်း ချစ်ဖို့ စိတ်မကူးကြဘူး။

အလုပ်ကိစ္စပဲ ရှေ့တန်းတင်သည်။ တူမလေးကို နာနီလက်ထဲ ပုံအပ်၏။ နာနီက ဂရုတစိုက်ထိန်းပေမယ့် တူမလေးစိတ်က သိတတ်စကတည်းက သူ့သဘောသူဆောင်နေသည်။

စားစရာရှိရင် စားမယ်။ ကစားစရာရှိရင် ကစားမယ်။ ဘာမှပြောဆိုဆုံးမလို့မရသလို သင်ကြားပြသလို့လည်း မရပေ။

တူမလေး ငယ်ငယ်တုန်းက ဒေါ်ဝင်းဝင်းမေ ခင်ပွန်းသည် ရှိရာ မိုးကုတ်မှာ အခြေကျနေသည်။

တူမလေး ဆယ့်နှစ်နှစ်အရွယ်မှ ရန်ကုန်ကို ပြောင်းလာခြင်း။

ပြောင်းလာတာက အကြောင်းရှိလို့ပါ။ သူမမှာ သားသမီး ရပါရဲ့။ သားဦးက မွေးပြီးပြီးချင်း ဆုံးသည်။ ဒုတိယမွေးတဲ့သမီးက





အရိုးပျော့ရောဂါသည်လေး။

သက်ဆိုးမရှည်ရှာ။ ငါးနှစ်အရွယ်မှာ ဆုံးရှာသည်။

ထိုနှစ်ယောက်ရပြီးတော့ နောက်ထပ်သားသမီးလည်း မရတော့ပါ။ တားတာဆီးတာ မဟုတ်ဘဲ။ သူ့အလိုလို မရတော့ ကံကိုပဲ အပြစ်ပုံချရုံသာ။

ဒါနဲ့ပဲ တစ်ဦးတည်းသော တူမလေးနဲ့ အနီးကပ်နေရမယ်ဆိုပြီး မိုးကုတ်ကနေ ရန်ကုန်ပြောင်းလာခြင်း။

ဒေါ်ဝင်းဝင်းမေတို့လင်မယား ပြောင်းလာပြီး ခြောက်လလောက်ပဲကြာမည်။

အစ်မနဲ့ခဲအို နိုင်ငံခြားထွက်ဖို့ ပြင်ဆင်သည်။ သမီးကို ဘယ်လိုလုပ်မလဲမေးတော့

"ညည်းတို့လင်မယားနဲ့ ထားခဲ့မှာပေါ့တဲ့"

အစ်မဖြစ်သူဖြေသံက သမီးသံယောဇဉ်နဲ့ မခွဲခွာရကတာမျိုးမဟုတ်။ ပစ္စည်းတစ်ခုကို အပြောင်းအရွှေ့လုပ်သလိုမျိုး။ စိတ်ချရတဲ့နေရာ ထားမယ်ပေါ့။

"ဖြစ်ပါ့မလား မမရယ်"

"ဘာလို့မဖြစ်ရမှာလဲ"

"အိုး သမီးလေးက ငယ်တဲ့အချိန်မှာလည်း မိဘနဲ့ ပွေ့ပွေ့ပိုက်ပိုက် မနေရဘူး၊ ဟော အခုတစ်ခါ ထားသွားမယ်ဆိုရင် ကလေးစိတ်ထိခိုက်ရှာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ညည်းတူမလား စိတ်ထိခိုက်ရှာမှာ၊ ဝေးပါသေးတယ်အေ၊ ဒက်ဒီနဲ့မာမီမရှိလည်း ရတယ်။ သခင်နေတတ်တယ်တဲ့လေ။ ပြန်ပြောပုံက အသည်းယားတယ် အဟင့်။"

အစ်မပြန်ပြောသံက ချစ်ခင်တွယ်တာစိတ်မျိုးနဲ့လည်း မဟုတ်ပြန်။

"ဟုတ်တယ်ဟေ့၊ မေ့တူမက မိဘကို ခင်တွယ်ရကောင်းမှန်း မသိဘူး။ သမီးရေ ဒယ်ဒီဆီလာပါဟေ့လို့ ခေါ်လိုက်ရင် မကြားချင်ဟန်ဆောင်ပြီး လစ်ပြေးတာကွ။ သမီးစိတ်က အမေတူလေ၊ ပြန်ပြောပြီဆိုလည်း ရေပက်မဝင်ဘူး၊ မပြောဘူးဆိုလည်း ရေငုံနှုတ်ပိတ်၊ သူ့ဘာသူ နေချင်သလိုနေတဲ့ မအေတူသမီး"

"အောင်မာ ဘာမအေတူသမီးလဲ၊ သမီးက ရှင်နဲ့ တစ်ထပ်တည်း၊ ရုပ်ကောစိတ်ကော သိရဲ့လား ဟွန်း"

သမီးအကြောင်းပြောရင်းနဲ့ လင်မယားနှစ်ယောက် တစ်ပွဲနွှဲကြပြန်သည်။

"ကဲပါ မမတို့သဘော၊ ထားမယ်ဆိုလည်း မေ ကြည့်ရှုစောင့်ရှောက်ပါ့မယ်"

ဒေါ်ဝင်းဝင်းမေ ကြားဝင်ပြောလိုက်ကာမှ ငြိမ်သွားသည်။ ဒါတောင် အစ်မနဲ့ခဲအို မျက်စောင်းတွေနဲ့ အပြန်အလှန်ကြည့်ကြသေးသည်။

အစ်မနဲ့ခဲအို နှုတ်ဆက်ထွက်သွားချိန်က တူမလေးက





ဆယ့်နှစ်နှစ်ပဲရှိသေးတယ်။ ကလေးအရွယ်ပေမယ့် မိဘနဲ့ခွဲခွာရမှာမို့ ငိုတာယိုတာလည်း မဖြစ်။

"သွားပစေပေါ့ အန်တီမေရဲ့၊ ဒယ်ဒီနဲ့မာမီရှိနေရင် နားငြီးတယ်။ တစ်ခါတစ်ခါ ရိုက်ကြတာတွေလည်း ရှိတယ်၊ အန်တီမေ ဘာသိလို့လဲ၊ အဲဒါကြောင့် ဒက်ဒီနဲ့မာမီနား သခင်မကပ်တာ"

ဟု မျက်နှာလေးမဲ့ကာ ပြောရှာသည်။

မိဘနှစ်ပါးကို ပြုံးမဲ့မဲ့လေးပဲ လက်ပြနှုတ်ဆက်လိုက်တာ ခုချိန်ထိ ဒေါ်ဝင်းဝင်းမေ မြင်ယောင်ကာ။

ခုချိန်မှာ သက်မအလီလီချရုံသာ တတ်နိုင်တော့တယ် မဟုတ်လား။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

"တီတီတီ"

လက်ကိုင်ဖုန်းထမြည်သည်နှင့် ဦးတည်ရာမဲ့မောင်းနေတဲ့ ပြိုင်ကားလေးကို ပန်းသခင် လမ်းဘေးချရပ်လိုက်သည်။

ဖုန်းပြောရင်း ကားမမောင်းချင်ပါ။

ဖုန်းပြောရ အားမရသလို ကားမောင်းရတာလည်း ဖီလင်ပျက်တယ်လို့ ခံစားရစေသည်။ ဒါကြောင့် ကားကို သခင် လမ်းဘေးထိုးရပ်၏။

စက်သပ်ရပ်ပြီးမှ ပန်းသခင် ဖုန်းထူးသည်။

"ဟဲလို"

တစ်ဖက်ကခေါ်နေတာ မာမီမှန်း ဖုန်းနံပါတ်ကြည့်က





တည်းက ပန်းသခင်သိသည်။ သိပေမယ့်လည်း ဖုန်းထူးသံက လှိုက်လှိုက်လှဲလှဲမရှိလှပါ။ အဝေးရောက်နေတဲ့ မိခင်အနေနဲ့ သမီးအသံ လှိုက်လှဲမှုရှိမနေတော့၊ ဒေါ်ဝင်းသန္တာ သက်မချလေပြီ။

"သမီး"

"ပြောလေ မာမီ"

"သမီး။ သမီး စိတ်က ငယ်ငယ်ကအတိုင်းပဲလား ဟင်"

ပန်းသခင် ဘာမှမဖြေ။ မွန်းကျပ်သလို ခံစားရတာကြောင့် ကားတံခါးဖွင့်ဆင်း၏။

"သမီး အရွယ်ရောက်နေပြီပဲ၊ မာမီတို့အပေါ် နွေးနွေးထွေးထွေး ရှိစမ်းပါကွယ်"

"ဟွန်း မာမီ ပြောနေတာက ဘာတွေလဲ၊ သခင် နားမလည်ဘူး၊ မာမီဖုန်းဆက်တယ်၊ သခင် လက်ခံပြောတယ်လေ၊ ပြီးပြီပေါ့၊ ဘာလိုသေးလို့လဲ"

"မဟုတ်သေးဘူး သမီးရယ်၊ မာမီပြောတာက ဒယ်ဒီနဲ့ မာမီအပေါ် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ရှိစေဖို့ပြောတာပါ၊ သမီး အတွက် မာမီတို့က ပစ္စည်းတွေဘာတွေညာတွေ သတီတရပို့ပေးတယ်၊ သမီးက ကျေးဇူးတင်တယ်တဲ့၊ ဒါမဟုတ်သေးဘူးလေ၊ သမီး ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင်မကြိုက်ဘူးပြောပေါ့၊ နောက်ပြီး သမီးက ဘာလေးလိုချင်ပါတယ် ဘာညာပြောပေါ့၊ သမီးက အဲလို မျိုး မဟုတ်ဘူး၊ မာမီတို့အပေါ်မှာ စိမ်းနေတုန်းပဲ၊ ဘာလဲ သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီး မာမီတို့ အင်္ဂလန်မှာ အခြေကျနေကြတာကို သမီး စိတ်ကောက်ချင်တာလားဟင်၊ မာမီတို့ သမီးနားကို ပြန်လာရမလားပြော

မိုးအေးရန်ပါတဲ့ လေနုကို ပန်းသခင် တစ်ရှိုက်ရှူပြီး ခေါင်းရမ်း၏။

'ဟင့်အင်း မာမီတို့သဘောပါ၊ သခင်က ဘာမှမတောင်းဆိုဘူး၊ တောင်းဆိုဖို့လည်း စိတ်ကူးမရဘူး၊ မာမီတို့ပေးတဲ့ ပြိုင်ကားသစ်လေးကို သခင် အခုစီးနေတာလေ"

မာမီပို့ပေးတဲ့ ပြိုင်ကားအနီရဲရဲလေးကို ပန်းသခင် ကိုယ်နှိုက်ရပ်ရင်း ပေ့ါပါးစွာဆိုချေသည်။

အဲဒါကိုပဲ ဒေါ်ဝင်းသန္တာ သဘောမတွေ့ခြင်း။

"မာမီဆိုလိုတာက. သမီးကြိုက်ရဲ့လား"

"မာမီပို့ပေးတော့ ကားသစ်လေး စီးရတာပေ့ါ၊ မဟုတ်လားမာမီ၊ ဒီကားသစ်လေး ပို့ပေးရင်း ဒယ်ဒီနဲ့မာမီ ရန်တစ်ပွဲဖြစ်ဦးမှာပဲ မဟုတ်လား၊ သခင် အဲဒါပဲ တွေးမိတယ်"

ဒေါ်ဝင်းသန္တာစိတ်က ပို၍ပင် မှိုင်းညို့သွားသည်။ ဘာဆက်ပြောလို့ပြောရမှန်းမသိအောင် တွေဝေငေးမောကာ။

ကောင်းကင်ပြင်မှာ မိုးတိမ်တို့အလိပ်လိုက် ပြေးလွှားနေသည်ကို ပန်းသခင် အမိပ္ပာယ်မဲ့ ငေးကြည့်ရင်း မြင်ယောင်လာသည်။

ငယ်ငယ်တုန်းက အဖြစ်လေ။

♥





ဒယ်ဒီနဲ့မာမီ ဘယ်သွားသွား သခင့်ကိုခေါ်သွားလေ့မရှိပါ။ အဲဒီနေ့က ဘာစိတ်ကူးပေါက်သည်မသိပါ။

သခင့်ကို ဂါဝန်လှလှလေးဝတ်စေပြီး ခေါ်သွားပါသည်။

သခင့်ကို ခေါ်သွားတဲ့နေရာက လူစည်ကားတဲ့ ပွဲခင်းပါ။

ပွဲခင်းဈေးတန်းကလည်း စည်လှသည်။ ဆိုင်ပေါ်တင်ရောင်းတဲ့ ပစ္စည်းတွေထဲမှာ သခင်က ဆင်ပေါ်မင်းသမီးလေး ထိုင်စီးနေတဲ့အရုပ်ကို လိုချင်သွားသည်။

မာမီကိုပူဆာတော့ မာမီက ဝယ်ပေးမလို့ ဈေးမေးသည်။ ဒယ်ဒီက ထိုအရုပ်ကို ကိုင်ကြည့်ပြီး အပြစ်အနာအဆာတွေရှိတယ်၊ ကော်ကပ်ကြီး၊ မခိုင်ဘူး ဘာညာနဲ့ပြောပြီး တားသည်။

မာမီက ဒယ်ဒီနဲ့ ငွတ်ငြင်းပြီး ရအောင်ဝယ်၏။

အရုပ်လေးရသွားတော့ သခင် အရမ်းပျော်ပါသည်။

ဒါပေမယ့်

သခင့်လက်ထဲမှာ နှစ်ရက်ပင် မပြည့်ပါ။ ဆင်ရုပ်ခြေထောက်တွေပြုတ်ကာ မင်းသမီးခေါင်းလည်း ရွဲ့စောင်းသွား၏။ ဆင်နှာမောင်းနဲ့ဆင်စွယ်လည်း ကျိုးလျက်။ အရုပ်လေး ပျက်စီးကိန်းဆိုက်လေသည်။

အရုပ်လေးပျက်စီးနေတာ ဒယ်ဒီမြင်သွားတော့ ပြဿနာမသေးတော့ပါ။ သခင့်ကိုလည်း ပျက်နေတဲ့အရုပ်နဲ့ ဂျော်မှာ တငွန်းဝုန်း ရိုက်၏။ မာမီကိုလည်း ရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီကလည်း ပြန်ပက်၏။

စကားနဲ့တင်မက ရန်ဖြစ်တဲ့ဆီမှာ လက်ပါကုန်သည်။ ဒယ်ဒီက မာမီကို လက်ပြန်ရိုက်၏။ မာမီက ဝင်လုံးသည်။ တစ်ယောက်တစ်ပြန်ဆီ ရိုက်ကြ ဆွဲကုတ်ကြနဲ့ နာနီနဲ့ ဒရိုင်ဘာဘာကြီး ဝင်ဖြေလို့ နပန်းပွဲပြီးသွားပါသည်။

ဒယ်ဒီမျက်နှာမှာ မာမီလက်သည်းရာ အစင်းကြောင်းတွေက သွေးပင်စိမ့်ထွက်၏။ လက်ဖျံမှာလည်း မာမီသွားကိုက်ရာ အကွင်းလိုက်ပေါ်ကာ။

မာမီက ဒယ်ဒီလက်ချက်နဲ့ ပါးတစ်ခြမ်း ယောင်သွားလေသည်။ အဲဒီကိစ္စနဲ့ နောက်ဆက်တွဲ ဒယ်ဒီနဲ့မာမီ တစ်ပတ်လောက် ရန်စောင်နေကြသေးသည်။

"နောက်တစ်ခါ ငါက မဝယ်နဲ့ဆိုမဝယ်နဲ့၊ ဝယ်ပေးကြည့်"လို့

ဒယ်ဒီအခဲမကျေ ပြော၏။ မာမီက

"ဝယ်ပေးမယ်၊ သမီးလိုချင်တယ်ဆိုလို့ ဝယ်ပေးတာ၊ ခိုင်ခိုင်မခိုင်ခိုင် ကောင်းကောင်းမကောင်းကောင်း ဝယ်ပေးရမှာပဲ"လို့

အားကျမခံ ပြန်ပြော၏။

ထိုအဖြစ်ကြောင့် သခင့်စိတ်ထဲ နက်နက်ရှိုင်းရှိုင်း စွဲသွားတာက တခြားမဟုတ်ပါ။

သခင်လိုချင်တဲ့ အရုပ်ကလေးကြောင့် ဒယ်ဒီနဲ့မာမီ ထိုမျှလောက်ထိ ဖြစ်ကြတာမျိုး။





ဒါတင်မက သခင့်ကိုလည်း ဒယ်ဒီနဲ့မာမီ ပို၍လျစ်လျူရှုတာကို သခင် ခံစားရသည်။

အဲဒီခံစားမှုကို သခင်မနှစ်မြို့ပါ။

ဒါကြောင့် သခင် ဘာမှမတောင်းဆိုတော့ပါ။ ဘာမှလည်း မလိုချင်တော့ပါ။

သခင့်ရဲ့ လိုချင်မှုတစ်ခုက ဒယ်ဒီနဲ့မာမီအတွက် ရန်တစ်ပွဲဖြစ်စေမယ့် အကြောင်းရင်းမဟုတ်လား။

မာမီသိသိကြီးနဲ့ အစဖော်ပြောလာတာ သခင်အံ့သြပါသည်။ သခင် အခုစီးလာတဲ့ပြိုင်ကားအသစ်လေးက မာမီပို့ခဲ့တာ တစ်ပတ် ရှိပါသေးသည်။

ဒီကားပို့ခဲ့တဲ့ကိစ္စမှာ ဒယ်ဒီနဲ့မာမီ ရန်တစ်ပွဲတော့ ဖြစ်ကြမယ်ဆိုတာ သခင်မမြင်ရပေမယ့် သိနေပါသည်။

လက်ရှိ ကားလေးစီးရှိတယ်လေ။

ကော်ရိုလာတစ်စီးနဲ့ ဂျစ်ကားက ဒယ်ဒီနဲ့မာမီ ဒီမှာရှိစဉ်က စီးခဲ့တဲ့ကား။ အန်တီမေမှာက မာစီဒီးတစ်စီးနဲ့ အန်ကယ်သာစီးနေတဲ့ ကရီနာစလွန်းကားတစ်စီး။

သခင် ဘယ်ကားကို ရွေးစီးစီး စီးလို့ရပါရဲ့။

ငွေကုန်ခံ ဝယ်ပေးရကောင်းလားဆိုပြီး မာမီ့ကိုဒယ်ဒီ ပြောမည်။

မာမီက ပြန်ပက်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ရန်ပွဲနွဲကြမည်။

ပြေးကြည့်စရာမလိုဘဲ သခင်သိနေပါသည်။

ကားလေးရောက်လာလို့သာ ထုတ်စီးမိတာ။ သခင့်ရင်ထဲမှာ လေးလံဖိစီးလှတာ အမှန်။

♥

"သမီး"

မာမီ့ခေါ်သံလေး အတန်ကြာမှ ဆူထွက်လာသည်။

မာမီဝမ်းနည်းနေတာလား။ ထိခိုက်နေတာလား။ ဒါမှမဟုတ် သခင် ထင်တဲ့အတိုင်း ရန်တစ်ပွဲဖြစ်ပြီးမှ ပို့ခဲ့တာ သက်သေ ခံနေတာလား၊ ဘာလားညာလားတော့ မသိပါ။

မာမီ့ခေါ်သံလေးက ငိုချတော့မတတ် ခံပြင်းသံတို့ ရောထွေးနေပါသည်။

ပန်းသခင် စိတ်ကိုထိန်းကာ

"ပြောလေ မာမီ၊ ဘာပြောမလို့လဲ"ဟု

ဘာကိုမှ ခံမင်မက်မောခြင်းမရှိဘဲ မေး၏။

ဒေါ်ဝင်းသန္တာက မျက်စောင်းနဲ့လှမ်းကြည့်နေတဲ့ ခင်ပွန်းသည်ကိုမကြည့်ဘဲ ယိုစီမ့်ကျလာတဲ့ မျက်ရည်စီးကြောင်းကို မသိမသာ ပွတ်သုတ်လေပြီး

"ဒါ ဒါပဲကွယ်၊ နောက်မှဆက်တော့မယ်၊ ဒါပဲ"လို့





ဦးတည်ရာမဲ့ပြောရင်း ဖုန်းကို ချက်ချင်းပိတ်ပစ်၏။

ပန်းသခင် နှုတ်ခမ်းလေးဖိကိုက်မိ၏။ တဖြည်းဖြည်း အိကျလာတဲ့ မိုးတိမ်တွေကို သတိလက်လွတ်ကြည့်ရင်း နားနားကပ်ထားတဲ့ဖုန်းကို ခွာကြည့်သည်။

"အဟင့်"

ရင်မှာကျင်မဲ့မဲ့ဖြစ်၏။ ထို့နောက် ဖုန်းကိုပိတ်ပစ်ကာ ဆုပ်ကိုင်၏။ မှီရပ်နေတဲ့ ပြိုင်ကားသစ်လေးကိုကြည့်ရင်း သခင် မျက်နှာလေး ပြုံးမဲ့သွားသည်။

သခင့်မှာ လိုချင်စိတ် ခန်းခြောက်နေခဲ့တာ ကြာပါပြီ။

အခုလည်း လိုချင်၍မဟုတ်ပါ။ တောင်းလည်းမတောင်းဆိုပါ။ ဒယ်ဒီနဲ့အတိုက်အခံလုပ်ပြီး မာမီပို့လာလို့သာ ယူစီးရတာလေ။

ဒီအငွေ့အသက်တွေထဲက ခေတ္တခဏဖြစ်ဖြစ် ကင်းလွတ်ခွင့်ရချင်ပါသည်။ ဒါကြောင့် ကားပေါ် ပြန်မတက်ဖြစ်တော့ပါ။ လက်ကိုင်ဖုန်းကို ကားထဲပစ်သွင်း၏။

ကားကို ဒီအတိုင်းထားရစ်ကာ။

တဝေါဝေါနဲ့ ကြွေးကြော်လာတဲ့ မိုးသံဆီ သခင်ခြေလှမ်းတွေ ဦးတည်ပြေးလွှားရင်း ကြိုဆိုမိလေပြီ။

ရွာသာရွာပါ ရွှေမိုးရယ်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

လေနဲ့အတူ ပြေးလာသော မိုးရေစက်ကြီးတွေ တပေါက်
ပေါက်ကျလာလေပြီ။ မိုးပေါက်များက သခင့်ကိုယ်ပေါ် တဖြောက်
ဖြောက်ကျကာ အေးခနဲကျင်သွား၏။

မကြာခင်ပဲ မိုးပေါက်တွေ စိမ့်စိမ့်ကျလာသလို အရှိန်လည်း
မြင်းလာသည်။ မိုးနဲ့လေက ဟန်မိုနီကျစွာ တသောသောတဝေါဝေါ
နဲ့၊ သခင့်ကိုယ်ကို လွှမ်းမိုးသွားတဲ့အခါ မိနစ်ပိုင်းအတွင်း စိုစိုရွှဲရွှဲ
ဖြစ်လေသည်။

စိုလို့ရွှဲလည်း မိုးရေကြားမှာ အေးတမြမြ စိမ့်နေပေမယ့်
သခင်မမှုပါ။ ဒီအတိုင်း လျှောက်သွားနေလိုက်သည်။

အန်တီမေမြင်ရင် ရင်ဘတ်ထု၊ အမလေး . . တ,ပြီး သခင့်ကို





ဆွဲခေါ်သွားမှာ သေချာသည်။ အန်တီမေ မမြင်တဲ့ရပ်ဝန်းမှာ
သခင့်စိတ် သခင့်အလိုအတိုင်း မိုးရေထဲ လျှောက်သွားနေရတာ
စိတ်ကလန်း၏။

မိုးကြိုးတိတ်မှ ခြေလှမ်းတွေ ရပ်ပစ်မယ်လို့လည်း စိတ်ကူးမိကာ။

သခင်ရပ်ထားတဲ့ကားနဲ့ အတော်ဝေးလာမှန်း သိပေမယ့်
သခင် ဆက်လျှောက်နေဆဲ။

သော့သော့လေးတိုက်နေတဲ့ လေစီးကြောင်းမှာ မိုးသားနဲ့
အတူ မွှေးမြမြရနံ့တွေ ရောနှောပါလာမှန်း သခင်ရှူရှိုက်မိလေသည်။

ထိုမွှေးရနံ့က ဘယ်ဆီက ပါလာပါလိမ့်။

ခံစားမိရုံနဲ့ ပို၍သင်းမြလာသည်။

သခင့်နှာခေါင်းက ထိုမွှေးရနံ့ကို တမ်းမက်မိကာ ဘေးဘီ
ဝန်းကျင်ကို အကဲခတ်ကြည့်မိ၏။

မိုးသားတွေကြားမှာ ပတ်ဝန်းကျင်က ဝိုးတဝါး။

ဆိတ်ငြိမ်လမ်းမကြီးမို့ လမ်းနဲ့အလှမ်းကွာတဲ့ ခြံကျယ်တွေ
က တိတ်ဆိတ်လှချေသည်။ တချို့ခြံတွေက သစ်ပင်ကြီးတွေ အုံ့ဆိုင်း
နေကာ မှောင်ကျနေ၏။

တချို့ခြံဝင်းထဲရှိ တိုက်အိမ်ကြီးတွေလည်း မြင်သာသည်။

လူရိပ်တွေဘာတွေ မမြင်ရပေမယ့် မွှေးရနံ့က ပို၍သင်း
လာသည်။ ထိုအခါ သခင့်နှာခေါင်းလေးပွကာ အားရပါးရ ရှူရှိုက်
ရင်း မွှေးရနံ့အတိုင်း သခင့်ခြေလှမ်းက စူးစမ်းချင်စိတ်နှင့် သွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မျက်လုံးက လမ်းတစ်ဖက်တစ်ချက်ကို ဝေ့ဝဲကြည့်၏။

ထိုစဉ်

လမ်းထောင့်က ခြံကျယ်ကြီးထဲမှာ ရောင်စုံဖြာနေတဲ့ ပန်း... ခင်းကြီး။

မိုးသားတွေကြား ဖျတ်ခနဲ သခင်မြင်ရလျှင် လှိုက်ခနဲ... ဝမ်းသာသွား၏။ ခြေလှမ်းက အလိုလိုနေရင်း ခြံဝဆီ အပြေးတစ်ပိုင်း... ရောက်ကာ။

မိုးရေစက်ကျတဲ့အရှိန်နဲ့ ပန်းပွင့်ကလေးများ လှုပ်ခါနေ... သည်က အသက်ဝင်လှသည်။ ရောင်စုံအကန့်လိုက် စိုက်ထားတဲ့ နှင်းဆီခင်းကြီးက သက်ဝင်လှုပ်ရှားလျက်။ သခင့်မျက်လုံးကို တကယ်... ညှို့ငင်ထားလေပြီ။

ထိုအခါ သခင်စိတ်မထိန်းနိုင်တော့ပါ။

မဟာတဟလေး ဖြစ်နေရှာတဲ့ သံပန်းတံခါးရွက်ကို တွန်း... ဖွင့်ကာ ခြံထဲ စွတ်ဝင်လေသည်။

အရင်ဆုံး ဝါဝါရောင်လေး သစ်လွင်နေတဲ့ အဝါပွင့်နှင်းဆီ... ခင်းနား ခြေလှမ်းတန့်သွားသည်။

မိုးရေများက တဖြောက်ဖြောက်နဲ့ ပွင့်ချပ်တွေမှာ ကျလိုက်... တင်လိုက် လိမ့်ကျလိုက်နဲ့။ ပန်းပွင့်ကလေးများ လှုပ်လှုပ်ရွရွလေး... ဖြစ်နေသည်က၊ ကြည့်ကောင်းနေသည်။





ထို့အတူ မွှေးရနံ့လည်း ပို၍သင်းအီလို့လာသည်။

အနီစွင့်စွင့်၊ ပန်းရောင်၊ ပန်းနုပျိုရောင်၊ ပန်းဆီသွေး ...ရောင်၊ အဖြူစွေးစွေးနဲ့ ဆင်စွယ်ရောင်လွင်လွင်။

အို..

အကန့်လိုက် အခင်းလိုက် နှင်းဆီပန်းရောင်စုံခင်းကြီးက ...စ်မျှော်တစ်ခေါ် ချည်း။ ခြံနောက်ဘက် တစ်ထပ်တိုက်ပုလေး တံ...က်မြိတ်အထိ ပန်းခင်းကြီးက ကျယ်လှပေသည်။

ပန်းခင်းထဲလျှောက်ပြေးရင်း ပန်းပွင့်တွေကို တို့ထိကျီစယ် ...နရုံနဲ့ အားမရနိုင်တော့ပေ။

ပန်းခက်တွေကို လက်နဲ့ချိုးဖွဲ့၏။ အရောင်တွေစုံအောင် ...ခင်း၊ ဒီအခင်း ကူးလူးချိုးယူနေလိုက်တာ ပတ်ဝန်းကျင်ကို ...ည်း သတိမရတော့ပါ။

လက်တစ်ဆုပ်ပြည့်သွားလည်း မကျေနပ်သေး။ နောက် ...ပ် လက်တစ်ဆုပ်ပြည့်အောင် ပန်းပွင့်တွေကို ရိုးတံရှည်ပါအောင် ...းပြန်၏။

လက်နှစ်ဖက်နဲ့ နှစ်ဆုပ်ပြည့်တဲ့အခါ အရောင်စုံပန်းတွေ ...ကြည့်ရင်း သခင့်စိတ် ဘယ်လိုလန်းဆန်းသွားမှန်း မသိပါ။

မွှေးမွှေးအေးအေးနဲ့ အလှသွေးကြွယ်နေတဲ့ ပန်းပွင့်ကလေး ...း စွင့်စွင့်လေးဝင့်လျက်။

လက်နှစ်ဆုပ်စာပန်းတွေကို ပေါင်းစုဆုပ်ကိုင်ပြီး ပန်းပွင့်



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံကို နှာခေါင်းနဲ့ထိမတတ် ငုံ့မွှေးမိလျှင်။

"ဟော့"

မှိုးသံကို ဖောက်ခွဲလွင့်ထွက်လာသော ဩကျယ်ကျယ်အ

ရှိုက်ရှူနေမိတဲ့ မွှေးရနံ့ပါ ပျက်ကျသွားသည့်အလား

အသံဩကျယ်ကျယ်က စိုးမိုးလှချေသည်။

ရုတ်တရက်မို့ ပန်းသခင် ထိတ်ခနဲလန့်၏။

ပွင့်ရောင်စုံတွေကို ငုံ့မွှေးနေတဲ့ခေါင်းလေး တစ်ချက်တ

မတ်သွားကာ အသံလာရာဆီကြည့်၏။

တိုက်ပုထဲက ထီးကျားကြီးတစ်လက်ဆောင်းပြီး ကဒေ

ကမျော ပြေးလာနေတဲ့လူရွယ်။

သခင် ဘာကိုမှ မစဉ်းစားတော့ပါ။

ပန်းတွေကို ဆုပ်ကိုင်လျက်သားနဲ့ လှည့်ပြေးလေသ

ထိုအခါ လက်ထဲက ပန်းခက်တချို့ လွတ်ကျ၏။

နှမြောတဲ့စိတ်နဲ့ ပြန်ကောက်ဖို့လှည့်လျှင်

"ဟော့ မပြေးနဲ့၊ ပန်းသူခိုးမလေး"

အသံဩဩ ပိုကျယ်လာသည်။ ထိုလူရွယ်ခြေလှမ်းလ

နီးချေပြီ။

ပန်းသခင် ကိုယ်ကိုကိုင်းပြီး လက်ဆန့်ကာ ကောက်မ

ပြင်ပြီးခါမှ အခွင့်မသာတော့ပါ။

ကိုယ်ကိုဆန့်ပြီး လက်ပြန်ရုပ်လျှင် လွဲသလိုဖြစ်သွာ





လက်က ဘေးဘက်ပြန့်ကားထွက်ကျနေတဲ့ နှင်းဆီတစ်ပင်နဲ့ ငြိမိလျက်။

သခင် လက်ကို ပြန်ဆွဲယူ၏။ သို့သော်

လက်ကောက်ဝတ်ဆီမှ ပလက်တီနမ်လက်ပတ်ကြိုးပျော့

လေး လျှောခနဲ ပြုတ်ကျသွားလေသည်။

"ဟော့ ပန်းသူခိုးမလေး နေဦး"ဟု

ဟန့်တားသံချည်း ဟိန်းထွက်လာပြန်သည်။ ထိုအခါ သခင်

ဘာကိုမှ မနှမြောတော့ပါ။

လက်ပတ်ကြိုးလေး ပြန်ကောက်နေရင် ထိုလူရွယ်မိသွား

မှာ သေချာသည်။ ဒါကြောင့် ကျကျန်တဲ့ပန်းတချို့နဲ့ လက်ပတ်

ကြိုးကို သံယောဇဉ်ဖြတ်ကာ လွတ်အောင်ပြေးထွက်ခဲ့သည်သာ။

ပန်းတွေခူးခွင့်ရလိုက်တာနဲ့ မိုးရေထဲ ပြေးရသည်သာ

သခင့်အတွက် ရင်ခုန်စရာ။ ကျေနပ်စရာ။ ပျော်မြူးစရာ ဖြစ်လေသည်။

♥

မိုးရေကြောင့် ခြံခတ်တဲ့ကြေးသော့အိမ် ပျက်သွား၏။

ထို့ကြောင့် အာမခံသော့ပြောင်းတပ်မလို့ ခြံအလုပ်သမားလေး စိုး

အောင်နဲ့ နေသက်တန့် ပြင်ဆင်ချိန်ရှိသေးတယ်။

သည်းသည်းမည်းမည်း မိုးအော်လာသံနဲ့အတူ မိုးပေါ



www.burmeseclassic.com

www.burmeseclassic.com



တွေကျလာတာကြောင့် ခြံတံခါးကို ဒီအတိုင်းစေ့ထားပြီး တိုက်ထဲ ကမန်းကတန်း ဝင်ခဲ့သည်။

မိုးက တော်ရုံနဲ့တိတ်မယ့်ပုံမပေါ်။

နှစ်ယောက်သား တိုက်ထဲဝင်ရင်း အနားယူနေလိုက်သည်။ ဒီအတိုင်းထိုင်နားနေရတာ စိတ်ကမကြည်။

စာဖတ်နေလိုက်မယ်လို့ စိတ်ကူးပြီး စာဖတ်ခန်းထဲ ဝင်ခဲ့ သည်။ နံရံကပ်စာအုပ်စင်အပေါ် ဆုံးထပ်ရှိ ဆရာကျော်အောင် ရဲ့ 'အမှောင်ခေတ်မှ ချစ်သူ'ဆိုတဲ့ ဘာသာပြန်ဝတ္ထုစာအုပ်ကို ဆွဲ ယူသည်။

ဆိုဖာခုံမှာ သက်သောင့်သက်သာ ဝင်ထိုင်ရင်း စာအုပ် ဖတ်နေစဉ် စိတ်ထဲမှ တရိပ်ရိပ်ဖြစ်သလို ခံစားမိသည်။

ဘာလဲတော့မသိပါ။

တရိပ်ရိပ်နဲ့ ခံစားရတာက ထူးခြားနေကာ။

နေသက်တန့် စာဆယ်မျက်နှာလောက်ဖတ်ပြီးတော့ စိတ် ထဲက တရိပ်ရိပ်က ပိုပီပြင်သလို ခံစားရလေသည်။

ထိုခံစားမှုက ဘာလဲ။

နေသက်တန့် ခေါင်းစဉ်မတပ်တတ်ပါ။ ဒါပေမဲ့ ထိုခံစား မှုနောက်မှ နေသက်တန့် ခေါင်းဆတ်ခနဲ မတ်ကြွ၏။

မျက်လုံးကလည်း ခြံထဲရောက်သွားသည်။

စာဖတ်ခန်းမျက်နှာစာက မှန်တံခါးတွေမှ ကြည့်လိုက်တာ





နဲ့ ခြံထဲတန်းမြင်သည်။

မိုးတဖြိုင်ဖြိုင်ရွာသွန်းနေတဲ့ မိုးစက်မိုးပေါက်တွေကြားမှာ ပန်းခင်းထဲ လှုပ်လှုပ်ရွရွဖြစ်နေတဲ့ပုံရိပ်။

နေသက်တန့် ဝုန်းခနဲထကာ မှန်တံခါးနား ကပ်သွားပြီး ကြည့်၏။ ကောင်မလေးတစ်ယောက်။ လှိုင်းကြွနေသော ခွေလိမ် လိမ်ဆံပင်ရှည်ရှည်၊ ကိုယ်လုံးသွယ်သွယ်နဲ့။ ပန်းတွေ စိတ်ကြိုက် ခူးနေတာလေ။

နေသက်တန့် ရုတ်တရက် ကြောင်ငေးကြည့်နေပြီးမှ

"ဟာ"

သွားပြီဆိုတဲ့အသိ ဝင်လာသည်။

သူ တယုတယစိုက်ပျိုးထားတဲ့ ပန်းခင်းထဲ ခွင့်မတောင်း ဘဲ ဝင်လာရုံမက ပန်းတွေကို စိတ်ရှိ၊ သဘောရှိ ကိုင်းလက်ဖဲ့ချပြီး ချိုးခူးနေတဲ့အဖြစ်။

ပန်းတစ်ပွင့် ချိုးခူးခံရတိုင်း နေသက်တန့်နှလုံးသားကို တစ်ဖဲ့ဖဲ့ချခံရသလို ကျင်ခနဲဖြစ်ကာ။

နေသက်တန့် ရပ်ကြည့်မနေနိုင်တော့ပါ။ စာအုပ်ကို စားပွဲ ပေါ်တင်သည်။ ပေါ်တီကိုအောက်မှာ ထောင်ထားတဲ့ ထီးကျားကို ဖွင့်ဆောင်းပြီး ပန်းခင်းထဲ ပြေးဆင်းခဲ့သည်။

ပန်းသူခိုးမလေးကို မိအောင်ဖမ်းပစ်မယ်လို့ စိတ်ကခဲလျက်။

အော်ဟစ်ဟန့်တားလိုက်တာက သူခိုးမလေးကို အချက်



www.burmeseclassic.com

www.burmeseclassic.com



ပေးသလို ဖြစ်သွားဟန်တူသည်။ တစ်ချိုးတည်း လှည့်ပြေး၏။

ပန်းလေးငါးပွင့်က လမ်းတစ်လျှောက် ဟိုနား ဒီနား ကျ
ကုန်ကာ။

နေသက်တန့်ပဲ ပန်းတွေပြန်ကောက်၏။

နောက်ဆုံး အနီလွင်လွင် ပန်းပွင့်ကိုကောက်လျှင် ရိုးတံ
အစွန်းနားမှာ တန်းလန်းဖြစ်နေတဲ့ ငွေရောင်အလှကြိုးလေး။

ပန်းပွင့်ကိုကောက်ပြီးမှ ကြိုးလေးကို တန်းလန်းယူကြည့်၏။

ပလက်တီနမ် လက်ပတ်ကြိုးလှလှလေး။

သူခိုးမလေးလက်က ပြုတ်ကျကျန်ခဲ့တာပဲဖြစ်မယ်။

ပန်းတွေအခိုးခံရလို့ နှမြောပေမယ့် သူမလက်ပတ်ကြိုး
လေး ကျန်နေတာမြင်တော့ စိတ်ထဲတစ်မျိုးဖြစ်သွားသည်။

သူသာ ပန်းသူခိုးမလို့ မအော်မိရင် အကောင်းသားပဲ

သူ့ပန်းက ဘယ်လောက်မှတန်တာမဟုတ်ဘူး။

သူမလက်ပတ်ကြိုးက တန်ဖိုးမနည်းလှ။

ချက်ချင်းပဲ လက်ပတ်ကြိုးလေးကိုင်ပြီး ခြံပြင်ပြေးထွက်
၏။ သူမပြေးသွားရာလမ်းဆီကြည့်တော့ ဟိုးဝေးဝေးမှာ ရပ်ထား
တဲ့ကားပေါ်တက်သွားတဲ့သူမ။

မိနစ်ဝက်ပင်မကြာ မိုးရေထဲ ကားနီနီလေး လျှော
မောင်းထွက်သွားတော့ နေသက်တန့်ခြေလှမ်းတွေ ပြတ်ကျန်ခဲ့သည်။

မိုးစက်မိုးပေါက်တွေကြားမှာ ကားလေး လုံးဝပျောက်ကွ





သွားလေပြီ။

ဘာတတ်နိုင်မလဲ။

မင်းလေးကံပေါ့ မဟုတ်ဘူးလား။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ဟင့် ဟင့် ဟင့်"

ပန်းသခင် သဘောအကျချည်းကျသွားသည်။ သခင် စွန်စွန့်စားစားခိုးလာတဲ့ အရောင်စုံသော နှင်းဆီပွင့်တွေကိုကြည့်ရင် ရင်လည်းခုန်လာသည်။

ဒီပန်းတွေနွမ်းခြောက်သွားမှာကို မလိုလား။

ထာဝရလန်းဆန်းနေစေချင်သည်။

ဒါကြောင့်မို့ ပန်းသခင် စဉ်းစားလိုက်သည်။ ဒီပန်းတွေ ထာဝရလန်းနေအောင်ပေါ့။ ဟုတ်ပြီ။

ပန်းသခင် အချိန်ဖြုန်းမနေတော့ပါ။

အိုရှီဘားနားနည်းပညာနဲ့ မှန်အိမ်ထဲ ထည့်သိမ်းလို့ရတဲ့ သရဖူစင်တာအရောက် ကားကို ဦးတည်မောင်းခဲ့သည်။





ဂျပန်နည်းပညာနဲ့ ပန်းတွေမနွမ်းမခြောက်ဘဲ ထာဝရလန်းနေအောင် မှန်အိမ်ထဲ အသွင်းခိုင်း၏။ ချက်ချင်းတော့မရပါ။

ရက်ချိန်းပေး၏။ သခင်က အခုလိုချင်ပေမယ့်လည်း ရက်ချိန်းကိုစောင့်ရမှာ စိတ်မရှည်ချင်။

ပြီးတော့ ကျကျန်ခဲ့တဲ့ ပန်းတွေကို ပလက်တီနမ်လက်ပတ်ကြိုးထက် နှမျောလို့နေသည်။

ဘာမှမတတ်နိုင်ဘဲလေ။

ဆိုင်ထဲက ပြန်ထွက်မှ တစ်ကိုယ်လုံးရွှဲစိုနေတဲ့ သခင့်ကိုယ်ကို သခင် ငုံ့ကြည့်ရင်း ပီတိတွေဖြစ်နေသည်။

ပီတိတွေနောက်မှာ စိမ့်စိမ့်လေးအေးတက်ကာ ကြက်သီးထမတတ်ချမ်းလာသည်။

ရေစိုကောက်ဆံပင်က တကယ်ပဲ မိုးရေတွေရွှဲနစ်ကာ လှိုင်းရိပ်တွေ ထကြွနေသည်က ပို၍လှ၊ ပို၍ကြည့်ကောင်းနေသည်။

သို့သော်လည်း ချမ်းစိမ့်တဲ့အအေးက ပိုဆိုးလာသည်။ ဒီပုံစံနဲ့ တန်းပြန်လို့မဖြစ်ဘူး။

အန်တီမေ တဖျစ်တောက်တောက် ဆူလို့ဆုံးမှာမဟုတ်ပေ။ ဆူတာပြောတာကို သခင်မမှုပါ။ ဒါပေမယ့် နားငြီးတာ ခံရခက်သည်။

အိမ်ပြန်ဖို့ ကားကို ဦးတည်ပြီးမှ ပြန်လှည့်သည်က ပလာဇာသွားဖို့ဖြစ်သည်။

♥



www.burmeseclassic.com

www.burmeseclassic.com



မိုးကတော့ လုံးဝတိတ်သွားလေပြီ။

ရွှဲရွှဲစိုနေတဲ့ကိုယ်နဲ့ ဖက်ရှင်ဆိုင်ထဲ တန်းပြီးသွားနေတဲ့ သခင့်ကို မြင်သူတိုင်း တအံ့တသြ ငေးကြည့်ကြသည်။ စောင်းကြည့်ကြ၏။ တီးတိုးပြောကြတာလည်း ရှိသည်။ သခင်မမှုပါ။ မျက်နှာလေးမော့လျက် ခပ်ကြွားကြွားလေး လျှောက်သွားနေရတာက အရသာတစ်မျိုးပဲ။

သခင်သွားရာလမ်းတစ်လျှောက် ကိုယ်ပေါ်က မိုးရေတွေ အစက်လိုက် တပေါက်ပေါက်ကျလို့နေသေးသည်။

ဖက်ရှင်ရှော့ပ်ထဲ ရှိသမျှဝတ်စုံတွေထဲက သခင်နဲ့လိုက်မယ့် ဝတ်စုံကို အတော်ချည်းရှာရသည်။

နောက်ဆုံး ထိုင်ဝမ်ကလာတဲ့ ဝတ်စုံအဖြူလေးကို ရွေး၏။ ဘောင်းဘီတိုနဲ့တွဲဖက်ထားတဲ့ နှစ်ထပ်ပုံတီရှပ်မှာ ဖန်စီကြိုးတွေ ချိတ်ဆွဲထားတဲ့ ဒီဇိုင်းက သခင်နဲ့အဆင်ပြေသည်။

အဝတ်လဲခန်းထဲ တစ်ပါတည်း တန်းဝင်၏။ ရေစိုရွှဲနေတဲ့ ဘောင်းဘီရှည်နှင့် ခါးပတ်ပြားကြီးပတ်ပြီး ဝတ်ဆင်ထားတဲ့ ချည်ကွက်အကျီကို စိုကပ်နေတဲ့ကိုယ်မှချွတ်ကာ၊ ဝတ်စုံသစ်လေး လဲလျှင်

ကိုယ်ထဲ အနည်းငယ် အအေးသက်သာသည်။

အအေးသက်သာသလို ရှိပေမယ့် ချက်ချင်း နှာချေလာသည်။

"ဟပ်ချိုး"

အင်း ဒီအတိုင်းနေသွားလို့ မဖြစ်သေးဘူး။





အဖျားဝင်သွားမှာလည်း စိုး၏။

ဖက်ရှင်ဆိုင်က ပြန်ထွက်သည်နှင့် အိမ်တန်းမပြန်။ ဆေးခန်း တစ်ခါတည်း ဝင်ပြဦးမှ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"ဟပ်ချိုး"

"ဟပ်ချိုး"

"ဟပ်ချိုး"

အထွေထွေရောဂါကုဆေးခန်းရှေ့ရောက်သည်နှင့် ...င်း။ အဆက်မပြတ် ချေလေပြီး။ ခေါင်းက၊ လေးသလို တစ်ကိုယ်လုံး ... လည်း အေးခဲကာ မျက်လုံးပါပူလာသည်။

"စာချွန်ရေ"

သခင် အားကိုးတကြီးခေါ်လျက် ဆေးခန်းထဲတန်း... သည်။ စာချွန့်ဆေးခန်းက ဝန်ထမ်းကောင်မလေးနဲ့ စောင့်ဆိုင်း... တဲ့ လူနာတွေကို ငဲ့မကြည့်တော့ပါ။





"စာချွန်"

"ဟင်"

လူနာအမျိုးသမီးကြီးကို သွေးပေါင်ချိန်ပေးနေတဲ့ စာချွန်။ ...ုတ်တရက်အနီးကပ်ကြားရသည့် သခင့်ခေါ်သံကြောင့် မော့ကြည့် ...ျှင် စာချွန် ဟင်ခနဲ အံ့ဩရလေသည်။

"ဘာ ဘာဖြစ်လာတာလဲ သခင်"

မေးသံလေးပင်မဆုံး။

အေးစိမ့်တက်လာတဲ့ သခင့်ကိုယ်လုံးလေး တုန်ယင်ကာ။ ...ယ်ခွန်အားနဲ့မှလည်း ရပ်တည်နေလို့မရဖြစ်လျက်။

ယိုင်ထိုးကျလေပြီ။

"ဟာ သခင်"

စာချွန် သွေးပေါင်ချိန်နေရာမှ ကမန်းကတန်း ထကာ ...ခင့်ကိုယ်လုံးလေးကို ဆီးကြိုထိန်းလိုက်နိုင်လို့ ပုံလျက် လဲကျမသွား ...င်း။

"သခင်"

ခေါ်တော့လည်း ဘာသံမှ တုန့်ပြန်သံမကြားရ။ ညည်းညူ ...ိုက်သံနဲ့အတူ ကိုယ်လုံးလေး ပူခြစ်ကာ စာချွန့်ရင်ခွင်ထဲ ပျော့ခွေ ...နေလေပြီ။

စမ်းသပ်ခုတင်ပေါ်မှလူနာကို အားနာလှသော်လည်း ခဏ ...လေးဟု ဆိုရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲရောက်ပြီး ညည်းညူနေရှာတဲ့သခင့်ကို ပွေ့ချီ
ကာ ကန့်လန့်ကာခြားထားတဲ့ တစ်ဖက်ခန်းက စာချွန်နားနေ
ခုတင်ပေါ် တင်လေသည်။

သခင့်ကိုကြည့်သည်နှင့် အအေးမိပြီး ရုတ်ချည်းအဖျား
ဝင်နေမှန်း သိသာသည်။ ချက်ချင်းပဲ သခင့်အတွက် ထိုးဆေးထိုး
ပေးရသည်။

စိတ်ဖိစီးမှုများလွန်းတဲ့ သခင့်ဘဝကို စာချွန်သိနေတာမို့
အစစအရာရာ ဂရုစိုက်နေရသည်။

ဂရုမစိုက်လို့လည်း ရမတဲ့လား။

သခင့်ရဲ့ပံ့ပိုးမှုများစွာနဲ့ စာချွန်ဖြစ်ချင်တဲ့ ဆရာဝန်တ
ယောက်ဖြစ်ခဲ့သလို ဆေးခန်းလည်း ဖြစ်မြောက်ခဲ့တဲ့ ပတ်သက်
တွေ ရှိသေးတယ်လေ။

အကြောင်းကြောင်းတွေက ရှိနေတာမို့ စာချွန် ကိုယ်ဖိ
ဖိ ဂရုစိုက်ရခြင်း။

အထူးသဖြင့် သခင် ခုလို နေထိုင်မကောင်းချိန်မှာ အန
မှ တစ်ဖဝါးမှခွာနေဖို့လည်း မသင့်ပါ။

ဒါကြောင့်မို့ စာချွန့်သူငယ်ချင်း 'ဇင်ကို'ကို ချက်ချင်း ဖု
ဆက်ခေါ်ရသည်။

ဂျူတီOff ဖြစ်တဲ့နေ့မို့ ဇင်ကို မဆိုင်းမတွ ရောက်လာ
တာက ကံကောင်းလေ၏။





ဇင်ကို ရောက်လာသည်နှင့် စာချွန်ရဲ့လူနာတွေကို ကူ
ကြည့်ပေးသည်။ စာချွန့်လူနာတွေက ဇင်ကိုနဲ့ စိမ်းမနေပါ။

ဇင်ကိုက စာချွန့်ဆေးခန်းကို နေ့တိုင်းလိုလို ရောက်နေကျ။
ကူညီနေကျဆိုတော့ အဆင်ပြေသည်။

စာချွန်က သခင့်အနားမှာ ထိုင်စောင့်ကာ

ဆေးရှိန်နဲ့ မှိန်းနေတဲ့ သခင့်ကိုကြည့်ရင်း သက်မညင်ညင်
ချရသည့်အဖြစ်။

သခင်ဟာ ခေါင်းမာသလို တဇွတ်ထိုးလည်းဆန်သည်။

သူလုပ်ချင်ရာကို ဇွတ်တရွတ်လုပ်လေ့ရှိတာက သခင့်ရဲ့
မူပိုင်စရိုက်ဖြစ်သည်။

ထိုစရိုက်က စာချွန့်အပေါ် ဘယ်အတိုင်းအတာအထိ လွှမ်း
မိုးနေမလဲ။

စာချွန် ဒါပဲအစဉ်တွေးနေခဲ့သည် မဟုတ်လား။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

"သမီး"

သခင် အိပ်ရာကနိုးနိုးချင်း အန်တီမေ့ခေါ်သံကြားရ၏

ကြားပေမယ့် မထူးသေး။ ဖက်လုံးကို ပွေ့ပိုက်ထားရက်နဲ့ ငြိမ်သ

နေလိုက်သည်။

ခေါင်းကတော့ ကြည်လင်ကာ တစ်ကိုယ်လုံးလည်း သ

သောင့်သက်သာ ဖြစ်နေမှန်း သတိထားမိ၏။

စာချွန်ဆေးခန်းကို သခင်သွားတာ သေချာမှတ်မိသည်

ဘယ်လိုလုပ် သခင့်အခန်းထဲ သခင် ပြန်ရောက်နေ

လဲ တွေးလျက်။

"သမီး နိုးပြီမဟုတ်လား"





သခင့်မျက်လုံး မဖွင့်သေးပါ။ မျက်ခွံလေး မသိမသာ လှုပ်

သွားတာ အန်တီမေ တွေ့သွားပုံရသည်။

ဂွမ်းစောင်ခြုံထားတဲ့ သခင့်ပခုံးထက် လက်ကလေးတင်ပြီး

မေးသည်။ သခင် မျက်လုံးဖွင့်လျက် ခေါင်းဆတ်၏။

စိုးရိမ်မျက်နှာလေးနဲ့ စိုက်ကြည့်နေရှာတဲ့ အန်တီမေက

သခင့်နဖူးကို လက်ခုံလေးနဲ့စမ်းပြီး

"ကိုယ်ပူရှိန်လျော့သွားပြီပဲ"

"ဟုတ်"

"သက်သာပြီမဟုတ်လား သမီး၊ ထတော့မလား"

သခင် ခေါင်းညိတ်၍ ခြုံထားတဲ့စောင်ကို ကိုယ်ပေါ်က

ာသည်။ အပျင်းကြောဆန့်ရင်း မွေ့ယာပေါ်မှ ရုန်းထ၏။

ဒေါ်ဝင်းဝင်းမေ တူမချောကို မျက်တောင်မခတ်တမ်း

ကြည့်ရင်း သက်မလေးချသည်။

"အန်တီမေ မနက်စာသွားပြင်ပေးမယ်၊ သမီးဆင်းလာခဲ့

လား၊ ဒါမှမဟုတ် အန်တီယူခဲ့ရမလား"

"နေ နေ သခင်ဆင်းလာမယ်"

"အင်း ဆင်းလာမယ်ဆိုလည်း ပြီးရောလေ၊ ရေချိုးခန်းထဲ

အချိန်ကြာကြာမနေနဲ့နော် သမီး"

"ဟုတ်"

သခင် ခေါင်းလေးညိတ်၏။ အန်တီမေ စိတ်ချလျက်ချ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားမှ သခင် ခုတင်ပေါ်က ဆင်းသည်။ တစ်ဆက်တည်းလည်
ရေချိုးခန်းထဲ တန်းဝင်သည်။

သခင် သွားတိုက် မျက်နှာသစ်နေချိန်မှာ အိမ်အကူမိန်းကလေ
အမူရောက်လာသည်။ သခင်ချိုးဖို့ ရေချိုးကန်ထဲမှာ ရေပူရေအေ
စပ်ဖို့ပြင်ဆင်နေသည်။

သခင်က ရေနွေးနွေးလေးချိုးရတာထက် ခပ်ပူပူလေး
ရတာ နှစ်သက်သည်။ ဒီနေ့တော့ မချိုးချင်တော့ပါ။

"အမူ ရေမစပ်နဲ့တော့"

"ဘာဖြစ်လို့လဲ မမသခင်"

"မချိုးချင်ဘူး၊ ကိုယ်လက်ပဲ သန့်စင်လိုက်မယ်"

"အဲဒါဆိုလည်း ရေနွေးပူပူလေးနဲ့ လုပ်လေ"

"အိုကေ ဒါလည်း ကောင်းသား"

အမူပြောတဲ့အတိုင်း သခင်သဘောကျသွားသည်။ ရေမ
ဖြစ်ပေမယ့် ရေနွေးပူပူလေးနဲ့ ကိုယ်လက်သန့်စင်လျက်။

ကိုယ်လက်သန့်စင်လိုက်တော့ သခင့်ကိုယ်လေး လန်းဆ
သွား၏။ သခင် ရေချိုးခန်းကထွက်တော့ အမူက ရေချိုးခန်း သ
ရှင်းရေးလုပ်ရင်း ကျန်ခဲ့သည်။

သခင် မှန်တင်ခုံရှေ့ မတ်မတ်လေးထိုင်ချကာ ကိုယ်
အနည်းငယ် ရှေ့ကိုင်းသည်။ ထို့နောက် သခင့်မျက်နှာကို သ
အသေးစိတ်ကြည့်၏။





သခင့်မျက်နှာလေးက ဝင်းမွတ်ကာ၊ ပန်းနုရောင်ဖူးဖူးကြွကြွလေးရယ်။

ပါးကလေးနှစ်ဖက် မို့အိကာ၊ ရယ်ချလိုက်တိုင်း ပါးချိုင့်နှစ်ဖက်ခွက်ဝင်သွားသည်က မြင်သူတကာကို ငေးမောသွားစေသည်။

"သခင်ရယ်လိုက်တိုင်း ပါးချိုင့်လေးနှစ်ဖက် ခွက်ခွက်ဝင်သွားတာက သခင့်မျက်နှာပုံကို ပိုလှစေတယ်"တဲ့။

စာချွန်ပြောတိုင်း သခင်ကြည်နူးစွာ ပြုံးရယ်လေးရယ်သည်။ ဒါတင်မက သခင့်မေးဖျားလေးလုံးဝန်းဝန်းနဲ့ နှာတံဖြောင့်ဖြောင့်လေးစင်း၏။ မျက်ဝန်းအိမ်ကျယ်ကြီး မျက်ဆံလေး တောက်ပလျက်။

အတုတပ်ထားတယ်လို့ ထင်ရတဲ့ မျက်တောင်ကော့ကြီးများက သခင်ပုတ်ခတ်လုပ်လိုက်တိုင်း စိုက်ကြည့်နေတဲ့ မျက်ဝန်းကတစ်ဆင့် အသည်းနှလုံးသားပါ ယားကျိကျိဖြစ်မတတ်။

"သခင်ရယ် သခင် မျက်တောင်တစ်ချက်ခတ်လိုက်တိုင်း ကိုယ့်ရင် တစ်ခါခုန်တယ်"

မူပိုင်ရင်ဖိုသံနဲ့ တကယ်ပြောသည်က အကြိမ်ပေါင်းများလေပြီ။ အပြောခံရတိုင်း သခင်ပြုံးကာ မျက်တောင်လေးတစ်ချက်ခတ်၏။

မျက်တောင်ခတ်လိုက်တိုင်း မျက်တောင်များဆီမှ ညှိုလက်လက်အရောင်လေး ဖြာထွက်ကာ။



www.burmeseclassic.com

www.burmeseclassic.com



မှန်ထဲမှ သခင့်မျက်တောင်ကလေးများကို သခင်စိုက်ကြည့်နေရင်း ပြုံးမိလေသည်။

စာချွန်နဲ့မှုပိုင်ကို သတိရသလို သူတို့စကားသံလေးတွေလည်း ကြားယောင်ရင်း ကြည်နူးလာသည်။

ဒါထက်မက မနေ့က မိုးထဲကအဖြစ်ရယ်။

တွေးမိတိုင်း သခင်သဘောကျလေသည်။

အဖျားဝင်သွားပေမယ့် သခင်ဝမ်းမနည်းပါ။ သခင်လုပ်ချင်ရာလုပ်ခွင့်ရလိုက်သည်က သခင့်အတွက် ပျော်ရွှင်စရာအဖြစ်သာ။

ဟုတ်တယ်လေ။

သခင့်ဘဝရဲ့ ပျော်ရွှင်မှုစစ်စစ်က သခင်လုပ်ချင်ရာလုပ်လိုက်ရတဲ့ အနှစ်ရသာပဲ။

ကဲပါလေ. .

အဲဒီအရသာလေး ရှေ့ဆက်ခံစားရဖို့ သခင် ဘာတွေလုပ်ချင်သေးလဲ။ ခေါင်းထဲရောက်လာတဲ့ အတွေးလှလှ မှန်သမျှ လုပ်ရုံပေါ့။

ဟုတ်တယ်နော် သခင်။ သခင့်မျက်နှာလှလှလေးကို မှန်ထဲမှာကြည့်ရင်း သခင်ပြောမိလျက်။

♥ ♥ ♥



## အခန်း(၇)

"သမီး လာလေ"

သခင် ထမင်းစားခန်းထဲ ဝင်လာတာမြင်သည်နှင့် ဒေါ်ဝင်းဝင်းမေ လှိုက်လှိုက်လှဲလှဲခေါ်သည်။ သမီးထိုင်ဖို့ ထိုင်ခုံပါ အဆင်သင့်ဆွဲထုတ်ပေးကာ။

သခင် ခေါင်းလေးလှုပ်ခါပြုံး၏။

"သခင် ဒီမနက်ထတာ နောက်ကျသွားတယ်နော် အန်တီမေ"

"ကျတာပေါ့၊ သမီးအန်ကယ်တောင် မနက်စာစားပြီးလို့ ထွက်သွားချေပြီ"

"ဟွန်း အန်ကယ်ကလည်း သခင့်ကို စောင့်မှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမေ စောင့်နေတာပဲ သမီးရယ်၊ ကဲ ထိုင်တော်မူ ပါ ရွှေမင်းသမီးလေး နော်"

အန်တီမေ သခင့်ပခုံးလေးဖက်၏။ ချစ်စနိုးပြောရင်းလည်း ခုံမှာထိုင်စေသည်။ အန်တီမေ့အလိုကျ သခင်ထိုင်ချရင်း

"အန်ကယ်သာက သခင့်ကို ဂရုမစိုက်တော့ဘူး၊ အဲလို မဟုတ်လား"

"အိုအေ၊ သမီးကို ဂရုမစိုက်လို့ ဘယ်ဟုတ်မလဲ၊ နာရီ လည်းကြည့်ဦး၊ ဆယ်နာရီကျော်နေပြီလေ"

"ဟင်"

အန်တီမေ့စကား မဆုံးသေးပါ။

ထမင်းစားခန်းထဲက တိုင်ကပ်နာရီကြီးကို သခင်မော့ကြည့် မိသည်နှင့် ဟင်ခနဲဖြစ်ရလေသည်။

"ဟုတ်ပါရဲ့"

သခင်လျှာလေးထုတ်ကာ ဇက်ကလေးပုဝင်သွားသလို ခပ် ရှက်ရှက်လေးပြုံး၏။

ဒေါ်ဝင်းဝင်းမေ တူမချောအမူအယာလေးကို အချစ်မပြယ် စွာဘဲ ကြည့်သည်။ တူမရှေ့က ကော်ဖီခွက်ထဲ ကော်ဖီရည် ငှဲ့ထည့် ပေးရင်း

"သမီးအန်ကယ် သမီးနိုးလာနိုးနိုးနဲ့ ကိုးနာရီကျော်ကျော် အထိ စောင့်ပါသေးတယ်၊ သမီးနိုးမလာသေးတော့ ကမန်းကတန်း





မနက်စာစားပြီး ထွက်သွားတယ်လေ။ အလုပ်ကိစ္စတွေ ချိန်းထား တာရှိနေလို့ပါ၊ နောက်မဟုတ်လို့ကတော့ သမီးဘယ်အချိန်ထထ ထတဲ့အချိန်ထိ သမီးအန်ကယ် စောင့်နေခဲ့တာချည်းပဲ မဟုတ်လား"

"အင်း ဒါလည်း ဟုတ်သား"

အန်တီမေ ရှင်းပြသလိုလေး ပြောရှာသည်။ အန်တီမေ ပြောကာမှ သခင်သဘောပေါက်လို့သွားသည်။

ဟုတ်တော့လည်း ဟုတ်၏။

အန်ကယ်သာက ဒယ်ဒီလိုမဟုတ်ပါ။ သခင့်ကိုချစ်သလို အလိုလည်းလိုက်၏။ သခင့်ဖို့ဆို စားသောက်စရာကအစ ဦးဦးဖျားဖျား ကျွေးတတ်သည်။ သခင် အိပ်ရာထနောက်ကျတာ နေ့တိုင်းလိုလို။

အန်ကယ်သာက နောက်ကျရကောင်းလား၊ ဆူလည်းမဆူ၊ ပြောလည်းမပြော၊ သခင် မနက်စာစားဝိုင်းထဲ ဝင်ထိုင်မှ

"ရော့ သခင်လေး၊ ဒါက သမီးသခင်ကြိုက်တဲ့ နာနတ်သီး ကိတ်"

စသည်ဖြင့် သခင်ကြိုက်တတ်တဲ့ အစားအသောက်ကို ဦး သီးဖျားဖျား ယူပေးပြီးမှ အန်ကယ် မနက်စာစားလေ့ရှိသည်။

ဒီမနက်က ခါတိုင်းနေ့တွေထက် သခင်ပိုပြီး နောက်ကျ နေသည်မဟုတ်လား။

အလုပ်ကိစ္စရှိတော့ သွားပြီပေါ့။ အလုပ်ကိစ္စနဲ့ သွားပြီဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ သခင် စိတ်မကောက်ချင်တော့ပါ။ ဘာပဲဖြစ်ဖြစ် ဒယ်ဒီနဲ့ မာမီ့ထက်ကို သခင်က အန်ကယ်သာနဲ့အန်တီမေ့ကို အချစ်ပိုပို တွယ်တာနေသည်လေ။

အန်တီနဲ့အန်ကယ်ကလည်း သခင့်ကို မိဘနှစ်ပါးထက် ပိုဂရုစိုက်သည်မဟုတ်လား။

"သမီး ဒီမှာ သမီးအကြိုက်၊ ပုစွန်ထုပ်ကင်နဲ့ ထမင်းကြော် ပူပူလေး"

အန်တီမေပြောရင်း ထမင်းကြော်ပန်းကန်ယူလာသည်။ သခင့်မျက်လုံးက အစားအသောက်ဆီရောက်ကာ။

ခေါင်းမပါ အသားချည်းသက်သက်ကင်ထားတဲ့ ပုစွန်ကင်နဲ့ ထမင်းကြော်နံ့မွှေးမွှေးက သခင့်နှာနုကို လာခြူလေသည်။

"ဟယ် မွှေးလိုက်တဲ့အနံ့လေး"

"မြည်းကြည့်ဦးလေ"

ဥနီအတုံးလေးနဲ့ ပန်းဂေါ်ဖီအနည်းငယ်ရောကြော်ထားတဲ့ ထမင်းကြော်ပေါ် ပုစွန်ကင်လေး အလှတင်ထားတဲ့ အပြင်အဆင်က သခင့်လျှာရည်ကို လည်စေသည်။

အန်တီမေစကားမဆုံးခင် သခင် ဇွန်းကိုင်ပြီးလေပြီ။ အန်တီမေ့စကားလည်းဆုံးရော သခင် တစ်ဇွန်းခပ်ပြီး ခံတွင်းထဲထည့်လျက်။

မွှေးရနံ့သင်းသလို ထမင်းလုံးလေးများတင်းကြွကာ၊ ဝါး





လိုက်သည်နှင့် ချိုချိုစိမ့်စိမ့်လေးဖြစ်လျက်၊ အချဉ်ရည်ဆမ်းပြီး ကင်ထားတဲ့ပုစွန်က ထမင်းကြော်စားနေရင်း အအီပြေစေသည်။

တစ်ဇွန်းပြီးတစ်ဇွန်း ခပ်စားနေတဲ့ တူမချောကိုကြည့်ရင်း ဒေါ်ဝင်းဝင်းမေ ပြောချင်တဲ့စကားလုံးတွေ စီနေမိ၏။

"အန်တီမေက သိပ်လက်စိမ့်ရှိတာပဲ၊ ဘာလေးပဲဖြစ်ဖြစ် သခင့်ခံတွင်းနဲ့ တည့်နေရော"

"ဒါပေါ့သမီးရဲ့၊ အန်တီမေက သမီးခံတွင်းတည့်ဖို့ပဲ ဂရုတစိုက်လုပ်ပေးရတာလေ"

"ကျေးဇူးပဲ အန်တီမေရယ်"

"မလိုပါဘူး၊ အန်တီမေ့မှာ ဒီတူမလေးတစ်ယောက်တည်း ရှိတာမဟုတ်လား"

အန်တီမေ ရယ်ပြောလေးပြောတဲ့အခါ သခင်လှိုက်လှိုက်လှဲလှဲ ရယ်မိလေသည်။ အန်တီမေက ထမင်းကြော်အစားမပျက် ရယ်မောနေတဲ့ တူမချောကိုကြည့်ရင်း ထိုင်ခုံဆွဲယူထိုင်လေသည်။

ပြောစရာရှိတာကို သမီးစိတ်ကြည်လင်နေတဲ့ ဒီအချိန်မှာ ပြောရင် အိုကေနိုင်မည်။

"အန်တီမေလည်း စားလေ"

"စားပြီးပါပကော"

"ဟွန်း မရပါဘူးနော်၊ သခင့်ဆီက တစ်ဇွန်းဖြစ်ဖြစ် စားရမယ် ရော့"



www.burmeseclassic.com

www.burmeseclassic.com



ဆိုးနွဲ့သော အမူအယာလေးနဲ့ သခင်ဆိုလေသည်။ ဒေါ်ဝင်းဝင်းမေရှေ့ ထမင်းကြော်ဇွန်းက ဝဲလာသည်။

ဒေါ်ဝင်းဝင်းမေ မငြင်းသာတော့ပါ။ သမီးအလိုကျစေဖို့ အရေးကြီးတယ် မဟုတ်လား။

"စားမှာပေ့ါ၊ သမီးခွံ့ကျွေးမှတော့ ဟင့်ဟင့်ဟင့်"

ဒေါ်ဝင်းဝင်းမေ အလိုက်သင့်လေး ပါးစပ်ဟပေးရှာသည်။ တူမချောခွံ့ကျွေးတဲ့ ထမင်းကြော်ကိုလည်း မြိန်မြိန်လေးဝါး၏။ တူမချော သဘောတွေကျကာ

"အန်တီမေက သိပ်လိမ္မာတာပဲ၊ ဒါကြောင့် အန်တီမေ့ကို ချစ်ရတာ၊ မာမီ့ထက်ပိုချစ်တယ်ပြောရင် ယုံမလားဟင်"

"ယုံတာပေ့ါ သမီးရယ်၊ ယုံတာပေ့ါ ဟင့်ဟင့်ဟင့်"

အန်တီမေက သခင့်အကြိုက်လိုက်ဖြေတော့ သခင့်ရင်မှာ ကြည်နူးသွားသည်။

"တကယ်နော်"

"တကယ်ပေ့ါ သမီးရဲ့၊ သမီးမာမီကိုသာ အန်တီမေ့ထက် သမီးပိုချစ်နေရင် အန်တီမေ့နားမှာ သမီးဘယ်နေမလဲ၊ မိဘရှိတဲ့ဆီ လိုက်သွားမှာပေ့ါ မဟုတ်ဘူးလား"

"ဟုတ်ပ့ါ"

သခင်ပြုံးပြုံးလေးနဲ့ အလေးအနက်ခေါင်းညိတ်၏။

"မာမီ့ထက် အန်တီမေ့ကို သခင်ပိုချစ်တာပါ"





"အင်း ပိုချစ်တယ်ဆိုရင် အန်တီမေ့စကား နားထောင်ရမယ်နော်"

"ဟွန်း သခင်က နားမထောင်လို့လား"

"နားမထောင်တာတော့ မဟုတ်ဘူးပေ့ါကွယ်၊ ဒါပေမဲ့ သမီးရဲ့တဇွတ်ထိုးဆန်တဲ့စိတ်ကလေးကို နည်းနည်းလေး ပြုပြင်စေချင်တယ် သမီးရဲ့"

"ဟင် တဇွတ်ထိုးဆန်တဲ့ သခင့်စိတ်"

သခင် ထမင်းကြော် ဆက်မစားဖြစ်တော့ပါ။ ကော်ဖီခွက်ကိုင်မလို့လုပ်ရင်း အန်တီမေ့ကို မျက်မှောင်ကြုတ်ကြည့်မိ၏။

အန်တီမေက သခင့်ပခုံးလေးကို ဖွဖွပုတ်ရင်း အရယ်မျက် ဆိုလေသည်။

"သမီးရယ်၊ သမီးကို အန်တီမေ အပြစ်ပြောချင်တာမဟုတ်ဘူး၊ သမီးဘယ်သွားမယ်၊ ဘယ်လာမယ်ဆိုတာ ပြောသွားရမယ်၊ တစ်ယောက်တည်း သွားလာနေတာကို အန်တီမေ စိတ်ပူတယ်၊ သမီးသူငယ်ချင်းတွေကို ခေါ်ပြီးသွားပေ့ါလို့"

"ဟွန်း ခေါ်မသွားချင်ပါဘူး"

သခင် မနှစ်မြို့စွာ မျက်ခုံးတွန့်ပြ၏။

"ဩော် သမီးရယ်၊ ခေါ်သွားတော့ အဖော်ရတာပေ့ါ၊ သမီး ဘာမဆိုဖြစ်ရင် သူတို့ကူညီပေးမယ်လေ၊ အန်တီမေလည်း စိတ်ပူ န်ရတာ သက်သာတာပေ့ါလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

သခင် နှုတ်ခမ်းဆူကာ ခေါင်းရမ်း၏။ ဒေါ်ဝင်းဝင်းမေ
စိတ်ရှည်လက်ရှည်နဲ့ပဲ သမီးနားဝင်အောင် ဆက်ပြောရှာသည်။

"သမီးကလည်း အန်တီမေ့ကိုချစ်ရင် ဒီလောက်လေးတော့
အန်တီမေပြောတာ လက်ခံပေးမှပေါ့ ဟုတ်ဖူးလား"

"အိုး . . ဒါက အန်တီမေ့ကို မချစ်လို့မှမဟုတ်တာ၊ သူငယ်
ချင်းတွေနဲ့ဆို သခင်စိတ်ရှုပ်လို့လေ၊ ဒါကြောင့် တစ်ယောက်တည်း
သွားတာ၊ သခင်တစ်ယောက်တည်း သွားတော့ရော ဘာပြဿနာ
ဖြစ်လို့လဲ"

"ပြဿနာမဖြစ်ပေမယ့် စာချွန်နဲ့ဆေးခန်း သမီးရောက်သွား
တဲ့အဖြစ်လေ၊ ဆေးခန်းမရောက်သေးဘဲ လမ်းတစ်နေရာရာမှာ
သမီးအဲလိုဖြစ်ရင် မခက်ဘူးလား သမီးရယ်"

သခင့်မျက်နှာလေး ဆူပွလိုက်၏။

ဒေါ်ဝင်းဝင်းမေက ပြောလက်စနဲ့မို့ အဆုံးအထိဆက်ပြော
သည်။

"ပြီးတော့ စာချွန်က သူငယ်ချင်းဆိုပေမယ့် ယောကျ်ား
လေးလေ၊ ဘာပဲဖြစ်ဖြစ် မသင့်တော်ဘူးပေါ့ သမီးရယ်"

"ဟွန်း အန်တီမေနော်၊ ဘာမသင့်တော်စရာရှိလဲ၊ သခင်
အဖျားဝင်တာသိလို့ စာချွန်နဲ့ဆေးခန်း တစ်ခါတည်းဝင်တာလေ
နောက်ပြီး စာချွန်က သခင် သေဆိုသေ၊ ရှင်ဆိုရှင်ရမယ့်သူ၊ ဘာ





ဂရုစိုက်စရာရှိလဲ၊ အဲဒါ အန်တီမေ့ဘာသာ စိုးရိမ်စိတ်လွန်ကဲနေ
တာ၊ တော်ပြီ မစားတော့ဘူး ဟွန်း"

ပြောရင်း ဆတ်ခနဲ ထထွက်သွားလေတဲ့ သမီး။

"ဟဲ့ သမီး သခင်လေး နေဦးလေ"

ဒေါ်ဝင်းဝင်းမေ ထိုင်နေရာမှ သွက်သွက်လေးထဆွဲလေ
သည်။

"မနေဘူး၊ သွားမယ်၊ ဘယ်သွားမလဲမမေးနဲ့ ဒါပဲ"

အန်တီမေ့လက်ကို သခင်ပုတ်ချလျက်။ ဖွတ်တရွတ် ထွက်
ခဲ့သည်က သခင့်စိတ်နဲ့သခင်ရယ်။

"သမီး အန်တီမေပြောတာ နားထောင်ပါဦးကွယ်၊ အန်တီ
မေက သမီးကို စိုးရိမ်တာပါကွယ်၊ နေဦးလေ"

ဒေါ်ဝင်းဝင်းမေ ပြောဆိုရင်း တကောက်ကောက်လိုက်
တားပါသည်။ သခင့်စိတ်က မရတော့ပါ။

ဖွတ်ပဲလေ။ ပြောမိပြီးမှ ဒေါ်ဝင်းဝင်းမေ နောင်တရချင်
သလို ဖြစ်လာသည်။ သခင်က ပေါ်တီကိုအောက်မှာ အသင့်ရပ်
ထားတဲ့ ပြိုင်ကားလေးမောင်းထွက်ခဲ့သည်သာ။

ဘယ်သူမှမတားနဲ့၊ မစိုးရိမ်ကြနဲ့။

သခင့်စိတ် သခင့်သဘောအတိုင်း နေပါရစေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ခေတ်ဒီဇိုင်းနဲ့လန်းနေတဲ့ ပန်းသခင်။

ဖျတ်ခနဲမြင်လိုက်သည်နှင့် အကြည့်တို့ ဆွဲညှို့ခံရသည်နှယ်။

ခဲရောင်ဆွဲသားအင်္ကျီ ကိုယ်လုံးစည်းပုံက လက်ရှည်သော်လည်း ပုံရိုးရိုးမဟုတ်ပါ။ ဇာတစ်ထပ်နဲ့ တံတောင်ဆစ်နားက ပွက ဆင်းသွားသည်။ လက်ပုံစံက သခင့်လက်တံနဲ့လိုက်၏။

လည်ပင်းနဲ့ကျော ဟိုက်သော်လည်း

ခေတ်မိန်းကလေးတွေလို ရင်အုံနဲ့ဗိုက်သားတွေပေါ် အောင် ဝတ်မထားသည်က သခင့်ရဲ့အိန္ဒြေရှိသောပြယုဂ်နှယ်။

ဒူးနားမှာဝဲခါနေတဲ့ စကတ်ပျော့အိအိလေးက အလွှာပ





လေးတစ်ထပ် ပါသေးသည်။

ထောင့်ချွန်ဖိနပ်နှင့် ခြေလှမ်းလှမ်းလိုက်တိုင်း ခြေသလုံးသားလေးတွေ ဖွေးခနဲခါသွားတာကအစ မူပိုင်အလွတ်မပေးနိုင်။

ကျေနပ်အားရ ကြည့်မြကြည့်ကာ။

ဆံပင်အားလုံးကို စုသိမ်းလျက် ဘယ်ဘက်ရင်အုံပေါ် ခွေလိမ်လိမ်ပုံစံပြင်ပြီးချထားတဲ့ ဆံပင်ကြောင့် သခင့်မျက်နှာလေးက ပို၍ဆွဲအားပါစေသည်။

အထူးသဖြင့် မျက်တောင်လေး ပုတ်ခတ်လုပ်တိုင်း သူ့ရင်ကို ခုန်စေတဲ့ပန်းသခင်။

ပါးချိုင့်နှစ်ဖက်ကြောင့်လည်း ပိုလှသေး။

ဒါတင်မက ထင်ရာစိုင်းတတ်တဲ့ အမူအယာလေးတွေက မူပိုင်ခံစားချက်တွေ မရိုးနိုင်အောင် ပေးစွမ်းနိုင်သည်မဟုတ်လား။

သရဖူစင်တာရှေ့မှာ သခင့်ကားလေးတွေ့သည်နှင့် သူ့ကားကို ချက်ချင်းပြန်ကွေ့သည်။

“ဘယ်လဲကိုကို”

စိမ့်စိမ့်မေးသံလေးကြားမှ သူ့ကားပေါ် ကောင်မလေးတစ်ယောက်ပါနေမှန်း မူပိုင် သတိရလေသည်။

မူပိုင် ဟက်ခနဲရယ်ရင်း

“စိမ့်ပါးစပ်ကလေးပိတ်ပြီး နေပေးစမ်းပါ၊ ဘာမှမမေးပါနဲ့၊ ဘာမှမပြောပါနဲ့ Please”



www.burmeseclassic.com

www.burmeseclassic.com



မူပိုင်ပြောလိုက်တော့ စိမ့်စိမ့်ဆိုတဲ့ကောင်မလေး မေး လမ်းစပြတ်သွားလေသည်။

ကိုကိုက မမေးနဲ့ပိတ်ပြောတော့ စိမ့်စိမ့်လည်း မမေး တော့ပါ။ သခင့်ကားလေးနောက်မှာ မူပိုင် ကားလေးထိုးရပ်၏ ချက်ချင်းပဲ ကားပေါ်ကဆင်းကာ ကားဘော်ဒီမှာ စမတ်ကျကျ မှီရပ်လျက်။

မျက်မှန်နဲ့ စိုက်ကြည့်နေရုံနဲ့ အားမရနိုင်တော့ပါ။ ပြာလဲ့ ရောင်တောက်ပနေတဲ့ အလှမျက်မှန်ကိုချွတ်ကာ စူးစူးစိုက်စိုက် ကြည့်ရင်း နှုတ်ခမ်းတို့ ပြုံးမြချိုအီသွားလေသည်။

စင်တာထဲကထွက်လာတဲ့ ပန်းသခင်။ လက်တစ်ဖက်မှာ လည်း ပန်းတွေကို မှန်ဘောင်သွင်းထားတဲ့ ပါကင်ကိုပွေ့ကိုင်လျက်။

အချိုးအဆကျတဲ့ ကိုယ်လုံးသွယ်သွယ်လေးကို တောင့်မတ်ပြီး ကြွကြွကလေးလျှောက်လာနေသည်။

မူပိုင် ရပ်ကြည့်နေပါလားလို့လည်း သတိမထားပေ။

အင်းလေ။ ပန်းသခင်က သူ့ကို ဘယ်တုန်းကမှ သတိထား ကြည့်မိတာမရှိပါ။ သူကသာ မြင်တာနဲ့ ကြည့်ရတာ မမောနိုင်။

လူလုံးထွက်ပြပြီး စကားပြောရတာအရင်။

အခုလည်း ထိုနည်းလည်းကောင်းပဲ။

ပန်းသခင် ကားနားရောက်ခါနီးတော့ မူပိုင် သူ့ကားဘော် မှေးရပ်နေရာမှ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်လျှို၏။





သခင့်ရှေ့တိုက်မိမတတ် သွားရပ်ကာ

"သခင်"လို့

မြူးမြူးလေးခေါ်သည်။ ခေါ်သံကြောင့် သခင့်ခြေလှမ်း ချက်ချင်းရပ်သွား၏။ တစ်ပါတည်းလည်း မော့ကြည့်သည်။

မျက်လုံးချင်းဆုံတွေ့လျှင်

"သခင့်ကိုတွေ့လို့ ကိုယ်ရပ်စောင့်နေတာ"

"အဟင်း သခင်လည်း မစောင့်ခိုင်းဘဲနဲ့"

သခင် မချိုပြုံးလေးနဲ့ပြော၏။

"သခင်နဲ့ကိုယ် အေးအေးဆေးဆေး စကားပြောခွင့်ရချင် တယ်"

"သခင်မအားဘူး"

"သခင်က ကိုယ့်ကိုဆို မအားဘူးချည်း ပြောနေကျလေ၊ ကိုယ်မငြိုငြင်ပါဘူး၊ သခင်အားတဲ့အချိန် တစ်မိနစ်ဖြစ်ဖြစ် တစ် စက္ကန့်ဖြစ်ဖြစ်"

"အဟင့် မူပိုင်၊ ရှင်အပြောကောင်း"

"တကယ်တွေ့ချင်တဲ့သူဆိုတော့ သခင်တွေ့ခွင့်ပေးမယ့် အချိန်ကို မျှော်ရတာကိုက အရသာတွေ့နေတယ်လေ"

"အပိုတွေ"

သခင် မျက်စောင်းလေးနဲ့ပြောသည်။ မျက်တောင်ကော့ လေးကိုလည်း ညင်ညင်လေးတစ်ချက်ခတ်၏။



www.burmeseclassic.com

www.burmeseclassic.com



မူပိုင့်မျက်လုံးက ပုတ်ခတ်လုပ်လို့ လက်ဖြာသွားတဲ့ သခင့် မျက်တောင်ညိုညိုကော့ကော့ကြီးကို စူးနစ်သွားမတတ်ကြည့်လျက်

"တကယ်ပြောတာ သခင်၊ သခင်အားတဲ့အခါ ဘယ်အချိန် ဖြစ်ဖြစ် ဖုန်းဆက်လိုက်လေ"

"အိုကေ ဒါပဲနော်"

မူပိုင်ခေါင်းညိတ်၏။

"သွားမယ်နော် ဘိုင့်ဘိုင်"

"ဘိုင်"

မူပိုင်လည်း လက်ကလေးပြကာ သခင်ကားပေါ်တက်ပြီး ကားလေးမောင်းထွက်သွားသည်အထိ ငေးနေဆဲ။

သခင့်ကားလေး အရိပ်အယောင် မမြင်ရတော့မှ မူပိုင် အသိပြန်ဝင်လာသည်။

စိမ့်စိမ့်ဆိုတဲ့ကောင်မလေး ကားပေါ်မှ စိမ်းစိမ်းစူးစူးကြည့် နေမှာကို မူပိုင်မြင်သည်။ မြင်ပေမယ့် မမြင်ချင်ဟန်ဆောင်ကာ မူပိုင် မျက်မှန်ပြန်တပ်၍ ကားဆီပြန်လှည့်လာသည်။

"ကိုကို"

စိတ်ကောက်တဲ့မျက်နှာလေးနဲ့ စိမ့်စိမ့်ဖိခေါ်သည်။ မူပိုင် မထူး။ ကားမောင်းသူနေရာ ဝင်ထိုင်လျှင်

"ကိုကို"

စိမ့်စိမ့်အသံလေးက ဝမ်းနည်းဟန်နဲ့ ဒေါသသံထွက်လာ





သည်။ ကားတံခါးပိတ်ပြီး စိမ့်စိမ့်ဘက် မူပိုင်ငဲ့ကြည့်လျှင် စိမ့်စိမ့် သည်းမခံနိုင်စွာမေး၏။

"အဲဒီမိန်းကလေးက ဘယ်သူလဲ"

"စိမ့်သိဖို့ မလိုပါဘူး"

"ဘာပြောတယ် ကိုကို"

"ဟုတ်တယ်လေ၊ စိမ့်ကို ကိုကိုပြောပြီးသား၊ ဘာမှမမေး နဲ့လို့"

"ရမလားကိုကိုရဲ့"

"ရတာပေါ့ စိမ့်ရယ်၊ စိမ့်မမေးနဲ့ ပြီးပြီပဲ"

"ဟင်"

"ဟုတ်တယ်လေ စိမ့်စိမ့်၊ စိမ့်စိမ့်မေးနေတိုင်း ကိုကို မဖြေ နိုင်ဘူး၊ အရေးကြီးတာက စိမ့် ကိုကိုနဲ့တွေ့ချင်တယ်၊ စကားပြော ချင်တယ်၊ ဒါပဲမဟုတ်လား၊ အဲဒီအတွက် စိမ့်ကို ကိုကိုအချိန်ပေးပြီး ကားပေါ်တင်လာတာ၊ တခြားမိန်းကလေးအကြောင်းမေးဖို့ပြောဖို့ ဆိုရင် စိမ့်ကို ကိုကိုအချိန်မပေးနိုင်ဘူး"

"ဘာရယ်"

စိမ့်စိမ့်အသံကျယ်ထွက်သွားသည်။ မျက်ရည်တွေလည်း ပြည့်ဝိုင်းကာ ကိုကို့ကို တအံ့တသြ ကြည့်၏။

ပြီးတော့ စိမ့်အဖြစ်ကိုလည်းစိမ့် မြင်မိပြန်သည်။

ကိုကိုဆိုတာ နာမည်ကြီး Hip Hop အဆိုတော်။ စိမ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကိုနှစ်သက်လွန်းလို့ ကိုကိုနဲ့ရင်းနှီးခွင့်ရအောင် မနည်းချည်း ကြိုးစားခဲ့ရသည်မဟုတ်လား။

ထိုကြိုးစားမှုရဲ့ နောက်ဆုံးရလဒ်က စိမ့်ကို လက်ခံတွေ့ ခွင့် စကားပြောခွင့်ပေးခဲ့သည်။

ကိုကိုပေးတဲ့ အခွင့်အရေးတွေနောက်မှာ ကိုကိုနဲ့စိမ့်ဆိုတာ ဖြစ်လာခဲ့သည်မဟုတ်လား။

စိမ့်က ကိုကို့ရဲ့ မူပိုင်ဖြစ်ချင်သည်။

ကိုကိုက ဘယ်လိုသဘောနဲ့လဲ။

"ဟုတ်တယ်လေ စိမ့်ရဲ့၊ စိမ့်နဲ့ကိုကို တွေ့ချင်တာ တွေ့ကြ တာ၊ အဲဒီမိန်းကလေးအကြောင်း လေကုန်ခံပြောဖို့မှ မဟုတ်ဘဲ"

ကိုကို့စကားအဆုံးမှာ ယိုကျလာမလို ဖြစ်နေရှာတဲ့ စိမ့် မျက်ရည်တွေကို ကိုကို လက်ညှိုးလေးနဲ့ ဖယ်ရှားပေးသည်။

စိမ့်ပါးပြင်မို့မို့လေးကို ယုယကြင်နာဟန်လေးနဲ့ ဖွဖွလေး ပွတ်သပ်ပေးလျှင် စိမ့်နှလုံးသားလေး တောင့်မထားနိုင်တော့ပါ

ကိုကို့လက်ကလေးကို ဆွဲယူပြီး စိမ့်ရင်ခွင်မှာထားလျက်

"စိမ့်ကိုနားလည်ပေးပါ ကိုကိုရယ်၊ စိမ့်လေ စိမ့်"

စိမ့်ဘာပြောလာမလဲဆိုတာ မူပိုင်သိသည်။ မူပိုင်ဆိုတာ မိန်းကလေးတွေရဲ့ ရင်ခုန်စိတ်၊ ယိုင်နဲ့စေသော ခံစားမှုကို ပေးနိုင် သည်။

ဒါကြောင့်





စိမ့်စကားလုံးလေးတွေ ထွက်မလာခင် မူပိုင်ဝန်မလေးစွာ ပြုမိသည်က လိမ္မော်ရောင်ဆေးခြယ်ထားတဲ့ စိမ့်နှုတ်ခမ်းလှလှလေး ကို နမ်းတော့မယ့်ဟန်လေးနဲ့ နှစ်သိမ့်မိလေသည်။

"ကိုကိုရယ်"

စိမ့်အသံလေး ကြည်သာရွှင်မြူးစွာ။

ကိုကို့သဘောပါလို့ အသံမထွက်ဘဲ အမူအယာလေးနဲ့ ခွင့်ပြုရလေသည်။

စိမ့်စိမ့်ရယ်။

မူပိုင်ကို အပိုင်ခြုံဖို့ စိတ်မကူးပါနဲ့။

မူပိုင် ရင်မှာ ထိုသို့ရေရွတ်ရင်း ကားလေးကို မောင်းထွက် သည်က၊ စိမ့်နဲ့ အေးချမ်းစွာ စကားပြောလို့ကောင်းမယ့် နေရာဆီ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ဟိတ် ခရမ်း"

"အမေ့"

နောက်ကနေ ပခုံးကို ဖျတ်ခနဲပုတ်ပြီး အခေါ်ခံရတာ ကြောင့် ခရမ်းချို လန့်လန့်ဖျပ်ဖျပ်လေးဖြစ်ကာ ဥနီကို ပုံဖော်လို နေတဲ့ ခရမ်းလက်ထဲက ဓားနဲ့ မုန်လာဥနီလေး လွတ်ကျသွား၏

ခရမ်း နောက်လှည့်ကြည့်တော့ ပြုံးကာ မြူးမြူးကြွကြွ ရယ်မောနေတဲ့ သူငယ်ချင်းပန်းသခင်ရယ်။ လက်ခုပ်လေးပါ တီး မတတ်။

"အမယ် လန့်သွားတယ်ပေါ့လေ"

"လန့်တာပေါ့ဟဲ့"





ခရမ်းချို ပြန်ပြောလိုက်ပေမယ့် ရင်ထဲမှာ ကြည်နူးလို့သွားသည်။ ခုလို တစ်ယောက်တည်း စားဖိုဆောင်ထဲ အသီးအရွက်တွေ လှီးဖြတ်နေရချိန်မှာ စကားပြောဖော်မရှိတော့ ပျင်းခြောက်ခြောက်နဲ့။

"နေပါဦး၊ ရှင် ဘယ်ကဘယ်လို ရောက်လာတာလဲ သခင်၊ ပြောစမ်းပါဦး"

"ပြောမှာပေါ့ဟဲ့၊ ခုလောလောဆယ် ထိုင်စရာခုံလေးဘာလေး လုပ်ပေးပါဦးလား"

မီးဖိုဆောင်ထဲမှာ ဘာခုံတစ်လုံးမှ မရှိနေ။ သခင်ပြောတော့မှ ခရမ်းချို သတိထားမိသည်။

"ခဏလေး"

ခရမ်းချို ပြောပြီး လက်အိတ်ချွတ်၏။ တစ်ဖက်ခန်းဂိုထောင်အပြင်မှာရှိတဲ့ အနီရောင်ပလပ်စတစ်ထိုင်ခုံမြင့် သွားယူလာသည်။

"ကဲ ထိုင်တော်မူပါရှင်"

"ထိုင်မှာပေါ့၊ သခင်က ရှင်တို့လို ခြေသလုံးသွေးကျတဲ့အထိ ရပ်မနေနိုင်ဘူးလေ"

"သိပါတယ် ရွှေမင်းသမီးရယ်"

သခင် ဟန်မဆောင်တမ်းပြောကာ ခရမ်းချပေးတဲ့ခုံမှာထိုင်ချတော့ ခရမ်းချို သဘောကျဟန်လေးနဲ့ပြောသည်။ ပြီးတော့ ထိုင်ခုံကိုင်မိထားသည်မို့ လက်ကိုပြန်ဆေးသည်။

ဟင်းပွဲတစ်ရာအတွက် အသီးအရွက်တွေ စုံအောင်လှီးရ



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ် မဟုတ်လား။ လက်ဆေး၊ လက်ကို ရေခြောက်အောင် မြ
သုတ်ပြီးမှ လက်အိတ်ပြန်စွပ်လျှင်

"အမလေး ရှင်တို့အလုပ်ကလည်းနော် မြင်ရတဲ့သူတော ပင်ပန်းတယ်၊ တကယ်"

"ဒီလိုပေါ့ဟယ်၊ စားဖိုဆောင်တာဝန်ဆိုတာ ပေါ့သေးသေး မဟုတ်ဘူး၊ သန့်ရှင်းမှုကအစ သေသပ်လှပမှုအထိ အဆင့်ဆင့်က စည်းစနစ်ကျကျ လုပ်သွားရတာလေ၊ ဒါတောင် ခရမ်းက စိတ်ရှည ပြီးသဘောကောင်းတဲ့ စားဖိုမှူးနဲ့ အလုပ်အတူတူတွဲလုပ်ရလို့ က ကောင်းတာ၊ တချို့ စိတ်ပုပ်တဲ့စားဖိုမှူးကြီးတွေဆိုရင် အချိန်ပြည ငေါက်ငမ်းပြောဆိုပြီး လက်မလည်အောင် ခိုင်းတာဟဲ့"

ခရမ်းပြောရင်း ဓားပြန်ကိုင်သည်။ သခင်က မနှစ်မြို့နိုင ပေ။

"အမလေး ခရမ်းရယ်၊ ရှင်မို့လို့ ငေါက်ငမ်းပြီး ခိုင်းနေ သမျှ ငြိမ်ခံလုပ်နေတာ၊ သခင့်ကို အဲလိုခိုင်းကြည့်ပါလား၊ စားဖိုမှ သော ဟိုတယ်ပိုင်ရှင်သော ဘာသောမှမရွေးဘူး၊ သူတို့မျက်နှာ တည့်တည့် ဟောဒီလို ကောက်ပေါက်လိုက်မှာ"

"ထောက်"

"အား"

"ဟင်"

သခင်က ပြောပြောဆိုဆို လက်ကလည်းပါကာ။ ခရမ်းလို့





ဖို့ ဇကာထဲ ရေဆေးပြီးတည့်ထားတဲ့ ဥနီတစ်လုံးကို သခင်ကောက် ကိုင်ရင်း ပစ်ပေါက်ဟန်ပြတာ။ ဥနီက တကယ်ပဲ လွတ်ထွက်သွား လေသည်။

ထိုအခါ စားဖိုဆောင်ထဲ တန်းပြီးဝင်လာတဲ့ Chief မျက်လုံး ကို တန်းတန်းမတ်မတ် ထိလေသည်။

ကော်လံထောင်ပါတဲ့ စားဖိုမှူးဝတ်စုံအဖြူနဲ့ ဘောင်းဘီ ရှည်အနက် တွဲဝတ်ထားသော စားဖိုမှူးလူရွယ် ဥနီထိသွားတဲ့ ဘယ် မျက်လုံးကို လက်နှစ်ဖက်နဲ့အုပ်ကာ အားခနဲအော်သည်။ အော်သံ ကြောင့် သခင်နဲ့ခရမ်း 'ဟင်'ဖြစ်ကာ မျက်လုံးလေးပြူး၏။

သခင်လက်စက မထင်မှတ်ဘဲ လွန်သွားမှန်း သခင်သိ သည်။ သိသော်လည်း နောက်ကျပြီလေ။

"ဆ. . ဆရာ"

ခရမ်း ပျာပျာသလဲနဲ့ လက်ထဲကဓားလွတ်ချပြီး စားဖိုမှူး ဆီ ပြေးသွားသည်။

သခင်ထိုင်နေရာမှ ငေါက်ခနဲ ထမိသွား၏။ သို့သော်လည်း ခြေလှမ်းရှေ့မတိုးမိပါ။ အကြောင်းက ဒီမျက်နှာပိုင်ရှင်။ သခင်မြင် ဖူးသလိုလိုရှိကာ ဘယ်မှာမြင်ဖူးပါလိမ့်။ တွေးနေလျှင်

"ဆရာ အရမ်းတောင်းပန်ပါတယ် ဆရာရယ်၊ နာသွား လား၊ အောင့်နေလားဆရာ"

ခရမ်းချို့ရဲ့ ပျာပျာသလဲမေးသံ လွှမ်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုတော့ မျက်လုံးကအောင့်ပြီး နာသွားတာ
ဖိပွတ်လိုက်လျှင် မျက်သားနီလေသည်။ ဒါတင်မက မျက်ဝန်းအိ
မှာလည်း မျက်ရည်တို့ပြည့်လို့။

"ရပါတယ် နည်းနည်းပါ"

ဒီအသံ။ သြသြလေး ခွန်အားအပြည့်ပါသောအသံ။ သခင့်
ကို "ဟော့ ပန်းသူခိုးမလေး"ဆိုပြီးအော်ဟစ်ကာ ထီးကျားကြီးဆောင်
လျက် ပြေးဖမ်းဖို့ ကြိုးစားလာတဲ့လူရွယ်။

အရပ်ကြီး မြင့်မြင့်ထွားထွားနဲ့ ကိုယ်လုံးကလည်း တောင့်
တင်းပြည့်ကြွကာ၊ သခင့်ကို ဖမ်းတော့ဆီးတော့မတတ် ပြေးလာတဲ့
လှုပ်ရှားဟန် ဒိုင်းခနဲမြင်ယောင်လာသည်။

သခင်မှတ်မိနေတဲ့ ထိုလူ့ကိုယ်နေဟန်နဲ့ မျက်နှာပုံ။ ခုလို
မထင်မှတ်ဘဲ အနီးကပ်ဖြစ်လာတော့ သခင် ရင်မဆိုင်ချင်တော့ပါ။

သခင့်ဘက်ကလွန်ထားတော့ ခရမ်းလိုလည်း ပျာယာခတ်
တောင်းပန်စကားမဆိုချင်။ ဖြစ်ပြီးမှ သခင်ဘာမှမတတ်နိုင်ပါ။
သခင်က ဘယ်သူ့ကိုမှ တောင်းပန်စကားတွေစီပြီးပြောဖို့ စိတ်မဝင်
စားသူပါ။

"ခရမ်း သခင်ပြန်တော့မယ်"

ဒါပဲပြောပြီး လှစ်ခနဲနေအောင် စားဖိုဆောင်နောက်တံခါး
မှ ပြေးထွက်ခဲ့သည်က ချက်ချင်း။

"သခင် နေ. . နေဦးလေ"





ခရမ်း တားသော်လည်း အရာမထင်။

"ဆောရီးပါဆရာရယ်၊ ခရမ်းသူငယ်ချင်းကလေ ခရမ်း
နဲ့စကားပြောနေရင်း မထင်မှတ်ဘဲ လက်ပါသွားတာပါ၊ ဆရာ့ကို
ရည်ရွယ်ပြီး ပစ်လိုက်တာ မဟုတ်ပါဘူး"

"ရပါတယ်"

သူ ဒါပဲပြောကာ မျက်နှာသစ်တဲ့ ဘေစင်ဆီသွားပြီး ရေ
ပိုက်ဖွင့်ကာ ရေနဲ့မျက်လုံးကို ထိတွေ့စေလိုက်သည်။

လက်ခုပ်ထဲကရေထဲ မျက်လုံးအိမ်ကို ထိုးနှစ်လျှင် အောင့်
တောင့်တောင့်ဖြစ်နေတဲ့မျက်လုံးက သက်သာသလိုရှိသည်။

ခရမ်းက အမူအယာပျက်တဲ့အထိ ပျာယာခတ်အားနာလျက်။

"ဆရာ ဆေးခန်းသွားပြရင် ကောင်းမယ်ထင်တယ်"

"ဒီလောက်လည်း မဟုတ်ပါဘူး၊ ရုတ်တရက် ထိတာဆို
တော့"

"ဖြစ်ပါ့မလား ဆရာရယ်၊ VIP တွေအတွက် ဟင်းပွဲတစ်
ရာ ပြင်ရမှာလေ၊ တော်ကြာ ဆရာ မျက်လုံးနာနေတာ အောင့်နေ
တာဖြစ်ရင် ဟင်းပွဲတွေ သေချာမလုပ်ပေးနိုင် ဖြစ်နေဦးမယ်"

ခရမ်း စိုးရိမ်စိတ်ကလေးနဲ့ ဝင်ပြောလေသည်။ မပြောလို့
ဖြစ်မလားကွယ်။ တစ်ဖက်က သူငယ်ချင်း။ လုပ်မိပြီး ပြေးထွက်
သွားတာလေ။ သခင့်ကိုယ်စား ခရမ်းမှာ တာဝန်ရှိတယ်မဟုတ်လား။

ဒါတင်မက ဆရာက ခရမ်းအတွက် အရမ်းအားကိုးရသေး



www.burmeseclassic.com

www.burmeseclassic.com



စားရတဲ့ ဆရာတစ်ဆူ။

ဆရာက ဘာကိစ္စဖြစ်ဖြစ် ပြီးရာပြီးကြောင်း ကျေ
တတ်သူ။ မာန်တဝင့်ဝင့်နဲ့ မောက်မောက်မာမာ ဆက်ဆံတတ်
မဟုတ်လေတော့။

"ရတယ် ခရမ်း၊ ခဏနေရင် ကောင်းသွားပါလိမ့်မယ်
ဟင်းပွဲအတွက် ဘာမှမပူနဲ့၊ လှီးစရာရှိတာ ဆက်လှီးလေ၊ လှီး
လှီးနည်းက ကိုယ်နမူနာလှီးပြထားတဲ့အတိုင်း ဖြစ်ပစေ"

"ဟုတ် ဟုတ်ကဲ့ပါဆရာ"

ရေစိုမျက်လုံးနဲ့ မျက်နှာကို ရေစက်တွေ ခါပစ်ရင်း စား
ဆောင်ထဲက ဆရာပြန်ထွက်သွားသည်။

နားနေခန်းထဲဝင်ပြီး တဘက်နဲ့ရေစက်တွေ သုတ်နေ၏

ခရမ်းမှာသာ ဆရာ့ကိုအားနာပြီး သက်မတွေချရင်း၊ ရေ
ထဲမှာလဲ။

"သခင်ရယ် သခင်လုပ်လိုက်ရင် အရာရာနဲ့အကြောင်
ကြောင်းချည်းပဲ"လို့ ရေရွတ်လျက်။

♥ ♥ ♥



## အခန်း(၁၀)

"စာချွန် နင်အခု ဘာလုပ်နေလဲ"

"ဧည့် ဧည့်သည်တစ်ယောက်ကို "စောင့်နေတာ"

"မစောင့်နဲ့တော့"

"ဘာဖြစ်လို့"

"သခင့်ဆီ အခုလာခဲ့"

"ဟင်"

"ဟင်မနေနဲ့ ဒါပဲ"

သခင် အလိုရှိရာပြောပြီး ချက်ချင်းဖုန်းပိတ်လိုက်၏။ စာ
ဘာမှ ပြောခွင့်မသာသလို ပြောချိန်လည်း မရတော့ပါ။

သခင့်စိတ်ကို စာချွန်သိသည်။ သခင်က ခုဆိုခု။ စာချွန်



www.burmeseclassic.com

www.burmeseclassic.com



မှာသာ မျက်နှာပျက်ကာ။ အဲဒါကိုပဲ စာချွန်နဲ့အတူတူထိုင်နေ
ဇင်ကို သဘောကျစွာ ရယ်မောလေသည်။

"ဘာရယ်တာလဲကွာ"

"ရယ်ချင်လို့ပေါ့ကွ"

"ကျွတ်"

စာချွန်စိတ်ပျက်စွာ ဖုန်းကို တင်းနေအောင် ဆုပ်ကိုင်လ
ထိုင်ရာမှထမိ၏။ ဇင်ကို မျက်နှာကို ရယ်ရှိန်တွေဖျောက်ရင်း စာ
သစ်ကို တစ်ချက်ဝေ့ကြည့်ပြီး

"ဟုတ်တယ်လေကွာ၊ မင်းမျက်နှာသာ ပျက်နေတာ၊ သ
ဆီ အခစားဝင်ရမှာပဲ မဟုတ်လား"

"အခစားဝင်တယ်လို့ မပြောစမ်းပါနဲ့ကွာ၊ ကိုယ့်အ
အထားကို မင်းသိသားနဲ့"

"သိပါတယ်ကွာ၊ သိလွန်းလို့လည်း ပြောလိုက်မယ်၊
ကြွပေတော့၊ တော်ကြာ သခင် စိတ်ကောက်နေလိမ့်မယ်စာ
နှစ်နှစ်လာရင် ကိုယ် အဆင်ပြေအောင် ပြောထားလိုက်မယ်၊ နေ
ကြောင်းတင်းမနေနဲ့ သွားစရာရှိတာသွား၊ ရော့ ကိုယ့်ကားယူသ

ဇင်ကို အလိုက်သိသိပြောသလို ကားသော့ပါ လက
ထည့်ပေး၏။ မတတ်သာတဲ့အဆုံး စာချွန် ကားမောင်းထွက်ခဲ့
မယ့် စိတ်က နှစ်နှစ်ဆီမှာ။

"နှစ်နှစ်ရေ နားလည်ပေးပါလို့"





ရင်မှာတောင်းဆိုရင်း အသိတရားက သခင့်ဆီ ပြန်လည်
သွားသည်။

ပန်းသခင်။

ပန်းသခင်ဟာ စာချွန့်ဘဝအတွက် မီးလား၊ ရေလား၊ ခွဲ
ခြားရခက်လှပေသည်။ သခင်ရယ်၊ ခရမ်းနဲ့ စာချွန်ရယ်က အထက်
တန်းတုန်းက အတူတူ။ ဆယ်တန်းအောင်ကြတော့လည်း လွတ်လွတ်
ကျွတ်ကျွတ်။

သခင်နဲ့စာချွန်က ဂုဏ်ထူးငါးခုစီပါသည်။ ခရမ်းက ဂုဏ်
ထူးတစ်ခုတည်း။

သူက ဝါသနာအရ ဆေးကျောင်းတက်လိုလှသည်။ ဆံရာ
န်ဖြစ်ချင်တဲ့ ငယ်အိပ်မက်တွေလည်း ရှိတယ်မဟုတ်လား။ ဒါပေ
မယ့် စာချွန့်မိဘက ငွေကြေးမပြည့်စုံပါ။ အဖေကောအမေပါ ရုံး
န်ထမ်းဘဝ။ စာချွန်တို့မောင်နှမက သုံးယောက်။ စာချွန်က အကြီး
ဆုံး။

ဆယ်တန်းကို ဂုဏ်ထူးတွေ အများကြီးနဲ့ အောင်ပေမယ့်
မ်းမသာနိုင်။ မိဘက စာချွန့်ဆန္ဒကို ဖြည့်ပေးဖို့ ဘယ်လိုမှ အစွမ်း
အစမှ မရှိတာလေ။ ဒီအကြောင်းတွေ ခရမ်းနဲ့စာချွန်ပြောဖြစ်တော့
ရမ်းက သခင့်ကို ပြန်ပြောလိုက်ဟန်တူသည်။

စာချွန်ဆီပေါက်ချလာပြီး ပြောသည်။

"နင်က ဆေးကျောင်းတက်ချင်တာဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အဲဒါဆိုလည်း တက်ပေါ့"

"မဖြစ်နိုင်ပါဘူးဟာ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

သခင်က နားမလည်သလိုလို မျက်မှောင်ကုပ်ကုပ်နဲ့ မေ
သည်။ ကြားထဲက အမေ မနေသာဘဲ ဝင်ပြောသည်။

"မဖြစ်နိုင်တာက အန်တီတို့မှာ သားကို ဆေးကျောင်း
ရိတ် ထုတ်ပေးနိုင်တဲ့ အခြေအနေ မရှိဘူးသမီးရယ်"

"ကျောင်းစရိတ် ဟုတ်လားအန်တီ"

"ဟုတ်တယ်၊ စရိတ်က တော်တော်ကြီးတယ်၊ အန်တီ
မှာ မရှိဘူးလေ"

"ဩော် ဒါများအန်တီရယ်၊ အန်တီတို့မှာ ပိုက်ဆံမရှိ
မယ့် သခင့်မှာရှိတယ်၊ သခင်ပေးမှာပေါ့"

"ဘယ် ဘယ်လို သမီး"

ဒေါ်စုနှင်းဖြူ မယုံနိုင်အောင်ဖြစ်လျက်။ သခင့်အပါး က
လာပြီးမေးသည်။ ဝါးပက်လက်ကုလားထိုင်မှာထိုင်ပြီး သတင်း
ဖတ်နေတဲ့ ဦးလှသစ်လည်း လက်ထဲက သတင်းစာလွတ်ကျ
သခင့်ကို ငေးကြည့်ရှာသည်။

ညှော့ခန်းကြမ်းပြင်မှာ ထိုင်နေတဲ့ စာချွန့်ညီမနှစ်ယောက်
ကလည်း သည်ဘက် တစ်ကိုယ်လုံးပါအောင် လှည့်ကြည့်ကြသည်





က အံ့ဩစွာ။ ထို့အတူ စာချွန်လည်း မအံ့ဩဘဲ မနေနိုင်။

တစ်မိသားစုလုံး မယုံချစ်စိတ်နဲ့ မျက်တောင်မခတ်တမ်း
ကြည့်လျှင် သခင်ပေါ့ပါးစွာပြုံးလက်၊ တစ်မိသားစုလုံးကို ပြန်
ကျက်ကြည့်ပြီး

"ဟုတ်တယ်လေ၊ စာချွန်က ဆရာဝန်ဖြစ်ချင်နေတာလေ၊
ဖြစ်ချင်ရဲ့နဲ့ မဖြစ်ရရင် စာချွန် တစ်သက်လုံး စိတ်မကောင်းဖြစ်နေမှာ
ပေါ့၊ ပိုက်ဆံမရှိလို့ မဖြစ်ရဘူးဆိုတာမျိုး သခင်မလိုလားဘူး၊ စာချွန်
ဖြစ်စေချင်တာဖြစ်ခွင့်ပေးချင်တယ်၊ သခင့်မှာ ပိုက်ဆံအများကြီး
ရှိတယ်လေ။ ဒယ်ဒီ မာမီနဲ့ အန်တီမေတို့ ပေးထားတဲ့ပိုက်ဆံတွေ
လေ၊ သခင်တစ်ယောက်တည်း သုံးလို့မှမကုန်တာ၊ အဲဒါတွေပေးမှာ
ပေါ့။ စာချွန် နင်အားမငယ်နဲ့၊ နင်ဆရာဝန်ဖြစ်ချင်တဲ့အတွက် ငါ
ပိုက်ဆံတွေ ပေးသုံးမယ်၊ သခင်ပညာရေး ဖောင်ဒေးရှင်းထောင်
တယ်လို့ မှတ်လိုက်ဟယ်၊ သခင့်ဖောင်ဒေးရှင်းကနေ နင့်ကို
ထောက်ပံ့ပေးမယ်၊ နင် ဆရာဝန်ဖြစ်ရုံမက ဆေးခန်းဖွင့်တဲ့အထိ
သခင် တာဝန်ယူမယ်၊ ဘယ်လိုလဲ၊ ကျေနပ်ရဲ့လား"

သခင် ရေပက်မဝင်အောင် အားရပါးရ ပြောလိုက်တဲ့
နောက်မှာ တစ်မိသားစုလုံးမျက်နှာ လမင်းကြီးသာလေသည်။

"သခင်ရယ် နင့်ကို ဘယ်လိုပြန်ပြောရမှာလဲကွယ်၊ ငါ
ငါ အရမ်းဝမ်းသာတယ် သိလား"

စာချွန် အားရဝမ်းသာဖြစ်ကာ သခင့်လက်ကို ခွန်အား



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဆုပ်ကိုင်ပြီး စာချွန့်ရင်ဘတ်နဲ့ ကပ်ထားမိသည်အထိ ဝမ်းသ
လုံးဆို့ခဲ့သည်။

"ရပါတယ်ဟယ်၊ နင်က သခင့်သူငယ်ချင်းလေ၊ သခင်
နင်တို့ဖြစ်ချင်တာကို ပေးချင်တယ်၊ သခင့်ပိုက်ဆံက နင့်လိုအ
ချက်အတွက် အသုံးတည့်တယ်ဆိုတော့ သခင့်ပိုက်ဆံတွေ သ
ထုတ်သုံးရကျိုးနပ်တာပေါ့၊ ပြီးတော့ သခင်နေမကောင်းရင်
ကုပေးလို့ရတယ်လေ။ မဟုတ်ဘူးလား"

"သခင်ရယ်၊ သခင်က ငါ့ကျေးဇူးရှင်ပဲ၊ နင့်ကျေးဇူးကို
ငါ တစ်သက်လုံး မမေ့ပါဘူး"

"ဟုတ်တယ်ကွယ်၊ ဟုတ်တယ်၊ အန်တီတို့မိသားစုအတွ
သခင်လေးက မဟာကရုဏာရှင်ပဲ၊ သမီးကျေးဇူးကို အန်တီ
ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ဘူးကွယ်၊ တကယ်"

မေမေဆို ဝမ်းသာမျက်ရည်များပင် ကျလျက် အိန္ဒြေမဆယ်
နိုင်အောင် ဖြစ်ခဲ့ရသည်မဟုတ်လား။

စာချွန် ဒေါက်တာဘွဲ့ ရရုံမက ကိုယ်ပိုင်ဆေးခန်းလေးဖွ
တဲ့အထိ သခင် ပြောတဲ့အတိုင်း တာဝန်ယူခဲ့သည်။

သခင်က စာချွန့် လိုအပ်ချက်ကို ဖြည့်ပေးခဲ့တဲ့ကျေးဇူးရှင်
ခရမ်းချိုအပေါ်မှာလည်း ထိုနည်းလည်းကောင်းပင်။

ခရမ်းချိုက ရိုးရိုးမေဂျာနဲ့တက်ပြီး ဘွဲ့ယူမယ်။ ပြီးရင်
အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုလုပ်မယ်ပေါ့။ ခရမ်းလု





ချင်တဲ့ အသက်မွေးဝမ်းကြောင်းက စားဖိုမှူးကြီးဖြစ်အောင် ကြိုးစား
ချင်တာပါတဲ့။

သခင်က ခရမ်းနဲ့မခွဲဘဲ ခရမ်းတတ်တဲ့ မေဂျာယူသည်။
ခရမ်းနဲ့အတူတူ ဘွဲ့ယူသည်။ ခရမ်းက စားဖိုမှူးဘဝရောက်ဖို့ အ
စားအသောက် အချက်အပြုတ်သင်တန်းတွေကို တက်သည်။

သခင်က ဘာကိုမှ ဝါသနာမပါဘူးဆိုတဲ့ အကြောင်းပြချက်
နဲ့ ဒီအတိုင်းနေသည်။ သူငယ်ချင်းတွေဆီ လည်ပတ်လိုက်၊ ထင်
သလို သွားလာလိုက်နဲ့။

မိဘရှိတဲ့အင်္ဂလန်ကိုလည်း လိုက်မသွားသလို၊ အန်တီမေ
တို့စကားကိုလည်း နားမထောင်၊ ထင်ရာစိုင်းနေတဲ့ သူငယ်ချင်းမ
ဖြစ်သည်။

သခင်က ထင်ရာစိုင်း၊ သုံးချင်သလိုသုံးပြီး နေနိုင်ပေမယ့်
စာချွန်တို့က ကြိုးစားနေရသည်။ ဆေးခန်းလေးဖွင့်ထားနိုင်ပြီမို့
သားစု ချောင်လည်လာသည်။ မေမေနဲ့ဖေဖေ လူကြားထဲ မျက်နှာ
လေးမော့လျက်။

သားက ဆရာဝန်၊ ကိုယ်ပိုင်ဆေးခန်းဖွင့်ပြီး ဝင်ငွေကလည်း
ကာင်းနေသည်မဟုတ်လား။ ညီမနှစ်ယောက်ကလည်း တက္ကသိုလ်
က်နေတာ မျက်နှာပန်းပွင့်လှသည်။

ခက်တာက သခင်ရယ်။

သခင်က စာချွန့်အပေါ် ပိုင်စိုးလာတယ်လို့ စာချွန်ယူဆ



www.burmeseclassic.com

www.burmeseclassic.com



မိ၏။

"စာချွန် နင်က ဆရာဝန်ဖြစ်၊ ကိုယ်ပိုင်ဆေးခန်းလည်း ထိုင်နိုင်ပြီဆိုတော့ ဝင်ငွေလေးဘာလေး ရွှင်လာသလို နင့်ဆေး မှာ ကောင်မလေးတွေ အကြောင်းရှာပြီး ရောဂါလာပြတိုင်း အီဖို့စိတ်မကူးနဲ့၊ အိုး. . အီဖို့နေနေသာသာ နင်ဘယ်မိန်းကလေး ကိုမှ မျက်စပစ်ဖို့ စိတ်မကူးနဲ့၊ ပြီးတော့ နင်တို့ဆရာဝန်သူငယ်ချ မတွေ့နဲ့လည်း ဟီလာတိုက်မနေနဲ့၊ ကြားတယ်နော်"

အမိန့်ပေးသလိုလို ညွှန်ကြားသလိုလို ပြောတတ်သည် စာချွန့်ဆီ အချိန်အခါမရွေး ရောက်လာတတ်ကာ။ စာချွန် ဘ မိန်းကလေးနဲ့ ပတ်သက်နေလဲဆိုတာ နောက်က လိုက်ချောင်းတ လည်းရှိသည်။

သခင့်ကြောင့် စာချွန်အနေခက်နေတာ အမှန်။

သူငယ်ချင်းမိန်းကလေးတွေနဲ့ တစ်ခါတစ်ခါဆုံလို့ ရ မောတာတွေ့တဲ့အခါ သခင်ပြုလေ့ရှိတာက တင်းမာလွန်းသည်

"စာချွန်လာဦး"လို့ ခပ်မာမာခေါ်သလို သူငယ်ချင်း မိ ကလေးတွေရှေ့မှာတင် စာချွန့်လက်မောင်းကိုချိတ်ကာ ပိုင်စိုးပိ နင်း ဆွဲယူခေါ်ထုတ်ခြင်းခံရတာလည်း မကြာခဏ။

အဲလိုခံရတိုင်း စာချွန့်ရင်မှာ အုံ့ဖွဲ့တင်းမာကာ ခံခ ခက်ဖြစ်နေရသည်။ ဒါတင်မက သခင့်ရှေ့မှာ သခင့်အလိုကျ နေ တာကလည်း တစ်ဒုက္ခ။





အထူးသဖြင့် နှစ်နှစ်ဆိုတဲ့ ခရေနှစ်သစ် ကိစ္စပေါ့။ ခရေနှစ်သစ်နဲ့စာချွန်က ဇင်ကို့လိုပဲ ဆေးကျောင်းတစ်လျှောက်တွဲလာတဲ့ သူငယ်ချင်း။

ပွင့်ပွင့်လင်းလင်းပြောရရင် သူငယ်ချင်းထက် စာချွန့်ရင်ကို လှုပ်ရှားစေတဲ့မိန်းကလေး။ နှစ်နှစ်ကလည်း စာချွန့်အပေါ် မျှော်လင့်ကာ။

မျက်လုံးချင်းစကားတွေပြောရုံနဲ့ တစ်ယောက်စိတ်ကိုတစ်ယောက် သိ၏။ တစ်ယောက်ရင်ခုန်သံကို တစ်ယောက်ခံစားမိသလို စာချွန့်မိသားစုတစ်စုလုံးလည်း နှစ်နှစ်ကို သဘောကျသည်။

ဂုဏ်ရည်တူတယ်ပေါ့။ မေမေကဆို ပါးစပ်အပြည့်၊ စကားလုံးထွားထွားနဲ့ မာန်အပြည့်ပြောတတ်သည်။

"သားက ဆရာဝန်ပဲ၊ ချွေးမလည်း ဆရာဝန်ပဲ ဖြစ်ရမှာပါ"လို့။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားမှာ ကြုံတိုင်းပြောတတ်တတ်သည်။ စာချွန်က ဒီစကား သခင်ကြားသွားမှာ စိုးသည်လေ။ င်ကိုက သခင်နဲ့စာချွန့်အကြောင်း အတွင်းသိအဆင်းသိမို့

"နှစ်နှစ်ကို မင်းစိတ်ဝင်စားရင် ပိပိရိရိတော့ ရှိပေစေ"လို့ သတိပေးတတ်သည်။ နှစ်နှစ်နဲ့ဆုံအောင်လည်း ဇင်ကို တီးပေးလေ့ရှိသည်။ နှစ်နှစ်နဲ့တွေ့တိုင်း ဇင်ကိုပါလေ့ရှိတာက ကြောင်းမဲ့မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သခင် နောက်ယောင်ခံလိုက်ကြည့်ရင် စာချွန်နဲ့နှစ်နှစ် နှစ်ယောက်တည်းမဟုတ်ဘူး၊ ဇင်ကိုပါတယ်ပေါ့။

သူငယ်ချင်းသုံးယောက်လို့ ခေါင်းစဉ်တပ်လို့ရတယ်။

ခုလည်း သခင် မထင်မှတ်တဲ့အချိန်မှာ နှစ်နှစ်နဲ့တွေ့ ချိန်းထားခြင်း။ နှစ်နှစ်က ရောက်မလာသေး။

ရင်ခုန်စိတ်နဲ့ နှစ်နှစ်ကို ထိုင်စောင့်နေတုန်း သခင့်ဆီက ဖုန်းဝင်လာသည်။

ခုချက်ချင်း လာခဲ့ပါတဲ့။

ဘာတတ်နိုင်မလဲ။

အမိန့်တော်အတိုင်းပေါ့ သခင်ရယ်။

♥ ♥ ♥



## အခန်း(၁၁)

"သခင်"

ညိုးညိုးနဲ့ ယှဉ်တွဲထိုင်ပြီး ချစ်စကားပြောနေတဲ့ မူပိုင်။ ချစ်သူနဲ့ ရယ်မောရွှင်ကြည်လျက်။ ဘေးတစ်ချက် ငဲ့ကြည့်သလို မျက်လုံးလေးဝေ့ရောက်သွားတဲ့အခါ ကန်ဘောင်မှာ စိတ်လှုပ်ရှား စွာလမ်းလျှောက်နေတဲ့ သခင့်ကို မြင်လေသည်။

မြင်သည်နှင့် နှုတ်မှလည်း သခင်လို့ လွှတ်ခနဲခေါ်သံထွက် လျှင်

"ဘာလဲမောင်၊ သခင်ဆိုတာ ညိုးကိုခေါ်လိုက်တာလား"

အရေးထဲ ရင်ခွင်ထဲက ညိုးညိုးက မူပိုင့်မေးဖျားလေးဆွဲ ယူကာ မျက်နှာချင်းဆိုင်ပြုရင်း မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မူပိုင် အောက်သိုးသိုးဖြစ်သွားပေမယ့် ချက်ချင်းအိ
ဆယ်လိုက်၏။

"ညိုးက ညိုးကိုခေါ်တယ်ထင်လို့လား"

"ထင်တာပေါ့လို့၊ မောင်က ညိုးရဲ့အချစ်ဦးသခင်လေ
မောင်ကလည်း ညိုးအချစ်ဦးသခင်ပီပီ၊ ညိုးကို သခင်လို့ ခေါ်ချ
ခေါ်မှာပေါ့လို့ ဟုတ်ဘူးလား"

အထင်နဲ့ကြည်နူးစွာ ပြောနေတဲ့ ညိုးညိုးရဲ့အချစ်ဖိလ
ကို မူပိုင် မနှောင့်ယှက်ချင်ပါ။ မူပိုင့်ရင်ထဲက သခင်က ပန်းသခ
ဆိုတဲ့ မီလျံနာမလေးမှန်း ညိုးညိုးမသိသေးတာ သနားလှတယ်

ဒါပေမယ့် မူပိုင်ထုတ်ပြောဖို့ စိတ်ကူးမရှိပါ။ လောလော
ဆယ်မှာ တစ်ယောက်ယောက်ကို မျှော်နေဟန်တူတဲ့ သခင့်ဆီ
ပိုင်သွားလိုလှသည်။

မူပိုင်က အကြံပိုင်သလို အချွဲအညုလည်း ပိုင်သူရယ်ပါ
ညိုးညိုးစကားလုံးနောက် လိုက်ပါနင်းလိုက်ဖို့ ဝန်မလေးစွာ။

"ဟုတ်တာပေါ့ ညိုးရယ်၊ ညိုးက မောင့်ရင်ထဲက အချစ်ဦ
သခင်ပဲ"

"တကယ်"

"တကယ်ပေါ့ကွ၊ မောင်ပြောတာ မယုံဘူးလား"

ညိုးညိုး လက်ဖဝါးနုနုလေးကို ဖျစ်ကိုင်ကာ ညိုးကိုယ်လ
လေးကိုပါ တင်းနေအောင် ပွေ့ဖက်၏။ ထို့ပြင် မူပိုင်ရင်ခွင်ထဲ





ချက်နှာလေးမော့ထားတဲ့ ညိုးညိုးရင်ခုန်သံမြန်သွားအောင် စူးစူး
စ်နှစ် စိုက်ကြည့်ကာပြော၏။

"ပြောလေ မယုံဘူးလားညိုး"

"ယုံတာပေါ့လို့"

နှုတ်ခမ်းလေး မြူးလှုပ်သွားကာ ရွှန်းရွှန်းဝင့်ဝင့်လေးပြော
ျှင် မူပိုင်ခေါင်းလေးငုံ့ကျသွားသလို နှုတ်ခမ်းလေးလည်း ပန်းတွေ
ခြွေချ၏။

နွေးလျသောညိုးညိုးနှုတ်ခမ်းလေးက လိမ္မော်ရနံ့လေးသင်း
ာ မူပိုင့်အနမ်းခြွေတဲ့အတိုင်း ယိမ်းနွဲ့ပါသွား၏။

"မောင်ရယ်"

အချစ်စိတ်ကြောင့် နှုတ်ခမ်းတွေ နူးညံ့နွေးထွေးသွားတဲ့
ောက်မှာ၊ ညိုးညိုးလက်တွေက သူ့ခါးကို တင်းနေအောင်ဖက်ထား
ှင့် တိုးတိုးရှူရှိုက်၏။

မူပိုင့်လက်ချောင်းလေးတွေက အလိုက်သိစွာ။ ညိုးညိုး
းသားနဲ့ ကျောပြင်ကို တယုတယကြင်နာရင်း မျက်လုံးက ဇွေ
ည့်မိသည်။

သခင်က ကန်ဘောင်ပေါ် လမ်းလျှောက်နေဆဲ။

လောလောဆယ် ညိုးညိုးက မူပိုင့်ရင်ခွင်ထဲမှာ အချစ်
်တက်ပြီး ပျော်ဝင်နေသည်မဟုတ်လား။ ဒီလိုအချိန်မျိုးမှာ ညိုး
းကို မူပိုင် ဘာပြောပြော ပြီးသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ ညီးညီးထပ်ဆင့်ပျော်ဝင်သွားအောင် မူပို
နှုတ်ခမ်းလေးကို ညီးညီးကုပ်ပိုးပေါ် ဖွဖွလေးတင်၍

"ညီး"

"ဟမ် မောင်"

မူပိုင် မြူးမြူးလေးပြုံးလျက် မေးသည်။

"နှုတ်ခမ်းဆိုးဆေးပါလား"

"ပါတာပေါ့မောင်ရဲ့ ဘာဖြစ်လို့လဲဟင်"

"မောင်ဆိုးပေးမလို့"

"ဟင်"

ဒီတော့မှ ညီးညီးမျက်နှာလေး ပန်းနုရောင်စိုအိကာ
သွေးဖြာသွားသည်။

"သွား မောင်လူဆိုး"

"ညီးကလည်း"

"နေ နေ၊ ညီးဘာညီး ဆိုးမယ်၊ မောင်ထိုင်ကြည့်"

"အင်း"

ဒီလိုကျတော့လည်း ညီးက မူပိုင့်အကြံထဲ အံဝင်ဂွင်
ဖြစ်လို့ရယ်။ မူပိုင်ရင်ခွင်ထဲက အသာခွာလျှင် မူပိုင်လည်း ဖြေ
ပေးလိုက်သည်။ ငွေကိုင်းပါတဲ့ ငွေရောင်ပခုံးလွယ်အိတ်ထဲက
ရာနှုတ်ခမ်းဆိုးဆေးတောင့် ထုတ်ယူကာ

နှုတ်ခမ်းကို မှန်ဝိုင်းလေးနဲ့ သေချာကြည့်သည်။ ဆိုး





တဲ့လိမ္မော်ရောင်က ညီးနှုတ်ခမ်းပေါ်မှ နဂိုမူလအတိုင်း မဟုတ်
တော့ပါ။

မောင့်ကြောင့်ပျက်သွားပေမယ့် ကြည်နူးမြူးစွာ ပြုံးမိသေး
သည်။ ညီးနှုတ်ခမ်းဆေးဆိုးဖို့ပြင်တော့

"ညီး"

"ဟင်"

"ခဏလေးနော်၊ ဟိုမှာ မောင့်ညီမဝမ်းကွဲလေး တစ်ယောက်
ာည်း"

ညီး မှန်မကြည့်တော့ဘဲ မောင်ညွှန်ပြတဲ့ မိန်းကလေးကို
ှမ်းကြည့်၏။ တိမ်ပြာရောင်ဖက်ရှင်နဲ့ လွင်လွင်လေးလှနေတဲ့ ထို
န်းကလေးက ယောင်းမလောင်းဆိုတဲ့အသိနဲ့ ကြည်ဖြူစွာပဲ ခေါင်း
လးဆတ် ခွင့်ပြုလိုက်သည်။

မောင်က ရွှီးခနဲ လေချွန်မတတ်၊ အမူအယာရွှင်ကြွကာ။

ညီးနှုတ်ခမ်းလေးကို လက်ညှိုးလေးနဲ့ တို့ထိကျီစယ်ပြီး
မာင်ထွက်သွားသည်က ညီးရင်ကို အတိုင်းမသိ ရင်ဖိုသွားစေ
ည်။

မောင်က ညီးရဲ့ ထာဝရမောင်။ အချစ်ဦးမောင်။ နှလုံး
ားသခင်။

ညီးက တစ်ဘဝလုံးအတွက် ထိုသို့သတ်မှတ်ထားသူပါ
ယ်။ လောလောဆယ် ညီးလုပ်စရာရှိတာက မောင်အနမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ပေးလာရင် ညိုးဘက်က ခံယူမယ့် နှုတ်ခမ်းလေး
လိမ့်မှော်နဲ့လေးသင်းမွေးနေဖို့ လိုတယ်မဟုတ်လား။ နောက်ပြီး
ဆေးရောင်နဲ့ လှပကြွရွနေတဲ့ နှုတ်ခမ်းတစ်စုံအဖြစ် မောင့်ကို
ထားနိုင်ဖို့ အရေးကြီးသည်။

ဒါကြောင့် မှန်ပိုင်းလေးထောင်ကြည့်ကာ မောင့်အချ
ညိုးနှုတ်ခမ်းပေါ် ဆေးခြယ်လျက်။

♥

"သခင်"

ခေါ်သံက ချိုကြည်ပြီး စူးရှသြသြနဲ့ ဆွဲငင်အားတို့ပါသ
အဆိုတော်လို့ မပြောရဘူး။ နာမည်ခေါ်လိုက်သံကအစ
ပီယံရှိပါ၏။

လှည့်မကြည့်ပါဘဲ မူပိုင်မှန်း သခင်သိတာမို့ ခြေလှမ်း
ရပ်လိုက်ပြီး

"ပြောလေ ပိုင်ပိုင်"

"သခင် တစ်ယောက်ယောက်ကို စောင့်နေတာမ
လား"

"ဟွန်း ပိုင်ပိုင်ဘယ်လိုသိလဲ"

"ရင်ထဲက သိတာပေါ့ သခင်ရယ်၊ သခင့်ကို ကိုယ်အ





လုပ်ပေးမယ်"

"ရပါတယ်၊ သခင်က စိတ်ရှုပ်နေတာလေ"

"ဘယ်လောက်ရှုပ်ရှုပ် သခင့်စိတ်ရှင်းတဲ့အထိ ကိုယ်အဖော်
လုပ်ပေးမယ်၊ ဟုတ်ပြီလား"

သခင် မျက်ခုံးလေးပင့်ကာ ပါးချိုင့်ကလေးခွက်ဝင်သွား
အောင် ရယ်လေသည်။ ပြီးတော့ မူပိုင် နှစ်သက်မက်မောတဲ့ မျက်
တောင်ကော့ကလေးများကို ပုတ်ခတ်လုပ်ရင်း

"အင်း"

သခင် ခေါင်းတစ်ချက်ဆတ်လျှင် မူပိုင် အတိုင်းအဆမဲ့
မြူးသွား၏။

"အိုကေ ခဏစောင့်"

ညီးညီးကို အဆင်ပြေအောင်ပြောပြီး ပ,ထုတ်မလို့ ခြေ
လှမ်းပြင်လျှင်

"နေ နေပါဦး"

"ဘာလဲသခင်"

"ပိုင်ပိုင် အခု အဖော်လုပ်မပေးနဲ့ဦး"

"ဘာဖြစ်လို့လဲ"

"အကြောင်းရှိလို့"

မူပိုင်မျက်နှာလေး ပြန်တည်သွားသည်။ မူပိုင်တွေ့ဖူးသမျှ
နှင်းကလေးတွေထဲမှာ သခင်က ချဉ်းကပ်ရအခက်ဆုံးနဲ့ ရှောင်



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ဖယ်အနိုင်ဆုံးရယ်။

သခင်က ပြုံးလျက်ပဲ မူပိုင်ကို စိုက်ကြည့်ပြီး

"သခင် ခုလောလောဆယ် ပိုင်ပိုင်နဲ့ စကားမပြော...
သေးဘူး၊ သခင်အပြင်ထွက်ချင်တဲ့ ညကျရင် Club မှာဆုံ...
လေ၊ အဲဒီတော့ သခင့်ကို အဖော်လုပ်ပေးပေါ့"

"ဟင်"

မူပိုင် မျက်လုံးလေးတောက်ပသွားကာ မယုံနိုင်အေ...
ဖြစ်လျက်။ ချဉ်းကပ်ခွင့် ဘယ်တုန်းကမှ မရခဲ့တဲ့သခင်မလေ...
ညအပြင်ထွက်တဲ့အခါ ကလပ်မှာဆုံမယ်တဲ့။

မူပိုင် ဟန်တွေပန်တွေ မဆောင်နိုင်တော့ပါ။ လက်...
တီးလျက်

"အိုကေ"

"အင်း ညဘက်အပြင်ထွက်တာနဲ့ ပိုင်ပိုင့်ဆီ ဖုန်းဆ...
လိုက်မယ်"

သခင်ပြောပြီး ကန်ဘောင်ပေါ် လမ်းဆက်လျှောက်...
လိုက်သည်။ မူပိုင်က လိုအင်ပြည့်သွားတဲ့ကလေးလို ပျော်မြ...
ဖြစ်လျက်။

ညိုးညိုးဆီ ပြန်လှည့်သွားတဲ့ခြေလှမ်းက လမ်းနဲ့ပင်မ...
မြောက်တကြွကြွဖြစ်လို့နေသည်။

သခင်နောက်ပြန်လှည့်ကြည့်တော့ မူပိုင်က သူ့...

...လေးနဲ့ ကန်ဘောင်ပေါ် ရှိခုံတန်းကို ကျော်ခိုင်းသွားလေပြီ။

ကောင်းတယ်။

နောက်ဆို သခင့်ကို စိတ်အနှောင့်အယှက်ပေးနေမှာလေ။
...ခင် လောလောဆယ်တွေ့ချင်တာက မူပိုင်မှမဟုတ်တာ။

စာချွန်လေ။

စာချွန်ကလည်း ကြာလိုက်တာ။ သခင်လမ်းလျှောက်နေ...
...င်း ခြေဆောင့်လှမ်း၏။ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရင်း
...ခင့်နှုတ်ခမ်းဖူးဖူးလေးက အလိုမကျစွာ စူထော်လာသည်။

လာပစေ။ နောက်ကျတဲ့အတွက် စာချွန့်ကို ဒဏ်ပေးရ...
...ယ်။ ဟုတ်ပြီ။

သခင့်အကြံလေးနဲ့သခင် မြူးသွား၏။ ထိုစဉ်

"သခင်"

"ဟင် စာချွန် လာ၊ နင် သိပ်နောက်ကျတာပဲ"

ခေါ်သံကြားသည်နှင့် ချက်ချင်းနောက်လှည့်သလို ခြေလှမ်း...
...ွလည်း ပါသွား၏။ စာချွန်ရှေ့ ဖိုးဖိုးဇတ်ဇတ်သွားပြီးပြော၏။

"သခင်စောင့်နေတာ ကြာလှပြီ၊ ဘာလို့ချက်ချင်းမလာ
...ာလဲ၊ သခင် ချက်ချင်းလာခိုင်းတယ်မဟုတ်လား စာချွန်"

သခင် မာန်မဲမဲစူပွပွပြောတော့ စာချွန် အမူအယာမပျက်
...အောင် ထိန်းရကာ၊ သခင့်အလိုကျ ပြုံးလျက်

"ချက်ချင်းပဲ ထလာတာပါသခင်ရယ်၊ ဟိုလေ သခင်နဲ့...




www.burmeseclassic.com

www.burmeseclassic.com



ဟိုအဆိုတော်"

"ဟွန်း ပိုင်ပိုင်လား"

စာချွန့်စကား မဆုံးလိုက်ပါ။ သခင် မျက်ခုံးနှစ်ဖက် ကုပ်...
လျက် ဖျတ်ဆိုမေး၏။ စာချွန် ခေါင်းဆတ်ပြီး

"ဟုတ်တယ်၊ မူပိုင်နဲ့ စကားပြောနေတာတွေ့လို့ ရှောင်ပေး...
တာ"

"ဘာရယ် ရှောင်ပေးနေတာ"

သခင့်ကိုယ်လုံးလေး တောင့်မတ်သွားကာ စာချွန့်စကား...
ကို မနှစ်မြို့ဟန်နဲ့ ခါးထောက်မတတ်ဖြစ်ပြီးမေး၏။

စာချွန် မလုံမလဲနဲ့

"ဟို ရှောင်တယ်ဆိုတာက ဒီလိုပါ သခင်တို့စကားပြော...
နေတာ ငါ့ကြောင့် စကားစဖြတ်လိုက်ရမှာစိုးလို့"

"ဟွန်း အရေးမပါတာ၊ ပိုင်ပိုင်ဆိုတဲ့ငနဲက သူ့ဘာသာ...
သခင့်ဆီ လှိမ့်လာတာ၊ နင့်ကို သခင်က တွေ့ချင်လို့ခေါ်လိုက်တာ...
ခေါင်းစဉ်က တခြားစီပဲ၊ နောက်ဆို အဲလိုမရှောင်နဲ့၊ သခင့်...
တန်းတန်းမတ်မတ်လာခဲ့"

"အေးပါဟာ"

စာချွန် ပြီးပြီးရော စကားကို လျှော့ချလိုက်တော့လည်း...
ပန်းသခင် ကြည်သာတော်မမူသေးပါ။

"စာချွန် နင်က အေးပါဟာ ဆိုတာချည်းပဲ၊ ဒီတစ်ခါ မ...







...၊ အဲဒီအတွက် နင့်ကိုဒဏ်ပေးရမယ်၊ နားရွက်ဆွဲပြီး ထိုင်ထသုံး...
...မ်လုပ်၊ ဒါပဲ"

"ဟင်"

သခင့်အမိန့်က၊ စာချွန့်မျက်နှာကို ရှက်ရိပ်နဲ့ ရဲတက်သွား...

"ကဲ ခိုင်းတဲ့အတိုင်း လုပ်စမ်းပါ စာချွန်သစ်ရယ်"

သခင်က မရအရခိုင်း၏။ ပတ်ဝန်းကျင် ဘာညာလည်း...
...ကြည့်။ ကန်ဘောင်မှာ ဒီလောက်လူများနေတာ သိရက်နဲ့။

သူ့လို ဆရာဝန်တစ်ယောက်က ဘာအလုပ်အကိုင်မှမရှိ...
...က်ထင်တိုင်းရွှက်လွှင့်နေတဲ့ မိန်းကလေးခိုင်းတဲ့အတိုင်း လူလယ်...
...င်မှာ ထိုင်ထလုပ်ဖို့ဆိုတာ တွေးမိရင်း ချွေးပြန်လာသည်။

"မြန်မြန်လုပ်လေ"

နိုင်ထက်စီးနင်းဆန်နေတဲ့ သခင့်ကို စာချွန်လွန်ဆန်ပြီး
...ျာခိုင်းသွားချင်သည်။ ဒါပေမဲ့ စာချွန့်ဘဝကို မြေတောင်မြှောက်
...းတဲ့ ကျေးဇူးတွေကရှိနေတော့၊ ငြင်းခွင့်မသာ။ ဆင်ခြေပေးလို့
...ည်း ရမှာမဟုတ်။ လူရိပ်လူခြည်ကြည့်ရင်း၊

မသိမသာ နားရွက်ဆွဲ၊ ပတ်ဝန်းကျင်ကမျက်လုံးတွေ မရိပ်
...အောင် ထိုင်ထသုံးကြိမ်ကို ခပ်မြန်မြန်လေးလုပ်ရတာ မတ်စောက်
...တောင်ပေါ် ပြေးတက်သလို ပင်ပန်းလွန်းလှသည်။

"ကဲ ထိုင်"



www.burmeseclassic.com

www.burmeseclassic.com



စာချွန် ထိုင်ထလုပ်လိုက်မှ သခင့်မျက်လုံးကြည်လင်က

သခင်ကျေနပ်သွားတော့မှ စာချွန်အသက်ရှူချောင်သည်။ ကန်ရေပြင်ဘက် မျက်နှာမူထားတဲ့ထိုင်ခုံမှာ သခင် ဦးဆောင်ထိုင်ချသည်။ စာချွန့်ကိုလည်း ထိုင်ခိုင်း၏။

စာချွန် ခပ်တွန့်တွန့်ဖြစ်နေတော့ စာချွန့်လက်ကိုဆွဲပြီး အတင်းပဲ ထိုင်စေသည်။

"ထိုင်စမ်းပါ၊ နင့်ကိုသခင်ခေါ်လိုက်တာ ပြောစရာရှိလို့ ဟဲ့"

စာချွန် ခပ်ခွာခွာထိုင်ချကာ။ သခင်မရိပ်မိအောင် သက်ပြင်းချလျက် သခင်ပြောလာမယ့်စကားတွေ နားဆင်ဖို့ အသင့်ပြင်ထား ရသည်။

စာချွန့်စိတ်ကတော့ နှစ်နှစ်ဆီမှာ။

ဒါတင်မက သခင်နဲ့မူပိုင် ငြိသွားပါစေလို့ စာချွန်ကြိတ်ဆု တောင်းရင်း။ စားဖို့မျှမျက်လုံးတည့်တည့် သခင့်လက်ဆမှန်သွား တဲ့အကြောင်း စာချွန်နားဆင်ရင်း ရေရွတ်မိသည်က

သခင်ရယ်။

သခင့်ကြောင့် ရင်ခုန်နှလုံးသားလေး မောရတယ်ကွယ်

♥ ♥ ♥



## အခန်း(၁၂)

အခြေအနေက ထိုမျှထိ ပြင်းထန်သွားလိမ့်မယ်လို့ နေ သက်တန့် မထင်ခဲ့ပါ။

မျက်လုံးက သက်သာပေမယ့် ခုနေသေးသည်။ တော်ကြာ နေရင် ကောင်းသွားမယ်လို့ 'နေ'ယူဆကာ။

ဟင်းပွဲတွေ အပြီးတိုင် ပြင်ဆင်ခဲ့သည်မဟုတ်လား။ ဒါ ကြောင့်မို့ ညောင်းမိသွားသည် ထင်တယ်။

မနက်အိပ်ရာထတော့ မျက်လုံးယောင်ကိုင်းလျက် မို့အစ် နေသည်။ မျက်သားလည်းနီကာ၊ မြင်လွှာက ဝေဝါးနေ၏။

ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတာ ခက်လှသည်။ တပည့် ဖြစ်သူ စိုးအောင်ကို ချက်ချင်းပဲ ရင်းနှီးတဲ့မျက်စိဆရာဝန် ကိုတင့်



www.burmeseclassic.com

www.burmeseclassic.com



ဆန်းကို ခေါ်ခိုင်းရလေပြီ။

ကိုတင့်ရောက်လာပြီး နေ့မျက်လုံးကို စစ်ဆေးကြည့်ရှုသည်

"မြင်လွှာ ဘာမှမဖြစ်ပါဘူးကွ၊ ထိထားတဲ့အရှိန်ရယ်၊ အ
ညှော်မိတာရယ်ပေါင်းပြီး ယောင်ကိုင်းနေတာပဲ။ မျက်သားနီနေတာ
က မင်းလက်နဲ့ မတရားပွတ်ထားလို့၊ စိုးရိမ်စရာမရှိဘူး၊ မျက်စဉ်း
ဆေးခတ်ပြီး သောက်ဆေးနှစ်ရက်လောက်သောက်လိုက်ရင် ကောင်း
သွားမယ်၊ ကဲ ကိုယ် မျက်စဉ်းဆေးထည့်ပေးမယ်၊ မင်းလှဲအိပ်
လိုက်"

ကိုတင့်ပြောတဲ့အတိုင်း နေ မွေ့ယာပေါ် ပက်လက်ကလေး
လှဲကာ ခေါင်းအုံးပေါ်က မျက်နှာကို မော့ထားလိုက်သည်။ ကိုတင့်
က နေ့မျက်ခွံကိုဖြဲကိုင်ပြီး ဆေးမျက်စဉ်းရည်လေးကို ပိုက်တံ
အစက်ချထည့်ပေး၏။

မျက်စဉ်းဆေးရည်ကြောင့် မျက်ဝန်းအိမ် အေးခနဲဖြစ်ကာ

"ခဏငြိမ်ငြိမ်လေးနေဦး"

ကိုတင့်ပြောရင်း သောက်ဆေးတွေ လက်ဆွဲဆေးအိတ်ထဲ
က ထုတ်ယူသည်။

"တစ်နေ့ မျက်စဉ်းသုံးလေးကြိမ်ခတ်ပေး၊ မျက်စဉ်းဆေး
ထည့်ရင် မင်းဘာမှင်းမထည့်နဲ့၊ စိုးအောင်ကိုထည့်ခိုင်း"

"ဟုတ်"

"စိုးအောင် သေချာထည့်ပေးနော်"





"ဟုတ်ကဲ့ဆရာ"

ဆရာဖြစ်သူအတွက် စိုးရိမ်နေရှာတဲ့စိုးအောင် အလေး
ထားခေါင်းညိတ်၏။

"ဒီမှာ သောက်ဆေးက တစ်နေ့သုံးကြိမ်"

စိုးအောင်လက်ထဲ ကိုတင့်ဆေးထုပ်ထည့်ပေးသည်။

"ကဲ ကိုပြန်မယ်၊ နောက်တအောင့်ကြာမှထ၊ ဟုတ်ပလား၊
ပြီးတော့ နေရောင်တို့ ဖုန်မှုန့်တို့ မထိစေနဲ့"

"စိတ်ချ ကိုတင့်"

နေမျက်နှာမော့ထားရက်နဲ့ဆိုလျှင် ကိုတင့် ဆေးအိတ်ဆွဲ
ကာ လက်ပြနှုတ်ဆက်သွားလေသည်။ စိုးအောင်က ခြံပြင်ထိ ကိုတင့်
ကို လိုက်ပို့ပေးနေသည်။

နေ့မှာ သက်မ တချချနဲ့။

ကြုံဆုံမှုတွေက ကဗျာဆန်ဆန် မဟုတ်သလို ရင်ခုန်လှိုက်
ဖိုစေတဲ့ သိမ်မွေ့မှုမျိုးနဲ့ မဟုတ်ပေ။

ဆံပင်ခွေလိမ်လိမ်လေးတွေ နွဲ့ရမ်းလှုပ်ကြွသွားသည်အထိ
ခနဲ လှည့်ထွက်သွားတဲ့မိန်းကလေး။

နေ့ဦးနှောက်က ပန်းသူခိုးမလေးဖြစ်မှန်း ချက်ချင်းသိပါ၏။

ပန်းတွေခိုးခူးတဲ့ အဖြစ်ကလည်း နေ့စိတ်ကို မအံ့ဩဘဲ
နေနိုင်ပါ။ ပုံစံလေးက ပန်းတွေမဝယ်နိုင်တဲ့ အဆင့်အတန်းမျိုး
လည်း မဟုတ်ဘဲနဲ့။



www.burmeseclassic.com

www.burmeseclassic.com



လက်ပတ်ကြိုးလေး ကျွတ်ကျန်ခဲ့တာတောင် မနှမြောတော့ လား ဘာလားမသိ။ နောက်ပြန်လှည့်မကောက်ဘဲ လွတ်အောင် ပြေးထွက်သွားတဲ့ မိန်းကလေး။

နေပဲ နှမြောစိတ်နဲ့ ကောက်သိမ်းထားခဲ့တာ လနဲ့ချီနေ ပြီ။ တစ်နေရာရာမှ ပြန်တွေ့ရင်ပေးဖို့ အိတ်ကပ်ထဲ ဆောင်ထား ခဲ့သော်လည်း မကြုံတော့ပါ။

ဟော ပြန်ဆုံတော့လည်း၊ တော်ပြီကွာ။ နေသက်တန့် ဆက် မတွေးတော့ပါ။ လောလောဆယ် မျက်လုံးကြီးယောင်ကိုင်းနေတာ နေရခက်လှသည်။

နေ့မျက်လုံးကောင်းသွားမှ။

တွေ့ကြသေးတာပေါ့ မိန်းကလေးရယ်။

♥ ♥ ♥



အခန်း(၁၃)

"ရှိုး"

မူပိုင် မြူးကြွစွာ လေကလေးချွန်ပစ်လိုက်သည်။ 'သခင်က ဒီညကလပ်သွားမယ်လေ'တဲ့။ ခုပဲ ဖုန်းဆက်တယ်မဟုတ်လား။

ဒီညက သူ့အတွက် ထူးတဲ့ည။

သခင်နဲ့ ငြိမ့်ငြိမ့်ညောင်းညောင်းလေး တွဲကရမယ့် ညရှိရှိ။

မူပိုင်ပျော်လွန်းလို့ ကိုယ်လုံးပါ နွဲ့ရမ်းရမ်း ယိမ်းကလိုက် သည်။ မူပိုင်မျှော်လင့်စောင့်စားနေတဲ့အချိန်က နည်းသလား။ သခင် နဲ့ တွဲခွင့်ရချင်လို့ နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်ခဲ့သော်လည်း အရာ မထင်ခဲ့တာ နှစ်ချီကြာခဲ့ပြီ။

အထူးသဖြင့် ပန်းသခင်မလေးသတင်း ကြားကတည်းက။



www.burmeseclassic.com

www.burmeseclassic.com



သခင့်မှာ သူမက်မောတဲ့အလှအပနဲ့ ကြွယ်ဝမှုတွေ ရှိသည်
ထင်ရာစိုင်းနေလေ့ရှိတဲ့စရိုက်ကို သဘောကျ၏။

ဖိုးဖိုးဇတ်ဇတ် ပြုမူတတ်တဲ့ အမူအယာလေးက သူ့
နှောင်ဖွဲ့စွမ်းသည်။ ဒါကြောင့် သူအသည်းအသန် ကြိုးစားနေခြင်း

ဘယ်မိန်းကလေးကိုမှ သူ့ဘက်က ဇာတ်လမ်းစအီတာ
မရှိပါ။ မိန်းကလေးတွေက သူ့ကို ပုံစံအမျိုးမျိုးနဲ့ တိုးဝှေ့ဝင်ရောက်
လာလို့ သူတွဲသည်။ သူနဲ့တွဲတဲ့ ဘယ်မိန်းကလေးမှ သူ့ကို ချုပ်ကိုင်
လို့မရအောင် သူ့အသည်းမာလွန်းခဲ့သည်။

အောင်မြင်မှုရနေတဲ့ အဆိုတော်ဘဝမှာ သူ့ကိုလာတွဲ
ကာလာစုံမိန်းကလေးတွေကို လူငယ်သဘာဝ အပျော်တွဲ တွဲ
တွေက တစ်ဒါဇင်မကပါ။ ဘယ်တစ်ယောက်ကိုမှ သခင့်လို မက်မော
တဲ့စိတ်မရှိတာ ဆန်းသည်။

သခင်က သူ့ဘဝရဲ့ သခင်မလေး။

သခင်က ချောသည်၊ လှသည်၊ ဆွဲအားပြင်းသည်။ မျက်
တောင်လှလှကြီးကို ပုတ်ခတ်လုပ်တတ်သည်ကအစ သူ့နှလုံးသ
ကို ပျော်ဝင်စေခဲ့သည်။

ဒါကြောင့်မို့ သခင့်ကို သူကိုယ်တိုင် အရုပ်ကြီး သွားပေ
၏။ ထိုနေ့က သူဆိုနေတဲ့ စတိတ်ရှိုးပွဲကို အထူးတန်းနေရာ
လာကြည့်တဲ့ သခင်လေး။

သူသီဆိုနေတဲ့ သီချင်းထဲ နစ်မျောမနေဘဲ သူငယ်ချ





နှစ်ယောက်ကို ဘေးတစ်ဖက်တစ်ချက်ထားပြီး စကားချည်းပြောလျက်
ရယ်နေတာ။

သူ့သီချင်းကို မကြိုက်လို့လား။ ဘာလား။ သူစိတ်ဝင်စား
ကာ သိချင်လာသည်။ အဲဒီတုန်းက သခင်က သူ့ကိုမသိပေမယ့်
သခင့်ကို သူကြိုသိနေသည်။

"အဲဒါ ပန်းသခင်တဲ့၊ တစ်ဦးတည်းသောသမီး၊ Top One
အဆင့်ရှိတယ်ကွ၊ တကယ့်မီလျံနာမလေး၊ ရုပ်ရည်ကလည်းရှယ်၊
အခုထိ ဘယ်သူမှခြွေလို့မရသေးတဲ့ ပန်းသခင်လေ၊ မင်းခြွေကြည့်
ပါလား၊ ပန်းသခင်ကို ခြွေနိုင်ရင်"

"Stop ရှေ့ဆက်မပြောနဲ့တော့ ခရာ၊ စိတ်ချ၊ ကိုယ်ခြွေ
ပြမယ်"

သူငယ်ချင်းတွေကြားမှာ လက်မထောင်ပြောခဲ့တဲ့မူပိုင်။
နောက်ဆုတ်ဖို့တော့ မရှိပါ။ ရှိုးပွဲမှာတွေ့တာနဲ့ သူ့ဘက်က စတင်
ခဲ့သည်။

ပရိသတ်တစ်ဦးပေးလာတဲ့ အနီရောင်မွေးပွရုပ်ကြီးကို ရင်
ခွင်မှာပိုက်လျက် သီချင်းဆိုရင်း စင်အောက်ဆင်းသွားသည်။

သခင့်ရှေ့တည့်တည့်ရပ်ရင်း သူ ဆက်လက်သီဆိုလျှင် သခင်
မော့ကြည့်သည်။ အကြည့်ချင်းဆုံတာနဲ့ မူပိုင်ပြုံးပြသလို အရုပ်
လေးလည်း ထိုးပေး၏။

သခင် ယောင်တောင်တောင်လေးနဲ့ လှမ်းအယူမှာ ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ အားကျကာ လက်ခုပ်တဖြောင်းဖြောင်း တီးလေသည်။

သူစင်ပေါ်ပြန်တက်သွားတော့ သခင့်မျက်လုံးက သူ့
မှာ။ သူငယ်ချင်းတွေနဲ့လည်း စကားမပြောတော့။ ရယ်လည်းမ
သူသီချင်းဆိုနေတာကိုပဲ မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်လု
ငေးကြည့်လျက်။

သူ့ကိုကောင်းကောင်းကြီး မှတ်မိသွားတဲ့ သခင်။ နေ
နေ့တွေ တည့်တည့်ဆုံအောင်ဖန်တီးပြီး သူလိုက်တွေ့သော်လည်
သခင်မငြင်း။ စကားတော့ပြောပေမယ့် သူ့ကို အရူးအမူးဖြစ်ကြ
မိန်းကလေးများလို ယိုင်နဲ့ပုံကျမလာ။

သခင်နဲ့ဆုံလိုက်တိုင်း သူ့မှာ အတွဲနဲ့ချည်း၊ ဒါပေမယ့်
တွဲထားတဲ့ မိန်းကလေးတွေကို သူ အရေးမစိုက်ပါ။ သခင်နဲ့တွဲ
ရဖို့ပဲ သူကြိုးစားခဲ့သည်။

ကြိုးစားခြင်းရဲ့ရလဒ်က ရင်ထဲ ပျားရည်ချောင်းစီးသ
သလို ချိုမြိန်ရှတသော ခံစားမှုလေးဖြစ်တည်ကာ။

သခင်နဲ့တွေ့ခွင့်ရမယ့် အနေအထားက သူ့တစ်ကိုယ်တ
ကြိတ်မခံစားနိုင်ဖြစ်လေသည်။

ဒါကြောင့် ဘော်ဒါတွေကို ချက်ချင်းဖုန်းဆက်သတင်း
လိုက်၏။

"ခရာ ဒီည ကလပ်ကို လာခဲ့ကွ"

"ဒီည နားမလားလို့"



"မနားနဲ့၊ ဒီည သခင်လာမယ်တဲ့၊ ခုပဲ ဖုန်းဆက်ချိန်းတာ"

"ဟေ ပန်းသခင်က ချိန်းတာ"

ခရာမင်း မယုံချင်။ တအံ့တဩမေးလျှင်

"မယုံဘူးလား၊ မယုံရင်လာကြည့်၊ ကိုယ်နဲ့သခင်"

စကားလေးဆုံးသည်နှင့် ကြည်နူးမြူးလျက် ရယ်ရင်း "ဒါပဲ"
ပြီး ပိုင်ပိုင်ဖုန်းချသွားသည်။

'ပိုင်ပိုင်"

ခရာမင်းပခုံးနှစ်ဖက်ပင့်ကာ ဖုန်းကိုင်ထားလျက်နဲ့ ခေါ်မိ
ပိုင်ပိုင်ဖုန်းချထားတာသိလျက်နဲ့ ခရာမင်း ခေတ္တငြိမ်နေသေး
သည်။

တအောင့်ကြာမှ ဖုန်းပိတ်ကာ မျက်ခုံးနှစ်ဖက်ကို ပင့်ထား
က်သည်က အတန်ကြာ။

ပန်းသခင်နဲ့ပိုင်ပိုင် တကယ်တွဲခွင့်ရတော့မယ့် အခြေအနေ
ာက်နေတာလား။

ခရာမင်း သိချင်စိတ် ပြင်းလာတာမို့

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၄)

"ဟာ"

"ဟင်"

သူနဲ့စကားပြောနေရင်းနဲ့ အဆက်အစပ်မရှိဘဲ သူ့သူ
ချင်းနှစ်ယောက်မျက်လုံးက အပြင်ဆီရောက်သွား၏။ ပြီးတော့
မေဒိတ်သံတွေ ခုန်ထွက်ကာ။

မျက်လုံး အရောင်လဲ့ဖြာ၍ မြူးအီအီလေး ပြောင်းလဲသွ
သည်က နေသက်တန့်ကို အံ့ဩသွားစေသည်။

ဘာပါလိမ့်ပေါ့။

သိချင်စိတ်ဖြစ်သောမျက်လုံးက မှောင်ကုပ်သွားကာ
ငယ်ချင်းအကြည့်နောက် နေသက်တန့် လည်ပြန်ကြည့်မိ၏။

ထိုအခါ နေသက်တန့် မျက်ခုံးနှစ်ဖက် ပင့်တက်သွားသ





နှုတ်မှလည်း သခင်လို့ ရေရွတ်မိလျက်သား။

ဟုတ်ပါသည်။ ပန်းသခင်ရယ်ပါ။

ကျောက်စိမ်းရောင်နဲ့ ရွှေဝါရောင်ကို ရောစပ်ပြီး ချုပ်ဝတ်ထားတဲ့ဖက်ရှင်က ရောင်စုံမီးရောင်အောက်မှာ ထင်းခနဲလင်းခနဲ ဖြစ်လျက်။

ရွှေရောင်လက်ကိုင်အိတ်လေးကို လွှဲရမ်းကိုင်ပြီး မြူးကြွမြောက်ကြွလေး လျှောက်လာတဲ့ဟန်က ဘယ်ပုရိသမှ မငေးဘဲ နေနိုင်။

ဆံပင်အားလုံးကို လှန်သိမ်းထားပေမယ့် ဖောင်းကြွ၊ ခွေခေါက်ထားပုံမျိုး ဖန်တီးထားသည့် Hair Style က ဆန်းသည်။

မျက်တောင်ရှည်ကော့ကော့နဲ့ နှုတ်ခမ်းမှာ အစိမ်းရောင်ဆိုးခြယ်ထားတာကအစ၊ တခြားမိန်းကလေးတွေရဲ့အပြင်အဆင် ခြားနားပါ၏။

အမူအယာလေးက မြူး၏။ ထီမထင်ဟန်လေးက လန်းသည်။ သေချာတာက ပန်းသခင်ဆီကအကြည့်ကို ပြန်ရုတ်ဖို့ ခဲယဉ်းပြီ။ ပိုသေချာတာက သူမဆီရွှေ့သွားမိစေဖို့ သူမပါးချိုင့်လေးက ညို့နေသည့်နှယ်။

ကြည့်မိတဲ့ယောကျ်ားသားအားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်လို့၊ မိန်းကလေးတွေက အားကျစိတ်နဲ့ မနာလိုစိတ်တို့ တစ်ဝက်ရောပြွန်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သခင်"

အားလုံးထဲက ဦးစွာထကြိုတဲ့လူရှယ်။

နေသက်တန့် ပိုလို့တောင် အံ့ဩသွားပါ၏။ လက်ရှိ… ချစ်ဆုံး'ဆိုတဲ့ သီချင်းနဲ့ပေါက်နေတဲ့ ဟဲဗီးရော့ခ်အဆိုတော်'… မူပိုင်'

မူပိုင်။

"ကျွတ်"

တစ်ယောက်နဲ့တစ်ယောက် မဆုံချင်ပါဘူးဆိုနေမှ ထိပ်တို… ဆုံနေတဲ့အဖြစ်။ ထိုအခါ နေ့ရင်ထဲမှာ ချက်ချင်းမကြည်လင်ဖြစ်ရသ…

ပန်းသခင်ကလည်း မြူးရွှင်လို့။ မူပိုင်ကမ်းပေးတဲ့လက်… သခင်မတွဲပါ။ ဒါပေမဲ့ မူပိုင့်လက်ကလေး ရှက်မသွားအောင် ဂွ… ထားတဲ့ ရွှေရောင်အိတ်လေးနဲ့ တိုက်မိသလိုလေးနဲ့ မသိမသာ ဖယ်ရှား…

"လာ သခင်"

မျက်နှာပန်းပွင့်စွာ ကြိုဆိုသွားတဲ့ မူပိုင့်နောက် သခ… သွား၏။ မူပိုင့်သူငယ်ချင်းတွေက လက်တွေ့မြင်ရတော့ ယုံရလေ…

သခင့်အတွက် ဝိုင်ခွက်ယူပေးတဲ့ မူပိုင့်ကိုလည်း အား… စိတ်နဲ့ ဝိုင်းကြည့်ကြသည်။

သံစဉ်ကလည်းမြူးလှသည်။ မီးရောင်စုံကလည်း စိ… ကြွစေသည်။ ရီဝေစေသော ဝိုင်အရသာနောက်မှာ ဒီမိန်းက… မူပိုင်။





"ကျွတ်"

နေသက်တန့် ဆက်မတွေးချင်။ မူပိုင်ဆိုတာ ဘာကောင် …း ဒီမိန်းကလေး မသိလေရော့သလား။

"မူပိုင်တို့ကတော့ တစ်ပွဲပြီးတစ်ပွဲ တွဲဖို့ကံပါလာတာပဲ …်မယ်"

"ဖြစ်နိုင်တယ် လင်းဇံ၊ မူပိုင့်ကိုတွေ့လိုက်ရင် တစ်ယောက် …တ် တစ်ယောက်နဲ့ တွဲလျက်ချည်းပဲ"

"အောင်မြင်နေတဲ့ ရော့ခ်အဆိုတော်ဆိုတော့ မိန်းကလေး …ွ ကြွေတာပေါ့ကွ ခန့်ညား"

ခန့်ညားနဲ့လင်းဇံ ဝေဖန်သလိုလို ထင်မြင်ချက်ပေးသလို …နဲ့ ဆိုကြသည်။ နေသက်တန့် ဝင်မပြောမိပါ။

နေသက်တန့်နဲ့မူပိုင် ဘာပတ်သက်မှုတွေရှိလဲ၊ သူငယ်ချင်း …ယောက်လုံးသိအောင် သူ တစ်ခါမှ ထုတ်မပြောခဲ့ပါ။

…ခုလည်း ထုတ်ပြောဖို့ စိတ်မဝင်စားပေ။ သူတို့မသိတာပဲ …ာင်းပါတယ်။

"ကိုယ်တို့က လှတာမြင်တော့ ငေးမိတယ်ကွာ"

လင်းဇံက နေမျက်နှာလွှဲပြီး တည်နေတာမြင်တော့ ရယ် …ကျဲပြောမိသည်။ ခန့်ညားကလည်း

"ဆောရီး နေ၊ ကိုယ်တို့က မင်းလို ရဟန္တာစိတ် မထားနိုင်တော့"

"တော်စမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



နေသက်တန့် စကားကို ဖြတ်တောက်ပစ်လိုက်သည်။ ယောက်က ဒီအတိုင်းပဲ။ မိန်းမကိုယ်စီ ရှိနှင့်သလို အပျော်တွေ မိန်းကလေးတွေလည်း ရှိရဲ့နဲ့။ မြင်မြင်သမျှကို ငေးလိုက်ရမှ၊ မျက် ဖီလင်ခံလိုက်ရမှဆိုတဲ့ အစားထဲက။

သူနဲ့စရိုက်ချင်း မတူပေမယ့် အလုပ်ကိစ္စတွေ ပတ်သ မှုရှိနေလို့ လက်တွဲနေရခြင်း။

သူတို့စရိုက်နဲ့မညီတိုင်း 'မင်းလို ရဟန္တာစိတ်မထား တော့'ဆိုတဲ့ စကားလုံးနဲ့ ကိုင်ပေါက်နေကျ။

အဲဒီစကားလုံးနဲ့ ကိုင်ပေါက်လေ နေသက်တန့် ခါးသီး ဖြစ်ရသည်။ ဘယ်ယောက်ျားမှာပဲဖြစ်ဖြစ် ဟိုစိတ်ဒီစိတ် ရှိကြ ပဲ။ အဲဒီစိတ်က ယောက်ျားတစ်ယောက်နဲ့တစ်ယောက် ဘယ် မလဲ။

အဓိက,က ဆင်ခြင်တုံတရားနဲ့ ထိန်းချုပ်ထားနိုင်တဲ့ စ စွမ်းအင်။ မြင်မြင်သမျှ မိန်းကလေးကိုကြည့်ပြီး သွားရည်ကျ နေတဲ့ သူတို့စိတ်နဲ့နှိုင်းပြီး သူ့စိတ်ကို ရဟန္တာလို့ အလွယ်တ ကောက်ချက်ချတာ သူမကြိုက်ဆုံးပဲ။

သေချာတာက သူ့စိတ်က သူတို့ပြောသလို ရဟန္တာ မဟုတ်ပါ။ ရဟန္တာစိတ်မွေးဖို့လည်း သူ့မှာ ပါရမီမရှိပါ။ သူ သာမန်ယောက်ျားတွေလိုပဲ။ မက်မောစရာကောင်းတဲ့ သာယာ အာရုံသိခံစားလိုတဲ့ သာမန်ယောက်ျားတစ်ယောက်ပါ။





သူခံစားချင်တာက အတည်အတံ့ လေးလေးနက်နက် တ်နိုးခုံမင်စွာ။ ဒါကြောင့် သူတို့လို အပျော်လည်းမတွဲ၊ မိန်းမ ည်းမယူ။ ဘယ်မိန်းကလေးကိုမှလည်း ငမ်းကြောထကြည့်လေ့ ရှိပါ။

မိန်းကလေးတစ်ယောက်ဟာ သူ့နှလုံးသားကို လှုပ်ခါနိုင် း်တဲ့ဖီလင်မျိုးလေး ပေးနိုင်တယ်ဆိုရင် အဲဒီမိန်းကလေးကို သူ့ စ်ဘဝလုံးအတွက် ပွေ့ပိုက်ထားလိုတာ၊ သူ့ရင်ထဲက စစ်မှန်တဲ့ ၁်ခံစားမှုပါ။

ခုချိန်ထိ။

ဆောရီး။

ပန်းသူခိုးမလေးကို မမြင်ဘူးသေးချိန်ထိ သူ့နှလုံးသားက ငြိုက်စွာ အိပ်မောကျနေခဲ့သည်။

ပန်းသူခိုးမလေးကို မြင်လိုက်ကာမှ

"နေ"

ခန့်ညားခေါ်သံ တော်တော်ကျယ်သွားသည်။ ဒီတော့မှ ်ခနဲ အသိဝင်လာကာ သောက်လက်စအရက်ခွက်ကို ယောင် ချာဆုပ်ကိုင်လျက်။

"ထားတော့ကွာ၊ ကိုယ်တို့ဇ,က သေခါမှပျောက်မယ်"

လင်းဇံက မလုံမလဲ ပြောပြန်သည်။ ထိုအခါ သူ့ရဲ့ခါးသီး လျော့ပါးသွားသလိုလို ဖြစ်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သောက်လက်စအရက်ကို အနည်းငယ် စုပ်သောက်လိုက်သည်။

"ကဲ ခုဏကိစ္စလေး ဆက်ပြောကွာ၊ ကိုယ်တို့ဟိုတယ်က မိန္ဒူးကတ်ကို ဘယ်လို ဟင်းအမယ်တွေနဲ့ အစားထိုးပြီး အပြော အလဲလုပ်မှာလဲ"

ခန့်ညားက လုပ်ငန်းကိစ္စဘက် စကားဦးပြန်လှည့်သည်။

နေသက်တန့် အမြည်းကောက်ယူဖို့ တူနှစ်ချောင်းကို ကိုင်ရင်း ဟင်းအမယ်သစ်အကြောင်း စကားဆက်ပြော၏။

ပြောနေရင်း ကပွဲခန်းမဘက် မသိမသာ ငဲ့ငဲ့ကြည့်မိသ ကြည့်မိတော့ သူမလက်ချက်ကြောင့် မျက်လုံးထဲ အောင့်တဲ့အ ကြွလာသည်။

ထို့ပြင် လက်ကလည်း ဘောင်းဘီအိတ်ထဲက လက်ပ ကြိုးကို တစမ်းစမ်းနဲ့။

ပန်းသခင်။

မင်းလေးနဲ့ကိုယ် ထပ်ဆုံချင်တာ ဒီလိုနေရာမျိုးမှာ မဟု ပါဘူး။

ခုတော့ မူပိုင့်ရင်ခွင်ထဲ ဝင်တော့မတတ်၊ မြူးမြူးကြ တွဲကနေတဲ့ မင်းကိုမြင်နေရတာ ရင်မောနေရတယ်ကွ။

♥ ♥ ♥



## အခန်း(၁၅)

"ဟော့ ယူ နားရွက်ဆွဲ"

"ဟီးဟိ ထိုင်ထ ထိုင်ထ"

"သုံးကြိမ်ပဲနော်၊ ပိုမလုပ်နဲ့ ဟင့်ဟင့်ဟင့်"

"ဝါး ဟားဟားဟား"

စာချွန်ကိုမြင်သည်နှင့် ဘရုတ်ကျလေ့ရှိတဲ့ ထိုမိန်းကလေး အုပ်စု နောက်နောက်ပြောင်ပြောင်ပြော၏။ တစ်ယောက်က နာခံ ဟန်လေးနဲ့ နားရွက်ဆွဲထိုင်ထလုပ်ပြလျှင် အားလုံးဝါးလုံးကွဲရယ် ကြလေသည်။

ထိုသို့ နောက်ပြောင်ခံရ၊ အရယ်ခံရတာ ခုဆို နှစ်ကြိမ် မက,တော့ပါ။ ဒီတစ်ကြိမ်က ပိုဆိုးသည်။ နှစ်နှစ်နဲ့သူ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း တွေ့ကြစဉ်မှာ ထိုသို့ အထပ်ထပ် အော်ဟစ်ရယ်မောလျှ
စာချွန့်မျက်နှာ ထိန်းထားလို့ မရတော့ပါ။

ရှက်တဲ့စိတ်က စာချွန့်မျက်နှာကို ကြက်သွေးခဲရောင် နီ
ညိုပုတ်သွားလေပြီ။ နှစ်နှစ်က အပြောင်းအလဲဖြစ်သွားတဲ့ စာချွ
မျက်နှာနဲ့ ထိုမိန်းကလေးအုပ်စုကို အပြန်အလှန်ကြည့်ရင်း

"ဘာဖြစ်တာလဲဟင်၊ သူတို့က ယူ့ကိုကြည့်ပြီး ဝိုင်းလှော
နေကြတာ ဘာကြောင့်လဲ"

နှစ်နှစ်မေးလျှင် စာချွန် ပို၍အရှက်သည်းကာ ထိုင်နေရာ
မှ ဝုန်းခနဲ ထထွက်ခဲ့လေသည်။

"ဟေ့ ယူ နေဦးလေ"

နှစ်နှစ် ကမန်းကတန်းထဆွဲကာ ဟန့်တားပါသည်။ စာချွ
ဖယ်ရှားကျော်ခိုင်းသွားတာ နှစ်နှစ်အတွက် အံ့သြမဆုံးဖြစ်ရ
သည်။

နှစ်ယောက်တည်း တွေ့ခွင့်ရဖို့ ချိန်းဆိုတာက စာချွန်
ရှောင်ထွက်သွားတာလည်း စာချွန်။

ဒါ ဘာကြောင့်လဲ။

ထိုမိန်းကလေးအုပ်စုရဲ့ မျက်လုံးတွေက ရှက်ရမ်းရမ်းပြီ
ထွက်သွားတဲ့ စာချွန့်နောက် အကြည့်တွေပါသွားကာ။

လက်ညှိုးလေး ကွေးချည်ဆန့်ချည်နဲ့ ကရော်ကရော် လု
သလို လက်ခုပ်လက်ဝါးတီးပြီးလည်း ရယ်ကြ၏။





"ဝါး ဟားဟားဟား"

"ထိုင်ထ ထထိုင်"

"ဟင့်ဟင့်ဟင့်"

နှစ်နှစ် ရင်ထဲမှာ ဘယ်လိုမှ မအောင့်အီးနိုင်တော့ပါ။
ထိုကောင်မလေးအုပ်စုနား ချဉ်းကပ်လျက်၊ စပ်စုကြည့်တဲ့အခါ

"ဘုရားရေ"လို့

နှစ်နှစ် တအံ့တသြ ဖြစ်ရသလို ရင်ထဲမှာလည်း သခင့်အပေါ်
နာကျင်သွား၏။ ထို့ပြင် စာချွန့်အပေါ် ပို၍ကရုဏာသက်မိကာ၊

နေနှင့်ဦးပေါ့ သခင်။ ဒီကိစ္စဖွင့်ပြောပြီး စာရင်းရှင်းဦးမှ။

▼

"ဘာရယ်"

ဒေါ်စုနှင်းဖြူ သည်းမခံနိုင်တော့ပါ။ လက်တစ်ဖက် ခါး
ထောက်ရင်း နှစ်နှစ်ကိုစိုက်ကြည့်ပြီး ပြန်မေးသည်။

နှစ်နှစ်က မျက်လွှာလေးစင်းချ၍

"ကန်ဘောင်ပေါ်မှာပေါ့။ သခင်က စာချွန့်ကို ထိုင်ထလုပ်
ခိုင်းသတဲ့"

"ဘုရားရေ အန်တီ့သားလို ဂုဏ်သရေရှိဆရာဝန်တ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို သခင်က ထိုင်ထလုပ်ခိုင်းတယ်၊ ဟုတ်လား သမီးလေး နှစ်နှစ်"

နှစ်နှစ်က မျက်ရည်အဝဲသားနဲ့ ခေါင်းညိတ်ရှာသည်။

"တောက်"

ဒေါ်စုနှင်းဖြူ တစ်ကိုယ်လုံး တုန်တက်သွားသည်။ ချွေး လောင်းနဲ့ဖနီးသည်ကို မသိမသာ ငဲ့ကြည့်နေတဲ့ ဦးလူမောင်သ မျက်နှာ တင်းခနဲဖြစ်သွား၏။

"နေဦး၊ ဒီကိစ္စ အန်တီရှင်းမယ်၊ သမီးလေး စိတ်မကောင်း မဖြစ်ပါနဲ့နော်"

"စိတ်မကောင်းဖြစ်တာ မဟုတ်ဘူးအန်တီ၊ ခံပြင်းတာပါ။ စာချွန်က ဂုဏ်သိက္ခာရှိတဲ့ ဆရာဝန်တစ်ယောက်လေ၊ သခင်က ထင်ရာစိုင်းနေတဲ့ မိန်းကလေး။ အဲသလို မိန်းကလေးမျိုးက စာချွန် အပေါ် ဩဇာပေးလွန်းတယ်လို့ သမီးယူဆတယ်။ ပြီးတော့ အဲဒီ အဖြစ်အပျက်က စာချွန့်သိက္ခာကို စော်ကားရာလည်း ရောက်တယ် မဟုတ်လားအန်တီ"

"အိုး ဒီလိုစော်ကားတိုင်း အန်တီငြိမ်ခံနေမှာ မဟုတ်ဘူး သားကို အန်တီပြောယူမယ်"

နှစ်နှစ်ကို နှစ်သိမ့်ပေးရင်း ပြန်လွှတ်လိုက်ရသည်။ နှစ် နှစ်ပြန်သွားတော့ လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ပြိုင်တူအံကြိတ်လျက်။





"ပန်းသခင် သိပ်မောက်မာလွန်းတယ် စုနှင်း၊ ဒီကိစ္စ သားကို သေချာပြောကွာ၊ ဂုဏ်သိက္ခာကို ထိပါးတဲ့အထိ စော်ကားတာ ကိုကိုအသည်းထဲက နာတယ်၊ ဒီသတင်း ပတ်ဝန်းကျင်အသိုင်းအဝိုင်းက သိသွားရင် ဘာပြောကုန်မလဲ"

"အဲဒါကိုပဲ စုနှင်း သည်းမခံနိုင်တာ ကိုကို။ သားကလည်း ဘာလို့ ဒီလောက်တုံးရတာလဲ၊ ထင်သလိုသဝေထိုးနေတဲ့ မိန်းကလေး တစ်ယောက် ခိုင်းစေတဲ့အတိုင်း လုပ်ရတဲ့အထိ သားအညံ့ခံတာ စုနှင်းတော့ အံ့ဩတယ်၊ လာပစေ ဒီသား"

ဒေါ်စုနှင်းဖြူ အံကြိတ်တေးမှတ်လိုက်သည်။

♥

"သားကြီး လာစမ်း ဒီကို"

ခြံဝိုင်းထဲဝင်လာတာနဲ့ မေမေ မျက်နှာထားနဲ့ခေါ်၏။ စာချွန် ပုံမှန်အတိုင်းဖြစ်အောင် အိန္ဒြေဆယ်လိုက်ကာ။

စပယ်ပန်းပင်တွေကို ရေလောင်းနေတဲ့မေမေ့နား စာချွန် သွားရသည်။ မေမေက လောင်းလက်စရေပုံးချလိုက်ကာ၊

"သားအပေါ် သခင့်ကျေးဇူးရှိတာမှန်တယ်၊ ဒါပေမဲ့ အဲဒီကျေးဇူးဆိုတာကို ခုတုံးလုပ်ပြီး သားကိုစော်ကားတာ သိသိချည်းနဲ့ သားဘာလို့ ခေါင်းငုံ့ခံနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စာချွန် အိန္ဒြေဆယ်လို့မရအောင် အမူအယာတွေ ပျက် ၏။ ဒီကိစ္စ ဘယ်လိုသိသွားတာလဲ။ ပြန်မေးနေလို့လည်း မဖြ မေမေက စကားပြောလျှင် မာန်အပြည့်နဲ့ လက်တရမ်းရမ်းပြော တတ်သည်။

ခုလည်း လက်ကိုခါးထောက်မလိုလုပ်လိုက်။ လက်ညှိုးထိုး လိုက်နဲ့ပြောကာ

"ပြောလေ သား"

အားမလိုအားမရနဲ့ စာချွန့်လက်မောင်းကို လှုပ်ခါရင်း မေးပြန်သည်။

စာချွန်မျက်လွှာချကာ တံတွေးမြိုချလျက်

"မေမေရယ်"လို့

အသံမထွက်တထွက် ရွတ်၏။ မေမေက သူ့စိတ်ကို ဖော ညှဲ့တယ်လို့ ယူဆကာ။ ပို၍ ဆတ်ဆတ်ခါဖြစ်သွားပြီး

"ဒီမှာသား၊ သခင် စေတနာရှိလို့ သားကို ထောက်ပံ့ပေး တယ်မဟုတ်လား"

"အင်း"

"အေး အဲဒီအကြောင်း ပတ်ဝန်းကျင်က သိမှာစိုးလို့ မေ မေတို့ ဖုံးဖိထားတာ အကြောင်းမဲ့မဟုတ်ဘူး၊ ဂုဏ်သိက္ခာထိပါးမ စိုးလို့။ နားလည်လားသား၊ သူများထောက်ပံ့ကြေးနဲ့ ဆရာဝန်ဖြ လာတယ်ဆိုပြီး သားကို လက်ညှိုးထိုးမှာ မခံနိုင်လို့ သိရဲ့လား





မေမေ့စိတ် ထိုသို့ ပြင်းထန်နေမှန်း စာချွန်သိသည်။ မေမေ နဲ့ဖေဖေက သားဆရာဝန်ဖြစ်တဲ့အထိ အကုန်ခံဖို့ ငွေအင်အားမရှိ တာ ပတ်ဝန်းကျင်က သိသည်။

တချို့လည်း စပ်စပ်စုစုမေးကြလျှင်

"စုနှင်းဖြူတို့ ငွေရေးကြေးရေး မလျှံပေမယ့် သား ဆရာဝန် ဖြစ်တဲ့အထိတော့ တာဝန်ယူနိုင်ပါသေးတယ် ဟင့်ဟင့်ဟင့်"

မေမေ ထိုသို့ ဂုဏ်လေးဝင့်ကာ အသိုင်းအဝိုင်းကြားမှာ မောင်းတင်လျက် လက်မထောင်နေခဲ့သည်က ဂုဏ်မက်တဲ့စိတ် တစ်ခုတည်းနဲ့ဖြစ်သည်။

"မေမေ"

"ဒီကိစ္စမှာ သားကြီးငြိမ်ခံနေတာ မေမေ လုံးဝလက်မခံ နိုင်ဘူး"

"သားနဲ့သခင် ပတ်သက်မှုက ပတ်ဝန်းကျင်က မသိပေ မယ့် သားတို့တစ်မိသားစုလုံးသိတယ်၊ ပြီးတော့ ခရမ်းချို သိတယ် လေ၊ သခင့်ကျေးဇူးတွေရှိနေတော့"

"အဲဒီကျေးဇူးကို မေမေတို့က ကျေးစွပ်နေတာမဟုတ်ဘူး၊ ရှ့ဆက်ပြီး သားကြီးအပေါ် သခင်စိုးမိုးခြယ်လှယ်သွားမှာ မေမေ စိုးရိမ်တယ်၊ မတော်တဆ ကျေးဇူးရှိတယ်ဆိုတာနဲ့ သားကိုအပိုင် မ်းရင် မေမေတို့ပဲ ရင်ကျိုးရမယ်ကွဲ့"

စာချွန် မွန်းကြပ်သွားကာ။ ဘာပြန်ပြောရမှန်း စကား



www.burmeseclassic.com

www.burmeseclassic.com



ရှာလို့မတွေ့တော့ပါ။

သခင် ထိုင်ထလုပ်ခိုင်းတဲ့ကိစ္စ သူမကျေနပ်တာ တကယ်ပါ။

ကျေးဇူးရှင်ဆိုတဲ့အသိနဲ့ ခေါင်းညိတ်နာခံခဲ့ခြင်း။

ဒါကို မေမေတို့က ပျော့ညံ့တယ်လို့ ထင်သည်။

"သားကြီး"

ဖေဖေက ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေရာက ဝင်ပါလာသည်။ သူ့ဆီ မာန်ဝင့်ကာလျှောက်လာရင်း ဆက်ပြော၏။

"ခုချိန်ကစပြီး သခင်နဲ့ တတ်နိုင်သမျှ ရှောင်နေပါကွာ ဒါဟာ ကျေးဇူးကန်းတာမဟုတ်ဘူး၊ ဂုဏ်သိက္ခာကို စောင့်ထိန်းတာကွ၊ နားလည်လား"

"စိတ်ချပါဖေဖေ"

ဖေဖေနဲ့မေမေ ကျေနပ်နိုင်စေဖို့ စာချွန် ချက်ချင်းပြန်ပြောရသည်။ ဒါတောင် မေမေ အားမရနိုင်သေးပါ။

"သားကြီး သခင့်ကို ဘယ်လိုရှောင်ရမလဲဆိုတာ သေချာစဉ်းစားပြီး လှလှပပရှောင်နေပါ၊ ဖြစ်နိုင်ရင် သခင်နဲ့ပြတ်ပြတ်သားသားဖြတ်နိုင်ရင် ပိုကောင်းမယ်လို့ မေမေထင်တယ်လေ"

"ဟုတ် သားကြိုးစားပါ့မယ်"

စာချွန် ရင်မှာမွန်းကြပ်စွာ ခေါင်းညိတ်နာခံခဲ့ရသည်က မိဘကို မလွန်ဆန်နိုင်လို့ပါ။





မိဘဆိုတာက ထာဝရကျေးဇူးရှင် မဟုတ်လား။ သခင်က

တော်ပြီ။ ဆက်မပြောချင်တော့ပါ။ မိဘရှေ့က ခေါင်းငုံ့ရှောင်ထွက်ခဲ့ရသည်က သခင့်ကျေးဇူးတွေကို ပြတ်သားစွာ ဖြတ်တောက်နိုင်ဖို့ စိတ်ကူးရင်းနှင့်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

"အဟွင့်"

မှန်အိမ်သွင်းထားမိတဲ့ သူ့ခြံထဲကပန်းတွေ။ ထိုနှင်းဆီပ
တွေကို စိုက်ကြည့်ရင်း သခင့်မျက်နှာလှလှလေးကို သခင် မှဲ့လို
သည်။

စိတ်ပျက်လို့မဟုတ်ပါ၊ အမြင်ကတ်လို့။ ဟုတ်တယ်လေ
တကယ်အမြင် ကတ်တယ်။

အမြင်မကတ်ဘဲ နေမတဲ့လား။

သူကလည်း သခင့်ကို မှတ်မိနေမှန်း သိသာသည်။

မူပိုင်နဲ့ ကလပ်မှာချိန်းထားတဲ့ညက တိုက်တိုက်ဆိုင်ဆိုင်
သူနဲ့ပြန်ဆုံတဲ့အဖြစ်။ သူ့သူငယ်ချင်းတွေနဲ့ စကားပြောနေပေမဲ့





မျက်လုံးက သခင့်ဆီမှာ။

မူပိုင်နဲ့တွဲကနေတဲ့ သခင့်ကို ကြည့်နေပုံက ခုပဲ လက်ဆွဲ
ခေါ်ထုတ်သွားတော့မတတ်။ မကြည့်ဖြူသလိုလို ဘာလိုလိုနဲ့။

သူနဲ့ဘာဆိုင်လို့လဲ။ သခင့်ဘာသာသခင် ခင်လို့မင်လို့
တွဲကတာလေ။ သူကြည့်နေတော့ သခင် ပိုရွဲ့ကာ။

မူပိုင်နဲ့တွဲပြီး ကကွက်ဆန်းလေးတွေ ကမိ၏။

သူ့ကိုရွဲ့တာ မူပိုင့်ကို အခွင့်အရေးပေးသလို ဖြစ်ရသည်
လ။ သူကြည့်နေသရွေ့ သခင် အရွဲ့တိုက်လာ၏။ ဝိုင်ချိုချိုကို
ည်း ခဏခဏသောက်လျက်။

သူ့မျက်လုံးတွေ လုံးဝလွဲသွားမှ သခင် အကနားသလို ဝိုင်
ည်းမသောက်တော့ပါ။ ဒါပေမဲ့ သောက်ကျင့်မရှိတဲ့ ဝိုင်အရသာ
သခင့်ကို ရီဝေဝေဖြစ်စေတာ မြန်လွန်းတယ်လို့ သခင်ထင်တယ်။

ထိုအခါ မူပိုင့်ကို အကဲခတ်ကြည့်မိ၏။ မူပိုင်က သူငယ်
းတွေကို ပဏာယူကြွားဝါနေတာမို့ သခင့်အတွက် အခွင့်အရေး
လိုဖြစ်လေသည်။

ဒါကြောင့်မို့ ကပွဲခန်းမထဲက သခင် လှစ်ခနဲပြေးထွက်ခဲ့
လျှပ်ပြက်သလို မြန်ဆန်လျက်။

မူပိုင်သိရင် ဘယ်လောက်တောင် ပျာယာခတ်နေမလဲ
ပါ။

"ဟိဟိ"



www.burmeseclassic.com

www.burmeseclassic.com



ပျော့လိုက်တာ။ သခင်က အဲလိုပေါ့။ သိရဲ့လား။ သို့သေ[...] ကားပါကင်ထဲက သခင့်ကားလေး မောင်းထွက်မလို့ စက်နှိုး[...] ကားရှေ့မှာ လာရပ်တဲ့သူ။

ဘွားခနဲမို့ သခင့်မျက်လုံးလေး ပြူးထွက်မတတ် ကျယ်သွ[...] ကာ သူ့ကို မျက်တောင်မခတ်တမ်းကြည့်၏။

"ပန်းသခင်"

သခင့်အနား ဖြောင့်ဖြောင့်မတ်မတ် လျှောက်လာ[...] စေ့စေ့စိုက်ကြည့်ပြီးခေါ်သည်။ ဒီတော့မှ သခင် အသိဝင်၏။ က[...] စက်နှိုးထားသော်လည်း မောင်းထွက်ဖို့ မေ့လေသည်။ ပန်းအ[...] လို့ သူခေါ်သံကြားမှ မျက်တောင်ကို ပုတ်ခတ်လုပ်ကာ မျက်[...] လေးကိုစူလျက် သခင် ထီမထင်လွှဲပြီး

"ဘာလဲ ရှင်က"ဟု

ခပ်ဆတ်ဆတ်မေးသည်။ သူ့ပခုံးနှစ်ဖက်စလုံးစုံတွန့်ရှု[...] ၏။ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ စတိုင်ကျကျ လျှိုထည့်[...] သခင့်ကားနားတောက်လျှောက် သူလျှောက်လာရင်းပြောသ[...]

"မင်းကိုပေးစရာရှိတယ်"

"ပေးစရာ"

"ဟုတ်တယ်"

"ဘာလဲ"

"ဒီမှာ"





The Early Bird BOOK RENTAL HOUSE

ဘောင်းဘီအိတ်ထဲက ဆွဲထုတ်လိုက်တဲ့ သူ့လက်တစ်ဖက်မှာ လက်ပတ်ကြိုးလေးတန်းလန်းပါလာသည်။

လှုပ်ရမ်းနေတဲ့ လက်ပတ်ကြိုးလေးမှ စိန်ပွင့်တွေက တလက်လက်ခါလျက်။ သခင်လှမ်းမယူဘဲ

"ရှင်ကောက်ရတဲ့ပစ္စည်းပဲ၊ ရှင်ယူလိုက်ပေါ့"

"ပိုင်ရှင်ကို သိနေတယ်ဆိုတော့"

"ဟွန်း သခင်က ပြန်ရပါစေလို့ တစ်ခါမှ မတွေးမိဘူး၊ [...]ါပဲ ဘိုင်"

သခင် ခပ်ပြတ်ပြတ်ပြောကာ ကားကို လျှောခနဲ မောင်းထွက်လာခဲ့လေသည်။ သူက ဟန်ပါပါ မျက်ခုံးပင့်လျက်သားနဲ့ ငေးကျန်ရစ်တာလေ။

ကောင်းတယ်။ သခင့်ကိုလာရောလို့မရဘူး သိရဲ့လား။ [...]ါပေမဲ့ သူ့ခြံထဲက ဟောဒီပန်းတွေကို သခင့်ရဲ့လက်ပတ်ကြိုးထက် သခင် မက်မောလှတယ်။

ဒါ ဘာကြောင့်ပါလိမ့်။

လတ်လတ်ဆတ်ဆတ် ပွင့်ကြွနေဆဲဖြစ်သော မှန်အိမ်ထဲက သူပိုင်ရောင်စုံနှင်းဆီပွင့်များကိုကြည့်ရင်း သခင့်ဘာသာသခင် မေးလျက်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

"သေချင်စော်နံတယ် တကယ်"

"အမယ် ရှင်ပဲ Chinese Chef ဖြစ်ချင်တာ ငမ်းငမ်းတက် Chinese Chef ယောက်ျားစားဖိုမှူးတွေနဲ့ ရင်ဘောင်တန်းမယ် လို့ ကြွေးကြော်ထားပြီးတော့၊ ခုမှ ဘာဖြစ်လို့ သေချင်စော်နံရတာ လဲ"

"အမလေး ရှင်ဘာမှမသိလို့ သခင်ရေ၊ ခရမ်းစလုပ် တဲ့ Smart ဟိုတယ်တုန်းကလေ၊ တရုတ်အစားအစာချက်ဖို့ဆိုပြီ မကာအိုက တရုတ်စားဖိုမှူးကြီးသုံးယောက် ရောက်လာတယ် Kitchen ထဲမှာ ခရမ်းကိုလည်းမြင်ရော၊ ဘာဖြစ်လို့ စားဖိုဆော မှာ မိန်းကလေးဝန်ထမ်းခန့်ရတာလဲ၊ ဒီမိန်းကလေးနဲ့ တွဲမလုပ်





ဘူးဆိုပြီး ငြင်းတာ။ ခရမ်းက မိန်းကလည်း ဘာဖြစ်လဲ အလုပ်လုပ် တာပဲလို့ ပြန်ပြောတော့ ဒင်းတို့က ဘာပြောတယ်ထင်လဲ"

"ပြောလေ"

"အမယ် စားဖိုမှူးဆိုတာ ယောက်ျားတွေပဲ လုပ်ရတာတဲ့၊ ဘယ်ဟိုတယ်မှာ မိန်းမစားဖိုမှူးရှိတာ ကြားဖူးလဲတဲ့"

"ရှင် ဘယ်လိုပြန်ပြောလိုက်လဲ"

"ရှင်တို့မကြားဖူးပေမယ့် အခု ဒီဟိုတယ်မှာ လက်တွေ့မြင် တယ်မဟုတ်လားလို့ ပြောလိုက်တော့ သူတို့ စွေစွေခုန်သွားတာလေ။ အဲဒီနောက် ခရမ်းကို ပညာပေးတော့တာပဲ"

"ပညာပေးတာ၊ ဘာပညာလဲ၊ သူတို့ချက်ပြုတ်တဲ့ နည်း ပညာလား"

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး"

"ဟင်"

"သူတို့ပေးတဲ့ပညာက ဟင်းချက်တာကို အရင်သင်ပေး တာမဟုတ်ဘူး၊ မီးဖိုဆောင်ကို သန့်ရှင်းရေးလုပ်ခိုင်းတာ"

"အလိုလေး"

"ဟုတ်တယ်၊ သန့်ရှင်းရေးအလုပ်သမားရှိရက်နဲ့ ခရမ်းကို လုပ်ခိုင်းတာ။ နင်တို့မိန်းမတွေ ငါတို့ယောက်ျားတွေလို စားဖိုမှူး ဖြစ်ချင်ရင် အရင်ဆုံး သန့်ရှင်းရေးလုပ်ရမတဲ့၊ ခရမ်းမှာလေ ဒေါသ ဖြစ်မိတာ အရမ်းပဲ၊ ဒါပေမဲ့ သူတို့က Chinese Chief စပယ်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်လစ်ဆိုတော့ ခိုင်းတာကို လုပ်ရတာပေါ့"

"ဟွန်း"

သခင်က နှာခေါင်းလေးရှုံ့တွလိုက်သည်။

"ဘယ်လိုလုပ်မလဲ၊ ခရမ်းက သူတို့ထက်ငယ်တယ်၊

တော့ စာတွေ့ပဲ လေ့လာဖူးတယ်၊ လက်တွေ့မလေ့လာရသေးတော့

သူတို့လက်တွေ့လုပ်မယ့် အချက်အပြုတ်ပညာကို အနီးကပ် သင်ယူ

စရာတွေ ရှိနေတဲ့သူဆိုတော့ ခိုင်းတာအရင်လုပ်ရတာပေါ့ဟယ်

"အဲဒီတော့ သူတို့ကျေနပ်သွားလား"

"ကျေနပ်လား မကျေနပ်လား မသိဘူး၊ နောက်တစ်ဆင့်

တက်ပြီး ပါးကွက်သားလုပ်ခိုင်းတာလေ"

"ဘုရားရေ ပါးကွက်သားလုပ်ခိုင်းတာ၊ ဘယ်သူ့ကို

သတ်ခိုင်းတာလဲ"

သခင် တထိတ်တလန့်ဟန်လေးနဲ့မေးတော့ ခရမ်း

ရယ်ချရင်းပြောသည်။

"ပါးကွက်သားက ဒီလိုဟယ်၊ Kitchen ထဲမှာ တာဝန်

ခိုင်းတာပေါ့၊ ခရမ်းနဲ့အတူ တွဲလုပ်တဲ့ မင်းမင်းနဲ့ကျော်စွာတို့

ယောက်က ယောကျ်ားလေးပေမယ့် ခရမ်းလို ထွားထွားကြိုင်းကြိုင်း

ပြည့်ပြည့်ဖြိုးဖြိုး မဟုတ်ဘူး။ အဲဒီယောကျ်ားလေးနှစ်ယောက်

တော့ အသီးအရွက်လုပ်တဲ့ တာဝန်ပေးပြီး ခရမ်းကိုတော့ ညည်း

မိန်းကလေးဖြစ်ရုံမက ဟိုယောကျ်ားသားနှစ်ယောက်ထက်





ကိုယ်တုတ်ခိုင်ပြည့်ဖြိုးတော့ ခွန်အားပြည့်တာပေါ့။ ဒါကြောင့် ညည်း
ကို အကြမ်းအလုပ်တွေ ခိုင်းရမယ်ဆိုပြီးတော့ဟယ် ကျောက်ဂဏန်း
အရှင်တွေ၊ ကျောက်ပုစွန်အရှင်တွေ၊ ကျောက်ငါးအရှင်တွေ၊ ငါးလိပ်
အရှင်တွေ၊ အဲဒါကို သတ်ခိုင်းတာလေ"

"အလိုလေး"

"ဟုတ်တယ်၊ မှန်ကန်ထဲ ထည့်လှောင်ထားတဲ့ အရှင်တွေ
ကို ဧည့်သည်မှာမှ ချက်ချင်းယူသတ်ပြီး ခုတ်ထစ်ပေးရတာ၊ အဲဒါ
မျိုးခိုင်းတာကို ပါးကွက်သား လုပ်ခိုင်းတယ်လို့ပြောတာ။"

"အမလေး နင့်မှာလဲဟယ်၊ ဖြစ်ချင်တာနဲ့ လုပ်ရတာ တခြား
စီ"

"တခြားစီတော့တခြားစီပါ။ စားသောက်တဲ့သူတွေက အသား
လတ်ဆတ်တာကို ကြိုက်တာကိုး။ ကြိုလုပ်ထားလို့ မရဘူးလေ၊
တစ်ပွဲ ချင်းစီအတွက် လိုအပ်တဲ့အကောင်တွေကို ချက်ချင်းဖမ်း၊
သတ်၊ ခုတ်ထစ်ပေးရတာပေါ့၊ ပါးကွက်သားလုပ်ရတုန်းကဆို
ခရမ်းရဲ့ Apron မှာ သွေးတွေနဲ့ စုတ်ပြတ်သတ်နေတာပဲ"

"ဟွန်း ရွံစရာကြီး"

"အမလေး ရွံ့စရာကြီးကApron လဲလိုက်ရင် ပြီးသွားတာ
ပေါ့၊ Apron လဲလို့မရတဲ့ ဟောဒီလက်မကိုကြည့်"

"ဟင်"

ခရမ်းထိုးပြတဲ့ ဘယ်လက်မကိုကြည့်လိုက်တော့ သခင်



www.burmeseclassic.com

www.burmeseclassic.com



အသက်မရှူဖြစ်တော့ပါ။ ကြည့်စမ်း။ လက်မက အလယ်ကချိုင့်ခွက်ဝင်နေတဲ့ ဒဏ်ရာချည်း။

"ဒီ ဒီဒဏ်ရာက"

"ဂဏန်းကြီးလက်မနဲ့ အညှပ်ခံရတာလေ"

"ဟယ်"

"ဟုတ်တယ်၊ ရုတ်တရက်ဆိုတော့ ခရမ်းလန့်ဖျပ်သွားတယ် နာတာကလည်း အရမ်းပဲ၊ ဂဏန်းကလည်း အကြီးကြီး၊ အညှပ်ခံရ တဲ့ တန်းလန်းလက်ကိုခါရင်း ကူညီကြပါ ဘာညာ ခရမ်းပြောတော့ သူတို့ဝိုင်းရယ်ကြတယ်လေ"

"အကျင့်ပုတ်တွေ"

"သူတို့က ရယ်ပြီးကြည့်နေတာ၊ မင်းမင်းတို့နှစ်ယောက်က ဝိုင်းကူပြီးဖြုတ်ပေးမယ်ဆို မဖြုတ်ပေးရဘူး။ ကိုယ့်ဘာကိုယ်ဖြုတ် ပစေလို့ခိုင်းတာ၊ အဲဒီတုန်းကလေ ခရမ်းမျက်ရည်တွေ တဝေါဝေါ ကျရင်း ကိုယ်တိုင်ဖြုတ်ရတော့ ဒဏ်ရာက တော်တော်ကြီးသွား တယ်။ ဒဏ်ရာကြီးက ခြောက်လလောက်ရုပ်ပျက်ဆင်းပျက် ဖြစ်ကျ ခဲ့တာ"

"ခရမ်းရယ် ရှင်မို့လို့ဟယ်"

သခင့်မှာ ခရမ်းကိုကြည့်ရင်း ပိုလို့တောင်သနားသွားသည် အဲဒီအလုပ်ကိုမှ စိတ်ဝင်စားတဲ့ ခရမ်းကိုလည်း ဒေါသဖြစ်ချင်ချ ပြောတော့





"ဒီလိုပါပဲ သခင်ရဲ့၊ ဘယ်အလုပ်မှာဖြစ်ဖြစ် အခက်အခဲ ိုတာရှိတယ်၊ ကိုယ့်ထက်ပါဝါရှိတဲ့သူက ကိုယ့်ကိုမနှစ်သက်ရင် သူတို့ပညာပေးသမျှ ခံရတာချည်းပဲ။ မခံနိုင်လို့ ထွက်သွားရင် ရ ကာပေါ့။ ဒါပေမဲ့ ခရမ်းက သူတို့ဆီက ပညာလိုချင်တော့ သူတို့ အမြင်ကတ်ကတ်နဲ့ ခိုင်းသမျှကို လုပ်ပေးရင်း သူတို့လုပ်နည်းကိုင် ည်းတွေကို လေ့လာမှတ်သားရတာပေါ့၊ ဒါမှလည်း သူတို့ရဲ့ နည်း ညာကို ရတာလေ"

"ဘယ်လို သူတို့ပညာရတယ် ဟုတ်လား၊ ဒီလောက်နှိပ် ပ်ခံနေရတဲ့ဟာကို၊ ဘယ်လိုပညာရပြန်တာလဲ"

ခရမ်းက သခင်နားလည်အောင် ခပ်သွက်သွက်ကလေး ပြောရှာသည်။

"တရုတ်အစားအစာနဲ့ အနောက်တိုင်းအစားအစာက ရမ်းကွာတယ်ဟ။ အနောက်တိုင်းက နည်းစနစ်ရှိတယ်၊ အဲဒီနည်း စနစ်ကို နည်းနည်းပါးပါး ထပ်ဖြည့်လိုက်ရင် ရသွားပြီ၊ Recipe ရှိပြီးသား၊ တရုတ်အစားအစာက အဲလိုမဟုတ်ဘူး။ နည်းစနစ်တိ ကျကျ မရှိဘူး။ ချက်ပုံချက်နည်းလေးတွေ မတူသလို တရုတ်စား မျိုးတွေဖြစ်ပေမယ့် ယူနန်ကလာတဲ့ စားဖိုမှူးတွေက ကွမ်တုံက စား မျိုးတွေနဲ့ လုပ်ကိုင်ပုံတွေ မတူကြဘူး၊ ဒီအစားအစာကိုပဲ လုပ်တာ ပေမယ့် တစ်ယောက်နဲ့တစ်ယောက် နည်းမတူတာတွေ သိလာ ယ်။ သိလာတော့ ကွမ်တုံကလာတဲ့ဧည့်သည်အတွက်ဆိုရင် ကွမ်



www.burmeseclassic.com

www.burmeseclassic.com



တုံစားဖိုမှူးတွေရဲ့ လက်ရာနဲ့မှ အဆင်ပြေတယ်။ ယူနန်ကလာတဲ့
ဧည့်သည်က ယူနန်စားဖိုမှူးလက်ရာကိုပဲ သဘောကျတယ်။ ဒါ့
တော့ ဧည့်သည်အကြိုက်ဖြစ်အောင် စီမံပေးရတဲ့ ပညာတွေ
အဲလိုတွေက တစ်ဆင့်ရတာပေါ့သခင်ရယ်"

သခင်မှာ နားထောင်ရရုံနဲ့ ရင်မောလာသည်။ ခရမ်း
သူဝါသနာပါတဲ့ အလုပ်ဖြစ်လို့ထင်တယ်၊ စိတ်အားထက်သန်လျက်

"နောက်ပြီး ဘာသာစကား အခက်အခဲရှိသမျှတွေ
တွေနဲ့လည်း ကြုံရတာပေါ့၊ မကာအိုကလာတဲ့ အဲဒီစားဖိုမှူးအ
သုံးယောက်ဆို အင်္ဂလိပ်လိုမတတ်ဘူး။ ရိုးရိုးတရုတ်စကားလည်း
မသုံးဘူး။ ကွမ်တုံစကားပဲပြောတယ်။ သူတို့ပြောတာ ကိုယ်နားမလည်
ဘူး။ နားမလည်တော့ ဆက်ဆံရ ပိုခက်ခဲတယ်။ အဲဒီတော့ ကွမ်
စကားတတ်အောင် အထူးသဖြင့် Kitchen ထဲမှာသုံးတဲ့စကား
လေးတွေ ပြန်သင်ရတာပေါ့၊ တတ်သွားတော့ ဆက်ဆံရအဆင်
လာတယ်ပေါ့ဟယ်"

သခင် သက်မမောလေး ချရင်း

"အင်း ဟုတ်ပ့ါ၊ ရှင်သေချင်စော်နံမယ်ဆိုလည်း နံ
ချည်း"

"အဲလိုပေါ့၊ အခက်အခဲတွေ အဆင်မပြေတာတွေနဲ့ကြုံ
တော့ မျက်ရည်ကျရ၊ စိတ်ပျက်လက်ပျက်ဖြစ်ရတာတွေ ရှိ
ပညာတွေ ရလိုက်တဲ့အခါ အားတက်စရာ၊ ကျေနပ်စရာတွေလ





ဖြစ်တာလေ"

"အင်း အဲလိုစားဖိုမျိုးတွေနဲ့ပဲ ကြုံနေရမယ်ဆိုရင် ရှင့်
အလုပ်က စိတ်ပျက်စရာတစ်ဝက်၊ အားတက်စရာတစ်ဝက်၊ အဲလို
ချည်း ရောပြွန်းနေမှာနော် ခရမ်း"

"ဒါပေမဲ့ မိန်းမမို့လို့ အမြင်မကြည်ဘဲ နှိပ်ကွပ်တဲ့စားဖိုမှူး
တွေနဲ့ ကြုံရသလို အားပေးပြီး စိတ်ရှည်လက်ရှည် သင်ပြတဲ့ စားဖို
မှူးကောင်းတွေနဲ့လည်း ကြုံရတာမျိုး ရှိတယ်လေ"

"စားဖိုမှူးကောင်းတွေ ဟုတ်လား"

"အေးပေါ့"

"ဟွန်း ရှင်ပြောပြသမျှ စားဖိုမှူးတွေက ရှင့်ကို မိန်းကလေး
မို့ တန်းတူမဆက်ဆံချင်လို့ နှိပ်ကွပ်တာချည်းပဲ မဟုတ်လား၊ ဘယ်
လို ကောင်းတဲ့စားဖိုမှူးတွေနဲ့လည်း ကြုံရလို့လဲ"

"အခုလက်ရှိ ခရမ်းလုပ်နေတဲ့ Rose ဟိုတယ်က စားဖိုမှူး
ပေါ့"

"ဟွန်း ဘယ်သူလဲ၊ မစွတာချန်တာလား။ လီကွမ်းလား။ ဒါမှ
မဟုတ် မစ္စတာဝမ်းလား"

သခင်က ခရမ်းဆီလာတိုင်း မီးဖိုထဲ ဝင်လာနေကျမို့ ထို
စားဖိုမှူးတွေကို သိနေပါသည်။ ခရမ်းအပေါ်ကောင်းတဲ့ စားဖိုမှူး
ဆိုတော့ သခင်သိချင်တာပေါ့။

ထိုသုံးယောက်ထဲက ဘယ်သူဖြစ်မလဲ။ သခင်မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ခရမ်းခေါင်းလေးခါပြီး

"သူတို့သုံးယောက် မဟုတ်ဘူး၊ စားဖိုဆောင်ချုပ် Head Chef ဖြစ်တဲ့ ဦးနေသက်တန့်ပေါ့"

"နေသက်တန့်၊ သခင်လည်း တစ်ခါမှ မမြင်ဘူးပါလား ခရမ်းရဲ့"

"ဘာလို့မမြင်ဘူးရမှာလဲ"

"ဟွန်း မမြင်ဘူးပါဘူး"

"ဟင့်ဟင့်ဟင့်"

သခင် နှုတ်ခမ်းလေးချွန်ပြီးပြောတော့ ခရမ်းချိုက သဘော တကျရယ်သလို သခင့်ကိုယ်လေးကိုလည်း ချစ်စနိုးနဲ့တွန်းတိုက်ရင်း ပြောသည်။

"သခင်မြင်ဖူးရုံတင်မကဘူး၊ သခင် မုန်လာဥနီနဲ့ပေါက် တာခံလိုက်ရတဲ့သူ။ အဲဒါ နေသက်တန့်။ ခရမ်းအပေါ်ကောင်းတဲ့ စားဖိုမှူးပေါ့"

"ဟယ်"

သခင် နှုတ်ခမ်းလွှာလေး ဟစိဟစိဖြစ်သွားသလို မျက်နှာ လေးလည်း မလုံမလဲဖြစ်လို့သွားသည်။

"ခုမှဟယ်ခနဲ ဖြစ်မနေနဲ့"

"ဟွန်း တော်ပြီ၊ နောက်ဆို ရှင့်ကို တွေ့ချင်လာရင် ရှင် တို့ဟိုတယ် Kichen ထဲ သခင်မလာတော့ဘူး"





"ဘာဖြစ်လို့"

"ရှင့်ဆရာမို့လို့လေ ပြီးတော့ မျက်နှာပူတယ်"

"အမယ် သူတို့ချင်းဆုံတုန်းကတော့ မျက်နှာမပူဘဲနဲ့"

"ဘယ်လို ဘယ်လို သူတို့ချင်းဆုံတုန်းကတော့ မျက်နှာမပူ ဘဲနဲ့ဆိုတာ ဘာစကားလဲ"

သခင် မျက်စောင်းတထိုးထိုးနဲ့မေး၏။ ခရမ်းချိုက လက် ခုပ်လေးတီးတော့မတတ်ရယ်ရင်း

"သခင်ရယ် ရှင်သာ ဘာမှမပြောတာ၊ ဆရာက ရှင်နဲ့ ဆုံဖြစ်ပုံကအစ ခရမ်းကိုပြောတာ"

"ဟင် ဘာ ဘာတွေပြောလဲဟင်"

သခင့်စိတ်လှုပ်လှုပ်ရှားရှားဖြစ်ပြီး မေး၏။

"ဘာပြောရမလဲ၊ ဆရာ့ခြံထဲက ပန်းသွားခိုးတာကအစ၊ ပိုင်ပိုင်နဲ့ ကလပ်မှာတွေ့ကလို့ ဆုံတွေ့ကြတာအဆုံးအထိလေ"

"ဟာ ကျွတ်"

သခင့်မျက်နှာလေး မထားတတ်အောင် ဖြစ်ရသည်။ ဟုတ်တယ်လေ။ သခင့်အကြောင်းတွေ သခင့်သူငယ်ချင်းကိုပြော တာ ဘာသဘောနဲ့လဲ၊ ပြောရအောင် သူနဲ့ဘာဆိုင်လဲ။

သူ့မျက်လုံးထိတဲ့အတွက် မကျေနပ်လို့ သူငယ်ချင်းအချင်း ချင်းကြား သိက္ခာကျအောင် ထုတ်ပြောတာလား။

"သခင်ကလည်း မျက်နှာချည်း လွှဲမထားပါနဲ့၊ ဒီဘက်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး”

ခရမ်းက သခင့်မေးဖျားလေးကိုဆွဲယူ၍ ခရမ်းဘက်လှည့် လာအောင် ပြုလေသည်။ သခင့်စိတ်က သူ့အပေါ် အလိုမကျနိုင် ဖြစ်တာမို့ ကိုယ်မှာတင်ထားတဲ့ အရုပ်ကြီးကို ပစ်ပေါက်လိုက်သည်။

ထိုအရုပ်ကြီးက ပိုင်ပိုင်ပေးထားတဲ့ အနီရောင်မွေးပွစ် ကြီးပေါ့၊ အရုပ်ကြီးက နံရံဖြူဖြူမှာထိကာ ကြမ်းခင်းပေါ် မှောက် ရက်ကျ၏။

ခရမ်းက သူငယ်ချင်းကို နားလည်သလို ဆရာ့စိတ်ကို လည်း ဖတ်တတ်တာမို့ ပေါ့ပေါ့ပါးပါးလေး ပြောနေဆဲ။

“ဆရာက သခင့်ကို မဝေဖန်ပါဘူး။ အပြစ်လည်းမတင်ပါ ဘူး။ သခင်နဲ့ တွေ့ခွင့်ရချင်တယ်တဲ့၊ ခရမ်းကိုကူညီပါတဲ့လေ”

“ဟွန်း မတွေ့ချင်ပါဘူး၊ သွား ရှင်နဲ့လည်းမတွေ့တော့ ဘူး၊ ပြန်တော့”

သခင်စိတ် ဘာဖြစ်သွားမှန်းမသိပါ။ မျက်နှာလေးစူပုပ် ကာ ခရမ်းကိုလည်း နှင်လွှတ်၏။ ပြီးတော့ သူမကိုယ်တိုင်လည်း ဘောက်ဆတ်ဘောက်ဆတ်နဲ့ ထထွက်ခဲ့တာလေ။

ခရမ်းခမျာ သူငယ်ချင်းစိတ်ကိုလည်း မငြိုငြင်ရက်။ သခင့် နောက်လည်း လိုက်မသွားရဲ။ လှည့်ပြန်ဖို့လည်း အားမပါ။ ငူငူကြီး ရပ်ရင်း ဇဝေဇဝါဖြစ်လျက်။

သခင်က အပေါ်ထပ်ကို ခြေဆောင့်နင်းတက်သွားသ





အခန်းထဲဝင်ပြီး တံခါးကို နောက်ပြန်ပိတ်လိုက်၏။

ဂျိန်းခနဲ တံခါးမြည်သံကြောင့် ခရမ်း ပို၍ပင် သခင့်ဆီ လိုက်မသွားချင်တော့ပါ။

“အဲဒါပဲ ခရမ်းရေ၊ သခင့်စိတ်က အဲသလိုကွဲ့”

အန်တီမေက တူမစိတ်ကို သိနေတယ်မဟုတ်လား။ စာ ဖတ်ခန်းထဲကထွက်လာရင်း ခရမ်းကို နှစ်သိမ့်ပြောလေး ဝင်ပြောရှာ သည်။

ခရမ်းက နားလည်ပြီးသားပါ။ အခုဖြစ်သွားတာက ခရမ်း ကို ဒေါသထွက်လို့မဟုတ်ဘူး။

ခရမ်းဆရာဆိုတဲ့အသိကြောင့် ရှက်သွားတာ။ ပြီးတော့ ဟော့ဟော့ရမ်းရမ်းနဲ့ ထင်သလိုနေတဲ့ သခင့်စရိုက်ကို နေသက်တန့် ခဏခဏကြုံတွေ့လေခြင်းဆိုတဲ့ ဖြူစူစိတ်နဲ့ဖြစ်မှန်း ခရမ်းသိနေ တာမို့

“အန်တီမေရယ်၊ သခင့်စိတ်ကို ခရမ်းသိပါတယ်၊ နားလည်း လည်ပါတယ်။ ငေ. ်ကြာနေရင် သခင်က ခရမ်းဆီရောက်ချင် ရောက်လာမှာလေ၊ ဟင့်ဟင့်ဟင့်”

ခရမ်းချိုက အရယ်မပျက် ပြောလေမှ ဒေါ်ဝင်းဝင်းမေ မျက်နှာလေး ပုံမှန်ပြန်ဖြစ်သွားသည်။ သခင်လေး အပြုအမူကြောင့် ဒေါ်ဝင်းဝင်းမေက ခရမ်းကို အားနာနေတာမဟုတ်လား။

“ဟုတ်တယ် ဟုတ်တယ်၊ သခင်က အဲလိုပဲကွယ်၊ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကြီးပဲ၊ တစ်နေ့ထက်တစ်နေ့ ကြီးလာပြီပဲ၊ စိတ်ကိုတည်... အောင် လေးနက်အောင်ထားဖို့ စိတ်မကူးဘူး၊ ငယ်ငယ်ကအတို... ပဲလေ၊ အန်တီမေတော့ သခင်လေးအတွက် ရင်လေးပါတယ်...

ဒေါ်ဝင်းဝင်းမေ စိတ်ပျက်ဟန်စွက်ပြီးပြောလျှင်

"အန်တီမေရယ်၊ သခင်က အန်တီမေတို့ထင်သလော... မဟုတ်ပါဘူး၊ လွတ်လွတ်လပ်လပ်နေတတ်တာပါ"

"ဟုတ်ပါတယ်၊ လွတ်လွတ်လပ်လပ် ထင်ရာစိုင်းနေတာ... အန်တီမေ သဘောမကျတာပေါ့ကွယ်။ တကယ်ဆို ခရမ်းတို့လို အ... တစ်ခုခုလုပ်၊ မလုပ်ချင်လည်းမလုပ်နဲ့။ ဒါပေမဲ့ အိမ်ထောင်... ဘာလေးပြုပေါ့ သမီးရယ်လို့ အစ်မနဲ့ခဲအိုက အဲလိုစကားစ... တယ်၊ သခင်က ကက်ကက်လန် ပြန်ပြောတာလေ။ အဲဒီနေ့ကတ... က ခုချိန်ထိ မိဘက ဖုန်းဆက်ရင်တောင် ဖုန်းမကိုင်ဘဲ ဆန္ဒပြ... တာ၊ သူ့ကို အဲလိုပြောရကောင်းလားဆိုပြီးတော့ပေါ့။"

"အန်တီမေရယ် သိပ်လည်းဆန္ဒမစောပါနဲ့၊ အချိန်တန်... သူ့အလိုလို ဖြစ်လာမှာပေါ့"

"အေးပါကွယ် အေးပါ။ သခင်လေးကို ခရမ်းနားလည်... နိုင်မှန်းသိလို့ အန်တီမေ ဝမ်းသာပါတယ်ကွယ်၊ ဒါနဲ့ ခရမ်း အ... မေ တစ်ခုမေးမလို့"

"ဘာလဲဟင်"

ဒေါ်ဝင်းဝင်းမေ အလေးအနက် သိရှိလိုဟန်လေးနဲ့... ...ရမ်းကို နှည့်ခန်းအပြင်ဘက် အသာဆွဲသွားရင်း သခင်မကြား... ...အောင် တိုးတိုးလေးမေးသည်။

"စာချွန်နဲ့သခင်လေးက ချစ်သူတွေဖြစ်နေကြပြီလား"တဲ့။ ခရမ်း မသိမသာ ခေါင်းတစ်ချက်ရမ်း၍

"ခရမ်းတော့မသိဘူး။ သူငယ်ချင်းအရင်းအချာဆိုတော့ ...ယောဇဉ်ရှိချင်ရှိမှာပေါ့ အန်တီမေရယ်။ ပြီးတော့ စာချွန်ကလည်း ...ခင့်စိတ်ကို ခရမ်းလိုပဲ နားလည်တဲ့သူငယ်ချင်းပဲလေ၊ ခရမ်းတောင် ...ချွန်နဲ့သခင့်ကို ဖြစ်စေချင်တယ်။ သခင်ရောစာချွန်ရော ဘာမှ ...ကားစမလာသေးလို့ ခရမ်းအရင်ဦးဆုံး မစပ်စုသေးတာပါ။ စိတ်ချ ... အန်တီမေ ခရမ်းသိတာနဲ့ အန်တီမေ့ကို သတင်းပေးမယ်လေ"

"ခရမ်းကိုပဲ အန်တီမေ အားကိုးပါတယ်ကွယ်။ ကိုယ့်တူမ ...ယ်မမေးရဲတော့လည်း ခရမ်းကိုပဲ အားကိုးနေရတာပေါ့ကွယ့်။ ...င့်ဟင့်ဟင့်"

"ရပါတယ်အန်တီမေရယ်၊ ခရမ်းက အန်တီမေ့သဘော၊ ...တော့ သခင့်သဘော"

"ဟုတ်ပ့ါ ဟုတ်ပ့ါ"

"ဟင့် ဟင့် ဟင့်"

နှစ်ယောက်သား ပြောရင်း သဘောကျစွာ ရယ်မိလေသည်။ ...တ်တာပေါ့။ အဒေါ်နဲ့သူငယ်ချင်းက သခင့်သဘောချည်းပဲ ...တ်လား။







www.burmeseclassic.com

www.burmeseclassic.com



စာချွန်နဲ့ဖြစ်စေချင်တာကလည်းတူ။

ဒီဇာတ်လမ်းမှာ သခင်သာ အဓိကဆိုတော့ စိတ်ရှည်သ…
ရှည်စောင့်ကြည့်နေရတာကလည်း ခရမ်းတို့အတွက် ရင်ခုန်စ…

♥ ♥ ♥



## အခန်း(၁၈)

"ဟောတော့"

သခင့်ခြေလှမ်း ရုတ်ခြည်းတန့်သွားတာက၊ မထင်မှတ်ဘဲ …ွ့လိုက်ရသောမြင်ကွင်းကြောင့်ဖြစ်သည်။ သခင့်လက်က ရင်ဘတ် …ိမတတ် အံ့သြကာ

စိုက်ကြည့်မိတဲ့ သခင့်မျက်ဝန်းမှာ မနှစ်မြို့မှုတွေနဲ့ စူးရှလေပြီ။ …ည့်စမ်း၊ သခင်က စာချွန့်ကိုတွေ့ဖို့ ဆေးခန်းကိုရောက်သွားသည်။ …ချွန့်သူငယ်ချင်းဇင်ကိုပဲ ဆေးခန်းမှာရှိသည်။ စာချွန်က မရှိ။

စာချွန်ကောလို့မေးတော့ စာကြည့်တိုက် သွားတယ်တဲ့။ …ကိုပြောတဲ့အတိုင်း ဆေး(၁)(၂)စာကြည့်တိုက်နှစ်ခုလုံးမှာ ရှာ …ည့်သည်။ စာချွန့်အရိပ်လေးပင်မမြင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ချက်ချင်း ဖုန်းခေါ်လိုက်သည်။ စာချွန့်ဖုန်းက
ပိတ်ထားတယ်လို့ အကြောင်းပြန်သည်။ စာချွန် ဘယ်သွားနေတာလဲ
သိချင်စိတ်နဲ့ စာချွန်သွားတတ်လာတတ်တဲ့ နေရာလေး
တွေကို လိုက်ကြည့်တော့လည်း မတွေ့ရပါ။ စာချွန့်ကိုရှာရတာသခင့်
ကိုယ်က ဖတ်ဖတ်မောနေပြီ။ အဲဒါနဲ့ ကန်တော်ကြီးစောင်းက
သောက်ဆိုင်ထဲဝင်ပြီး အနားယူစားသောက်ခဲ့သည်။

ပြီးရင် ခရမ်းကို ဖုန်းဆက်ချိန်းပြီး တွေ့ကြမယ်၊ သခင့်
ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စလေးတစ်ခု ပေါ်လာလို့ပါ၊ သခင်က
ခရမ်း၊ စာချွန်နဲ့ သုံးယောက်ဆုံပြီး ဆွေးနွေးမယ်ဆိုတဲ့ အစီအစဉ်
နဲ့ စာချွန့်ကို အရင်ရှာခြင်း။

စာချွန့်ကို မတွေ့ရသေးတော့ ခရမ်းကိုပဲ ဖုန်းဆက်မှာပေါ့
ထိုစိတ်ကူးနဲ့ စားသောက်နေခဲ့သည်။ စားသောက်ပြီး အရိပ်ရ
ကန်ဘက်လမ်းလျှောက်ကာ ခရမ်းဆီ ဖုန်းဆက်မလို့လုပ်စဉ်
ဘွားခနဲ လှမ်းတွေ့လေခြင်း။

ကန်စပ်ရှိ ရေတမာပင်ရဲ့ပင်စည်နဲ့ အကာအကွယ်ယူပြီး
မျက်လုံးချင်း အကြည်စိုက်နေတာလေ။ ဒါတင်မက စာချွန်က
နှောင်းထားတဲ့ နှစ်နှစ်ပခုံးကို လက်တစ်ဖက်နဲ့ တင်းတင်းလေး
ထားသလို ကျန်လက်တစ်ဖက်ကလည်း ထိုမိန်းကလေး လက်
လေးကို ဆုပ်ကိုင်ပွတ်သတ်နေကာ ဖီလင်တက်နေကြသည်။

နောက်ပြီး နှစ်ယောက်စလုံးရဲ့ မျက်နှာပေါ်မှာ ရင်





က်က လှိုင်းကြက်ခွပ်တွေလို လှုပ်ရှားလျက်။ အိစိအိစိနဲ့ ပြောနေ
ချစ်စကားသံတွေ။

သခင့် နားနဲ့မျက်စိကို ချဉ်တူးသွားစေသည်။

"နှစ်နှစ်နဲ့ငါ သူငယ်ချင်းပါ၊ ယုံပါသခင်ရယ်၊ သူငယ်ချင်း
က်မပိုပါဘူး"လို့၊

စာချွန်ပြောပေါင်းများခဲ့ပြီ။

လက်တွေ့မြင်နေရတာက သူငယ်ချင်းဘောင်ကျော်လွန်
နေသည်။ ယောက်ျားဖြစ်ပြီး သခင့်ကိုလိမ်ရဲတဲ့ စာချွန်။

ခုတော့ ဒီမျက်စိနဲ့တပ်အပ်မြင်ရမှ အရာရာကို သဘော
ပါက်၏။ ငြင်းချင်သေးလားစာချွန်၊ တွေ့ကြသေးတာပေါ့။

သခင့်ခြေလှမ်းတွေ ရင်ဆိုင်ပစ်ဖို့ ရှေ့တိုးသွားကာ ထိုအတွဲ
ခြေစုံရပ်လျက်

"စာချွန်"

ရုတ်ခြည်းထိုးဖောက်ဝင်လာတဲ့ ခေါ်သံရင့်ရင့်။ သခင့်ခေါ်သံ
စာချွန်ဒက်ခနဲသိသွားလျှင်။

"ဟင်"

စာချွန့်တစ်ကိုယ်လုံး တုန်ကာ နှစ်နှစ်ကိုဖြေလွှတ်လျက်
ဖြစ်လေသည်။ နှစ်နှစ်လည်း ရှက်လန့်ကာ လူချင်းခွာလျက်။

နှစ်ယောက်သားမျက်နှာပေါ် ရှက်သွေးရဲသွား၏။ ထို့ပြင်
မလဲစိတ်နဲ့လည်း ပျာယာခတ်မော့ကြည့်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



"သ. . သခင်"

ပြိုင်တူလိုလို ခေါ်ရင်း ထရပ်လေသည်။ နှစ်ယောက်စလုံး ကို သခင်ရှုံ့မဲ့မဲ့ကြည့်၍

"နင်တို့ မရှက်ကြဘူးလား စာချွန်"

ပိုင်စိုးပိုင်နင်းအသံနဲ့ သခင်မေးသည်က ရှက်နေရာမှ တစ်ဆင့် ခံပြင်းသွားလေသည်။ နှစ်နှစ်မျက်နှာပူခနဲဖြစ်ကာ တစ်ဖက်သို့လွှဲထား၏။

"ပြောလေစာချွန်၊ လူမြင်သူမြင် ဒီလောက်ကဲနေကြတာ မရှက်ကြဘူးလား။ ပြောတော့ သူငယ်ချင်းတဲ့၊ ဖြစ်ပျက်နေတာ ဘောင်ကျော်နေပြီဟဲ့၊ ဒီလောက်အောင် အချစ်နလံထချင်ရင် ဒီလို နေရာမှာ မချိန်းနဲ့၊ တည်းခိုခန်းသွား၊ အခန်းငှားပြီး ချိန်းတွေ့ကြပါ တော့လား"

"သခင်"

သခင့်စကားမဆုံးခင် စာချွန်ပေါက်ကွဲသံကြီးနဲ့ ဖိခေါ်သည်။ နှစ်နှစ်က ရှက်လွန်းလို့ မျက်ရည်တွေ ချက်ချင်းလျှံတက်လာကာ

"ရှင် ရှင် သိပ်စော်ကားလွန်းတယ်"

"ဘာ သခင်က စော်ကားတယ် ဟုတ်လားနှစ်နှစ်"

"စော်ကားတာထက်လွန်နေတယ်ကွ။ သခင့်စကားက ငါ တို့နှစ်ယောက်လုံးရဲ့ ကိုယ်ကျင့်သိက္ခာကို ထိပါးပုတ်ခတ်တာ၊ ငါတို့ ရဲ့ လူမှုရေးအဆင့်အတန်းကို နင်းချေပစ်တာပဲ သခင်"

နှစ်နှစ်ကို ထိပါးလာတော့ စာချွန်သစ် သည်းမခံနိုင်တော့ ပါ။ ကျေးဇူးရှင်သောဘသော ငဲ့ဖို့မေ့သွားကာ ပြောချတာက နာကျင်ကျင်။

"ဘယ်လိုစာချွန်၊ နင် ငါ့ကို ဘယ်လိုပြောလိုက်တယ်"

သခင် အသားဆတ်ဆတ်ခါလျက်။ စာချွန့်ပခုံးကိုတွန်းပစ် ရင်း မာန်အပြည့်နဲ့မေးချ၏။

"ဟင့် ဟင့် ဟင့်"

နှစ်နှစ်ရဲ့ရှိုက်သံလေး ထွက်လာ၏။ သခင်မေးတာကို စာ ချွန်ပြန်မဖြေအား။ နှစ်နှစ်လက်မောင်းလေးကို ဆုပ်ကိုင်ကာ

"ဆောရီးနှစ်နှစ် ကိုယ်တောင်းပန်ပါတယ်"

"ဟင့်ဟင့်ဟင့် နှစ်ရှက်တယ်၊ ယူ့သူငယ်ချင်း သိပ်စော် ကားလွန်းတယ်၊ ဟင့်ဟင့်ဟင့်"

နှစ်နှစ် အိန္ဒြေမဆယ်နိုင်တော့ပါ။ ရှက်စိတ်လွန်ကဲစွာ ပြာရင်း ငိုပြေးလေသည်။

"နှစ်နှစ် နေဦး"

စာချွန်ကပြေးလိုက်လျှင် သခင့်လက်က စာချွန့်ပခုံးကိုလှမ်း ဆွဲ၏။

"နေဦး စာချွန်၊ နင့်ကို သခင်ပြောမယ်"

"မပြောနဲ့"

စာချွန် ဒါပဲပြောကာ သခင့်လက်ကိုပုတ်ချပြီး နှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



နောက် အမှီလိုက်လေသည်။ နှစ်နှစ် တက္ကစီတားပြီး ကားပေါ်ပြေး တက်၏။ စာချွန်လည်း အမှီလိုက်တက်ကာ ကားပေါ်ပါသွားတဲ့အထိ သခင် ကြည့်နေမိတာက ဒေါသတဖွားဖွားထွက်လျက်။

“တောက်”

သခင့်တစ်ကိုယ်တည်း ဒေါသလှိုင်းထန်ကာ။

သခင့်စကား မြေဝယ်မကျနာခံခဲ့တဲ့စာချွန်။. ခုတော့ နှစ်နှစ်နောက်ကို ထပ်ကြပ်မကွာ လိုက်သွားရဲတဲ့အဖြစ်။

ဒါ ဘာကြောင့်လဲ စာချွန်။

သခင့်ကို ပုန်ကန်တာလား။

သခင်ဟာ နင့်အပေါ်ဘယ်လောက်. .

တော်ပြီ မပြောတော့ဘူး။

အထူးသဖြင့် စာချွန်နဲ့ကို ရှင်အပိုင်ချည်နှောင်ဖို့ ဆွဲဆောင် ထားလို့ရမတဲ့လား နှစ်နှစ်ရယ်။

♥ ♥ ♥



BURMESE CLASSIC .com

## အခန်း(၁၉)

“ကျွိ”

စေ့ပိတ်ထားတဲ့ ခြံဝမှာ ကားဆိုက်သံကြားသည်နှင့် ဒေါ် င်းဝင်းမေ အေးအေးလူလူ သတင်းစာထိုင်ဖတ်နေရာမှ လှည့် ကြည့်မိသည်။

တက္ကစီပေါ်က ဆင်းလာတဲ့ ဒေါ်စုနှင်းဖြူကိုမြင်လျှင် မျက် လေး ရွှင်လန်းသွား၏။ လက်ထဲက သတင်းစာကို စားပွဲခုံပေါ်ချ င်း ထိုင်ရာမှ ထလေပြီး ခြံတံခါးဆီ သွက်သွက်ကလေး လှမ်း သွားပါသည်။

“ဟယ် စုနှင်း လာလေ၊ မတွေ့တာတောင် ကြာလှပေါ့နော်”

“ဟုတ်ပါတယ် မမဝင်းရယ်၊ အလုပ်တစ်ဖက်နဲ့ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



လေ မမဝင်းတို့ဆီ လာလည်ဖို့အချိန်လုမနိုင် ဖြစ်နေလို့ပါ”

ဒေါ်ဝင်းဝင်းမေက ကိုယ်တိုင်ပဲ ခြံတံခါးဖွင့်ပေးလေသည်။ ဒေါ်စုနှင်းဖြူ အိန္ဒြေရရလေးပြောကာ ခြံထဲဝင်၏။

“ဟုတ်တာပေါ့ စုနှင်းရယ်။ စုနှင်းက ရုံးအလုပ်ရယ်၊ အိမ် အလုပ်ရယ်နဲ့ ဇယ်ဆက်သလို ဖြစ်နေမှာပဲ။ နောက်ပြီး ကိုလူမော် ကလည်း အလုပ်တာဝန်ရှိ၊ သမီးနှစ်ယောက်ကလည်း ကျောင်းသွား သွားကလည်း ဆေးခန်းထိုင်နေရတာဆိုတော့ စုနှင်းအတော် ပင်ပန်းရှာမပေါ့၊ မမဝင်း နားလည်ပါတယ်ကွယ်။ ခုလိုအချိန်ယူပြီး ရောက်လာတာ မမဝင်း ဝမ်းသာပါတယ်၊ လာ တိုက်ထဲသွားရအောင် စုနှင်း”

“နေပါစေတော့ မမဝင်းရယ်၊ ခြံထဲမှာပဲထိုင်ကြမယ်လေ”

“အေး ဒါလည်းကောင်းသား”

ဒေါ်စုနှင်းဖြူ ပြောတဲ့အတိုင်းပင်။ ဒေါ်ဝင်းဝင်းမေက တိုက် ဘက်ခြေဦးလှည့်နေရာမှ ခြံထဲရှိ အပန်းဖြေထိုင်ခုံတွေဆီ ဦးဆောင် လှမ်းသွားသည်။

ဒေါ်ဝင်းဝင်းမေကတော့ သမီးနဲ့ပတ်သက်တဲ့ သူငယ်ချင်း တွေကိုသာမက သူငယ်ချင်းတွေရဲ့ မိဘများကိုပါ ဒီလိုပဲ လိုလိုလား လား ဆက်ဆံတတ်သလို ထိုမိသားစုအပေါ်လည်း လိုက်လိုက်လျော လျော နားလည်ပေးနိုင်သူလည်း ဖြစ်ပြန်သည်။

ဒါကြောင့် ဒေါ်စုနှင်းဖြူ သဘောအတိုင်းဖြစ်စေကာ





“ထိုင် စုနှင်း၊ အမူရေ ဧည့်သည်အတွက် တစ်ခုခုယူလာပါ ကွယ်”

တိုက်ဘက်လှည့်၍ ဒေါ်ဝင်းဝင်းမေ အသံမြှင့်ပြောလေ သည်။

“ရပါတယ် မမဝင်းရဲ့”

“မဟုတ်တာဘဲကွယ်၊ ရောက်တုန်းတော့ ကျွေးမွေးပါရ စေ၊ ဟင့်ဟင့်ဟင့်”

နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်မိသည်နှင့် ဒေါ် ဝင်းဝင်းမေ ပြောသည်။ ဒေါ်စုနှင်းက မမဝင်းရဲ့သဘောထားကို သိနေတာမို့ ပြန်မပြောတော့ပါ။ အရေးကြီးတာက သားကိစ္စ ပြောခွင့် ရဖို့ပဲ။

သားဘက်ကရပ်တည်တဲ့ မိခင်ပီသစွာ ရင်ထဲမှာပြောချင် တာတွေ စီကုံးပြီးသား။ အမူက ဧည့်သည်လာတာမြင်ကတည်းက အအေးနဲ့ ကိတ်မုန့်ကြိုပြင်ထားကာ ဒေါ်ဒေါ်ဝင်းပြောတာနဲ့ ချက် ချင်းပဲ မုန့်ဗန်းလေးမကာ စားပွဲပေါ်လာတင်ပေးပြီး ထွက်သွား လေသည်။

ဒီတော့မှ ဒေါ်ဝင်းဝင်းမေက

“စုနှင်းစားလေ”

“စားမယ့်ကိစ္စက အရေးမကြီးပါဘူး မမဝင်းရယ်၊ လော့ လောဆယ် သားအကြောင်းလေးပြောမလို့”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် စာချွန်အကြောင်းလား ပြောလေ၊ မမဝင်း စိတ်ဝင်စားပါတယ်"

ဒေါ်ဝင်းဝင်းမေ လိုလိုလားလားပင် စကားလမ်းကြောင်းဖွင့်ပေးလေသည်။ စာချွန်အကြောင်းက သမီးနဲ့ပတ်သက်နေမယ် မဟုတ်လား၊ သူမ စိတ်ဝင်စားတာပေါ့။

ဒေါ်စုနှင်းဖြူက စည်းစိမ်ဥစ္စာမရှိပေမယ့် မာန်အပြည့်ရှိသလို ဟန်ကောင်းတဲ့အမျိုးသမီးပီသစွာ မျက်နှာမူယာကျနစွာ တည်တည်ငြိမ်ငြိမ် စပြောလေသည်။

"ဒီလိုမမဝင်းရယ်၊ သားနဲ့သခင်ပေါ့"

"စာချွန်နဲ့သခင် ဘာဖြစ်လို့လဲဟင်"

ဒေါ်ဝင်းဝင်းမေ စိတ်လှုပ်ရှားစွာမေးလျှင် ဒေါ်စုနှင်းဖြူက ခနဲ့သလိုမျက်နှာလေးနှင့် ပြောင်ပြောင်တင်းတင်းဆိုချေပြီ။

"ဘာဖြစ်ရမှာလဲ မမဝင်းရယ်၊ မမဝင်းတူမ စိတ်သဘောထား ဘယ်လိုရှိလဲဆိုတာ မမဝင်းသိသားပဲ မဟုတ်လား"

"သိပါတယ်စုနှင်းရယ်၊ သိတာပေါ့။ သူငယ်ချင်းအချင်းချင်း အခု ဘာဖြစ်ကြလို့လဲ၊ ပြောပါ စုနှင်းရယ်။ စုနှင်းပြောမှ မမ ဝင်းသိမှာပေါ့ မဟုတ်လား"

"ဟုတ်တယ်၊ မမဝင်းကို သိစေချင်လို့ စုနှင်းကိုယ်တိုင် အချိန်လုပြီးလာခဲ့တာပါ၊ သားအပေါ် မမဝင်းတူမ လွန်လွန်ကဲကဲ ပိုင်စိုးခြယ်လှယ်နေတာကို စုနှင်းလက်မခံနိုင်ဘူး"





"ဘယ်လို စာချွန်အပေါ် သမီးက လွန်လွန်ကဲကဲ ပိုင်စိုးခြယ်လှယ်နေတာဟုတ်လား"

"သေချာတာပေါ့ မမဝင်း။ နှစ်နှစ်ဆိုတာ သားနဲ့ဂုဏ်ရည်တူ သိက္ခာရှိတဲ့ ဆရာဝန်မလေးပါ။ သားနဲ့နှစ်နှစ် လူငယ်ဘာဝ ရည်ငံပြီး ချိန်းတွေ့ကြတာကို မမဝင်းတူမ ကလေကချေဆန်ဆန် သွားချောင်းတယ်၊ ပြီးတော့ ပိုးစိုးပက်စက်ပြောတယ်၊ တည်းခိုခန်း သွားချိန်း ဘာညာဆိုပြီးပြောတာ၊ သားနဲ့နှစ်နှစ် ဘယ်အဆင့်အတန်းထဲ ရောက်သွားမလဲ။ မမဝင်း စဉ်းစားကြည့်ပါလေ"

ဒေါ်စုနှင်းဖြူ မျက်နှာဟန်နှင့် ခံပြင်းစွာပြောလျှင် ဒေါ်ဝင်းဝင်းမေ မျက်နှာပျက်သွားပါသည်။ သမီးက ဘာတွေလျှောက်လုပ်နေတာလဲလို့ မေးခွန်းတွေထွက်လာကာ

"ကျွတ် သမီးလေးဟာလေ"လို့

သမီးလုပ်ရပ်အတွက် မနှစ်မြို့စွာ ရွတ်လေသည်။ ဒေါ်စုနှင်းဖြူက ဘာကိုမှ အားမနာ ဆက်တိုက်ပြောလေသည်။

"မမဝင်းတူမမှာ ထင်တိုင်းပြောဆိုတတ်တဲ့ စရိုက်ကြမ်းရှိလိမ့်မယ်လို့ စုနှင်းမထင်ခဲ့ဘူး မမဝင်းရယ်။ ခုတော့ ပြောဆိုလိုက်တာများ တကယ့်ကလေကချေ အတန်းအစားထဲကအတိုင်းပဲ။ ရှေ့မကြည့်နောက်မကြည့်နဲ့လေ၊ သားကို ဒီလိုတွေပြောတာ မိဘအနေနဲ့ ဘယ်လောက်ခံစားရမလဲ မမဝင်း ကိုယ်ချင်းစာကြည့်ပါ"

"စုနှင်းရယ်။ မမဝင်း တောင်းပန်ပါတယ်ကွယ် သခင်လေး



www.burmeseclassic.com

www.burmeseclassic.com



ကို မမဝင်း ဆုံးမပါ့မယ်"

ဒေါ်ဝင်းဝင်းမေ ထိုင်မနေနိုင်တော့ပါ။ သားကိုထိ... မချိအောင် နာနေသည့် စုနှင်းအပါး၊ ထသွားကာ တောင်းတော... ပန်ပန်ဆိုလေသည်။

စုနှင်းက ပြောနေရင်းနဲ့ မကျေနပ်နိုင်သေးဟန်နှင့် ... နာလေးတင်းမာနေသေး၏။

"မမဝင်းကိုတော့ စုနှင်းအားနာပါတယ်၊ ဒါပေမဲ့ သိ... မဲ့အောင် ရင့်ရင့်သီးသီး ရိုင်းရိုင်းစိုင်းစိုင်းပြောတာတော့ စုနှ... တကယ်မခံစားနိုင်ဘူး မမဝင်း။ ကိုလူမောင်ဆို ရှက်လွန်းလို့... အံတကြိတ်ကြိတ်နဲ့ရယ်။ ပြီးတော့ နှစ်နှစ်လေးကိုလည်း သား... မှာ တောင်းပန်နှစ်သိမ့်ရနဲ့ တကယ့်ကို ရှက်စရာကောင်းတဲ့ဖြစ်... ပါ မမဝင်းရယ်။ ရှေ့ဆက် ဒီလိုတွေဖြစ်ရလာဦးမယ်ဆိုရင်"

"အိုး ဒီလိုမဖြစ်စေရပါဘူးကွယ်၊ မမဝင်းဆုံးမပေးပါ့မယ်... သမီးနားလည်လက်ခံလာတဲ့အထိ ဖျောင်းဖျပေးပါ့မယ်။ ဒီတစ်ကြိ... မို့ ခွင့်လွှတ်ပေးပါ စုနှင်းရယ်နော် မမဝင်းတောင်းပန်ပါတယ်... အနူးအညွတ်တောင်းပန်ပါတယ်ကွယ်၊ ကိုလူမောင်ကိုလည်း ... လိုက်ပါ၊ သခင် နောက်တစ်ကြိမ် ဒီလိုမကျူးလွန်စေရပါဘူးလို့... ဝင်း တာဝန်ယူပါတယ်လို့"

ဒေါ်ဝင်းဝင်းမေ ရေပက်မဝင် အာမခံချက်တွေ အထ... ထပ်ပေးကာ။ ဒေါ်စုနှင်းဖြူက မလျှော့ချင်သေးပါ။ ဒါပေမဲ့ လူ...



...ချင်းမို့ တောင်းတောင်းပန်ပန်ဆိုနေတဲ့ ဒေါ်ဝင်းဝင်းမေကို ငဲ့ညှာ... ပြီး မခံချင်စိတ်ကို လျှော့ချလိုက်ပြီး

"အင်းလေ မမဝင်းတာဝန်ယူတယ်ဆိုရင် စုနှင်းကျေနပ် ...ပေးပါ့မယ်။ မမဝင်းတူမကိုလည်း သေချာဖျောင်းဖျပေးပါ။ သားနဲ့ ...နှစ်နှစ်ကိုစွထဲ ဝင်မစွက်ဖက်ပါနဲ့လို့၊ သူတို့လူငယ်ချင်းမေတ္တာမျှ ...နေရင် စုနှင်းတို့က နားလည်ပေးရမှာပေါ့၊ သခင်ကလည်း သူငယ် ...ချင်းကောင်းစိတ်နဲ့ လက်ခံပေးသင့်တယ်လေ"

"ဟုတ်တာပေါ့ကွယ်၊ ဟုတ်တာပေါ့"

"ဒါပါပဲ မမဝင်း၊ စုနှင်းကို ခွင့်ပြုပါ"

"ဩော် အေး နေဦး။ အအေးလေး သောက်သွားပါဦးကွယ်"

"နေပါစေတော့ မမဝင်း။ မမဝင်းရဲ့ စေတနာမေတ္တာကို ...နှင်းအသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ မသောက်တော့ပါဘူး၊ ကို ...လူမောင်က လည်ပင်းရှည်မတတ် မျှော်နေမှာလေ။ မမဝင်း ...တာဝန် ယူတယ်ဆိုတဲ့အကြောင်းလေး ပြောရဦးမှာမို့ပါ"

"အေး... အေးပါကွယ်"

ဒေါ်ဝင်းဝင်းမေ အတင်းဆွဲမထားနိုင်တော့ပါ။ လာလည် ...ိုင်း ဧည့်ဝတ်ကျေအောင် ကျွေးမွေးနေကျ။ ကိုယ်တိုင်စိုက်ထား ... သစ်ခွပန်းတွေ ခူးပေးနေကျ။ ခုတော့ ထိုအခွင့်အရေးတွေ ...ပေးခွင့်မရတော့ပါ။

စုနှင်းကို ခြံဝထိလိုက်ပို့ပြီးနောက် ရင်မှာမောနွမ်းသွား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါ်ဝင်းဝင်းမေ ယူဆတာနဲ့ ဖြစ်လာတာ တလွဲ။

ခုတော့. .

သက်ပြင်းရှည်ကြီးချရင်း။ တူမချောကို ဘယ်လိုဆုံး
မလဲ နည်းလမ်းရှာရင်း ရင်မှာပူလောင်ကာ မေးခွန်းများမေးလျက်

တူမရယ်။ ဘာကြောင့် သူများစုံတွဲကို သွားချောင်းရ
လဲ။

ဘာကြောင့် အခန်းငှားပြီးချိန်းတွေ့ကြလို့ ဆိုရတာလဲ
ပြောစမ်းပါကွယ်။

♥ ♥ ♥



BURMESE CLASSIC .com

## အခန်း(၂၀)

"ကျွတ်"

သခင့်ဖုန်းကို ဘယ်လောက်ခေါ်ခေါ် ခေါ်လို့မရဖြစ်နေ
ာက ဆိုးသည်။ ဖုန်းခေါ်မရလို့ အန်တီမေ့ကို ဖုန်းဆက်ပြီး သခင့်
ကိုမေးလျှင် မသိပါဘူးကွယ်။ ခုချိန်ထိ ပေါ်တော်မူမလာသေးဘူး
လို့ပြောရင်း နောက်ထပ်ပြောသည်က စာချွန်နဲ့နှစ်နှစ်ကို ဘာညာ
ပြောကြောင်း ဖောက်သည်ချလေသည်။

ပြီးတော့

"သမီးကို ဖျောင်းဖျပေးစမ်းပါ"လို့လဲ အကူအညီတောင်း
လျှင် ခရမ်းချို "ဟုတ်ကဲ့"လိုက်သည်။

သခင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



သခင့်စိတ်က ဘယ်ဆီဦးတည်နေတာလဲ။ ဒါတင်မက စာ ချွန်နဲ့တကွ စာချွန့်မိဘတွေကရော ဘာအတွက်ကြောင့် ဒီလောက် ပြင်းထန်နေရတာလဲ။

စဉ်းစားရကြပ်လွန်းကာ။ နောက်ပြီး စာချွန်နဲ့သခင့်ကို ခရမ်းတစ်ကိုယ်တည်း သဘောမျှမိတဲ့အဖြစ်ကို ခရမ်း ပြန်ရုတ်သိမ် ချင်လာသည်။

ဟုတ်တယ်လေ။

တကယ်ဆို သခင်ဘာကြောင့် ဒီလိုလုပ်ရလဲ၊ သူငယ်ချင် အချင်းချင်းဖွင့်မေးလို့ရပါတယ်။ ပန်းသခင်ဆိုတဲ့ မိန်းကလေးဟာ ဘာကိစ္စကိုမှ အကြောင်းမဲ့လုပ်လေ့လုပ်ထမရှိပါ။ ဒါကို သူငယ်ချင် ဖြစ်တဲ့စာချွန် သိနေရက်နဲ့။

သခင်ကိုလည်း မမေး။ ရှက်ဒေါသနဲ့ သည်းမခံနိုင်ဖြစ် နောက်မှာ မိဘတွေပါလာတော့ အခြေအနေက ပိုဆိုးကာ။

တကယ်ဆို သခင့်ကို တိုက်ရိုက်မမေးရင်တောင် ခရမ်း မေးမြန်းသင့် ပြောဆိုသင့်ပါတယ်။ စာချွန်ဆေးကျောင်းတက် အခက်အခဲရှိစဉ်က ခရမ်းကို ဦးဆုံးပြောတယ် မဟုတ်လား။

စာချွန့်အခက်အခဲကို ခရမ်းက သခင့်ကိုပြောပြလို့ ချွန် ဒီဘဝရောက်ရတာလေ။ ဘဝနဲ့ချီတဲ့ ကျောင်းကိစ္စမှာ စာ အနေနဲ့ ခရမ်းကို တိုင်ပင်ပြောဆိုလို့ရပါရဲ့နဲ့ ဒီအသေးအမွှား ရည် ထားတဲ့ကိစ္စလေးကို ဘာလို့မပြောရတာလဲ စာချွန်ရယ်။





နင်က အချစ်စိတ်မွှန်နေလို့လား။

ဒါမှမဟုတ် သခင့်အပေါ် မျက်မုန်းကျိုးစရာတွေရှိနေလို့ ရှက်ဒေါသကို ရှေ့တန်းတင်မိသွားတဲ့သဘောလား။

ခရမ်းနားလည်ရခက်လှပါသည်။

ဒီကိစ္စကြောင့် သခင်နဲ့စာချွန်ကို သူမအတွေးထဲမှာ သဘော တူနေမိတဲ့အဖြစ်ကို ပြန်ထုတ်မိပြီး။

ဘာဖြစ်လို့လဲဆိုတော့ စာချွန်နဲ့အခုဖြစ်တဲ့အကြောင်းအရာ က ခရမ်းတို့သုံးယောက်ကြား တစ်သုံးလီသုံးဆိုတဲ့ စစ်မှန်တဲ့အဖြေ ကို ဖြောင့်ဖြောင့်ချည်း ဆန့်ကျင်တဲ့သဘောဆောင်နေလို့ပါ။

အဲဒီဆန့်ကျင်ဘက်သဘောနောက်မှာ စာချွန့်မိဘရဲ့စိတ် သဘောကလည်း အံ့ဩစရာကောင်းလောက်အောင် ပြင်းနေတာ။ အဲဒါကို ခရမ်း အံ့ဩလို့မဆုံးပါကွယ်။

စာချွန့်ကို အမှတ်ပြည့်ပေးပြီး လေးစားယုံကြည်နေတဲ့ ခရမ်းစိတ်က အခုချိန်မှာ နောက်ကောက်ကျကာ။

ဘယ်တုန်းကမှ အပြောင်းအလဲမရှိတဲ့ နေသက်တန့်စိတ် ာတ်နဲ့ယှဉ်ရင် ဆီနဲ့ရေလို။

ခရမ်းဖြစ်ချင်တဲ့ စားဖိုမှူးတစ်ယောက် ဖြစ်ခွင့်ရဖို့ သခင် ူညီခဲ့တာက ငွေရေးကြေးရေး၊ ဘယ်သင်တန်းပဲတက်မယ်ပြောပြော

"သင်တန်းကြေး ဘယ်လောက်တဲ့လဲ" မေးပြီးရင် "ရော့ ာင့်"ဆို ထုတ်ပေးကာ ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းဖြစ်ချင်တာအတွက် ခရမ်းကြိုးစားပေ့ါဟယ်။ သခင်က ခရမ်းအလုပ်ကို စိတ်မဝင်စားတော့ ဘာဘာညာညာလုပ်ငန်းကိစ္စတွေ နားမလည်ဘူး။ ခရမ်းနားလည်တာက ခရမ်းအလုပ်အတွက် လေ့လာစရာရှိတာ အကုန်လေ့လာ၊ သင်စရာ လိုအပ်သမျှ အကုန်သင်။ အဲဒီအတွက် ကုန်ကျစရိတ်အားလုံးကို သခင်ပေးမယ်။ အားနာပြီးမပြောဘဲ မနေနဲ့၊ သူငယ်ချင်းအချင်းချင်း အားနာစရာ မလိုဘူး။ သခင်ရယ် ခရမ်းရယ် စာချွန်ရယ်ဆိုတာက ဘယ်တော့မှ အနက်အဓိပ္ပာယ်မပြောင်းလဲမယ့် တစ်သုံးလီသုံးလေ"

"ဟုတ်တာပေ့ါဟ၊ သခင်ပြောတဲ့ အဓိပ္ပာယ်ကို ငါထောက်ခံတယ်၊ ငါတို့သုံးယောက်က ညီမျှစွာစိတ်ထားတတ်တဲ့ သဘောဆောင်တဲ့ 'အလီ'တွေရွှတ်သလိုပဲ၊ စိတ်ထားတန်ဖိုးတွေ ဘယ်တော့မှ မပြောင်းလဲဘူး။ နေပူပူ မိုးရွာရွာ နှင်းကျကျလေ။ ဒါတင်မက မုန်တိုင်းထန်လို့ လှိုင်းတွေလှုပ်ပြီး ကမ္ဘာကြီးအပြောင်းအလဲဖြစ်ရင်တောင် ငါတို့သုံးယောက် စိတ်ထားပြောင်းမှာမဟုတ်ဘူး။ တစ်သုံးလီသုံးပဲကွ"

စာချွန် အားကိုးမာန်တက် လက်ရုံးဆန့်ပြီး ဝင်ပြော၏။

"အင်း ဟုတ်သားနော်။ ခရမ်းတို့ဘဝတွေအတွက် သခင်ရွှတ်ပြသလိုပဲ၊ တစ်သုံးလီသုံးဟာ ခိုင်မာတဲ့ခရမ်းတို့သုံးယောက်ရဲ့ စိတ်ထားကို ကိုယ်စားပြုတယ်။ အဲဒီကိုယ်စားပြုမှုက စာချွန်ပြောသလိုပဲ၊ ကမ္ဘာကြီးပြောင်းလဲရင် ပြောင်းလဲမယ်၊ ငါတို့စိတ်ထားက





အလီ'ရွှတ်ဆိုသလိုပဲ တစ်သုံးလီသုံးဆိုတာလေ၊ ထာဝရမပြောင်းလဲတဲ့ စစ်စစ်မှန်မှန် အဖြေပေ့ါ"

ခရမ်းပြောတဲ့နောက်မှာ စာချွန်နဲ့သခင် သဘောကျလျက်။

ထိုစဉ်က သူငယ်ချင်းသုံးယောက် တစ်သုံးလီသုံး။ ထိုအလီကို အသံကျယ်ကျယ်နဲ့ ပြိုင်တူရွှတ်ဆိုခဲ့ကြသည်။

သခင့်စိတ်က ခရမ်းနဲ့စာချွန့်ဘဝ ရည်မှန်းချက်ကို ဖြည့်ဆည်းပေးဖို့ စိတ်တူကိုယ်တူ။ ခရမ်းနဲ့စာချွန်ကလည်း သခင်ဖြည့်ဆည်းပေးတာကို အားကိုးတကြီး လက်ခံခဲ့တာလည်း စိတ်တူကိုယ်တူ။

ဒီလိုတွေဖြည့်ဆည်းပေးရက်နဲ့ စာချွန့်စိတ်က ခုတော့ အပြောင်းအလဲဖြစ်လာပြီ။ ခရမ်းကတော့ ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်ပါ။ ခရမ်းဖြစ်ချင်တဲ့စိတ်နဲ့ ကြိုးစားသမျှကို သခင်ဖြည့်ဆည်းပေးတာက ငွေရေးကြေးရေး။

လုပ်ငန်းကိစ္စမှာ တကယ် ထိထိရောက်ရောက် ဖြည့်ဆည်းသင်ကြားပေးတာက နေသက်တန့်။

ဒါကြောင့် နေသက်တန့်ဟာ ခရမ်းအတွက် သခင့်လိုပဲ အရေးပါသည်။ စာချွန်က နှစ်နှစ်ကြောင့် အပြောင်းအလဲဖြစ်ကာ အဓိပ္ပာယ်လွဲတဲ့ဘက် ခြေစလှမ်းနေပါပြီ။

နေသက်တန့်ကတော့ စတင်ကြုံဆုံကတည်းက ခုချိန်ထိ ခရမ်းအပေါ် မပြောင်းလဲသေး။ သခင့်လိုပဲ စေတနာအပြည့်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကူညီခဲ့တာလေ၊ ခရမ်းဘယ်လိုလုပ် မေ့နိုင်မှာလဲ။

♥

ထိုနေ့က ခရမ်းတို့ မနားတမ်းလုပ်ရတော့ အတော် ပင်ပန်းသွားကြသည်။ ခြေတွေလက်တွေ မသယ်ချင့်လောက်အော ပြိုင်းကျနေသည်မို့ ညည်းညည်းညူညူဖြစ်လျက်။ တစ်ယောက် တစ်ယောက် စကားပင် ဟဟမပြောချင်တဲ့အထိ။

ဧည့်သည်ထောင့်ငါးရာနီးပါးအတွက် မနက်စာ ည စီစဉ်ရတာလေ။ တစ်ခါမှ အဲဒီလောက် များများ မစီစဉ်ခဲ့ရဖူးတော ဒီတစ်ခါ ပင်ပန်းတာပေါ့။

ပင်ပန်းတာကြောင့် ခရမ်းတို့ ခွေကျမတတ်ဖြစ်ပြီး အခ ထောင့်မှာ အနားယူလျက်။ ကျော်စွာနဲ့မင်းမင်းက တစ်ယောက် တစ်ယောက် နှိပ်နယ်ပေးရင်း အမောဖြေကြသည်။ ခရမ်းက ခရ ပခုံးကို ခရမ်းလက်နဲ့ နှိပ်နယ်ပြီး နွမ်းနွမ်းဖျော့ဖျော့ဖြစ်နေတာ နေသက်တန့် မြင်တော့ မျက်မှောင်ကုပ်ကြည့်၏။

"ဒါက ဘယ်လိုဖြစ်ကြတာလဲ"

နေသက်တန့်ကိုမြင်တော့ ခရမ်းတို့သုံးယောက် တစ်ယော ကိုတစ်ယောက်ကြည့်ရင်း ကိုယ်ရှိန်လေးများသတ်ကာ

"ဒီနေ့အရမ်းပင်ပန်းတာ ဆရာရယ်၊ ဆရာလဲ သိလ





နဲ့"

ခရမ်းဦးဆောင်ပြောတော့ နေသက်တန့်မျက်နှာ မနှစ်မြို့ သလို ရှုံ့တွ၏။ အော်ဒါမှာထားတဲ့ဟင်းပွဲအတွက် မီနူးပေးနိုင်ဖို့ လိုအပ်တဲ့ သားငါးနဲ့ ဟင်းသီးဟင်းရွက်တွေ စစ်ဆေးကြည့်ရှုနေရာ မှ နေသက်တန့် ချက်ချင်းရပ်ကာ

"ဒီလောက်လေးလုပ်ရတာ ပင်ပန်းသွားကြတယ် ဟုတ် လား"

"ပင်ပန်းတာပေါ့ ဆရာရယ်၊ ဆရာခိုင်းတာလည်း ကြည့် ဦး၊ ဧည့်သည်ထောင့်ငါးရာအတွက် မနက်စာညစာ လုပ်ပေးရတာ လေ၊ ခရမ်းတို့ နားချိန်တောင်မရကြဘူး"

"ဟုတ်တယ်ဆရာရယ်၊ ဆရာက အရမ်းမောင်းတာပဲ"

"ကျွန်တော်တို့လိုက်လုပ်ရတာ လက်ကလေးများက မော် တာတပ်ထားတဲ့စက်ကလေးလိုပဲ ဆရာရေ"

ခရမ်းပြောတဲ့နောက် မင်းမင်းနဲ့ကျော်စွာပါ တစ်ခွန်းစီ ဝင်ပြောလေသည်။ ထိုအခါ နေသက်တန့် ပခုံးတွန့်ကာ မဲ့မဲ့လေး ပြုံးပြီး သုံးယောက်စလုံးကို ခေါင်းတညိတ်ညိတ်နဲ့ကြည့်သည်က အားမရဖွယ်။

"ဪ ဟော် သနားစရာပါပဲလား ကျွတ်ကျွတ်"ဟု ရှုံ့တွတွနဲ့ စုတ်သတ်လျှင်

"ဆရာကလည်း ရွဲ့နေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခရမ်း လွှတ်ခနဲပြောတော့ နေသက်တန့် ယောက်ချိုခွန်းကြီး ဆွဲကိုင်ပြီး ခေါင်းခေါက်မယ့်ဟန်နဲ့

"ဟုတ်တယ်လေကွာ၊ ဒီလောက်လေးနဲ့ မင်းတို့ပင်ပန်းညည်းညူနေကြရင် မင်းတို့လက်ရည် ဘယ်လိုတက်မှာလဲ"

"ဘယ်လို"

"ဘယ်လိုရမလဲ မိခရမ်းချို၊ စားဖိုမှူးရဲ့လက်စွမ်းဆိုတာ လုပ်ရကိုင်ရတဲ့ အတွေ့အကြုံများရင် များသလောက် အရည်အသွေးတက်လာမယ်။ အချိန်အဆ ပိုတော်လာမယ်။ ဒီလောက်လေး လုပ်ရတာနဲ့ ညည်းတွားနေရင် ကိုယ်တို့တုန်းကဆို ညည်းတို့သုံးယောက် Apron ချွတ်ပစ်ပြီး Kitchenထဲက ထွက်ပြေးကုန်မယ်"

"ဟင်"

"ဘယ် ဘယ်လို ထွက်ပြေးကုန်မယ်၊ ဘာဖြစ်လို့လဲဗျာ"

ကျော်စွာနဲ့မင်းမင်း မျက်လုံးအဝိုင်းသားနဲ့ ကြည့်သည်။ ခရမ်းက နှုတ်သွက်သူပီပီ မေး၏။ နေသက်တန့်က လက်ထဲက ယောက်ချိုခွန်းကို နေရာတကျ ပြန်ထားသည်။

မျက်ခုံးနှစ်ဖက်ပင့်ကာ မီနူးအတွက် လိုအပ်တာတွေ ရေးမှတ်ဖို့ပြင်ရင်းပြောသည်။

"ဘာဖြစ်ရမလဲ ခရမ်းချို၊ ကိုယ်တို့ပြည်တွင်းဟိုတယ်တွေမှာ ဧည့်သည်အလွန်ဆုံးကြုံရရင် ထောင့်နှစ်ရာကနေ၊ အများဆုံး ထောင့်ရှစ်ရာပေါ့၊ ကိုယ် အမေရိကားက Carnival Cruiseက စားဖို





မှူးဘဝကို ပြောင်းခဲ့တယ်၊ Carnival Cruise လိုင်းပေါ်ရောက်တုန်းကဆိုရင် တစ်နေ့တစ်နေ့ကို ဧည့်သည်သုံးထောင့်ငါးရာကျော်အတွက် မနက်စာ၊ နေ့လည်စာ၊ ညစာ စီစဉ်ခဲ့ရတာကွ"

"ဘုရားရေ"

ခရမ်းတို့လက်ချောင်းတွေထောင်ရင်း မျက်လုံး တကယ်ပြူးရ၏။ ဧည့်သည်သုံးထောင့်ငါးရာကျော်အတွက် မနက်စာ၊ နေ့လည်စာ၊ ညစာတဲ့။

ခရမ်းတို့ အခုလုပ်ရတာ သူ့ထက်ဝက်သာ။ သူ့ထက်ဝက်မျှသာ လုပ်ရသေးတဲ့ခရမ်းတို့ ဒီလောက်နွမ်းဖျော့ကုန်တယ်ဆိုရင် သူ့လိုလုပ်ရရင် ဘယ်လိုများ ခံစားရမလဲ။

တွေးရင်း မျက်လုံးအပြူးသားနဲ့ ဖြစ်နေတော့ ခေါင်းလေးဆတ်ကာ နေသက်တန့်ပြောလေသည်။

"ဟုတ်တယ်ကွ၊ နောက်ပြီး ဒီကဟိုတယ်လို Section တစ်ခုတည်းမှာ အကုန်ချက်တာမျိုးမဟုတ်ဘူး၊ Kichen တွေခွဲထားတယ်၊ Salad စားဖိုမှူးက အဲဒါကိုပဲ သုံးလေးမျိုး၊ လူသုံးထောင့်ငါးရာအတွက် လုပ်ရသေးတယ်၊ Soup ဆိုလည်း သုံးထောင့်ငါးရာလုံးအတွက် သုံးလေးမျိုး လုပ်ပေးရတာ၊ ပြီးတော့ အဲဒီအတွက် အကူတစ်ယောက်ပဲ ထားပေးတယ်"

"ဟာ"

ခရမ်းချို ပါးစပ် ဟစိဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အခု လူထောင့်ငါးရာစာကို ကိုယ်တို့လေးယောက် လုပ်တာလေ၊ ဒါကိုမှ ပင်ပန်းတယ်ဆိုရင် စဉ်းစားကြည့်"

ခရမ်းတို့ တစ်ခုခုပြန်ပြောဖို့ ဆွံ့အသလို ဖြစ်ရရှာသည်။

"Carnival လိုင်းမှာ အကူတစ်ယောက်တည်းနဲ့ ဧည့်သည်သုံးထောင့်ငါးရာအတွက် သုံးနပ်စာကို ကိုယ်နှစ်နှစ်တိတိ လုပ်လာတာကွ၊ ကိုယ့်နေရာမှာ ခရမ်းတို့ဆိုရင် နှစ်ရက်တောင်ခံပါ့မလား ဟမ်"

ထိုမေးခွန်းနောက်မှာ ခရမ်းတို့သုံးယောက် ကိုယ်လေးများတွန့်ခနဲဖြစ်လေသည်။

"ဘယ်အလုပ်ဖြစ်ဖြစ် အတွေ့အကြုံများများနဲ့ ဆုံဖို့လိုတယ်၊ အတွေ့အကြုံများလေ ကိုယ့်အရည်အသွေး တက်လေပါ၊ ကိုယ်က မင်းတို့သုံးယောက်ကို ကိုယ့်ထက်သာတဲ့ စားဖိုမှူးကြီးတွေဖြစ်စေချင်တာကွ၊ အထူးသဖြင့် မိန်းကလေးဖြစ်တဲ့ ခရမ်းကိုလေ"

"ဘာဖြစ်လို့လဲဟင်"

ခရမ်းစိတ်ဝင်တစားမေးတော့ နေသက်တန့် အလေးအနက်ပြန်ဖြေလေသည်။

"ဘာဖြစ်ရမှာလဲ၊ ယောကျ်ားစားဖိုမှူးတွေကြီးစိုးတဲ့လောကထဲမှာ ခင်ဗျားလေးခေါင်းမော့နေလို့ရမယ့် လက်ရည်မျိုးဖြစ်စေချင်လို့ကွ၊ ခုတော့ဟာ ဖြစ်နေတာက တခြားစီ၊ ခရမ်းကစပြီး မင်းမင်းနဲ့ကျော်စွာပါ တိုင်ပင်ပြီး ပင်ပန်းပြနေတာဆိုတော့"





နေသက်တန့်ပြောရင်း စကားစကို ဖြတ်ထားလိုက်သည်။ လိုအပ်တဲ့အသီးအရွက်တွေဝယ်ဖို့ ရေးမှတ်နေကာ ငြိမ်နေလျှင် ခရမ်းတို့သုံးယောက် မျက်စလေးတွေပစ်ကြရင်း ပင်ပန်းတာတွေကို ဘေးဖယ်ချ၏။

"ဆောရီးပါဆရာရယ်၊ ခရမ်းတို့ကလေ တစ်ခါမှ ဒီလိုမကြုံဘူးတော့လေ"

"ဒါက ကိစ္စမရှိပါဘူး၊ ဘယ်အလုပ်ဖြစ်ဖြစ် အရည်အချင်းတိုးတက်စေချင်ရင် လက်ရည်သာချင်ရင် ကြုံလာတဲ့အခြေအနေကို ဆုပ်ကိုင်တတ်ဖို့ပဲ အရေးကြီးတယ် ခရမ်းချို"တဲ့။

ခရမ်းတို့ပင်ပန်းနေတာပဲလို့ ခြေကုန်လက်ပန်းကျမနေနိုင်တော့ပါ။ ဆရာက ထရိန်နင်ပေးနေတော့လည်း ခရမ်းတို့ လိုက်ပါရသည်က ရည်ရွယ်တဲ့အတိုင်း။

ဒီလိုအတွေ့အကြုံပဲလားဆိုတော့ မဟုတ်သေးဘူး။

နောက်ထပ် ရှိပါသေးတယ်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

"တန်ပူရာကြော် ဟုတ်လား၊ အဲဒါ ဘာစာလဲ၊ တရုတ်စာလား၊ အနောက်တိုင်းစာလား"

"ဂျပန်စာကွ"

ခရမ်းတို့ မျက်နှာလေးတွေ ရှုံ့မဲ့သွားသည်။ ဂျပန်စာအတွေ့အကြုံက ခရမ်းတို့သုံးယောက်မှာ ဘာမှမရှိသေးပါ။

ဂျပန်သံရုံးပွဲတော်အတွက် ဂျပန်သံအမတ်ကတော်ကိုယ်တိုင် လာမှာခြင်း။ နောက်ပြီး ဂျပန်တွေဟာ အစားအသောက်နဲ့ပတ်သက်ရင် တော်တော့်ကို Sensitive ဖြစ်လွန်းတာ ခရမ်းတို့သိနှင့်သည်။

နေသက်တန့်က ဂျပန်ကတော် လာမှာတဲ့ အစားအသောက်





ကို နမူနာလုပ်ပေးပြီး သံအမတ်ကတော်ကို ဦးစွာမြည်းကြည့်စေသည်။ သံအမတ်ကတော် မြည်းကြည့်ပြီး စိတ်တိုင်းကျလို့ မျက်နှာလေးမြူးသွား၏။ နေသက်တန့်ကိုလည်း တဖွဖွချီးကျူးလျက် ပြန်သွားလေသည်။

သံအမတ်ကတော် ပြန်သွားတော့ နေသက်တန့်က တန်ပူရာကြော်ဖို့ ကိုင်ပုံကိုင်နည်း Massage လုပ်ပုံလုပ်နည်းကို ခရမ်းတို့ကို သင်ပေး၏။

"သေချာကြည့်ထား၊ ပုစွန်ကို တန်ပူရာမကြော်ခင်မှာ Massage အရင်လုပ်ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပုစွန်ဆိုတာ ဆီပူထိရင် ကွေးသွားတတ်တဲ့သဘောရှိတာကိုး၊ အဲဒီလိုကွေးမသွားအောင် ပုစွန်မှာရှိတဲ့အကြောတွေကို ဖြတ်ထားရတယ်၊ အဲဒါကို Massage လို့ပြောတာ။ အဲလိုလုပ်တဲ့အခါမှာ ဖိပုံဖိနည်းနဲ့ အတိုင်းအဆကလည်း လိုသေးတယ်၊ ဖိလိုက်တဲ့အခါမှာ ဗျစ်ခနဲဆိုရင် အဲဒါရပြီဆိုတဲ့သဘော"

နေသက်တန့် ပုစွန်ကို ကိုယ်တိုင်ကိုင်ကာ လက်တွေ့လုပ်ပြရင်း နှုတ်ကလည်း တစ်ဆင့်ချင်းစီပြောရင်း သင်ကြားပေးသည်က သာမန်စားဖိုမှူးတွေနဲ့မတူ။ စားဖိုမှူးအများစုကား ဘယ်တော့မှ လက်တွေ့ပြသသင်ပေးလေ့မရှိပါ၊ သူတို့လုပ်စရာရှိတာလုပ်သွားသည်။ သူတို့လုပ်ပုံကိုင်ပုံကိုကြည့်ပြီး ကိုယ့်ဘာကိုယ် မှန်းဆနေရသည်။

ဒါက ဘာလုပ်တာလဲ၊ ဘာဖြစ်လို့လုပ်ရတာလဲ၊ မေးရင်



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်သည်က များသည်။ တစ်နည်းပြောရရင် သူတို့တတ်ထားတဲ့ ပညာကို အလွယ်တကူမပေးကြပေ။ ဆရာစားချန်တယ်ပေါ့။

နေသက်တန့်က အဲလိုမဟုတ်ပါ။ တစ်ဆင့်ချင်းစီ သင်ကြား ပေးကာ ခရမ်းက Chinese Chef သာဖြစ်ချင်တာ။ ဒါပေမယ့် Chinese Chef တတ်သင့်တာတွေသာမက ဂျပန်စာ၊ အနောက် တိုင်းစာတွေကိုပါ နေသက်တန့်က သင်ကြားပေးလို့ ခရမ်းတို့ တော် တော်လုပ်တတ်ကိုင်တတ်နေပါသည်။

ဒီလိုပညာမျိုးက ဘယ်မှာမှ ငွေပေးသင်လို့မရတဲ့ အတွေ့ အကြုံတွေ။ အဲဒီအတွေ့အကြုံအားလုံးကို နေသက်တန့် သဘော ထားကြီးစွာသင်ပေးတာလေ။ နောက်ပြီး

နေသက်တန့်က စားဖိုမှူးကြီးလည်း စားဖိုမှူးကြီး။ ဟိုတယ် ပိုင်ရှင်လည်း ဖြစ်လေတော့ မီးဖိုဆောင်ရဲ့ လိုအပ်ချက်မှန်သမျှ ကိုလည်း သိနေသည်။

တချို့ဟိုတယ်တွေဆို စားဖိုဆောင်အသုံးအဆောင်တွေ ပြည့်ပြည့်စုံစုံ ထားမပေးပါ။ အဲဒီတော့ စားဖိုမှူးတွေမှာ အခက်အခဲ တွေနဲ့ ကြုံရတာတွေနဲ့ ရင်ဆိုင်ရသည်။

နေသက်တန့်က ဒီလိုမဟုတ်ပါ။ မီးဖိုရယ်၊ ဒယ်အိုးရယ် ယောက်ဇွန်းရယ်ရှိရင်ရပြီဆိုတာမျိုးမဟုတ်ဘူး။

ကိုယ့်ဟိုတယ်၊ ကိုယ့်စားသောက်ဆိုင်က ဟင်းပွဲတွေကို နိုင်ငံတကာ အဆင့်မီစေဖို့ လိုအပ်တဲ့ပစ္စည်းပစ္စကအစ ဖြည့်ပေး





ထားသည်။

ဒါကြောင့်မို့ ခရမ်းတို့ ဒီဟိုတယ်မှာလုပ်ရတာ ပျော်တယ်ပေါ့။

နောက်ပြီး အိမ်တစ်အိမ်ရဲ့ငွေထွက်ပေါက်က မီးဖိုဆောင် ဖြစ်သလိုပေါ့။ ဟိုတယ်ရဲ့ငွေထွက်ပေါက်ကလည်း စားဖိုဆောင်ပဲ။

Chef တစ်ယောက်ဟာ ဟင်းပွဲချက်ရုံနဲ့မပြီးဘူး။ ကုန်ကျ စရိတ်ကိုလည်း တွက်ချက်ရသေးတယ်။

ဒီလိုတွက်ချက်တတ်အောင်လည်း နေသက်တန့်က ရှင်းပြ တတ်ပြန်တယ်။

"ဟင်းတစ်ပွဲရဲ့ တန်ဖိုးပေါ်မှာ Chef က သေချာတွက် ချက်ပြီးသား၊ ဒါကြောင့် ဆယ်ရာခိုင်နှုန်းထက် ပိုပြင်းငြင်းလို့မရ ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီဟင်းပွဲမှာပါရမယ့် အသီးအရွက်အရွယ် အစား၊ အသားငါးရဲ့ပုံစံက သတ်မှတ်ပြီးသား၊ လျှော့ထည့်လို့မရ ဘူး၊ လျှော့ထည့်တာနဲ့ ဟင်းပွဲအရသာနဲ့ အလှအပပြင်ဆင်တဲ့ပုံစံ ပျက်သွားမှာပဲ"

"ဟုတ်တယ်နော်"

မင်းမင်း ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ရင်း တိုးတိုး လေးထောက်ခံမှတ်သားလေသည်။ ခရမ်းတို့လည်း မှတ်သင့်မှတ် ထိုက်တာလေးမို့ စိတ်ဝင်တစား မှတ်ရ၏။

"နောက်ပြီး ကိုယ်တို့ Kitchenက ဟိုတယ်တစ်ခုလုံးရဲ့အ သက်ပဲ။ အကုန်အကျပိုင်းကအစ နောက်ဆုံး Customer ခံတွင်း



www.burmeseclassic.com

ထဲရောက်သည်အထိ အစစအရာရာ စနစ်တကျ လုပ်ဆောင်ပေး
ရတဲ့ အစားအသောက်ဝန်ဆောင်မှုဖြစ်တဲ့အတွက် အဖြေက တ
သိတာပဲ၊ Kitchen ခံတွင်းထဲထည့်လိုက်တာနဲ့ ဟာ လိုနေတယ်
ဆိုရင် သွားပြီပေါ့”

ခရမ်းအလေးအနက် ခေါင်းညိတ်မိ၏။

“ခံတွင်းထဲထည့်တာနဲ့ အာတွေ့အောင် အရသာတစ်မျိုးမျိုး
ဝင်သွားအောင် လုပ်ရတာကိုက ကိုယ်တို့Chef တွေရဲ့ ဖန်တီးမှု
တစ်နည်းပြောရရင် Chef တစ်ယောက်ရဲ့ အစားအသောက်ဖန်တီး
မှုအနုပညာပဲ၊ အဲဒီအနုပညာနဲ့ Customer အားလုံးရဲ့ခံတွင်း
ဆွဲထားနိုင်လေ ကိုယ်တို့ရဲ့ ဟိုတယ်နဲ့စားသောက်ဆိုင်တွေ အော
မြင်လေပဲ။ ဒါကြောင့် ဝါသနာပါလို့ဖြစ်ဖြစ် ဘာလို့ဖြစ်ဖြစ် ကိုယ်
တဲ့အလုပ်က ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းဖြစ်တဲ့အတွက် လု
ငန်းခွင်မှာ လိုအပ်တာမှန်သမျှကို ကိုယ့်ဘက်က အကောင်းဆုံး
အောင် လုပ်ဆောင်ပေးရင်း ကြုံလာသမျှအခက်အခဲကို ကျော်လွှ
သွားရမှာပဲ၊ ဒါမှ အောင်မြင်တဲ့ Chef တစ်ယောက်လို့ လက်
ထောင်နိုင်မယ်ကွ”

နေသက်တန့် သင်ကြားပေးတဲ့စကားတွေက ခရမ်းတို့
တွက် ခွန်အားတွေပါပဲ။

အောင်မြင်တဲ့ Chef တစ်ယောက်ဖြစ်အောင် ကြိုးစား
ရတဲ့ ခရမ်းအတွက် နေသက်တန့်က တန်ဖိုးကြီးတဲ့ ဆရာတစ်ဆူ





ဒါကြောင့် နေသက်တန့်ကို ခရမ်းလေးစားယုံကြည်ရကာ၊
အထူးသဖြင့် ခရမ်းဘဝ အသက်မွေးဝမ်းကျောင်းအလုပ်နဲ့ ပတ်
သက်ပြီး နေသက်တန့်က ခရမ်းစံထားရတဲ့ဆရာ။

သခင့်လိုပေါ့။ ခရမ်းဘဝထဲက ဘေးဆယ်ထားလို့ မရတဲ့သူ။

“ခရမ်းဆရာကလေ ခရမ်းကို သခင့်လိုပဲ အစစအရာရာ
စေတနာရှိတာ သိလား”

ခရမ်းက သခင့်ကို ထိုသို့ လေးလေးနက်နက် ပြောဖူးပါ
သည်။

“အဲဒီတော့”

သခင် မေးဖျားလေးထိုးကာ ပြန်မေး၏။ ခရမ်းက ပခုံး
နုံးလေး ပင့်တွန့်လျက်

“ခရမ်းအပေါ် စာချွန်နဲ့စာရင် ဆရာနဲ့သခင်က စိတ်တူ
ယ်လေ၊ ဒါကြောင့် ဆရာနဲ့သခင့်ကို တွေ့ဆုံပွဲလေး လုပ်ပေးချင်တယ်”

“တွေ့ဆုံပွဲ အဟင့်”

သခင်က သူမရဲ့မူဟန်အတိုင်း မနှစ်မြို့စွာဆိုသည်။

“သခင် စိတ်မဝင်စားပါဘူးခရမ်းရယ်၊ သခင်က ရှင်အဆင်
တယ်ဆိုရင် ရပြီ၊ ဘယ်ယောက်ျားနဲ့မှ သခင် မျက်နှာချင်းမဆိုင်
ဘူး၊ စာချွန်ကလွဲရင်ပေါ့”

သခင်က ထိုသို့ပွင့်လင်းသူရယ်ပါ။

နေသက်တန့်နဲ့ သခင် မဆုံဖူးသေးခင်က ခရမ်းတို့ပြော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ စကားပါ။ နောက်ပိုင်း နေသက်တန့်နဲ့သခင့်ရဲ့ ပတ်သက်... တွေ့ဆုံမှုလေးတွေရှိတာ သိလာတော့ ခရမ်းစိတ်က စချွန်နဲ့သခင့်... ကို သဘောမတွေ့နိုင်တော့ပါ။

အခု ပိုဆိုးတယ်လေ။

စချွန် ဆရာဝန်ဖြစ်ပြီးနောက်ပိုင်း သခင့်အပေါ် စိ... ပြောင်းနေတယ်မဟုတ်လား။ ပြီးတော့ စချွန်မိဘကိုယ်တိုင်... လည်း သခင့်အပေါ် လေးစားမှုမရှိတော့တာ သိသာသည်။

သခင့်ကို ခပ်လေလေမိန်းကလေးလို့မြင်ကာ၊ ခရေ... သစ်ကို သဘောကျနှစ်သက်နေကြသည်။

စချွန်နဲ့နှစ်နှစ်ကို အမြန်နီးစပ်စေချင်စိတ်နဲ့ ရှေ့တိုး... တာဆူနေကြတဲ့အချိန်မှာ သခင်က စချွန်တို့စုံတွဲကို သွားချော... သတဲ့၊ ဘာညာပြောသတဲ့နဲ့။

ခုတော့ အပြင်းထန်ဆုံး အခြေအနေ။

မကြာခင် တစ်သုံးလီသုံးဆိုတဲ့အဖြေ လွဲတော့မယ်ဆို... ခရမ်း ရင်လေးစွာသိနေပါပြီ။ ဒါကြောင့် သခင့်ကို ဖျောင်းဖျ... ခရမ်းဆုံးဖြတ်ကာ။

♥ ♥ ♥



## အခန်း(၂၂)

"ဘာပြောတယ်"

ခရမ်းစကားပင်မဆုံးလိုက်။ သခင် ဝုန်းခနဲပေါက်ကွဲစွာ ...းလျှင် ခရမ်း ပါးစပ်ကို လက်ဖဝါးလေးနဲ့ ယောင်ယောင်မှားမှား ...တ်မိသွားချေသည်။

"ပြန်ပြောစမ်းပါ"

သခင့်လက်ဖဝါးက စားပွဲခုံကိုပုတ်ရင်း မေးပြန်သည်။ ...မ်းမျက်လုံးလေးပြူးရက်နဲ့ ငြိမ်နေတော့ သခင့်မျက်နှာ မာဆတ် ...တ်လေး မဲ့ကျသွားပြီး

"သခင်က သူတို့အတွဲကို သွားချောင်းတယ်ပေါ့လေ၊ ဟုတ် ...း။ သခင်က အဲဒီလောက် အဆင့်အတန်းနိမ့်ကျနေသတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



အပျင့် ပြောတုန်းကတော့ သူငယ်ချင်းတဲ့၊ လက်ပူးလက်ကြပ်တွေ့ လိုက်ရမှ ဒင်းတို့က တွဲခုတ်နေတာ၊ သူတို့အဖြစ်ကို သူတို့မရှက်ဘဲ သခင်ပြောတော့ နာသတဲ့၊ တွေ့ကြသေးတာပေါ့ ဟွင်း"

သခင် ကြိတ်မနိုင်ခဲမရပြောရင်း စားပွဲပေါ်က လက်ကိုင် အိတ်ဆွဲကာ ဖိုးဖိုးဖတ်ဖတ် ထထွက်သွား၏။

ခရမ်းပါးစပ်ပိတ်နေလို့ မရတော့ပါ။ စိုးရိမ်စိတ်နဲ့ သခင့် လက်မောင်းကို ကမန်းကတန်းထဆွဲလျှင်

"ခရမ်း ရှင်မတားနဲ့၊ သခင့်နောက်လည်း လိုက်မလာနဲ့၊ ဒါပဲ"

လက်မောင်းပေါ်က ခရမ်းလက်ကို သခင်ဖယ်ချရင်းပြတ် ပြတ်ပြောပြီး ဒေါသနဲ့ထွက်သွားသည်။

ခရမ်းလိုက်သွားလို့လည်းမရ။ သခင်က ဒါဆိုဒါပဲ မဟုတ် လား။ ခြေလှမ်းတွေ ရှေ့တိုးခွင့်မသာတော့ ခရမ်းစိတ်ပျက်လက် ပျက်နဲ့ မငြိမ်မသက်ဖြစ်လို့သွားသည်။

ပြောလိုက်ကာမှ ပိုဆိုးသွားပြီလား။

မပြောဘဲနေရင် အကောင်းသားလို့ ခရမ်းတွေးမိရင်း ဆက်ဘာတွေဖြစ်ကုန်မလဲ။

ရင်ပူလျက်။

သခင်ကတော့ တွေဝေဖို့နေနေသာသာ ခံပြင်းစိတ် လျှပ်စစ်လိုပဲ လျင်မြန်စွာ။ တရှိန်ထိုးဦးတည်သွားသည်က စာ ဆီလား၊ နှစ်နှစ်ဆီလား။





ဒါမှမဟုတ် စာချွန့်မိဘနှစ်ပါးဆီလား။

"ဘယ်ဆီကိုလဲ သခင်ရယ်"လို့။

ခရမ်းတစ်ကိုယ်တည်း မေးရင်း။

♥

"ဆရာ သခင့်ကိုတားပေးပါနော်၊ သခင်က အရမ်းဒေါသ ဖြစ်နေတာ ဆရာရဲ့၊ တော်ကြာ အားလုံးကိုပတ်ပြီး ပြောလားဆို လားဖြစ်နေရင် ပြဿနာက ပိုကြီးမှာဆရာရယ်။ ခရမ်းကိုကူညီတဲ့ အနေနဲ့ သခင့်ကို တားပေးပါနော်"

ခရမ်းချိုရဲ့ ကူကယ်ရာမဲ့ပြောသံလေး ဖုန်းလိုင်းထဲကတစ် ဆင့် သူ့နားထဲ တဒိုင်းဒိုင်းဝင်လာသည်။

ထိုအခါ သူ့ရင်ခုန်သံ လှုပ်လှုပ်ရှားရှားဖြစ်လျက် သခင့် နောက်လိုက်ခဲ့ရတဲ့အဖြစ်။

ပန်းသခင် ဒေါသတရှုံရှုံထွက်လျက်။ ကားကို လမ်းဘေး ထိုးရပ်ကာ ဆံမှတ်လို့ ဆိုင်းဘုတ်တင်ထားတဲ့ ကော်ဖီဆိုင်ကို လှမ်း ကြည့်၏။

ပြီးတော့ ကားတံခါးကို အားနဲ့ဖွင့်ပြီး နောက်ပြန်ပိတ်ကာ ရောင်စုံဘောလုံးများနဲ့ အလှဆင်ထားသည့် ဆံမှတ်ဆိုင်ပေါက်ဝဆီ ခြေလှမ်းကြဲကြဲ လှမ်းသွားသည်။

"ပန်းသခင်"



www.burmeseclassic.com

www.burmeseclassic.com



နေသက်တန့် လှမ်းခေါ်ရင်း သခင့်ကားနောက်ရပ်လိုက်တဲ့ သူ့ကားပေါ်က ကမန်းကတန်း ဆင်းလာသည်။

ခေါ်သံကြောင့် သခင့်ခြေလှမ်း တန့်သွားမလိုဖြစ်၏။ စာချွန်ကို ဆုံမှတ်လာခဲ့မယ်လို့ ချိန်းပြီးသား။

စာချွန်နဲ့အတွေ့မှာ ရှင်းကြမယ်လို့ မောင်းတင်ထားတယ် မဟုတ်လား။

အခုခေါ်သံက စာချွန်မဟုတ်မှန်းသိသည်။

ဩရှရှနဲ့ ယောကျ်ားပီသသလို ခန့်ညားတဲ့ခေါ်သံက အရှိန်အဝါတစ်မျိုး ညှို့အီလျက်။

ဦးနှောက်က လှည့်မကြည့်နိုင်ဘူးလို့ ဆိုနေပေမယ့် လည်ပင်းလေးလိမ်ကာ လှည့်ကြည့်မိသည်က၊ အရင် ဖြစ်လေသည်။

"နေသက်တန့်"

သခင့်ဆီလာနေတဲ့ နေသက်တန့်။ အနီနဲ့အညိုရောင်ပါနေတဲ့ ရှပ်ကွက်လက်ရှည်ကို လက်ခေါက်ဝတ်ထား၏။ ဘောင်းဘီရှည်အနက်နဲ့ သူ့ပုံစံက ခန့်ညားသလို သခင့်ခြေလှမ်းကိုလည်း ရပ်တန့်သွားစေသည်။

"သခင်"

သူ နောက်တစ်ခွန်းခေါ်ရင်း သခင့်လက်ကောက်ဝတ်ကို ပိုင်စိုးပိုင်နင်းဆွဲကိုင်၏။

"ဟင်"





သခင့်တစ်ကိုယ်လုံး တုန်တက်သွားကာ အရာရာကို မေ့လုမတတ်။ ဆုပ်ကိုင်ပြီးဆွဲခေါ်တဲ့ သူ့ရဲ့လှုပ်ရှားမှုက သခင့်ရင်ကို တဒိုင်းဒိုင်းခုန်စေကာ မျက်လုံးလည်း ပြူးကျယ်ဝိုင်းစက်သွားလေသည်။

သူက ဘာမှမပြော။ ဆွဲသွားတဲ့လက်ကိုလည်း မလွှတ်။ သူဆွဲသွားတဲ့အတိုင်း တစ်ရှူးထိုးပါသွားတဲ့ သခင့်ကိုယ်ဟာ အံ့ဩမှုတွေနဲ့အတူ ဆွံ့အနေသည့်အလား။

သူ့ကားပေါ် သခင့်ကိုဆွဲတင်ပြီး သူကိုယ်တိုင်လည်း ကားမောင်းသူနေရာ ဝင်ထိုင်၏။

ပြီးတော့ ကားကို ဝူးခနဲမောင်းထွက်သွားလျှင် သခင့်ကိုယ်လေးယိုင်ထိုးသွားရာမှ ဖျတ်ခနဲ အသိဝင်လာသည်။

"ရှင် ရှင် ဒါဘာလုပ်တာလဲ"

သူငဲ့မကြည့်သလို ဘာမှလည်းပြန်မပြော။ ကားကို အရှိန်မြှင့်မောင်းနေသည့်သူ။ သခင် လန့်ဖျပ်သံလို ဒေါသလည်း လှိုက်တက်လာကာ။

"ရှင် ခုချက်ချင်း ကားရပ်စမ်းပါ၊ ရပ် ရပ်စမ်း"

သခင်အမိန့်ပေးသလို ပြင်းပြင်းထန်ထန် ပြောပါသည်။ သူကမမှုတာလား၊ အရေးမစိုက်တာလား၊ သခင် ခွဲခွဲခြားခြား မခန့်မှန်းတတ်ပါ။

"တောက် နေသက်တန့် ရှင့်ကား ခုချက်ချင်းရပ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



သခင် အသည်းယားလျက် နောက်ထပ်အမိန့်ပေးပြန်သည်။ သခင်ဟာ သူငယ်ချင်းတွေအပေါ်မှာ ဒီလိုပဲ ဆက်ဆံနေကျ။ သူငယ်ချင်းတွေက သခင် ဒါဆိုဒါပဲ ဖြစ်ခဲ့သည်။

ခုတော့ သူငယ်ချင်းလည်း မဟုတ်၊ ဘာလည်းမဟုတ်ဘဲနဲ့။ သခင့်ကို ပိုင်စိုးပိုင်နင်းနဲ့ ကားပေါ်ဆွဲခေါ်လာတာ။

သခင် ဘယ်နည်းနဲ့မှသည်းမခံနိုင်တော့ပါ။ ကားတံခါးကို ဆွဲဖွင့်တော့လည်း တံခါးမပွင့်ချေ။ သူဘယ်လိုပိတ်ထားတာလဲ၊ ဆွဲဖွင့်လို့မပွင့်တော့ သခင်ဒေါသပိုထွက်၏။

"ရှင် ဘယ်လိုလူလဲ ဟမ်"

ကားလက်ကိုင်ကိုင်ထားတဲ့ သူ့လက်မောင်းကို ဆွဲကိုင်မေးလျှင် ကားက ရမ်းခါသွားသည်။ ဒါလည်း သူမဖြေ။ လက်တစ်ဖက်နဲ့ ကားလက်ကိုင်ထိန်းကာမောင်းရင်း ကျန်လက်တစ်ဖက် သခင်ဆွဲတားနေတဲ့လက်ကို ဖယ်ရှားနေကာ ကားကို လမ်းချိုးတစ်ခုထဲ ကွေ့ချလေသည်။

"တောက် ရှင်တော်တော်လူပါးဝပါလား၊ ရှင် သခင့်ကို ဘယ်လိုထင်နေတာလဲ"

သခင်ပြောရင်း ကားလက်ကိုင်ကိုင်ထားတဲ့ သူ့လက်တစ်ဖက်ကိုပါ ဆွဲတားပစ်လိုက်သည်။ ထိုအခါ ကားက ယိမ်းထိုးသွားလျှင်

"ဟာ ဟေ့ ဖယ်စမ်းကွာ၊ အားလုံးသေကုန်လိမ့်မယ်"

သူ့အထိတ်တလန့် ဖြစ်လေသည်။ သခင်ဆွဲတားနေတဲ့





လက်ကိုလည်းဖယ်ရင်း ကားလက်ကိုင် ပြန်ထိန်းနိုင်ဖို့ ကြိုးစားသည်။

သခင် လက်မလျှော့ပါ။ ဖြစ်ချင်ရာဖြစ်စေတော့။ သခင့်စိတ်က အဲလိုပဲလေ။ သခင့်ကို ဖွတ်လုပ်လာရင် သခင်ငြိမ်ခံနေမှာ မဟုတ်ဘူး။

"ပန်းသခင် တောက်"

ကားက အထိန်းအကွပ်မဲ့ သွားချင်ရာ ဦးတည်နေတာက အန္တရာယ်။ တားလို့ဆီးလို့ ပြောလို့ရမှာ မဟုတ်မှန်း နေသက်တန့် သိတာမို့ ပန်းသခင် လက်ကိုရှောင်ရင်း ကားလက်ကိုင်ကို ရင်ဘတ်နဲ့ထိန်းကာ လမ်းဘေးထိုးကျသွားအောင် ပခုံးနဲ့တွန်းလှည့်လျှင် ကားခေါင်းလည်စင်းပြီး လမ်းဘေးလွန်ကာ ခြံစည်းရိုးကို ဝင်အောင်းလေသည်။

"ဒုန်း"

"အမေ့"

ကားဆောင့်သံအကျယ်ကြီးကြောင့် သခင်မျက်လုံးမှိတ်ချလိုက်သည်။ ဆွဲကိုင်ထားမိတဲ့ သူ့လက်နှစ်ဖက်ကိုလည်း ဖက်တွယ်မိလျက်။

သခင် အသက်မရှူဘဲ ငြိမ်နေမိတာက အတန်ကြာ။ ဘာတွေဖြစ်ပြီလဲ။ ဦးနှောက်အသိက အသံတိတ်မေး၏။

မျက်လုံးမဖွင့်ရဲအောင် သခင် သွေးကြောင်လို့နေပါသည်။

"သခင်"



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုး သူခေါ်သည်။ သခင် မထူးမိပါ။

ရှူထုတ်လိုက်တဲ့ သူ့နှာခေါင်းထဲက လေနွေးနွေးက သခင့် ဆံပင်တွေကို လှုပ်ရှားသွားစေတာ သခင်သိနေသည်။ နောက်ပြီး သူ့ကိုဆုပ်ကိုင်ထားမိတဲ့ သခင့်လက်နှစ်ဖက်စလုံးကို သူ လက်ဖဝါး နဲ့ကပ်ကာ ပူးတွဲဆုပ်ကိုင်လေသည်။

ထိုအခါ သခင့်ရင်မှာ နွေးရာသိမ့်သိမ့်ခုန်နေကာ။

ဆုပ်ကိုင်ထားတဲ့ သခင့်လက်ကို သူမလွှတ်ဘဲ တိုးတိုးသာ သာပြောသည်။

"သခင့်ကို ကိုယ်ချစ်တယ်"တဲ့။

"ဟင်"

သခင် လန့်ဖျပ်သွားသလို တစ်ကိုယ်လုံးလည်း တုန်ခါမတတ် ဖြစ်လေသည်။ နောက်ပြီး သခင့်မေးဖျားလေးကို ဖျစ်ကိုင်သလို သခင့်ဆံနွယ်လေးများကို သပ်ပေးလျှင်

"ဟင့်အင်း"

သခင်ခေါင်းခါလျက်၊ သူ့လက်ထဲက ရုန်းထွက်သည်။ သူ အလိုက်သင့်ပင် ဖြေလွှတ်ပေးလျှင် သခင့်လက်ချောင်းတွေ ခံပြင်း စိတ်နဲ့ ဆုပ်ထွေးကုန်သည်။ ထို့နောက် သူ့မျက်နှာကို အဆက်မပြတ် ထုမိချေသည်။

ပိရိပါးလျသော ပန်းသွေးရောင် သူ့နှုတ်ခမ်းလွှာလေးတွေ။ ပါးမွှေးရာစိမ်းနေတဲ့ သူ့ပါးပြင်နဲ့မေးဖျားတို့မှာ သခင့်လက်သီးဆုပ်





တဖုတ်ဖုတ်ကျလျက်။ သခင် မပြတ်ထုနေသည်ကို သူ ငြိမ်သက်စွာ ခံယူမိ၏။

အချစ်ဆိုတာ ဘယ်လိုခံစားမှုလဲ။

သခင် မတွေးချင်တော့ပါ။

ရှက်တာက အရင်။ ခံပြင်းတာက နောက်။ ဒေါသနဲ့ တုန့် ပြန်မိသည်က အားမပါတဲ့ ထုနှက်မှုတွေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၃)

"ကျွတ်"

သခင့်မျက်နှာကြီး ရှက်စိတ်နဲ့ ရဲရဲနီကာ၊ တွေးမိလေ ရှက်လေ။ မျက်နှာက နီလေ။ သူများနဲ့ရင်ဆိုင်ဖို့မပြောနဲ့။ သခင့်မျက်နှာကို သခင် မှန်ထဲမှာပင် မကြည့်ရဲအောင်ရှက်၏။

အထူးသဖြင့် သူဆုပ်ကိုင်ခဲ့တဲ့ သခင့်လက်ချောင်းသွယ်လျလျရယ်။ ဝင်းမှည့်နေတဲ့ သခင့်မေးဖျားရယ်။

သူ့လက်ချောင်းလေးတွေနဲ့ တယုတယသ,ကိုင်ခဲ့တဲ့ သခင့်ဆံနွယ်လှလှလေးရယ်လေ။

နူးညံ့သိမ်မွေ့မှုတွေ ပါဝင်နေတဲ့ သူ့အပြုအမူတွေက သခင့်အတွက် ဆန်းသစ်တဲ့ ဘာသာရပ်တစ်ခုကို ဖြူန်းစားရင်ဆိုင်ရသလို





အလိုမကျတာလား၊ မနေတတ်တာလား။

ဘာလား ညာလား။

သခင် ခွဲခွဲခြားခြား မခံစားတတ်ပါ။ ဒါပေမယ့် ရှက်နေတာ ရာနှုန်းပြည့်။

"သခင့်ကို ကိုယ်ချစ်တယ်"တဲ့။

ပြန်ကြားယောင်မိလေ သခင်ရှက်လေ။

နားနှစ်ဖက်ကို လက်ဖဝါးနဲ့ ဖိအုပ်ရင်း ခေါင်းတွင်တွင်ရမ်းပစ်သည်က အကြိမ်ကြိမ်။ ဒီလိုစိတ်လှုပ်ရှားမှုမျိုးနဲ့ ရှက်တတ်ခြင်းမျိုး သခင် တစ်ခါမှ မကြုံဘူးပါ။

ချစ်တယ်လို့ ရင်ဖွင့်ခံရတဲ့အကြောင်းအရာက သခင့်အတွက် မဆန်းလှပါ။ ကျောင်းတုန်းကလည်း ခဏခဏကြုံဖူးပါသည်။ ခုနောက်ပိုင်းလည်း အနောက်ကလိုက်ပြီး ရည်းစားစကားပြောနေတာ ကြားနေကျ။

အထူးသဖြင့် မောင့်မူပိုင်လေ။

သခင့်ကို ဘယ်လိုချစ်ကြောင်း ဘာညာပြောနေတတ်တာ သခင် နားခါးလှတဲ့အထိ။ ဒါကြောင့် ပိုင်ပိုင်နဲ့သခင် ထိပ်တိုက်တွေ့တာနဲ့ ရှောင်တတ်သည်။

ပိုင်ပိုင်က သခင့်ကိုချစ်တယ်လို့ ရင်ဖွင့်တိုင်း သခင်နားလည်ပေးနိုင်ပါသည်။ အချစ်ကို ကိုးကွယ်ချင်တဲ့လူငယ်ဘာသာဘာဝလေ။



www.burmeseclassic.com

www.burmeseclassic.com



သခင်ကသာ အချစ်ကို မကိုးကွယ်ချင်တဲ့အဖြစ်။ ဒါက လည်း အကြောင်းမဲ့မဟုတ်ပါ။

ဒယ်ဒီနဲ့မာမီကိုပဲကြည့်။ ခေါင်းစဉ်က "ချစ်လို့လက်ထပ် ယူခဲ့ကြသတဲ့"ဘယ်မှာလဲ။ သာယာလှိုက်မောဖွယ်ကောင်းတဲ့ ခံစား ချက်။ ခုချိန်ထိ သခင် ရှာမတွေ့သေးပါ။

မိန်းကလေးတွေရဲ့အချစ်က ဘာလဲ။ ယောက်ျားလေးအချစ် က ဘယ်လိုအနှစ်သာရမျိုးလဲ။ သခင် စူးစမ်းဖို့လည်း စိတ်မဝင် စားပါ။ ဒါပေမဲ့ စာချွန်နဲ့အပေါ်မှာ လေးလေးနက်နက်တန်ဖိုးထား တဲ့စိတ်နဲ့ သံယောဇဉ်တွယ်ငင်မှု ရှိခဲ့ပါသည်။

ဒါကို အချစ်ရဲ့ရှေ့ပြေးလက္ခဏာလားလို့ တစ်ခါတစ်ခါ သခင်တွေးတောခဲ့ဖူး၏။

ခုလို ရင်ခုန်လှုပ်ရှားမှုမျိုး ရှက်စိတ်ဖုံလိုက်မှုမျိုးတွေအဖြစ် ပေါ်မလာဖူးပါ။

နေသက်တန့်။

ရှင်ဟာ ဘယ်လိုယောက်ျားလဲ။ ရှင်ပြောတဲ့ ချစ်တယ်ဆို တဲ့ စကားလုံးဟာ ဘယ်လိုဖီလင်မျိုးတွေ သွပ်သွင်းထားလို့လဲ။

သခင်ခံစားနေရတာက ကစဉ့်ကလျား။

သခင်ဖြစ်ချင်တာက စာချွန်နဲ့ရင်ဆိုင်ပြီး ပြောချပစ်ဖို့။ တကယ်ဖြစ်လာတာက ရှင့်ကြောင့် ရှက်ရွံ့လှိုက်မောဖွယ်။

ရင်မဆိုင်လိုတဲ့စိတ်အလျင်နဲ့ သခင်ကိုယ့်သခင် အခန်းထဲ





လှောင်ပိတ်မိနေတဲ့အဖြစ်။

ဆန်းလှတယ် နေသက်တန့်ရယ်။

ရှင်နဲ့သခင်က ဘာကြောင့် မထင်မှတ်ဘဲ ခုလိုကြုံရဆုံရ ဖြစ်နေတာလဲ။ ကြုံလိုက်ဆုံလိုက်တိုင်းလည်း အံ့ဩစရာအဖြစ်တွေ နဲ့ချည်း။

နူးညံ့သိမ်မွေ့ခြင်းတွေမပါ။ အသည်းအသန် အူယားဖား ယားဖြစ်ခြင်းတွေနဲ့သာ။

ပထမတစ်ခါဆုံတွေ့တုန်းက မိုးတောထဲမှာ သူ့ခြံထဲက နှင်းဆီပန်းတွေ သခင်ခိုးယူခဲ့ခြင်း။

သူလိုက်လို့ သခင် လွတ်အောင်ပြေးခဲ့ရသည်မဟုတ်လား။

နောက်တစ်ခါ ထပ်ဆုံသည်က ခရမ်းနဲ့စကားပြောရင်း သခင်ကိုင်ထားတဲ့ မုန်လာဥနီကို စကားပြောတဲ့အတိုင်း ပစ်ပေါက် မိတာ သူ့မျက်လုံးတည့်တည့်။

ပိုင်ပိုင်နဲ့ ကလပ်မှာ ချိန်းတုန်းကလည်း သူနဲ့ဆုံပြန်သည်။ သူလာရောပြီး သခင့်လက်ပတ်ကြိုးလေး ပြန်ပေးဖို့ကြိုးစား၏။

သခင်ခေါင်းခါပစ်ခဲ့သည်။ ပျောက်ဆုံးသွားတဲ့ လက်ပတ် ကြိုးကို သခင်ပြန်မလိုချင်။ ရသူယူကြေး သဘောထားလိုက်သည်။

ဟော ခုတစ်ခါ သခင့်ကို ပိုင်ပိုင်စိုးစိုးနဲ့ လက်ဆွဲပြီး ကား ပေါ်တင်ခေါ်လာတာ။ ကားက အက်ဆီးဒင့်အသေးစားလေးဖြစ် တာနဲ့ ကြုံဆုံရတဲ့နောက်မှာ သူရင်ဖွင့်တာက ချစ်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကဲ အံ့သြဆန်းပြားမနေဘူးလား။

ဘယ်အဖြစ်အပျက်နဲ့ ဘယ်ကြုံဆုံမှုက အချစ်ဆီခေါ် ဆောင်သွားနိုင်တဲ့ ခန်းနားလှပမှုနဲ့ နူးညံ့သိမ်မွေ့မှုတွေ ရှိနေလို့လဲ။

ဖြေစမ်းပါ နေသက်တန့်ရယ်။

♥ ♥ ♥



## အခန်း(၂၄)

"ချလွမ်း"

နံရံနဲ့ပစ်ပေါက်ခံရတဲ့ အကြည်ရောင်ဖန်ခွက်လှလှလေးခမျာ အစိတ်စိတ်ကွဲကာ ကွန်းကွက်ကြွေပြားအခင်းပေါ် လွင့်ကျသွားလေသည်။

ဖန်ခွက်ကို တမင်တကာ ပစ်ပေါက်ခွဲချေလိုက်သည်က နေသက်တန့်ကို မကျေနပ်လို့မှန်း သိသာနေသည်။

ကျွတ်။

နေသက်တန့် စိတ်ပျက်လက်ပျက်နဲ့ မောင့်မူပိုင်ကို ငေးကြည့်ကာ ဘယ်တော့မှ ရင်မဆိုင်ကြေးလို့ ခံယူထားပေမယ့် တည့်တည့်ရောက်လာပြီး ရမ်းကားနေသည်က သူ့ဟိုတယ်ရဲ့စားသောက်ခန်းကို ရှုတ်ရှုတ်သဲသဲဖြစ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲဝိုင်းအပြည့်ရှိနေတဲ့ စားသောက်သူတွေအားလုံး မောင့်မူပိုင်ကိုပဲ စောင့်ကြည့်လျက်။ ဘာတွေဖြစ်လာမလဲဆိုတာလည်း စိတ်ဝင်စားနေကြသည်။

ဝိတ်တာ ထိန်းလို့လည်းမရ။

မှာထားတဲ့အစားအသောက်ပန်းကန်တွေ စားပွဲပေါ် ချပေးသည်နှင့် မောင့်မူပိုင် တစ်ခုပြီးတစ်ခု နံ့ရုံနဲ့ကောက်ပေါက်နေခြင်း။ နေသက်တန့် စားသောက်ခန်းအဝ အပြေးအလွှားရောက်လာသည်က သောင်းကျန်းနေသူကို ဖျောင်းဖျထိန်းသိမ်းဖို့ပါ။

သောင်းကျန်းနေသူက တခြားမဟုတ်။ မောင့်မူပိုင်ဖြစ်နေတော့ ခက်ချေပြီ။ သူ ရှေ့တိုးသွားရအခက်၊ နောက်ဆုတ်လို့လည်းမလွယ်။

ဘယ်လို ရင်ဆိုင်ရမလဲ။

စဉ်းစားလို့ အဖြေမရသေးခင် မောင့်မူပိုင် စားပွဲခုံကို တွန်းဖြိုလိုက်လေသည်။ ဝုန်းခနဲ စားပွဲကျသံနောက်မှ စားသောက်နေသူတွေ မျက်လုံးပြူးကာ လှုပ်လှုပ်ရှားရှားဖြစ်ကုန်သည်။

အခြေအနေဆိုးနေတဲ့အဖြစ်။ ဝိတ်တာအားလုံး မောင့်မူပိုင်ဆီ ပြေးသွား၏။

"ဘာဖြစ်လို့ပါလဲခင်ဗျ၊ ဘာလိုအပ်ပါလဲ၊ ကျွန်တော်တို့ ဘာတွေ ဆောင်ရွက်ပေးရမှာလဲ"နဲ့

ပျာပျာသလဲမေးရင်း ယဉ်ကျေးသိမ်မွေ့စွာ ထိန်းသိမ်းဖို့ ကြိုးစားကြလေသည်။ မောင့်မူပိုင်က လက်နှစ်ဖက် ခါးထောက်ရပ်လျက်နဲ့





"မင်းတို့ဘော့စ် နေသက်တန့်ကို ပြောလိုက်ကွ"

"ဟုတ်ကဲ့ပါခင်ဗျ၊ ဘာပြောရမလဲဗျာ"

သူရှေ့တိုးမလာတာ သိနေတော့ သူ ဝိတ်တာလေးများ သူ့မျက်နှာပေးအခြေအနေကို သိနှင့်ကြသည်။ အရေးကြီးတာက ဒီစားသောက်ခန်းထဲက မောင့်မူပိုင် ထွက်သွားစေဖို့ပဲ။

နောက်ဆို စားသောက်နေသူတွေ ထပြေးကုန်မယ် မဟုတ်လား။ စားသောက်သူတော်တော်များများက နေသက်တန့်နဲ့ မောင့်မူပိုင်ကို တစ်လှည့်စီကြည့်ကာ အသံတိတ်မေးခွန်းတွေ ထုတ်နေကြသည်။

မောင့်မူပိုင်က နာမည်ကြီးအဆိုတော်မို့ စိတ်ဝင်စားသလို ဒီဟိုတယ်ပိုင်ရှင် နေသက်တန့်နဲ့ ဘာပတ်သက်မှုရှိနေလဲ။

ဒါကိုလည်း သိလိုလှစွာ ကြည့်နေကြခြင်း။ နေသက်တန့် စိတ်ပျက်လက်ပျက် ဖြစ်ရလေသည်။ သူ့ဘက် ကျောပေးရပ်နေတဲ့ မောင့်မူပိုင်ပုံစံက သားကောင်ကို ခုန်အုပ်တော့မယ့် ကျားတစ်ကောင်နှယ် မာန်ကြွလျက်။

"သခင့်ရှေ့ ခြေတစ်လှမ်းမှ မတိုးနဲ့"

"ဗျာ"

ဝိတ်တာလေးများ ဗျာသံတွေ ပြိုင်တူထွက်သွားသည်။ သခင်ဆိုတာ ဘယ်သူမှန်း ဝိတ်တာလေးများ မသိကြပါ။ သူ့ကိုလှည့်ကြည့်ခြင်း ခေါင်းကုတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ဒီမှာ မောင့်မူပိုင်"

သူစိတ်ထိန်းထားလို့ မရတော့ပါ။

ရုတ်ခြည်းတင်းမာသွားတဲ့စိတ်နဲ့ မောင့်မူပိုင်ဆီ ပြေး လှည့်လျှင်

"နေ"

လင်းဇံနဲ့ခန့်ညား ခေါ်သံနဲ့အတူ နေသက်တန့်အနား ရောက်လာသည်။ မောင့်မူပိုင်ရှေ့ တိုးသွားနေတဲ့သူ့ကို တားမြစ် သလို လှမ်းဆွဲ၏။ မောင့်မူပိုင် လှည့်မကြည့်ပါဘဲ အခြေအနေကို သိနှင့်တာမို့

"နေသက်တန့် မင်းဟာ ကိုယ်ရမယ့်ဝေစုကို အမြဲတမ်း နှိုက်ယူနေတဲ့ကောင်၊ တခြားကိစ္စမှာ ကိုယ်သည်းခံနိုင်ပေမယ့် သခင့် ကိစ္စမှာ ဆောရီးပဲကွ"

အနိုင်ပိုင်းနဲ့ပြောပြီး ထွက်သွားတဲ့မူပိုင်။

"တောက်"

သူငယ်ချင်းနှစ်ယောက် ဆွဲတားထားတဲ့ကြားမှ ခံပြင်း တောက်ခတ်ရင်း နေသက်တန့် လိုက်သွားဖို့ ကြိုးစားသည်။

"နေ မင်း စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ကွာ"

"လာ နေ"

ခန့်ညားတို့နှစ်ယောက် သူ့ကို ဝိုင်းဝန်းဆွဲထားပြီး ဆောင်ထဲ ဆွဲခေါ်လေသည်။





စားသောက်နေသူအားလုံးရဲ့မျက်နှာမှာ နေသက်တန့်ကို တစ်မျိုးမြင်သွားလျှင် သူ့မျက်နှာ ညိုမှောင်သွားက။

"ကိုယ်ရမယ့်ဝေစုကို နှိုက်ယူနေတဲ့ကောင်"တဲ့။

ထိုစကားလုံးက သူ့အသိတရားကို အဆိပ်တက်နေစေသည်။ နောက်ပြီး

"တခြားကိစ္စမှာ ကိုယ်သည်းခံနိုင်ပေမယ့် သခင့်ကိစ္စမှာ ဆောရီးပဲ"တဲ့။

သူ့နှလုံးသားမှာ နာနာကျင်ကျင် အံကြိတ်မိပြန်သည်။ သူ့ဟိုတယ်ကို ကျူးကျော်လာပြီး သူ့ Customer တွေရှေ့တင် သူ့သိက္ခာကို လာပြီးစော်ကားတဲ့အဖြစ်။

"ကိုယ့်ကို လွှတ်ပေးစမ်းပါကွ"

နေသက်တန့်ရင်ထဲမှာ ဘယ်လိုမှ မခံနိုင်ဖြစ်လျက် ရုန်းထွက်ဖို့ကြိုးစားသည်။

"နေ မင်းရင်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ ကိုယ်တို့သိတယ်၊ မင်းနဲ့မူပိုင် ပတ်သက်မှုကို မင်းထုတ်မပြောပေမယ့် ကိုယ်တို့သိနေတာ ကြာပြီကွ"

"ဒီလိုအချိန်မှာ မင်းစိတ်လိုက်မာန်ပါလုပ်မိရင် အားလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်မယ်၊ မူပိုင်က နိုင်ငံသိနာမည်ကြီးအဆိုတော်၊ မင်းကလည်း နိုင်ငံသိ အောင်မြင်နေတဲ့ ဟိုတယ်ပိုင်ရှင်၊ မင်းတို့နောက်မှာ မီဒီယာသမားတွေ ရှိတယ်၊ အဲဒီမီဒီယာတွေက မင်းဖုံးဖိထား



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ကိစ္စတွေကို ထိုးဆွဖော်ထုတ်ကြမှာပဲ၊ အဲဒီတော့ ဒီထက်ပို အရှက်ကွဲစရာတွေ ဖြစ်ကုန်မယ် နော်"

"ကျွတ်"

နေသက်တန့်အတွက် ဘယ်ဘက်ကမှ အခွင့်မသာ။ ခံပြင်းမှုနဲ့ပေါက်ကွဲတဲ့စိတ်က သူငယ်ချင်းတွေ ဆွဲထားတဲ့နောက်မှာ ဘာမှ လုပ်ခွင့်မသာ။ ကျစ်ကျစ်ဆုပ်ထွေးထားမိတဲ့လက်သီးက နံရံကိုထိုးချလျက်။

"ဆရာ မလုပ်ပါနဲ့"

စားဖိုဆောင်ထဲက ကမန်းကတန်း ပြေးထွက်လာတဲ့ ခရမ်းချို နေ့လက်ကို ဆွဲထားပြန်သည်။

နေသက်တန့် ဘာမှမတတ်နိုင်တဲ့အဖြစ်။ ခံနေရတာတောင် အချုပ်အနှောင် အတားအဆီးတွေနဲ့။ သူ့နေရာမှာ ဝင်ခံစားကြည့်စမ်းပါကွ။

♥ ♥ ♥



## အခန်း(၂၅)

"ဘယ်လို ပိုင်ပိုင်က ဟုတ်လား"

"ဟုတ်တယ် သခင်။ ပိုင်ပိုင်နဲ့ဆရာ့ကြားမှာ ဇယားငြိနေတာရှိတယ်၊ ဘာဇယားလဲ ခရမ်းမသိဘူး။ ဒါပေမဲ့ ဟိုတယ်စားသောက်ခန်းထဲဝင်လာပြီး ရမ်းကားတာတော့ ပိုင်ပိုင် မတရားဘူး။ နောက်ပြီး သခင့်နာမည်ပါနေတော့ ခရမ်းလည်း အံ့သြနေတယ်။ ပိုင်ပိုင် ဘာဆိုင်လို့ ပေါက်ကွဲနေတာလဲ၊ သခင်နဲ့ပိုင်ပိုင်က ဘာလဲဟင်"

"ကျွတ် ဘာရမလဲ၊ ဘာမှမလဲဘူး၊ ရှင့်ဆရာလိုပဲ သခင့်ကို ကြိုက်နေတာ။ ဒါပေမဲ့ သခင့်နာမည်ဆွဲသုံးပြီး ယောက်ျားနှစ်ယောက် ချဲလင့်လုပ်တာ သခင်မုန်းတယ်၊ နေဦး ပိုင်ပိုင့်ဆီ ခုပဲ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



သခင် ပြောပြောဆိုဆို ဖုန်းခွက်ချပစ်လိုက်သည်။ အခ
ဆက်တည်း ထိုင်ရာမှာဝုန်းခနဲထတဲ့အခါ

"သမီး သခင်"

အန်တီမေ ဘေးချင်းကပ်ထိုင်နေရာကခေါ်မှ သခင် အသိ
ဝင်လာသည်။ သခင့်စိတ်က တစ်ခုခုဆို ထိုဆီပဲ ဦးတည်ကာ
ကျန်တာတွေ မေ့ချင်ချင်ဖြစ်၏။

"ထိုင်ပါဦး သခင်ရယ်၊ အန်တီမေတို့ အရေးကြီးတဲ့စကား
ပြောနေတယ်မဟုတ်လား၊ ခဏထိုင်ပါဦး၊ အန်တီမေ ဆုံးအောင်
ပြောပါရစေကွယ်"

ဒေါ်ဝင်းဝင်းမေ ချော့မော့ဖျောင်းဖျကာ ပြောဆိုလေသည်။
သခင် ခေါင်းရမ်းလိုက်သည်။ အန်တီမေပြောနေတာ သခင့်ကို
မာမီတို့နားချစေတဲ့ကိစ္စ၊ သခင်လက်ခံစေဖို့လေ။

"သခင်လေးရယ်၊ သခင်လေးစိတ်က ငယ်ငယ်ကအတိုင်း
စိတ်လွတ်ကိုယ်လွတ်ထားလို့ မသင့်တော့ဘူးလေ။ သခင့်မာမီနဲ့
သခင့်ဒယ်ဒီဆန္ဒကို ဒီတစ်ခါ လိုက်လျောပါကွယ် နော်။ သခင့်ရှေ့
မှာ သခင့်မိဘ ရန်ဖြစ်ကြ ဘာညာနဲ့ ဒေါသဖြစ်ကြပေမယ့် သူတို့
ခုချိန်ထိ ပေါင်းသင်းနေတာ၊ တစ်ယောက်ကိုတစ်ယောက် မြတ်နိုး
ကြလို့ပေါ့၊ မဟုတ်ဘူးလား"

"အိုး ဒါတွေ သခင်စိတ်မဝင်စားဘူး အန်တီမေ"

သခင်ပြောပြီး ရင်ကော့ထွက်ခဲ့တော့ ဒေါ်ဝင်းဝင်း ဒီတ





ကြိမ် လက်မလျှော့တော့ပါ။ သခင့်နောက် ချက်ချင်းထလိုက်ပြီး

"သခင်လေး စိတ်မဝင်စားပေမယ့် သခင့်မိဘစီစဉ်တာတော့
သခင်နာခံသင့်တယ်ကွဲ့၊ ဒါလည်း သခင်လေးဘဝ ဂုဏ်တင့်ဖို့ပါ"

"ဘာဂုဏ်တင့်တာလဲ၊ သူတို့ယူခိုင်းတဲ့လူကို သခင်က ယူရ
မတဲ့လား၊ ဝေးသေးတယ် အန်တီမေ"

"အဲဒါဆိုလည်း သမီးလိုချင်တဲ့သူကို လက်ညှိုးထိုးပြလေ၊
အန်တီမေ စီစဉ်ပေးမယ်"

"မလိုပါဘူး၊ သခင် လင်ယူဖို့ စိတ်မဝင်စားဘူး အန်တီမေ"

"ဒါဆို ဘာဖြစ်လို့ ပိုင်ပိုင်တို့စာချွန်တို့နဲ့ ပတ်သက်နေရ
တာလဲ"

"ကျစ် အန်တီမေ မမေးနဲ့"

သခင် ခပ်ပြတ်ပြတ်ပြောကာ ပေါ်တီကိုအောက်မှာ ရပ်
ထားတဲ့ ပြိုင်ကားပေါ် လွှားခနဲတက်၏။

"ဟဲ့ မမေးလို့ရမလား၊ ကိုယ့်တူမ ထင်တိုင်းကြနေတာ
ပတ်ဝန်းကျင်က ဟိုလိုပြောကြ ဒီလိုပြောကြနဲ့လေ"

"အဲဒီကိစ္စ သခင်သွားရှင်းမယ်၊ အန်တီမေ ဝင်မပြောနဲ့ ဒါပဲ"

သခင် မာဆတ်ဆတ်ချည်း ပိတ်ပြောကာ ကားကိုဝူးခနဲ
မောင်းထွက်သွားလေသည်။

"ဟဲ့ သခင်လေး။ ကွတ် ခက်တယ် ညည်းလေးကြောင့်
သိပ်ခက်တယ်။ ညည်းလေးတို့ မိသားစုကြားမှာ ကျပ်ပဲ ရှာတော့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခွေးဖြစ်နေပြီကွဲ့. ဒင်းတို့က ထင်တိုင်းကြဲနေကြတာ၊ ကြာရင် ကျုပ် ပဲအမောဖောက်သေရဖို့ရှိတယ်၊ ဟင်း”

အန်တီမေ့ပြောသံ သက်ပြင်းချသံတွေက သခင့်ကားနောက် မှ ပြတ်ကျန်ခဲ့လေသည်။

သခင့်စိတ်ကို ဘယ်သူမှ ထိန်းသိမ်းဖျောင်းဖျလို့ရမယ် မထင်ပါ။ ပိုင်ပိုင် ရှင်သိဖို့လိုနေပြီရှင့်။

♥

“ဒီလောက်ဆို အန်တီ့သဘောထားကို မောင်မူပိုင် သိရော ပေါ့”

ရုတ်တရက်ကြားလိုက်ရတဲ့ စာချွန်မေမေအန်တီနှင်းအသံ။ သခင်ခြေလှမ်းလေး တွန့်ခနဲ ရပ်တန့်သွား၏။

ပိုင်ပိုင့်ဆီ အန်တီက ဘာကိစ္စနဲ့ လာတာလဲ။ အန်တီ့သဘော က ဘာတွေလဲ။ မူပိုင်က ဘာတွေသိနေလဲ။ သိချင်စိတ်က အညွန့် တက်ကာ ငြိမ်ရပ်လျက် နားစွင့်မိ၏။

“သိပါတယ်၊ အန်တီ့စိတ်က သခင့်အပေါ် မနှစ်မြို့ဘူးဆို တာ”

“ဟင့်ဟင့် အန်တီတို့က ဂုဏ်မက်တယ်ပြောချင်ပြော ပါ လေ၊ အန်တီ့စိတ်က သခင့်ကို ချွေးမအဖြစ် လက်ခံလို့မရဘူး”

“ဘုရားရေ”





သခင် ရင်ဘတ်ကို လက်နဲ့ဖိမိသွားသည်။

“အထူးသဖြင့် နှစ်နှစ်နဲ့သားကို ထင်တိုင်းစွတ်ရွတ်ပြော နေတာတွေက သခင့်ရဲ့စာရိတ္တညံ့ဖျင်းနေလို့ပဲ၊ အဲဒီလိုစာရိတ္တညံ့ ဖျင်းနေတဲ့ မိန်းကလေးကို အန်တီ ဘယ်လိုမှ သားနဲ့မပတ်သက်စေ ချင်ဘူး”

“ဒါကတော့ အန်တီ့သဘောပါ၊ ကျွန်တော်က ဘာမှမမှု ဘူး၊ အစကတည်းက စာချွန်အပေါ် သခင်စိတ်ညွှတ်တာက ပိုင်ဆိုင် လိုတဲ့စိတ်နဲ့ မဟုတ်ဘူး၊ ကျွန်တော်သိတယ်၊ ဒါကြောင့် သခင့်ကို ကြိုးစားနေတာ”

“မောင်မူပိုင် အမြန်ဆုံးရအောင် ကြိုးစားပါကွယ်၊ သခင် အငိုက်မိပါသွားအောင် အန်တီအကူအညီပေးရမလားပြော၊ စာချွန် နဲ့အချိန်းအချက်လုပ်ရင် သခင်ချက်ချင်းရောက်လာစေရမယ်၊ မောင့်မူပိုင်ဂွင်ထဲ သခင်ရောက်ရင် သခင် ဘာတတ်နိုင်မလဲ၊ မောင့် မူပိုင်ကို လက်ခံရပြီပေါ့ မဟုတ်လား”

“မ. .”

အန်တီစကားမဆုံးခင် သခင် ပါးစပ်ပေါက်ဟောင်းလောင်း ပွင့်လို့ သွားချေသည်။ သခင့်ကို မနှစ်မြို့တဲ့စိတ်နဲ့ အန်တီက မူပိုင့် ရင်ခွင်ထဲရောက်အောင် တွန်းပို့တဲ့အထိ အကြံအစည် ကြီးနေသတဲ့ လား။

ဘုရား ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



မယုံချင်စရာကောင်းလိုက်တာ။

တစ်ယောက်ယောက်က ဒီလိုလာပြောမယ်ဆိုရင် သခင် ယုံမှာမဟုတ်ဘူး။ ခုတော့ သခင့်နားနဲ့ ဆတ်ဆတ်ကြားရတာလေ။

ပိုင်ပိုင်ကရော။ သခင့်ကို ဘာကြောင့်အပိုင်ကြံနေရတာ လဲ။

ထိုမေးခွန်းနောက်မှာ သခင့်ခြေလှမ်းတွေ နောက်ကြောင်း ပြန်လည်သွားကာ။

သခင် ဘာဆက်လုပ်ရမလဲ။

တဆိတ်ပြောကြစမ်း။

♥

“ဟုတ်ရဲ့လား သခင်ရယ်၊ ခရမ်းတော့ မယုံနိုင်အောင်ပဲ”

“သခင်လည်း မယုံချင်ပါဘူး၊ သခင့်နားနဲ့ သခင်ကြားရ တာလေ၊ အန်တီက ပိုင်ပိုင့်လက်ထဲ သခင့်ကို အတင်းထိုးထည့်ဖို့ ဂွင်ဆင်တာက စာချွန်နဲ့မှားရင် သခင့်ကိုရမယ်ပေါ့ ဆိုတဲ့အတွေး နဲ့ပ၊ အဟင့် ဒေါ်စုနှင်းဖြူ သခင့်ကို ချွေးမ,မတော်နိုင်ဘူးတဲ့၊ နှစ် နှစ်ကိုမှ ဂုဏ်သင့်တယ် ထင်နေတယ်ပေါ့လေ၊ သခင့်အကြောင်း သိစေရမယ်၊ ဟင့်ဟင့်ဟင့်”

သခင်ပြောရင်း ခနဲ့တဲ့တဲ့ ရယ်ချလိုက်သည်က ခံပြင်းစွာ





ခရမ်းချိုက ဘာကိုမှ လိုက်မမီနိုင်တော့ပါ။ စိတ်ရှုပ်ထွေး လျက်။

“သခင်ရယ် ရှင်ဘယ်လိုလုပ်ဦးမှာလဲကွယ်”

“စောင့်ကြည့်လေ၊ ဒေါ်စုနှင်းဖြူ မက်မောတဲ့နှစ်နှစ်ဟာ ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ သခင့်ကြောင့် သိရစေမယ်၊ ပြီး တော့ စာချွန်နဲ့ပိုင်ပိုင်၊ နောက်တစ်ယောက်ရှိသေးတယ် ရှင့်ဆရာ”

“ဘုရားရေ”

ခရမ်း ထိတ်ထိတ်ပျာပျာ ဖြစ်ရချေသည်။

“သခင်ရယ်၊ သခင်ထင်ရာတွေ လျှောက်မလုပ်ပါနဲ့ဟယ်၊ ပြဿနာတွေ ရှုပ်ကုန်မှာပေါ့”

“ရှုပ်အောင်ကိုလုပ်ဦးမှာ ရှင်စောင့်ကြည့် ဒါပဲ”

သခင်က ခံစားရတဲ့အတိုင်းပြောကာ၊ ပြောတိုင်းလည်း လုပ်ဖို့ ဝန်မလေး၊ ခရမ်းသိတာမို့ ရင်မှာပူလျက်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

"သမီး ရော့၊ သမီးဒယ်ဒီနဲ့ သမီးစကားပြောဦး"

အန်ကယ်သာ ဆိုချေသည်။ လက်ကိုင်ဖုန်းကို သခင့်လက် ထဲ အတင်းထည့်ပေးကာ၊ သခင် ငြင်းရခက်လေသည်။

အန်ကယ်သာက သခင့်အလို လိုက်နေကျဖြစ်ပေမယ့် ခု တော့ ခပ်တည်တည်။ အန်တီမေက မသိ မသာစောင့်ကြည့်နေတာ မို့ သခင်ဖုန်းယူပြီး မျက်နှာလွှဲလိုက်သည်။

အလိုမကျမှုပေါင်းများစွာ စုပွက်နေတဲ့ သခင်က ခပ်ဆတ် ဆတ်ပဲပြော၏။

"ပြော ဒယ်ဒီ၊ ဒယ်ဒီ ဘာပြောမလို့လဲ"

"သမီးကို ဒယ်ဒီရောမာမီရော ပြောပြီးပြီပဲ။ သမီးဆီ ဒယ်





တို့လာခဲ့ရမလား၊ သမီးက ဒယ်ဒီတို့ဆီ လိုက်လာမလား။ ဒါမှမဟုတ် ဒယ်ဒီတို့စီစဉ်ထားတဲ့ သားမက်လောင်းကို သမီးရှေ့လာခိုင်းရမလား။ သမီးစိတ်ကြိုက်ပြောပါ သမီးရယ်"

ဒယ်ဒီ့အသံက ညင်သာပျော့ပြောင်းတာလည်း မဟုတ်၊ အတင်းအကျပ်ဆိုနေတာလည်း မမည်။ သခင့်စိတ်သခင့်သဘော ကို ဦးစားပေးနေမှန်း သိသာသည်။

သို့သော် သခင် ချက်ချင်းမဖြေ။

အန်တီမေက အားမလိုအားမရဖြစ်ကာ ထိုင်နေရတာ ဂနာမငြိမ်၊ အန်ကယ်သာက သခင့်ကို မမှိတ်မသုန်စောင့်ကြည့် ကာ တည်ငြိမ်လို့နေသည်။

"ပြောလေ သမီး၊ သမီးဘယ်လိုဖြစ်ချင်လဲ၊ ပြောပါသမီး ရဲ့"

သခင် ဘာမှမပြောတော့ ဒယ်ဒီ ထပ်မေးပြန်သည်။

"နေဦး သခင်စဉ်းစားဦးမယ်"

"ဘာကိုစဉ်းစားဖို့လိုလဲ သမီးရယ်"

"လိုတာပေါ့၊ ဒယ်ဒီတို့စီစဉ်တဲ့သူက သခင့်အကြောင်း ဘယ်လောက်သိလို့လဲ"

သခင်မေးလိုက်တော့ ဒယ်ဒီက သဘောကျစွာရယ်ပြီး

"သမီးရယ်၊ သမီးအကြောင်း ဒယ်ဒီပိုသိတာပေါ့၊ ဒယ်ဒီ သိသလို သူလည်း သိတယ်၊ သမီးစိတ်ကိုလည်း သူနားလည်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် ဘာမှမပူနဲ့ သမီးရယ်၊ ဒယ်ဒီနဲ့သူ့ဒယ်ဒီနဲ့ သေချာ ဆွေးနွေးပြီးသားပါ”

“ဆွေးနွေးပေ့ါ၊ သခင် ငြင်းချင်ငြင်းမှာပဲ၊ နောက်မှ သခင့်ကိုအပြစ်မပြောနဲ့”

“စိတ်ချ၊ သမီးကို ဒယ်ဒီဘယ်တုန်းကမှ အပြစ်မပြောခဲ့ဘူး၊ ရှေ့ဆက် ပိုပြီးမပြောဘူး။ အခုက သမီးလာခဲ့မလား၊ ဒယ်ဒီတို့ လာခဲ့ရမလား၊ သူ့ကို လွှတ်ခဲ့ရမလား”

“မလွှတ်နဲ့၊ သခင်လာချင်တဲ့အချိန်လာမယ် ဒါပဲ”

သခင် ဗိုးဗိုးဗတ်ဗတ်ပြောပြီး အန်ကယ်သာလက်ထဲ ဖုန်းထည့်ပေးလိုက်သည်။ ဒေါ်ဝင်းဝင်းမေက တူမချောကို မျက်တောင်မခတ်တမ်း ကြည့်နေရာမှ ဝမ်းသာရမလိုလို အပြစ်ပြောရမလိုနဲ့ အားမရဖြစ်ကာ။

အန်ကယ်သာက ဖုန်းယူပြီး ဒယ်ဒီနဲ့ဆက်ပြီးစကားပြောသည်။ အန်ကယ်သာနဲ့ဒယ်ဒီ ဘာပြောလဲဆိုတာ သခင်မသိချင်ပါ။ ပြောပေ့ါ။ သခင့်စိတ်ကို ဘယ်သူမှ ထိန်းထားလို့မရဘူး။ အရေးကြီးတာက စာချွန်နဲ့ပိုင်ပိုင်။ ဒေါ်စုနှင်းဖြူနဲ့နှစ်နှစ်၊ ဒင်းတို့ကိုတွေ့ ရှင်းပစ်ရမယ်။

သခင့်စိတ်မှာ ဒါပဲစွဲကာ။

♥ ♥ ♥



## အခန်း(၂၇)

“ဖြစ်ပါ့မလား ယူရယ်”

“ဘာဖြစ်လို့မဖြစ်ရမှာလဲ သမီးရဲ့”

နှစ်နှစ်က စာချွန့်ကိုမေးလျှင် အန်တီနှင်းက ဧည့်ခန်းထဲဝင်လာရင်း စာချွန့်ထက်ဦးစွာပြောလေသည်။

စာချွန်နဲ့မေမေ့ကို ယုံကြည်စွာကြည့်ရင်း

“နှစ်နှစ်က အဲဒါပဲ စိုးရိမ်နေတာ မေမေ”

“ဒီမှာ အန်တီနှင်းပြောမယ်”

ဒေါ်စုနှင်းဖြူက သားဖြစ်သူစကားကို ခေါင်းဆတ်လက်ခံ နှစ်နှစ်နဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ကာ စပြောသည်။

နှစ်နှစ် စိတ်ဝင်တစားမော့ကြည့်၏။ ဒေါ်စုနှင်းဖြူက



www.burmeseclassic.com

www.burmeseclassic.com



လောင်းကို အားပေးတဲ့အကြည့်နဲ့ စိုက်ကြည့်ပြီး

"သမီးက သားနဲ့ဂုဏ်ရည်တူလို့ အန်တီနှင်း သဘောကျ တယ်။ ဒါကြောင့် သားနဲ့သမီးကို အမြန်ဆုံးနီးစပ်စေချင်တယ်။ သမီး မှာ မိဘမရှိတဲ့အတွက် ပိုပြီးစာနာတယ်။ သမီးတစ်ယောက်ထဲ အန်တီနှင်း ချစ်ချင်တယ်။ ဒါကြောင့် သားနဲ့သမီးကို တရားရုံးမှာ လက်မှတ်ထိုး လက်ထပ်တာ အရင်လုပ်မယ်။ အဲဒီကိစ္စ သခင် မသိ စေရပါဘူး။ သခင် တားလို့မရစေပါဘူး။ အန်တီနှင်း ပိုပိုရှိ စီစဉ် ထားပါတယ်။ ဒါကြောင့်မို့ သမီးလေးနှစ်နှစ် မစိုးရိမ်ပါနဲ့ကွယ်"

အန်တီနှင်း စိတ်အားထက်သန်စွာပြောလျှင် နှစ်နှစ်စိတ် ထဲရှိ စိုးရိမ်စိတ်တို့ သိသိသာသာ လွင့်ပြယ်သွားပါသည်။

မျက်နှာလေးကြည်လင်လာတဲ့နှစ်နှစ်ကို စာချွန် မြတ်နိုး စွာကြည့်လျှင် နှစ်နှစ်လည်း ပြန်ကြည့်၍ပြုံး၏။

"နှစ်နှစ်က တစ်ခုခုဖြစ်လာမှာကိုပဲ တွေးပူမိတာက သခင် ရဲ့စရိုက်ကိုကြောက်လို့ပါ၊ သခင်က ဘာမဆို မဆင်မခြင် ပြော တတ်ဆိုတတ်တာဆိုတော့လေ"

"မေမေပြောပြီးပြီပဲ နှစ်နှစ်ရဲ့ သခင်မသိအောင် စီစဉ် မယ်လို့"

စာချွန်ပြောရင် ဒေါ်စုနှင်းဖြူ ခေါင်းညိတ်၏။ သားဖြစ်သူ က မိခင်ကိုယုံကြည်သလို ချွေးမလောင်းကလည်း ယုံကြည်လာ သည်။





စာချွန်တို့မိသားစုမှာ မိခင်က အခရာ။ ဘာကိစ္စဖြစ်ဖြစ် မိခင်က ဦးဆောင်သည်။ ဒီကိစ္စမှာ ဖေဖေက မေမေကောင်းသလို ကြည့်လုပ်ဟုဆိုပြီးသား။ ညီမနှစ်ယောက်ကလည်း သဘောတွေ့ ကာ။

ဒေါ်စုနှင်းဖြူက ပို၍စိတ်အားထက်သန်နေသည်။

နှစ်နှစ်က မိဘမဲ့။ နယ်မှာရှိတဲ့ကြီးတော်က ဆေးကျောင်း ထားပေးခြင်း။ နှစ်နှစ် ဆေးကျောင်းနောက်ဆုံးနှစ်မှာ ကြီးတော် ဆုံးရှာသည်။ ဒါပေမဲ့ နှစ်နှစ်က ကြီးတော်ဆီက အမွေတချို့ရလိုက် တာကြောင့် နှစ်နှစ် ကျောင်းဆက်တက်နိုင်သည်။

ခုတော့ ဘွဲ့ရပြီးလို့ ဆေးရုံမှာအလုပ်ဝင်ကာ သားရဲ့ဆေး ခန်းမှာ ဝင်ထိုင်ပေးတော့ အဆင်ပြေသည်။

သားနဲ့ချွေးမ ပေါင်းပြီး ဆေးခန်းကို ကြီးမားအောင် ထူ ထောင်နိုင်ရင် ရှေ့ရေးက ပန်းခင်းလမ်းပဲလို့ ဒေါ်စုနှင်းဖြူ တွက် ချက်ပြီးသားဖြစ်သည်။

အိန္ဒြေသိက္ခာရှိတဲ့ ဆရာဝန်မလေးက စုနှင်းဖြူချွေးမလေး။ အလိမ္မာအိမ်ပါဆိုတာမျိုး အသိုင်းအဝိုင်းကြားမှာ ဂုဏ်ဝင့်နိုင်သေး တာမို့ သားနဲ့သမီးကိစ္စကို တိုးတိုးကြိတ်စီစဉ်ခြင်း။

ခုတော့ အိုကေနေပါပြီ။

ဒေါ်စုနှင်းဖြူနဲ့ရင်းနှီးတဲ့ တရားသူကြီးရှေ့မှောက် လက် မှတ်ထိုးဖို့ အားလုံးကအဆင်သင့်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အိမ်ရှေ့ ကားလေးလာရပ်တော့ ဒေါ်စုနှင်းဖြူ ပြတင်းပေါက်က လှမ်းကြည့်လိုက်သည်။

သခင့်ကားလေးမို့ ဒေါ်စုနှင်းဖြူ အိန္ဒြေမပျက်အောင် ထိန်းလိုက်ရသည်။

"စာချွန်ငှရေ"လို့

ခေါ်သံလွင်လွင်လေးနဲ့ ကားပေါ်ကဆင်းလာတဲ့ မိန်းကလေး။ ခေါ်သံကြားရုံနဲ့ ဘယ်သူဆိုတာ စာချွန်သိနှင့်တာကြောင့် မျက်လုံးလေးပြူးထွက်လာသည်။

"သခင်"လို့

စာချွန် မလုံမလဲ ရွတ်မိကာ နှစ်နှစ်နဲ့ပူးကပ်ထိုင်နေရာမှ ခွာလိုက်ရသည်။ ဒေါ်စုနှင်းဖြူက လျှင်ပါပေသည်။ ဒီလိုအနေအထားမျိုးကို ဘယ်လိုဖြေရှင်းရမှန်းသိတာမို့ စာချွန်နဲ့နှစ်နှစ်ကို မျက်ရိပ်ပြလျှင် စာချွန် ဘာဆိုတာ သဘောပေါက်ပြီး နှစ်နှစ်လက်ကို ကမန်းကတန်းဆွဲ၏။

နှစ်နှစ်ကလည်း စာချွန်ဆွဲတဲ့အတိုင်း အလိုက်သင့်ပါသွားကာ ဧည့်ခန်းအနောက်ဘက်ရှိ မေမေတို့အခန်းထဲ ပြေးဝင်ပုန်းအောင်းနေလေသည်။

"စာချွန်ရေ အန်တီနှင်း"

သခင်က အဆက်မပြတ်ခေါ်ရင်း အုတ်လှေကားထစ်တွေကို နင်းကာ အိမ်ပေါ်တက်လာသည်။ ဒေါ်စုနှင်းဖြူ ဟန်မပျက်။ ဖော်ရွေသော ဟန်အပြည့်နဲ့ပြုံးကာ

"သခင်လား၊ လာလေ အန်တီနှင်းရှိပါတယ် ဟင့်ဟင့်ဟင့်"

ဒေါ်စုနှင်းဖြူ လူလုံးထွက်ပြရင်း သခင့်ကိုခေါ်သည်။ သခင်က ဧည့်ခန်းထဲလှမ်းဝင်ရင်း ပွင့်လင်းစွာမေး၏။

"စာချွန်ကော အန်တီနှင်း"

"ဩော် သားလား၊ ဟင့်ဟင့် သားရဲ့ဘကြီး နေမကောင်းလို့ သွားကြည့်နေလေရဲ့"

စိတ်အားထက်သန်စွာ လှမ်းလာတဲ့ သခင့်ခြေလှမ်းက အန်တီနှင်းစကားနောက်မှာ ရပ်တန့်လို့သွားသည်။

"ထိုင်လေသမီး၊ အရေးကြီးလို့လား"

"ဟိုလေ အရေးကြီးတယ်လည်း မဟုတ်ပါဘူး၊ ပိုင်ပိုင်က သူ့စီးရီးအောင်ပွဲ အထိန်းအမှတ်အတွက် ဧည့်ခံပွဲလုပ်တယ်၊ အဲဒါ ဖိတ်ထားတယ်လေ၊ သခင်သွားမလို့၊ စာချွန့်ကို လာခေါ်တာ"

"ဟေ ဟုတ်လား"

ဒေါ်စုနှင်းဖြူမျက်နှာကြီး ဝင်းမှည့်သွားသည်။

မောင့်မူပိုင် ဧည့်ခံပွဲလုပ်ဖို့ သူမပဲ အကြံပေးခဲ့တယ် မဟုတ်လား။ ခုတော့ သူမအကြံပေးတဲ့အတိုင်း တကယ်ဖြစ်လာတော့မယ်ဆိုတဲ့အသိကြောင့် ဒေါ်စုနှင်းဖြူမျက်နှာလေး အရောင်ဝင်းပသွားခြင်း။

သခင်မရိပ်မိအောင် ဒေါ်စုနှင်းဖြူ အိန္ဒြေရရနေပါသည်။







www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မှင်ကောင်းစွာနဲ့ပင် သဘောထားကြီးပြလိုက်သည်။

"ဟုတ်လား သမီး။ ဘယ်အချိန်သွားမှာလဲ ပြောလေ။ သား ကိုအန်တီ လွှတ်လိုက်မယ်ကွဲ့၊ ဟင့်ဟင့်ဟင့်"

"ဖြစ်ပါ့မလား အန်တီရယ်၊ စာချွန်ဘကြီး နေမကောင်း ဖြစ်နေတာဆိုတော့"

"ရပါတယ်သမီးရယ်၊ သမီးကိစ္စ အန်တီတို့ အရေးပေးရ မှာပေါ့ မဟုတ်ဘူးလား သမီးရဲ့"

ဒေါ်စုနှင်းဖြူ လှိုက်လှိုက်လှဲလှဲပြောတော့ သခင်ကျေနပ် သွားသည်။

"အဲဒါဆိုပြီးရော ညခုနစ်နာရီ ပိုင်ပိုင်တို့ခြံမှာဆုံမယ်လို့။ အန်ကီနဲ့အန်ကယ်ရော ညီမလေးနှစ်ယောက်ပါခေါ်လာလေ အန် တီနှင်း"

"ခြော် လာမှာပေါ့ သမီးရဲ့ ဟင့်ဟင့်"

"ဒါဆို သခင်ပြန်တော့မယ်"

"ကောင်းပြီလေ သမီး"

ဒေါ်စုနှင်းဖြူ စိတ်အားအပြည့်ပြောရင်း သခင့်ကို ကားပေါ် အထိလိုက်ပို့လေသည်။ သခင်လက်ပြပြီး ကားလေးမောင်းထွက် သွားသည်အထိ ဒေါ်စုနှင်းဖြူ အကြံပိုင်ပိုင်နဲ့ ပြုံးပြုံးကြီး ရပ်ကြည့် နေလိုက်သည်။

သခင့်ကားလေး မြင်ကွင်းထဲက ပျောက်ကွယ်သွားမှ ဒေါ်





စုနှင်းဖြူ အိမ်ပေါ်ပြန်တက်ကာ မဖုံးနိုင်မဖိနိုင် ဝမ်းသာလျက်။

သားနဲ့နှစ်နှစ်က နက်ဖြန်တရားရုံးမှာ လက်မှတ်ထိုးမှာ လေ၊ အဲဒီကိစ္စ သခင် ဘယ်လိုမှ နှောင့်ယှက်လို့မရအောင် ပိုင်ပိုင့် ကို ဒီညစည်းခံပွဲ ဖန်တီးခိုင်းခြင်း။

အဲဒီစည်းခံပွဲမှာ မောင့်မူပိုင်ကို သခင်ငြင်းလို့မရအောင် အကွက်ကျကျ ကြိုတင်စီမံထားပြီးဖြစ်သည်။

"မေမေက သိပ်တော်တာပဲ"

ဒေါ်စုနှင်းဖြူ စည်းခန်းထဲ ပြန်ဝင်လာတော့ စာချွန်နဲ့နှစ် နှစ် ပုန်းနေရာမှ ပြန်ထွက်လာကြသည်။

မေမေပြောပုံဆိုပုံ စီစဉ်ပုံက အကွက်ကျကျ ထောင့်စေ့ နေတော့ စာချွန်ချီးကျူးစကားပြောခြင်း။

မေမေက မျက်နှာလေးဝင့်လျက်။

"တော်ရမယ်လေ၊ သားလို ခပ်ထုံထုံဆိုရင် သခင့်ဂွင်ထဲ ရာသက်ပန်ငြိသွားမှာပေါ့"

"ဟုတ်တယ်အန်တီ၊ အန်တီ့ကို နှစ်နှစ်ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးသမီးရယ်၊ အန်တီက အန်တီလိုချင်တဲ့ ချွေးမ အတွက်ဆိုရင် ဘယ်သူ့မျက်နှာမှ ထောက်ထားနေမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲဟင် အန်တီ"

နှစ်နှစ် စူးစမ်းဟန်လေးနဲ့မေးသည်။ ထိုအခါ ဒေါ်စုနှင်းဖြူ နှစ်နှစ်လက်ကလေးကို မြတ်နိုးစွာဆွဲယူသည်။ အပြစ်ကင်းတဲ့နှစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်မျက်နှာလေးပါအောင် မေးဖျားမှ တယုတယဆွဲပြီး

"ဘာဖြစ်ရမှာလဲ သမီးရယ်။ သားကမြတ်နိုးတယ် ပြီးတော့ သမီးက ပညာဂုဏ်ရှိတယ်။ ရိုးသားအေးဆေးပြီး ကိုယ်ကျင့်တရား ကောင်းတယ်လေ။ သခင့်လို ပိုက်ဆံသာရှိပြီး ဆင်ခြင်တုံတရားမရှိ တဲ့ မိန်းကလေးမှ မဟုတ်တာကွဲ့။ ဒါကြောင့် အန်တီနှင်းက သားနဲ့ သဘောကျတာလေ ဟင့်ဟင့်ဟင့်"

ဒေါ်စုနှင်းဖြူ ပြောရင်း သဘောကျစွာ လွင်လွင်လေး ရယ်လေသည်။ နှစ်နှစ်က မျက်နှာလေးပြုံးထားရာမှ အမူအယာ ပျက်ယွင်းမသွားအောင်ထိန်းရင်း မျက်နှာလေးလွှဲမိသည်။

နှစ်နှစ်လည်း ကိုယ့်အကြောင်းနဲ့ကိုယ် မဟုတ်လား။

သခင့်ရဲ့ မြင်ရာထုတ်ပြောတတ်တဲ့ အကျင့်ကို စိုးရိမ်နေ ရသူဆိုတော့ ရင်ပူရတာပေါ့"

"ကဲ သားနဲ့သမီး အေးအေးဆေးဆေး ခြံထဲဆင်းပြီး စကား ပြောနှင့်ကြ၊ ဟုတ်ပြီလား"

ဒေါ်စုနှင်းဖြူ သားနှင့်ချွေးမလောင်းကို ကြည်ဖြူစွာ ခွင့် ပြုလိုက်သည်။ နှစ်ယောက်သား ပြုံးကာ မိခင်ဆိုသည့်အတိုင်း ခြံထဲ ဆင်းသွားလေသည်။

ဒေါ်စုနှင်းဖြူကတော့ သူမရဲ့အကြံပိုင်တော့မှာမို့ ဝမ်းသာ မြူးရွှင်စွာ။

မောင့်မူပိုင်ရေ





အန်တီ့ဆန္ဒ ပြည့်တော့မှာကွယ်။

မောင့်မူပိုင်လည်း မောင့်မူပိုင်ဆန္ဒ မကြာခင်ပြည့်ရတော့ မှာလေလို့ ဒေါ်စုနှင်းဖြူ ရင်မှာဟစ်ကြွေးမိ၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

ပန်းသခင်။

သူမက ဆူးတွေပါတဲ့ နှင်းဆီပန်းလေလား။ စင်ကြယ်ဖွေးဥသော စပယ်ပန်းလေးလား၊ ဒါမှမဟုတ် မာန်မာနမရှိသော ခရေပန်းလေးလိုလား။

မူယာမာယာပိုသော Kiss Me Quick ပန်းကလေးများလား၊

သဇင်လိုကော ခေါင်ခိုက်နေတဲ့ ဘဝင်မြင့်အဖျားညွှတ်နေလား။

သူမကိုယ်သူမ တစ်ခါဖူးမှ ဘယ်ပန်းမျိုးနဲ့ တူနေသလဲဆိုတဲ့ မေးခွန်းတွေ မမေးဖူးပါ။

ထို့အတူ သခင့်ကိုယ်သခင်လည်း ဘယ်ပန်းနဲ့တူပါတယ်





လို့ အဖြေထုတ်ဖို့ စိတ်မဝင်စားပါ။

ဒါပေမဲ့ သခင်သိတာက သခင်ဟာ ကိုယ့်စိတ်ကိုယ့်သဘောဆောင်တဲ့မိန်းကလေး။

ဘယ်သူ ဘယ်လိုပြောပြော ယိမ်းညွှတ်ပျော်ဝင်သွားလေ့မရှိတာ သခင့်ရဲ့ မူပိုင်သင်္ကေတ။

အဲဒီသင်္ကေတ ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်ဘူး။ သခင်သိတယ်။ ခုလည်း သခင့်စိတ်နဲ့သခင် ပြင်ဆင်လို့နေပါတယ်။

မောင့်မူပိုင်ရဲ့ ဒင်နာစည်ခံပွဲ။

ညပွဲမို့လို့ သခင် အရောင်တောက်တောက်ကို ရွေးဝတ်လိုက်သည်။ စကားဝါရောင်ရင့်ရင့်မှာ ကျောက်စိမ်းတွေနဲ့ ဒီဇိုင်းဖော်ထားတဲ့ဝတ်စုံ။

ဒူးဖုံးရုံစကတ်လေးနဲ့ လည်ပင်းပိတ်အင်္ကျီပုံဖြစ်ပေမယ့် ကျောက်စိမ်းတွေ ဖိတ်ဖိတ်မှောင်ကာ ထင်းခနဲ ကြွလို့နေသည်။

မျက်နှာအစိတ်အပိုင်း အသီးသီးက ကာလာတွေလည်း ဝါဝင်းကာ။ အထူးသဖြင့် မျက်ခွံနဲ့နှုတ်ခမ်းမှာ ရွှဲစိုတောက်ပနေတဲ့အထိ၊ ကာလာကို လက်လွန်ခြယ်လိုက်၏။

တော်တန်ရုံလှပါတယ်ဆိုတဲ့ မိန်းကလေးမျိုး သခင့်လိုခြယ်သပုံနဲ့ ရှိနှင့်တဲ့ပင်ကိုယ်အလှပါ ပြယ်ကျသွားနိုင်သည်။

သခင်က ထိုသို့မဟုတ်ပါ။ ကာလာရဲလေ အလှသွေးကြွယ်လေ။ မျက်တောင်ကော့ကြီးများကို ငွေရောင်လက်ဖြာတဲ့ ကာလာ



www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်တဲ့အခါ မျက်တောင်လှုပ်ရှားတိုင်း စိန်ရောင်အလှလိုင်းတွေ လှုပ်ခတ်သွားသည့်နှယ်။ မြင်သူတကာကို ငေးသွားစေမှာမလွဲ။

သခင် စိတ်ကြိုက်အလှပြင်ပြီးတော့ တစ်ယောက်တည်းပဲ ကားကို ကိုယ်တိုင်မောင်းထွက်ခဲ့သည်။

ပိုင်ပိုင်တို့ဧည့်ခံပွဲမှာ အန်တီနှင်းတို့မိသားစု ကြိုရောက်နှင့်မတဲ့လေ။ သခင်က ထိုမိသားစုကို ကြိုရောက်နှင့်စေချင်တာ။ သူတို့ကြိုရောက်တော့ အိုကေတာပေါ့။

ခရမ်းကိုဝင်ခေါ်မယ်လို့ သခင်ကြိုပြောထားတဲ့အတိုင်း ခရမ်းကို ဝင်ကြိုပါသည်။

ခရမ်းက ဧည့်ခံပွဲသွားဖို့ ပြင်ဆင်ထားခြင်းမရှိ။ အိမ်နေရင်းအဝတ်နဲ့မြင်တာမို့ သခင် မျက်မှောင်ကြုတ်ကြည့်ပြီး

"ဘာမှလည်း အဆင်သင့်မဖြစ်သေးပါလား"

"နေပါဦး သခင်ရဲ့၊ ခရမ်းစိတ်ထဲမှာ လေးနေလို့လေ"

"ဘာက,လေးတာလဲ၊ ရှင့်အလုပ်တွေ အဆင်မပြေလို့လား"

"ဟာ မဟုတ်ပါဘူး၊ ကားပေါ်က ဆင်းပါဦး"

ခရမ်း စိုးရိမ်စိတ်တစ်မျိုးနဲ့ စိတ်လှုပ်ရှားလျက်။ သခင့်ကို ကားမောင်းသူနေရာမှ ဆွဲချနေသည်။ သခင်က မဆင်းတော့ဘဲ

"ကဲ ပြောစရာရှိတာ ဒီအတိုင်းပြော"

"သခင်ကလည်းကွယ်၊ သခင့်စိတ်က ထင်တိုင်းလုပ်နေ





တတ်လို့ ခရမ်းစိတ်ထဲလေးနေတာ"

"လေးတဲ့အကြောင်း ဘာလဲ၊ မြန်မြန်ပြောစမ်းပါ၊ ဒီမှာ ဧည့်ခံပွဲအချိန် နောက်ကျနေလိမ့်မယ်"

သခင့်ကို ဘယ်လိုပြောပြော ရတော့မှာ မဟုတ်မှန်း ခရမ်းနားလည်ကာ စိတ်ထဲလေးနေတဲ့အကြောင်းပဲ ထုတ်ပြောရလေသည်။

"ဒီလိုသခင်ရဲ့၊ အန်တီနှင်းနဲ့ပိုင်ပိုင် ဒီဧည့်ခံပွဲလုပ်ပြီး သခင့်ကို တစ်ခုခု မကြံစည်နိုင်ဘူးလို့ ခရမ်းမယုံချင်ဘူး။ ဒါကြောင့် သခင် မသွားပါနဲ့လားဟယ်၊ တစ်ခုခုဆို သခင်ပဲ ခံရလိမ့်မယ်၊ ခရမ်းစိတ်ထဲက ကြိုသိနေတယ်"

"ဟင့်ဟင့်ဟင့်"

ခရမ်းစကားအဆုံးမှာ သခင် လက်ခုပ်လက်ဝါးတီးတော့ မတတ် သဘောတွေကျကာ ရယ်လေသည်။

မျက်လုံးလေးဝင့်ကာ မျက်တောင်ပါခတ်ပြီး အကြံအစည်ရှိဟန်နဲ့ရယ်လေတဲ့ သခင့်ကို ကြည့်ပြီး ခရမ်း ပို၍ စိတ်လေးရလေသည်။

"သ သခင်၊ ရှင့် ရှင့်မှာလည်း အကြံအစည်ရှိနေလားဟင်"

"ဟင့်ဟင့်ဟင့်"

ဒီတစ်ခါ သခင်ရယ်တာက နာကျင်မဲ့မဲ့။ ထိုရယ်သံက ဟချွန်နဲ့မိသားစုနဲ့ ပိုင်ပိုင့်ကို တန်ပြန်တုန့်ပြန်ဖို့ အသေအချာပဲဆို့



www.burmeseclassic.com

www.burmeseclassic.com



ဟစ်ကြွေးလိုက်သလိုပင်။

သခင့်ရယ်သံကို ခရမ်းနားလည်သွားသည်မို့

"သခင်ရယ် ဒီဧည့်ခံပွဲ ရှင်မသွားပါနဲ့လားကွယ်။ ခရမ်း တားချင်တယ်၊ တားချင်လို့ ခရမ်းမပြင်မဆင်ဘဲ ဒီအတိုင်းနေတာ သခင်ရဲ့ ဒီဧည့်ခံပွဲအစား တစ်နေရာရာကို ခရမ်းတို့ သွားရအောင် လား၊ သခင်နော်။"

ခရမ်းစိုးရိမ်မှုတွေလွှန်ကဲကာ ကိုယ်လေးကိုင်း၍ ကားဘော် ဒီကို လက်တစ်ဖက်ထောက်၏။ ကျန်လက်တစ်ဖက်နဲ့ သခင့်ပခုံး ကို ချော့မော့သလို ဖိဆုပ်ကိုင်ရင်း ဖျောင်းဖျပြောလေသည်။

သခင် ပခုံးလေးပင့်ကာ နှုတ်ခမ်းနှစ်လွှာလုံး စုံတွန့်ပြီး

"ပန်းသခင်ဆိုတာ သူတို့ပူးပေါင်းဖန်ဆင်းတိုင်း ဖြစ်လာ မယ့် ရိုးရိုးပန်းလေးတစ်ပွင့်လား။ ဒါမှမဟုတ် သူတို့ဘဝကို ဘယ်လို ဖြစ်စေဆိုတဲ့ စေခိုင်းမှုမျိုးပေးနိုင်တဲ့ မှော်ဝင်ပန်းမျိုးလားဆိုတာ ဒီညဧည့်ခံပွဲက အဖြေပေးပါလိမ့်မယ် ခရမ်း။ ရှင်ရင်လေးတယ်ဆို ရင် မလိုက်နဲ့ ဒါပဲ"

သခင် ပြတ်သားနေကာ ပြောပြီးသည်နှင့် ကားကို ဝူးခနဲ မောင်းထွက်သွားသည်က ခရမ်းအတွက် တားမြစ်ချိန်ပင် မရတော့ ပါ။

"ဟဲ့ သခင်၊ နေဦးလေ"

ဆိုတဲ့ ခရမ်းဟန့်တားသံက ခရမ်းနဲ့အတူ ကျန်ခဲ့ကာ။





ဟင့်အင်း။ ဒီတစ်ခါ သခင် စိတ်လိုက်မာန်ပါ မလုပ်သင့် ဘူးလို့ ခရမ်းထင်ပါသည်။ ခရမ်း တားမရတော့ အားကိုးရှာမိစဉ် အန်တီမေ့ကို သတိရသည်။ ဟင့်အင်း မဖြစ်ဘူး။ အန်တီမေ့ကို သခင်က အလေးထားတာမဟုတ်ဘူး။ နောက်ပြီး နေသက်တန့်ဆို ရင်ကော။ ဟုတ်ပြီ နေသက်တန့်။

ခရမ်းခေါင်းထဲ ဆရာဝင်လာတာကြောင့် ချက်ချင်းပဲ ဖုန်း ဆက်ကာ။

"ဆရာရေ သခင့်ကို ခုပဲတားပေးပါ"လို့

အကူအညီတောင်းမိသည့်က မဆိုင်းမတွဖြစ်လေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

"ဟာ"

"ကျွိ"

သခင် ကမန်းကတန်း ကားဘရိတ်ဆွဲလိုက်လို့သာ။ နောက် ဆို တမင်ဝင်တိုးသလို အရှိန်နဲ့ လမ်းသွယ်ထဲကထွက်လာတဲ့ ကား လေးကို အတိုက်ပဲ။

"တောက်"

သခင် တောက်ခတ်ရင်း ဒေါသနဲ့ တစ်ဖက်ကားမောင်း သူကို ကြည့်သည်။ ကြည့်မိသည်နှင့်

"နေဦး ပန်းသခင်"လို့

ဦးစွာပြောပြီး ကားပေါ်ကဆင်းလာတဲ့ နေသက်တန်း





သခင့်ဒေါသနောက်မှာ ရင်ခုန်လှိုင်းတို့ ရောပါလာသည်။

ဒါပေမယ့် ဆတ်ခနဲ မျက်နှာလွှဲပြီး

"ရှင်က ဘာလဲ၊ ယာဉ်စည်းကမ်းနားမလည်ဘူးလား၊ ကား ကို မဆင်မခြင်မောင်းပြီး သခင့်ကားခေါင်း တည့်တည့်တိုးဝင်တာ"

"ဆောရီး"

"ဘာဆောရီးလဲ"

သခင် ဆောင့်အောင့်ပြောပြီး ကားစက်ပြန်နှိုးသည်။ နေ သက်တန့် ကမန်းကတန်း လက်ကာဟန့်ပြီး

"ပန်းသခင်နဲ့ကိုယ် အရေးကြီးတဲ့ကိစ္စ ဆွေးနွေးစရာရှိလို့ ပါ"

"ပုံလာမပြောနဲ့ ဖယ်"

သခင် စိတ်မဝင်စားစွာဆိုရင်း လက်ကောက်ဝတ်က နာရီ ကိုကြည့်သည်။ ချေ့ခံပွဲစရန် ငါးမိနစ်သာလိုသည် မဟုတ်လား။ သခင် မျက်နှာထားနဲ့နှင်တော့ သူ သခင့်ကားထဲ တိုးဝင်လာတော့ တတ်။

ကိုယ်ကိုကိုင်းပြီး သခင့်ကို ငုံ့ကြည့်၏။

"ပုံပြောနေတာ မဟုတ်ဘူး။ ကိုယ် ပန်းသခင်နဲ့ဆွေးနွေး ချင်တာက သခင့်လက်ပတ်ကြိုးလေး ကိုယ့်ဆီမှာ၊ ကိုယ့်ခြံထဲက သခင်ခိုးသွားတဲ့ ပန်းတွေက သခင့်ဆီမှာ၊ အဲဒီအလဲအလှယ်ပြန် လုပ်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်"

သခင် မျက်လုံးဝိုင်းနဲ့ မော့ကြည့်၏။ သူက စူးရှရှ ပြန်စိုက်အကြည့်မှာ သခင်အံ့ကြိတ်၍ ဆတ်ခနဲလှဲဖယ်၏။

"ကိုယ်တို့ ပြန်လဲယူကြရအောင်လား၊ ကိုယ့်ပစ္စည်းကိုယ်ပေါ့"

"ဟွင်း သေလိုက်ပါလား၊ ရှင့်ပန်းက ဘယ်လောက်တန်တာမို့လဲ၊ အပိုတွေ လာမပြောနဲ့ ဖယ်၊ မဖယ်ရင်လည်းရတယ်၊ တိုက်ထည့်လိုက်မယ်"

သခင်က ပြောတဲ့အတိုင်း လုပ်ဝံ့သူပါ။ ပြောပြီးသည်နှင့် စက်နှိုးပြီးသားကားကို ခပ်မိုက်မိုက်ပင် မောင်းထွက်တော့၏။

နေသက်တန့် ကမန်းကတန်း ရှောင်ပေလို့သာပေါ့။ နောက်ဆို သခင့်ကားက သူ့ကိုယ်ကိုပွတ်ဆွဲသွားမှာ မလွဲချေ။

ကျွတ်။

တားဖို့ဆီးဖို့ကြိုးစားမိတဲ့ သူ့ခြေလှမ်းက သခင့်စိတ်ကို လိုက်မမှီတာလား၊ ဘာလား။

နေသက်တန့် ဆံပင်ကို နောက်ပြန်ဖွမိသွားသည်က စိတ်ပျက်လက်ပျက်။ သခင့်ကားလေးက လမ်းမီးအလင်းရောင်အောက်မှာ မြားတစ်စင်းပြေးနေသည်နှယ်။

♥ ♥ ♥



## အခန်း(၃၀)

ညပွဲမို့ ရောင်စုံမီးသီးတွေနဲ့ အလှဆင်ထွန်းညှိထားတဲ့ ပိုင်ပိုင်၏ ဥယျာဉ်ခြံဝိုင်းလေးထဲမှာ စည်ကားလို့နေပါပြီ။

သူ့ရဲ့တေးစီးရီးအောင်မြင်မှု အထိန်းအမှတ်ခေါင်းစဉ်တပ်ထားတဲ့ ဒင်နာပွဲက ပိုင်ပိုင်ရဲ့အသိုင်းအဝိုင်းထဲက ဧည့်သည်တွေချည်း။ တေးဂီတဖျော်ဖြေပွဲလည်းပါသည်။

အပြင်မိတ်ဆွေဆိုလို့ စာချွန်တို့မိသားစုနဲ့ ပန်းသခင်သာ။ ပန်းသခင်က ပိုင်ပိုင့်ရဲ့ အထူးဧည့်သည်။

သခင့်ကို ဖိတ်ထားတာမို့ သူတွဲနေတဲ့ မိန်းကလေးများကို ...ပုံးဝမဖိတ်ပါ။ သူတွဲသမျှက သူ့ရဲ့စိတ်ပျော်ရွှင်မှုအတွက်သာ။ ဘဝအတွက် အလေးထားတွဲခြင်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူဘယ်မိန်းကလေးနဲ့တွဲတွဲ သူနဲ့တွဲတဲ့မိန်းကလေးတိုင်း ယစ်မူးပျော်ဝင်သွားအောင် ကူညီ့အိတၤၤးနိုင်စွမ်းသည်။ ထိုမိန်းကလေးတိုင်း သူ့ကိုအရူးအမူးဖြစ်လျက်။

မောင့်သဘော။ ပိုင့်သဘော။ ကိုကို့သဘောချည်းသာ။

သို့သော်လည်း သူဦးနှောက်နဲ့သူ့နှလုံးသားက တောင့်တတာ သခင့်ကိုပဲ။ သခင့်ကို ဘယ်နည်းနဲ့ဖြစ်ဖြစ် သူအရယူထားဖို့ လိုအပ်သည်။

သခင့်ကိုရမှလည်း သူ့အပေါ်အမြဲတမ်း အသာရနေတဲ့ နေသက်တန့်နှလုံးသားကို ထက်ပိုင်းချိုးထားနိုင်မယ်။

နေသက်တန့်နဲ့သူ့ကြားမှာ အကြောင်းကြောင်းတွေက ရှိနေသည်။ ဒါကြောင့် သခင့်ကို လက်ဦးမှုရနိုင်ဖို့ စီစဉ်ပြီးသား။ သခင်ရောက်လာရင် နေရာချထားဖို့ ထောင့်ကျကျစားပွဲကို ဈေးချယ်ထားသည်။

အစားအသောက် ဘာညာကအစ ရှယ်။

ဒီတစ်ညကစပြီး သခင်ဟာ သူ့ရင်ခွင်နန်းတော်မှာ မဟေသီစည်းစိမ်ကို စံစားရတော့မှာလေ။

စနစ်တကျ စီစဉ်ထားပြီးမို့ အတွေးထဲမှာပင် ရင်ခုန်ဖိလင်စိမ့်ဖြာလျက်။

"မောင့်မူပိုင်"

အန်တီနှင်း အနားရောက်လာပြီး ခေါ်၏။ ဒီတော့မှ မူပိုင်





အသိဝင်လာကာ

"ပြောလေ အန်တီနှင်း"

"ဩော် မောင့်မူပိုင်ကြည့်ရတာ၊ အုန်းသီးရတော့မယ့်မျောက်ကလေးလိုပဲ မျက်နှာလေး ချိုပြုံးနေတာလေ"

အန်တီနှင်းစကားနောက်မှ မူပိုင့်မျက်နှာလေး ရှက်သွေးရဲသွားပေမယ့် ပို၍ပင် ချိုပြုံးသွားလေသည်။

ဒေါ်စုနှင်းဖြူက သူ့အကျိုးကိုယ့်အကျိုးကိစ္စမို့ မူပိုင့်ကိုနားလည်ကာ မူပိုင်နဲ့ထပ်တူ ရင်ထဲမှာ ချိုကြည်နေလေသည်။

"ဟိုမှာ သခင်ရောက်နေပြီ"

"ဟင် ဟုတ်လား"

အတွေးထဲ နစ်မြောနေမိတဲ့ သူ့ကိုယ်သူ အပြစ်တင်ချင်လာသည်။ ဒေါ်စုနှင်းဖြူက ခေါင်းလေးဆတ်လျက်။

"ဟုတ်တယ်လေ၊ မောင့်မူပိုင် အတွေးနဲ့မြောနေလို့ အန်တီနှင်းလာပြောတာ၊ ဟိုမှာ သားနဲ့စကားပြောနေတယ်ကွယ့်။ ခဏနေရင်လိုက်ခဲ့၊ အန်တီနှင်းတို့ ရှောင်ပေးမယ်"

ဒေါ်စုနှင်းဖြူပြောရင်း ဧည့်သည်တွေဝိုင်းဖွဲ့စားသောက်နေတဲ့ စားပွဲတွေဆီ သွားသည်။ သူက အန်တီနှင်းအစီအစဉ်အတိုင်း အဝေးကနေ ငေးကြည့်ကာ။ တေးဂီတကလည်း မြူးကြွနေပေသည်။

ရောင်စုံမီးရောင်အောက်မှာ ဖိတ်ဖိတ်တောက် လှသွေးကြွယ်နေတဲ့ သူ့နှလုံးသားသခင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



"သခင်"လို့

နှလုံးသားနဲ့ ရေရွတ်ကာ

"စာချွန်၊ နင့်ရဲ့နှစ်နှစ်ကော ပါမလာဘူးလား"

စာချွန့်မိသားစု စုံစုံညီညီရှေ့မှာ သခင်မေး၏။ စာချွန်က မလုံမလဲနှင့်

"ဟိုလေ ဒီပွဲက ပိုင်ပိုင့်ပွဲမဟုတ်လား၊ ပိုင်ပိုင်က ကိုယ်တို့မိသားစုကိုပဲ ဖိတ်တာလေ"

"ဟုတ်တယ်သမီးရဲ့ ဟင့်ဟင့်၊ ပိုင်ပိုင်က နှစ်နှစ်ကို ဖိတ်မထားဘူး"

အနားရောက်လာတဲ့ ဒေါ်စုနှင်းဖြူလည်း မျက်နှာဝင့်ဝင့်လေးနဲ့ ဝင်ပြော၏။ သခင်ကလည်း ပြုံးပြုံးလေးနှင့်ပင်

"ဟုတ်လား၊ ဖိတ်ထားရင်တော့ နှစ်နှစ်လာမှာပဲနော်"

"အဲ"

တစ်မိသားစုလုံး မျက်နှာတွေ တစ်မျိုးဖြစ်သွား၏။ သခင်ကမမှုပါ။ အခွင့်သာတုန်း ပြောလေသည်။

"ဟုတ်တယ်လေ အန်တီနှင်းရဲ့၊ ပိုင်ပိုင်ဖိတ်မထားလို့ နှစ်နှစ် ဒီပွဲကိုရောက်မလာပေမယ့် ဖိတ်တဲ့သူရှိတဲ့ဆီ ရောက်နေမှာပဲနော်"

"ဟင်"

သခင်ပြောတာက ထိကပါးရိကပါး နိုင်လှသည်။ မျက်နှာ





ပေးနဲ့အမူအယာကို ဒေါ်စုနှင်းဖြူ ဘဝင်မကျတော့ပါ။

သားမိတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း စာချွန်က မျက်နှာမပျက်အောင် ထိန်းပြီးပြောသည်။

"သခင် ဘာတွေပြောနေတာလဲဟာ၊ နှစ်နှစ်အပေါ် သခင့်စိတ်က သိပ်ပြီးရင့်သီးမနေဘူးလား"

"ရင့်သီးနေတယ် ဟုတ်လား"

"ရင့်သီးတာပေါ့ သခင်ရယ်၊ သခင်ပြောပုံက မလွတ်မကင်းနဲ့ကွယ် နေပါဦး။ နှစ်နှစ်က ဖိတ်တဲ့သူရှိတဲ့ဆီရောက်နေမှာဆိုတာ ဘာစကားလဲ"

ဒေါ်စုနှင်းဖြူ သားကိုယ်စားဝင်မေးလိုက်၏။ ပန်းသခင်က သဘောကျတဲ့ မျက်လုံးဖြင့် အန်တီနှင်းနဲ့စာချွန့်ကို တစ်လှည့်စီကြည့်ကာ

"ဟင့်ဟင့် အန်တီနှင်းက အဲလိုမမေးမှာကို သခင်စိုးရိမ်နေတာ၊ ဟင့်ဟင့် အန်တီနှင်းမေးတော့လည်း သခင်ဖြေရတာပေါ့ ဟုတ်ဖူးလား"

သခင့်မျက်နှာပေး အမူအယာက ခနဲ့သလိုနှက်သလိုကို။ ပိုင်ပိုင်ရဲ့ဧည့်သည်တွေ ဖြစ်နေတာမို့ ပိုင်ပိုင့်မိတ်ဆွေတွေက သခင်တို့ဆီ ငဲ့ကြည့်ကြ၊ တို့ထိပြောကြနဲ့။

စာချွန်မှာ ချွေးပျံစဖြစ်လာသည်။ သခင့်မျက်နှာလေး မော့ရယ်လျက် ဆက်ပြောသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ သိပ်ပြီး လိုချင်မက်မောနေတဲ့ သိက္ခာရှင်မလေး နှစ်နှစ်ကလေ ခုနေခါ ဦးမြင့်မိုရ်နဲ့ တည်းခိုခန်းထဲမှာ နှစ်ယောက် တည်း တွေ့ဆုံပွဲလေး ကျင်းပနေမှာလေ"

"ပန်းသခင် နင် ဘာတွေလျှောက်ပြောနေတာလဲ"

"လျှောက်မပြောဘူး စာချွန်ရဲ့၊ အတည်ပြောနေတာ"

"ဟင် ပန်းသခင် ညည်းဟာ အတော်အောက်တန်းကျတဲ့ မိန်းကလေးပါလား။ ညည်း ငါ့သားကိုမရလို့ နှစ်နှစ်ကို ပိုးစိုးပက် စက် ပြောနေတာမဟုတ်လား။ ညည်းဟာ ယုတ်မာတဲ့မိန်းကလေး ပဲ ပန်းသခင်"

ဒေါ်စုနှင်းဖြူ မျက်နှာချည်းရဲမှည့်သွားကာ မခံချင်စိတ်က ဝုန်းခနဲပေါက်ကွဲ၏။ သခင့်ပခုံးစွန်းကို တွန်းထိုးပြောချ၏။

သခင်က ထိုလက်ကိုပုတ်ချကာ။ မာနမျက်နှာထားလေး နဲ့ ဒေါ်စုနှင်းဖြူကို တည့်တည့်စိုက်ကြည့်လျက်

"ဒီမှာ အန်တီနှင်း။ ပန်းသခင်က အောက်တန်းကျလား။ ခရေနှစ်သစ်က သိက္ခာရှိသလား။ သိချင်ရင် ခုချက်ချင်းလိုက်သွား။ သခင် လိပ်စာပြောလိုက်မယ်၊ ကြယ်တာရာတည်းခိုခန်း၊ အခန်း(၀၂) မှာ ဦးမြင့်မိုရ်နဲ့ တွေ့ရလိမ့်မယ်။ သူတို့ ဘာလုပ်နေကြလဲဆိုတာ အန်တီကောစာချွန့်ကိုပါ မျက်ဝါးထင်ထင် တွေ့သွားစေချင်တယ်။ မယုံရင်သွားကြည့်၊ စာချွန် နင့်အချစ်တော်မ ဘယ်ဇာတ်ခင်းနေလဲ ဆိုတာ နင့်မျက်လုံးနဲ့နင်သွားကြည့်"





"ဘုရားရေ"

ဒေါ်စုနှင်းဖြူ မျက်ဝန်းမှာ မီးတွေလောင်သွား၏။ ပတ် ဝန်းကျင်က သေချာကြည့်နေကြတာမို့ စာချွန့်ခမျာ ရှက်စိတ်နဲ့ မျက်နှာကြီး ထက်ပိုင်းကျိုးမတတ်ဖြစ်ကာ။ ထိုစဉ်

"ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေ ညံစီသွားပါ၏။ ထိုလက်ခုပ်သံတွေက စင်တင်တေးဂီတအဖွဲ့မှ ဖျော်ဖြေသီဆိုနေတဲ့ အဆိုတော်သစ်လေး သီချင်းဆိုတာ ပြီးဆုံးသွားလို့ အားပေးကာ ပရိသတ်တွေ တီးကြခြင်း။

တိုက်ဆိုင်နေတာမို့ ထိုလက်ခုပ်သံက စာချွန်တို့သားအမိ ကို လှောင်ပြောင်တီးသလိုဖြစ်စေကာ သားအမိလေးယောက် ခြေ မကိုင်မိလက်မကိုင်မိနဲ့ ပျာသွားလေသည်။

သခင်က ဘာကိုမှမမှုစွာ။ မျက်တောင်လှလှလေးကို ပုတ် ခတ်၏။

ထို့ပြင် စာချွန်တို့ရှေ့မှ ရင်ကော့ကာထွက်လျက်။ ပိုင်ပိုင့် ဆီ ခြေလှမ်းသွား၏။ ထိုအခါ စာချွန်အသိဝင်လာကာ ရှက်တဲ့မျက်နှာ ကို သယ်ဆောင်ရင်း ခြေလှမ်းတွေက မယုံချင်တဲ့စိတ်နဲ့ နှစ်နှစ်ဆီ ဦးတည်လျှင် ဒေါ်စုနှင်းဖြူရော တစ်မိသားစုလုံး သားနောက်က ပါသွားလေသည်။

ဒီပွဲဟာ သူတို့မိသားစုအတွက် အောင်ပွဲဖြစ်စေရမယ်။ သေချာကြိုတင်ပြင်ဆင်ထားရက်နဲ့ ခုတော့ သခင့်ရဲ့တိုက်စစ်နေ့တော်



www.burmeseclassic.com

www.burmeseclassic.com



မှာ ညှို့သည်အများကြား မျက်နှာမထားရဲအောင် ဖြစ်စေသည်။

ဘာတွေလဲဟယ်။

အဖြစ်မှန်က ဘယ်ဆီမှာလဲ။

ရှက်တဲ့ရင်ခုန်သံက ဆောင့်ခုန်လွှင့်ထွက်သွားတဲ့ ခြေလှမ်းနောက် တချိုးတည်းပါသွားလေပြီ။

ဒီမှာ ပန်းသခင်။

ညည်းပြောတဲ့အတိုင်း မဟုတ်လို့ကတော့ ညည်းကို တရားစွဲပြီး ထောင်ကိုချပစ်မယ်။

စုနှင်းဖြူကို ဘာထင်လဲ။

♥ ♥ ♥



## အခန်း(၃၁)

"ဟင်"

မူပိုင့်စိတ်ထဲ တစ်မျိုးဖြစ်ကာ။

စာချွန်တို့မိသားစု မျက်နှာအပျက်ပျက်နဲ့ ထွက်သွားတာ လှမ်းမြင်ရတဲ့အခါ ဘာကြောင့်ပါလိမ့်ဟု မူပိုင်သိချင်စိတ် ဖြစ်လာပါသည်။

နောက်ပြီး သခင့်မျက်နှာလေးက စာချွန်တို့ကို ပျက်ယွင်းမနေ။ ကာလာရောင် တောက်ပနေသည့် ထိုမျက်နှာလေးက ဝင့်ကြွစွာညို့အီလျက် မက်မောဖွယ်ဆောင်ကျဉ်းပေးနေသော ပန်းတစ်ပွင့်နှယ်။

"ဟီတ် ပိုင်ပိုင်။ ယူပုန်းနေတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



သခင့်အသံမြူးမြူးလေးနဲ့ လှမ်းမေး၏။ ထိုအခါ မူပိုင် အိန္ဒြေဆယ်ကာ နှုတ်ဆက်ပြုံးလေးပြုံးပြီး။

"မပုန်းပါဘူး၊ ဒီမှာ သခင့်ကို သီးသန့်ဧည့်ခံဖို့ ပြင်ဆင်နေတာ၊ လာ သခင် ထိုင်"

သခင့်မျက်နှာမြင်တော့ မူပိုင်ရင်ခုန်လှိုင်း ပျာယာခတ်လေသည်။ စာချွန်တို့ကိုစွ ခေါင်းထဲကလွင့်ပါကာ သူ့အစီအစဉ်တွေ လွှမ်းမိုးလာသည်မို့ လှိုက်လှိုက်လှဲလှဲ လက်ကမ်းကြိုလေသည်။

သခင်က အလှကိုင်လက်ဆွဲအိတ်လေးရမ်း၍ ပိုင်ပိုင့်လက်ကို ဖယ်ရှား၏။ အဲဒီနောက် ပိုင်ပိုင့်ကို မျက်တောင်လှလှလေး ပုတ်ခတ်လုပ်ပြီး စိုက်ကြည့်လျက် ရှေ့တိုးလာသည်။

"ဟင့်ဟင့်ဟင့် သခင့်ကို သီးသန့်ဧည့်ခံမယ် ဟုတ်လား"

သခင့်အမူအယာလေးက ပိုင်ပိုင့်မျက်လုံးတွေကို လွှဲဖယ်ဖို့ ခဲယဉ်းသွားသည်အထိ ချူထားနိုင်ပေသည်။ ပိုင်ပိုင့်ခေါင်းလေး ညွတ်ငြိမ့်သွားကာ

"ဧည့်ခံရမှာပေါ့ သခင်ရယ်။ သခင်က ပိုင့်ရင်ထဲက သခင်လေ"

"ဟင့်ဟင့်ဟင့်"

မူပိုင့်စကားမဆုံးခင် သခင်သဘောတကျ ရယ်မောလေသည်။ ရောင်စုံမီးရောင်တွေကြောင့် သခင့်ရယ်မောဟန်လေးက ပိုလို့ပင် ဆွဲအားပါနေသယောင်။





"ထိုင်လေ သခင်"

"အင်း"

ပိုင်ပိုင် ဆွဲပေးတဲ့ ဆိုဖာခုံမြင့်လေးမှာ သခင် ကြော့ကြော့မော့မော့ ဝင်ထိုင်လိုက်သည်။ ပိုင်ပိုင်လည်း မျက်နှာချင်းဆိုင်ထိုင်ချ၏။ သခင့်ကို မျက်တောင်မခတ်တမ်း တည့်တည့်ကြည့်လျှင် သခင်က ခေါင်းလေးငဲ့ကာ ပြုံးပြီး

"ဘာကြည့်နေတာလဲ ပိုင်ပိုင်"

"ချစ်လို့ပေါ့"

"ဘုရားရေ"

သခင် အံ့သြလိုက်မြူးဟန်လေးနဲ့ ဆိုသည်။ ပိုင်ပိုင်က သခင့်လက်ဖဝါးကို ဆွဲယူဖို့ ပြင်လျှင်

"ဟင့်ဟင့်ဟင့်"

သခင် မဲ့မဲ့လေးရယ်ရင်း သခင် လက်နှစ်ဖက်လုံးကို ဆုပ်ထားလိုက်၏။ ထိုအခါ မူပိုင် အားမလိုအားမရနဲ့ မျက်နှာချင်းဆိုင်ထိုင်နေရာမှ သခင့်ဘေးထိုင်ခုံဆီ ပြောင်းထိုင်လာသည်။

သခင် မသိချင်ဟန်ပြုကာ စည်ကားနေတဲ့ ဧည့်ခံပွဲဘက် ငဲ့ကြည့်လေသည်။ တီးဝိုင်းက တေးသီချင်းအလိုက် စည်းချက်ကျကျ တီးခတ်နေသည်က မြိုင်ဆိုင်လှသည်မို့ ပရိသတ်တွေ ငေးမောကုန်သည်။

ပိုင်ပိုင့်အတွက် ဒါ အခွင့်အရေးတစ်ရပ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"သခင်"

သခင့်မေးဖျားလေးဆွဲယူကာ လိုက်လိုက်ဖိုဖိုလေးခေါ်သည်။ ရုတ်တရက်မို့ သခင် ခံလိုက်ရကာ၊ ချက်ချင်းပဲ ပိုင်ပိုင့်လက်ကိုပုတ်ချရင်း ရယ်ကျဲကျဲလေးဆိုသည်။

"မောင့်မူပိုင် ရှင်သိပ်ရိုးသားတာပဲနော်"

"အဲ"

မူပိုင် မလုံမလဲ ဖြစ်သွားပေမယ့်

"ယောက်ျားဆိုတာ ချစ်တဲ့စိတ်တွေ နိုးကြားလာရင် ထိန်းဖို့သိမ်းဖို့ တောင့်ခံထားဖို့ထက်၊ ချစ်တဲ့သူကို အရသိ ပွေ့ထားဖို့ပဲ ဦးတည်တတ်တယ်လေ"

"အမယ် တယ်ဆိုတဲ့စာပါလား ပိုင်ပိုင်၊ ဒါပေမဲ့ အဲဒီ မိန်းကလေးက ပိုင်ပိုင်သိမ်းပွေ့တာကို အလိုက်သင့်မခံယူဘူးဆိုရင်ကော"

ပိုင်ပိုင် ပခုံးလေးပင့်ကာ

"လက်ခံတဲ့အထိ ဘယ်နည်းနဲ့မဆို ကြိုးစားမှာပဲ၊ သခင် ပိုင့်ကို မငြင်းနဲ့ကွာ"

ပြောရင်း သခင့်လက်ဖဝါးကို အတင်းဆွဲယူပြန်သည်။ သခင် မျက်နှာလေး ရှုံ့တွကာ

"ဖယ်စမ်းပါ၊ ဟိုမှာ လူတွေကြည့်နေတယ်"

"ဘယ်မှာလဲ"





"ရှင့်ဘေးပတ်လည်မှာလေ"

သခင် မျက်စမျက်နလေးနဲ့ပြောလျှင် ပိုင်ပိုင်က နောက်ပြောင်တယ်လို့ ယူဆပြီး ဟုတ်လို့လားလို့မေးရင်း မော့ကြည့်၏။

ထိုအခါ

"ဟင်"

ပိုင်ပိုင် မျက်လုံးချည်းချာလည်သွားကာ လည်ပင်းတွေဘာတွေ ဟိုဘက်ဒီဘက်ရောက်ကုန်သည်။

"စိမ့်စိမ့်"လို့

တအံ့တသြ ရေရွတ်မိ၏။

"စိမ့်စိမ့်ပဲ မဟုတ်ဘူး၊ ဒီမှာ ညိုးညိုးလည်းရှိတယ် မောင်"

"ဟင်"

"ဘာဟင်လဲ၊ သခွပ်နီလေ ရှင်မှတ်မိတယ် မဟုတ်လား"

"ဒီမှာ လရိပ်စံပါ ပိုင်ရဲ့"

"ဟာ"

တစ်ယောက်ပြီးတစ်ယောက် သူ့ဘေးဝိုင်းအုံလာတဲ့ မိန်းမလေးများ။ သေချာတာက သူတွဲနေတဲ့ သူ့ရဲ့အချစ်တော်တွေ။ အားလုံး ဆယ်ယောက်ထက်မနည်း။ အားလုံးရဲ့မျက်နှာပေါ်မှာ သူ့ကို အစိမ်းလိုက် ဝါးစားချင်စိတ်နဲ့ ရင်ဆိုင်လာတဲ့အခါ ပိုင်ပိုင် ယောင်ယောင်ရမ်းရမ်း ထရပ်လိုက်၏။

တစ်ယောက်ကိုမှ မဖိတ်ထားပါဘဲနဲ့ ဘာကြောင့် အခုလို



www.burmeseclassic.com

www.burmeseclassic.com



လိုက် သူ့ကို လာဝိုင်းနေကြတာလဲ။

သေချာတာက ရိုးရိုးသားသား မဖြစ်နိုင်။ တစ်ယောက်ယောက်လက်ချက်ပဲဖြစ်မယ်။ အဲဒီတစ်ယောက်က ဘယ်သူလဲ။ အန်တီနှင်းလား။ မဖြစ်နိုင်ဘူး။

ဒါဆို ဘယ်သူဖြစ်နိုင်မလဲ။ စဉ်းစားကြည့်တော့ နေသက်တန့်ကို ပြေးမြင်သည်။ ဒီနေ့က သူနဲ့ပင် မျက်နှာချင်းမဆိုင်ချင်သူ။ ဒါကြောင့် နေသက်တန့်မဖြစ်နိုင်ဘူး ဆိုတာ အဖြေက ထွက်ပြီးသား။

သခင့်ကို စူးစမ်းသလိုကြည့်သည်။ သခင်က အောင်ပွဲခံ အပြုံးလေးနဲ့ မဲ့နေသလိုလို။ ဒီမျက်နှာပေးကိုကြည့်ရုံနဲ့ သခင်မှန်းသူ ဒက်ခနဲသိလေသည်။ ထို့ကြောင့် သခင့်ရှေ့တိုးသွားကာ ဖိခေါ်သည်။

"သခင်"

"ဘာလဲ ပိုင်ပိုင်၊ သခင့်ကို သိမ်းပိုက်ဖို့ အန်တီနှင်းနဲ့နင် ကြိတ်ကြံတယ်မဟုတ်လား။ အဲဒီအတွက် နင် ငိုချင်းချသွားစေရမယ် မောင့်မူပိုင်"

"ဘာပြောတယ်"

သူတောင် ထုတ်မပြောရသေး။ သခင်က ဦးစွာပြောလေပြီ။ သခင်က လက်ညှိုးလေးတထောင်ထောင်နဲ့ သူ့မျက်နှာရှေ့ဝေ့ရမ်းရင်း ဆက်ပြောသည်။





"သေချာနားထောင် မောင့်မူပိုင်၊ နင်အဆိုတော်ဖြစ်ပေမယ့် သခင် သွားရည်ကျလိမ့်မယ် မထင်နဲ့။ သခင်က တခြားမိန်းကလေးလို ငမ်းငမ်းတက်မဖြစ်ဘူး။ ပြီးတော့ နေသက်တန့်ကို ကြောချင်တာနဲ့ သခင့်ကို လက်ဦးရနိုင်မယ်ထင်ရင် ပိုမှားလိမ့်မယ်။ သိရဲ့လား။ ဘာဖြစ်လို့လဲဆိုတော့ နင့်အကြောင်း သခင်အားလုံး သိတယ်၊ နင်က မြာပွေတဲ့အကောင်၊ နင့်လို ခပ်ပွေပွေကောင်ကို သခင် ဆောရီးပဲ၊ ဘိုင်"

ပြောပြီး လက်ကလေးပြကာ နှုတ်ဆက်သွားတဲ့သခင်။ မောင့်မူပိုင် ရှက်ဒေါသနဲ့ပေါက်ကွဲကာ

"နေဦး သခင်"

သခင့်ကို ဟန့်တားဖို့ ကြိုးစားလေသည်။ ထိုအခါ သူအခွင့်အရေး မသာတော့ပါ။ သူတွဲခဲ့တဲ့ မိန်းကလေးများ သူ့ရှေ့ဝိုင်းရံဟန့်တားကာ နာကျင်စိတ်နဲ့ ဖိခေါ်ကြသည်။

"မောင်"

"ကိုကို"

"ပိုင်"

"ဒါလင်"

စသည်ဖြင့် နာမ်စားတွေ တစ်ပြိုင်နက် ပေါ်ထွက်လာလေသည်။ ဒီလိုဖြစ်လာမယ်လို့ သူ တစ်ခါမှ မျှော်လင့်မထား။

ခုတော့ ရှက်တဲ့စိတ်က အရှူးမီးဝိုင်းနှယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်သံတွေလည်း မြိုင်ထွက်လာလျှင် မောင့်မူပိုင် ပေါက်ကွဲသွားလေသည်။

"သွား ထွက်သွားကြ၊ အားလုံးသွားကြ၊ ဒီပွဲကို ဖျက်တယ် ကွ၊ ဖျက်တယ်"လို့။

အော်ဟစ်ဆွဲလွဲပစ်လျှင် ဧည့်ပရိသတ်အားလုံး ကြောင်တောင်တောင် ဖြစ်လိုဖြစ် အံ့ဩလိုအံ့ဩနဲ့။

သတင်းသမားတွေကလည်း ဓာတ်ပုံ တဖျတ်ဖျတ် ရိုက်ဖြစ်ကာ။

တောက်။

ဒီပွဲက သူ့ရဲ့အောင်ပွဲမဟုတ်ဘဲ သူ့ကိုယ်သူ အရှက်ခွဲတဲ့ပွဲ ဖြစ်နေတဲ့အဖြစ်။

"တောက် ပန်းသခင်"

မင်းကို ကိုယ် ဘယ်တော့မှ အလွတ်မပေးဘူးကွ"

"ဝုန်း"

စားပွဲခုံတွေ ကျွမ်းထိုးကုန်ကာ။ သူ့ကိုချစ်ပါတယ်၊ စွဲငြိနေပါတယ်ဆိုတဲ့ မိန်းကလေးများ နာနာကျင်ကျင်ကြည့်၏။ မာနမျက်နှာလေးတွေ တခါခါနဲ့ လှည့်ထွက်သွားကြတဲ့အခါ တေးဂီတသံစဉ်နဲ့ ပိုင်ပိုင့်နှလုံးသား ဆန့်ကျင်စွာပေါက်ကွဲလျက်။

"ဝုန်း ဒိုင်း"

♥





"သခင်"

စိုးရိမ်တကြီးခေါ်ရင်း အပြေးတစ်ပိုင်းဝင်လာတဲ့ခရမ်း။ ဧည့်ခံပွဲတစ်ခုလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်ကာ သခင့်ကိုခေါ်ရင်း မျက်လုံးတောင်းမှောက်ရှာမိ၏။

သို့သော် သခင့်ကို မတွေ့ရပေ။

စားပွဲခုံတွေကို ဒေါသတကြီး တွန်းဖြိုပစ်ကာ ပေါက်ကွဲနေတဲ့ မောင့်မူပိုင်ကိုသာ ရုပ်ပျက်ဆင်းပျက်မြင်ရလျှင် ခရမ်းချို ပို၍ ပူပန်သွားသည်။

ဧည့်ပရိသတ်တွေ ခရမ်းကို တွန်းတိုက်ကာ သူ့ထက်ငါ ဦးအောင် ထွက်သွားကြတဲ့အဖြစ်။

သခင့်အပြုအမူက မောင့်မူပိုင်အတွက် အရှက်ဖြန်းဖြန်း ကွဲကာ။

သူငယ်ချင်းကိုပဲ အပြစ်တင်ရမလား၊ မောင့်မူပိုင်ကိုပဲ ဖျောင်းဖျရမလားနဲ့ ရင်ပူလှုပ်ရှားသွားသည်။

"ပန်းသခင်"

အံကြိတ်ခေါ်လိုက်တဲ့ မူပိုင့်အသံက နာကျည်းခံပြင်းမှုတွေနဲ့ရောကာ ဆောက်တည်ရာမရ ဖြစ်လို့နေပေပြီ။

တော်ကြာ ခရမ်းကိုမြင်ရင် ပြဿနာက ပိုကြီးလာရင် အခက်။

သခင့်သူငယ်ချင်းဆိုပြီး ကြမ်းရမ်းလာရင် ခရမ်းခံရမယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

လောလောဆယ် သခင် ဘယ်မှာလဲ။

သိချင်စိတ်နဲ့ ရုပ်ပျက်ဆင်းပျက် ညှော်ခံပွဲထဲက ပြန်လှည့်ပြေးထွက်ခဲ့ရလေပြီ။

သခင်ရယ်။

ရှင့်စိတ်ကြောင့် ခက်တယ်ကွယ်။

ရှင့်ကြောင့် မူပိုင်အရှက်ကွဲသလို ရှင့်ကြောင့် စာချွန်နဲ့ခများလဲ၊ ခရမ်း ဆက်မတွေးလိုတော့ပါ။



## အခန်း(၃၂)

မေမေက အံ့တကြိတ်ကြိတ်နဲ့။

ဖေဖေ့မျက်နှာက ဆယ်ထိန်းလို့မရ ဖြစ်ကာ။ ညီမနှစ်ယောက်က ရှက်တတ်နေတဲ့ မျက်နှာဟန်လေးတွေနဲ့ ခပ်လွဲလွဲဖြစ်နေကြသည်။

အားလုံးထဲမှာ အဆိုးဆုံးက စာချွန်။

မှန်းမျှော်ထားသည်နှင့် တက်တက်စင်လွဲနေတဲ့အဖြစ်သနစ်။ တွေးမိတိုင်း ရှက်စိတ်က ငယ်ထိပ်အထိ စောင့်တက်လျက်။

နှစ်နှစ်ရယ်လို့ပင် မရွတ်ဆိုနိုင်ဖြစ်ကာ ရင်ခုန်သံတွေ ခန်းခြောက်လို့ သွားလေပြီ။ မြင်လိုက်ရတာ မျက်လုံးကို မယုံနိုင်အောင်ပင်။



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းငှားပြီး နှစ်ယောက်ချိန်းတွေ့တာ ဘာကြောင့်ပါလဲ။ အဖြေက ရှင်းနေသည်။ တစ်ခါမဟုတ် နှစ်ခါမဟုတ်။ စုံစမ်းသိရှိရသမျှက ဒီလိုချိန်းတွေ့တာ နှစ်ချီကြာခဲ့ပြီတဲ့။

အတွင်းလိုက်ပြီး စုံစမ်းတော့မှ နှစ်နှစ်နဲ့ဦးမြင့်မိုရ်က နယ်ကျွံလယ်ကျွံဖြစ်တာက အကြောင်းမဲ့မဟုတ်ပေ။

နှစ်နှစ်ကို ပညာသင်စရိတ် ထောက်ပံ့ပေးနေတဲ့ကြီးတော်မှာ ကြွေးတွေနဲ့ နှစ်နှစ်ကိုလည်း မထောက်ပံ့နိုင်။ ဒီကြားထဲ ဆုံးပါသွားလေသည်။

နှစ်နှစ်က ကျောင်းလည်းမပြီးသေး။ ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းမထွက်ချင်။ ဘွဲ့လည်းလိုချင်သည်။ ဆရာဝန်ဆိုတဲ့ ဘွဲ့တစ်ခုနဲ့ တင့်တင့်တယ်တယ် ရပ်တည်ချင်သည်။

နှစ်နှစ် ဘာလုပ်ရမလဲ။

အတွေးထဲမှာ ရှုပ်ထွေးနေဆဲပေါ့။

အဆောင်ပိုင်ရှင်ရဲ့မောင်ဖြစ်သူ ဦးမြင့်မိုရ်နဲ့ နီးစပ်ခဲ့သည်။ နှစ်နှစ်အခက်အခဲကို အတွင်းသိဖြစ်နေတော့ နှစ်နှစ်ရဲ့ကျောင်းစရိတ်ကို ကူမယ်ပေါ့။ နှစ်နှစ်လည်း မငြင်းသာခဲ့ပါ။

စိတ်ရင်းက အဲလိုမရှိခဲ့ပေမယ့် လိုချင်ဆန္ဒဇောတွေနောက်မှာ ဦးမြင့်မိုရ်သွေးဆောင်တဲ့နောက် ပါသွားကာ။

တိုးတိုးတိတ်တိတ်နဲ့ ပိပိရိရိ ကြိတ်ပြီးချိန်းတွေ့တာကလွဲပြီး ဘယ်သူမှ မရိပ်မိအောင် အိန္ဒြေရရနေလာခဲ့တာက အချိန်တန်





ရင် လမ်းခွဲကြမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုယ်စီနဲ့ပါ။

ဘာဖြစ်လို့လဲဆိုတော့ ဦးမြင့်မိုရ်က အိမ်ထောင်နဲ့။ ကလေးသုံးယောက်ရှိသည်။ မိန်းမနဲ့ကလေးတွေက အမေရိကမှာ။ ဦးမြင့်မိုရ်က ဒီကစီးပွားရေးလုပ်ငန်းတွေ လက်စသတ်ရင်းနေခဲ့တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ကျန်နေခဲ့ခြင်း။

အချိန်တန်ရင် ဦးမြင့်မိုရ် အမေရိကလိုက်သွားရမယ်။ နှစ်နှစ်လည်း ဘဝတစ်သက်တာလုံးအတွက် ဦးမြင့်မိုရ်ကို လက်မတွဲလိုပါ။

နှစ်နှစ်နဲ့ရွယ်တူတန်းတူနဲ့ပဲ လက်တွဲချင်တဲ့ဆန္ဒရှိသည်။ စာချွန်နဲ့ စာချွန့်မိသားစုဝင်တွေကလည်း နှစ်နှစ်ကို လိုလားသည်မို့ အန်တီနှင်းစီစဉ်သမျှကို နှစ်နှစ်လက်ခံလိုက်ခြင်း။

ရင်ပူနေမိတာက နှစ်နှစ်အကြောင်းနဲ့နှစ်နှစ်။ ဦးမြင့်မိုရ်နဲ့ကိစ္စ သိသွားရင်ဆိုတဲ့စိတ်နဲ့ အတွင်းပူ ပူနေရတာ။ စာချွန်တို့အမြင်မှာတော့ ကြီးတော်ဆုံးသွားပေမယ့် ပစ္စည်းတွေအမွေရတယ်လို့ ဆိုထားရတယ်မဟုတ်လား။ အဲဒါတွေကြောင့်ပေါ့။

ပူပင်နေမိတဲ့အတိုင်း မထင်မှတ်ဘဲ ဘူးပေါ်သလိုဘွားခနဲပေါ်လာတဲ့အဖြစ်။

နှစ်နှစ် ဘယ်မျက်နှာနဲ့ ငြင်းရမလဲ။

"နှစ်နှစ်ဘဝကို နားလည်ပေးပါယူရယ်"လို့ ပြောရမလား။

ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ"လို့

ဆိုရလေမလား။

စာချွန်ကရော နားလည်ပေးနိုင်တဲ့စိတ် ဖြစ်မလား။ အန်တီနှင်းကရော။

"ဟင့်ဟင့်ဟင့်"

နှစ်နှစ် ငိုချလိုက်ရုံသာ တတ်နိုင်တော့တဲ့အဖြစ်။

သူတို့မိသားစုမက်တဲ့ ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တ ဘယ်ဆီမှာလဲ နှစ်နှစ်ရယ်လို့ မေးဖို့ အားမရှိတော့တဲ့အထိ။

ပြီးတော့ သခင့်ကို သူတို့မိသားစု အမြင်လွဲကာ စွပ်စွဲမိတာတွေက မနည်းမနော။

သိက္ခာမရှိဘူး ဘာညာနဲ့လေ။

ခုတော့ သခင့်အပေါ် သူတို့မိသားစု ကျေးစွပ်သလိုဖြစ်နေတဲ့ အနေအထား။

သခင်ရယ် ခွင့်လွှတ်ပါလို့ ဘယ်မျက်နှာမျိုးနဲ့ တောင်းပန်ရကောင်းမှန်းမသိအောင် စာချွန် အရှက်သည်းလို့ နေပါပြီ။

♥ ♥ ♥



## အခန်း(၃၃)

"ဒယ်ဒီတို့ဆီ သခင် လိုက်သွားတော့မယ်၊ လေယာဉ်လက်မှတ်ဝယ်ထားပြီးပြီ၊ အန်ကယ်သာ သခင့်ကို သန်ဘက်ခါလေဆိပ်လိုက်ပို့"

ဆိုင်းမဆင့်ဗုံမပါ တူမချောပြောလာတော့ ဦးထက်သာနဲ့ ဒေါ်ဝင်းဝင်းမေ အံ့ဩကာ မျက်လုံးတွေ အစုံလိုက် ပြူးကျယ်လာသည်။

မှင်တက်ကာလည်း တူမချောကို ငေးကြည့်မိလျက်။ တူမချောက သူ့မူဟန်အတိုင်း ပြောပြီးသည်နှင့် အပေါ်ထပ်တက်သွား၏။

"အလို ဒါ ဒါ တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝင်းဝင်းမေ ရင်ဘတ်ဖိကာ အသံထွက်လာသည်။ ဦးထက်သာမျက်နှာက ကျေနပ်အားရဖြစ်ပြီး

"တကယ်ပေါ့ကွ၊ မေ့တူမပြောသွားတာ မေ့နားနဲ့ကြားသားပဲ"

"အဲလိုကြားလို့ကို မယုံနိုင်တာ၊ ကြည့်စမ်းပါတော်။ မိဘကို စိတ်အနှောင့်အယှက်ပေးတော့လည်း ဒင်းပဲ။ ဟော မိဘအလိုအတိုင်း လိုက်လျောမယ်ဆိုတော့လည်း ချက်ချင်းလေ။ ဒီတူမတစ်ယောက်နဲ့ မေတော့ ရူးရချည်ရဲ့ ဟင့်ဟင့်ဟင့်"

ဒေါ်ဝင်းဝင်းမေ ပြောရင်း မဖုံးနိုင်မဖိနိုင် ဝမ်းသာလျက်။ အခုမှပဲ သူတို့ရင်ထဲက အပူလုံးကြီး ပြုတ်ကျတော့တယ်။ အားရဝမ်းသာစိတ်နဲ့ ခင်ပွန်းသည်နားထိုင်နေရာမှ ရုတ်ခြည်းထကာ တူမချောနောက် လိုက်တက်သွားသည်။

ဦးထက်သာကတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ ကျေနပ်နေသည်။ ဇနီးသည်ခြေလှမ်းနောက် သူ့မျက်လုံးတွေ ပါသွား၏။

ဇနီးသည်က ဒီတူမကို သမီးလိုကော တူမလိုကော ပုံအောချစ်နေတာလေ။ မဆူရက်မဆိုရက်နဲ့။ တူမချောစိတ်အတိုင်း လွှတ်ထားခဲ့၏။ ခုတော့ တူမကို ပိုလို့တောင်ချစ်သွားကာ။

"သခင်လေးရယ်၊ အန်တီမေလေ ယုံတောင်မယုံချင်ဘူး။ တကယ် ဘယ်ကဘယ်လို စိတ်ကူးပေါက်သွားတာလဲကွယ်"

"ဟွန်း ခုကျတော့ အန်တီမေက ပေးမသွားချင်တော့တာလား"





သခင်အခန်းထဲတန်းဝင်ကာ လှည့်မကြည့်ဘဲပြောသည်။ ဒေါ်ဝင်းဝင်းမေ ခေါင်းလေးရမ်းပြီး

"အိုး ပေးမသွားလို့ဖြစ်မလား သမီးရယ်၊ အန်တီမေက အံ့ဩနေတာ။"

"မအံ့ဩပါနဲ့ ဖုန်းထဲမှာ ငိုနေတဲ့ မာမီ့အသံ သခင်ကြားကတည်းက သွားဖို့ပါ။ သွားမယ့်အကြောင်း စာချွန်နဲ့ခရမ်းကို ပြောမယ်ပေါ့။ သူတို့ဘာလိုသေးလဲ၊ ဘာညာပေါ့။ သူတို့လိုတာရှိလည်း သခင် ပေးသွားမှာပေါ့။ အဲဒီစိတ်နဲ့ပါ။ ဒါပေမဲ့ စာချွန်တို့စုံတွဲကို တွေ့လိုက်တော့ ပေါက်ကွဲသွားရာကနေ အချိန်တွေ နှောင်းသွားတာလေ၊ ခုတော့ အားလုံးရှင်းသွားပြီ"

ဒေါ်ဝင်းဝင်းမေ သခင့်စကားနောက်မှာ ကျေနပ်သက်မလေး ချရှာသည်။

ဒေါ်စုနှင်းဖြူ လာပြောတုန်းက သခင့်ဘက်မပါဘဲ ကိုယ့်တူမလွန်တယ်ဆိုတဲ့အသိနဲ့ တောင်းပန်လိုက်ရတာအမော။

သခင်က ကြိုးရှည်ရှည်နဲ့ လက်ဆွဲအိတ်ကိုလွှဲ၍ မွေ့ယာပေါ် ပစ်တင်လိုက်သည်။ သူမလည်း ပစ်ချသလို ကိုယ်လုံးလေးကို မွေ့ယာထက် လှဲချ၏။

"ဟွန်း သခင့်ကိုပြောလိုက်တာ အားမနာလျှာမကျိုး၊ ဂုဏ်သိက္ခာမရှိတဲ့ မိန်းကလေး ဘာညာနဲ့၊ သူတို့မက်တဲ့ ခရေနှစ်သစ်က အင်မတန်ဂုဏ်သိက္ခာရှိတယ် မဟုတ်လား။ သခင့်ကို ခပ်ကြော



www.burmeseclassic.com

www.burmeseclassic.com



ကြော ပြောတဲ့ပါးစပ်တွေ ခုတော့ ဖွင့်လို့တောင်ရဲတော့မှာ မဟုတ်ဘူး။ နောက်ပြီး အန်တီနှင်းပြောတာလေ၊ သခင့်အသည်းထဲက နာတယ်။ သခင့်ကို ချွေးမ မတော်နိုင်ဘူးတဲ့၊ ဟင့်ဟင့်ဟင့်”

သခင်ပြောရင်း နာနာကျင်ကျင် ရယ်ပစ်၏။ ဒေါ်ဝင်းဝင်းမေက မွေ့ယာခြေရင်းမှာ ထိုင်ချရင်း တူမချောအလိုကျ နားထောင်လျက်။

“သခင်ကရော စာချွန်နဲ့ကို ငမ်းငမ်းတက်လိုချင်နေတဲ့ မိန်းမမို့လား၊ အကဲခတ်ညဲ့လိုက်လေခြင်း”

သခင် လဲလျောင်းနေရာမှ ဝုန်းဆို ထပြန်ကာ

“သခင်က သူငယ်ချင်းသံယောဇဉ်နဲ့ သူတို့လိုအပ်ချက်တွေ ဖြည့်ပေးတာလေ၊ ဒါကို လူသိမခံဘဲ ဂုဏ်မောက်ပြီး ဆရာဝန်အမေတဲ့။ မျက်နှာမော့လိုမော့၊ ချွေးမက ဆရာဝန်မလေး ဖြစ်ရမယ်လို့ သွေးနားထင်ရောက်လိုရောက်နဲ့၊ နောက်ပြီး မူပိုင်နဲ့ပေါင်းပြီး ကြံစည်ရဲသေးတာလေ။ သခင် အံ့ဩလို့မဆုံးဘူး၊ မူပိုင် ဘယ်လိုကောင်လဲဆိုတာ သခင် မသိဘူးလို့ ယူဆထားပုံရတယ်”

သခင် တစ်ကိုယ်တည်းပြောရင်း ခုတင်ပေါ်က ဆင်းသွားပြန်သည်။

“တော်ပြီ သူတို့အကြောင်း မပြောတော့ဘူး”

သခင့်ပါးစပ် သခင် ပြန်ပိတ်လိုက်သည်။ ဒါကလည်း အကြောင်းမဲ့မဟုတ်ပါ။ မှန်အိမ်သွင်းထားတဲ့ ပန်းပွင့်တွေကို မြင်တာ





မို့ ပိုင်ရှင်ကို သတိရကာ၊

ဟုတ်ပြီ။

သူ့ပစ္စည်း သူ့ကို ပြန်ပေးလိုက်မယ်။

ဒင်းကရော သခင့်အတွက် ဘာမက်စရာရှိလို့လဲ။

အချစ်။

ဟုတ်လား။ ရယ်တောင်ရယ်ချင်သေးတယ်။

ဟင့်ဟင့်ဟင့်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၄)

"ဘာတတ်နိုင်မှာလဲ သားရယ်၊ ရှေ့မျက်နှာနောက်ထား ပြီး တောင်းပန်လိုက်ပေါ့ကွယ်"

မေမေ ချော့ချော့မော့မော့ ပြောရှာလေသည်။ ဒါကလည်း အကြောင်းမဲ့မဟုတ်ပါ။

မေမေ့မျက်လုံးထဲမှာ လိုလားချက်တွေရှိနေမှန်း သူသိနေ သည်။ မေမေဟာ ဘာကိစ္စနဲ့ဖြစ်ဖြစ် လိုချင်တာရှိရင် ဖွင့်ပြော ဖို့ ဝန်မလေးသူပီသသည်။

"ဟုတ်တယ်သား။ သခင့်ကို သားတောင်းပန်လိုက်ရင် အား လုံး အဆင်ပြေသွားမယ်၊ သားဘဝရှေ့ရေး တိုးတက်ဖို့ ခိုင်ခံ့တဲ့ လှေကားထစ်လို ပံ့ပိုးပေးမယ့်သူလိုအပ်တယ်။ အဲဒီသူက သားသူ





ငယ်ချင်း ပန်းသခင်ပဲ သား။ သားစိတ်ကူးမလွဲချင်ပါနဲ့ကွာ"

ဖေဖေကပါ မေမေ့အလိုအတိုင်း ဆိုချေသည်။ စာချွန် ဘာမှပြန်မပြောတတ်အောင် ဖြစ်သွားသလို တူညီနေသော မေမေ နဲ့ဖေဖေ စိတ်ကိုလည်း တအံ့တသြ ဖြစ်ရလေသည်။

"မေမေတို့ မိသားစုရဲ့ မျှော်လင့်ချက်က သားဘဝအခြေ မြင့်ဖို့ပဲ။ သားပညာဆက်သင်ဖို့ လိုတယ်၊ ရိုးရိုးဘွဲ့တစ်ခုနဲ့ ဆရာဝန် လုပ်တာထက် ပါရဂူဘွဲ့ရပြီး အထူးကုဆရာဝန် လုပ်ရတာ ပိုပြီး ဂုဏ်ရှိသလို၊ နောင်ရေးအခြေလည်း ခိုင်မယ်လေ။ သား စိတ်ကူး မလွဲနဲ့၊ ကိုယ်လိုချင်တဲ့အရာရဖို့ တောင်းပန်အောက်ကျို့ဖို့ လိုအပ် နေတဲ့ အခြေအနေပေါ်မှာ သားအောက်ကျို့လိုက်ဖို့ပဲ။ ကိုယ့်ဘက် က ထင်သလို ဖြစ်မလာပေမယ့် ဖြစ်လာတဲ့ အခြေအနေကို ဆုပ် ကိုင်ထားဖို့ လိုအပ်တယ်။ သခင် သူ့မိဘရှိတဲ့အင်္ဂလန်ကို လိုက်သွား တော့မှာလေ။ သားလည်း သခင်နဲ့ ပါသွားခွင့်ရဖို့ပဲ အရေးကြီးတယ်၊ သား အင်္ဂလန်က ပါရဂူဘွဲ့ရအောင်လုပ်ဖို့က မေမေတို့ မတတ်နိုင် ဘူး။ သခင်ပဲ တတ်နိုင်တယ်၊ သားအတွေးမလွဲနဲ့၊ သွား အခုချက် ချင်း သွားတောင်းပန်လိုက်"

မေမေ့စကားတွေက တဖြည်းဖြည်း လောဘရိပ်တွေ တက် လာသည်။

"အဓိက သားပါရဂူဘွဲ့ ပိုက်နိုင်ရင် သားဘဝခိုင်ပြီ၊ ဖေ ဖေတို့မိသားစုလည်း နောင်ရေးအေးမယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ကိုကိုကလည်း"

"မသခင်ကို ကိုကိုကပ်ချွဲလိုက်တာနဲ့ အားလုံးဇွိုကေသွား မယ်၊ ကိုကိုကြိုးစားလိုက်ပါနော်၊ ဒီတော့မှ ညီမလေးတို့မိသားစု မျက်နှာပွင့်မှာ ကိုကိုရဲ့"

ဖေဖေနဲ့အတူ ညီမနှစ်ယောက်ကလည်း သူ့လက်မောင်း ကို အားကိုးတကြီး ဆုပ်ကိုင်လာရင်း တွန်းအားပေးပြန်သည်။

သူ့မိသားစုဝင်တွေရဲ့စိတ်ဟာ ရယူလိုမှုလောဘနဲ့ အစဉ် သွေးဆူနေပါလားဆိုတာ ကြာလာလေ ပိုသိလာလေ။

တကယ်ဆို ကိုယ့်ဘက်ကလွန်တဲ့ကိစ္စ။ ရိုးစင်းစွာတောင်း ပန်ဖို့ အရေးကြီးတယ်လို့ သူထင်တယ်။ သူ့မိသားစုဝင်တွေရဲ့အထင် က သူနဲ့လွဲကာ။

တောင်းပန်ခြင်းရဲ့နောက်က ရနိုင်ချေရှိတာကို ဆုပ်ဖမ်း ဖို့ စိတ်အားပါနေတာက မရိုးသားရာရောက်သည်။ ဒါကို သူ သိသိ ချည်းနဲ့ ခေါင်းညိတ်နာခံဖို့ သတ္တိမရှိနိုင်ပါ။

သူ့စိတ်ကိုလည်း သူပြန်ရှက်လှပြီမို့

"နေပါစေတော့"

"ဘာရယ်"

မေမေ ချက်ချင်း သူ့အပါးရောက်လာသည်။ သူ့ကို အား မရနိုင်တဲ့ စိတ်၊ လိုချင်လောဘတောက်လောင်တဲ့မျက်ဝန်းနဲ့ စူး စိုက်ကြည့်၏။ သူအကြည့်လွှဲလျှင်





"သား"

ဖေဖေနဲ့မေမေရဲ့ခေါ်သံ တစ်ထပ်တည်း ဟိန်းခနဲခုန်ထွက် လာသည်။ သေချာတယ်။ ဖေဖေနဲ့မေမေဟာ သူ့ကို အတင်းအ ကျပ်ခိုင်းစေတော့မယ်ဆိုတာ။

ဒီအချိန်မှာ သူ့ဘက်က ပြတ်သားဖို့ အရေးကြီးတာမို့

"ဖေဖေနဲ့မေမေ"

ဖေဖေနဲ့မေမေကို သူ ဒွဲ့ရင်ဆိုင်လိုက်ကာ၊ မေမေတို့စကား လမ်းကြောင်း မစခင် သူဦးစွာ စပြောလိုက်သည်။

"မိဘဆိုတာ သားသမီးတွေရဲ့ ဘဝရှေ့ရေး တိုးတက်ဖို့ ပညာသင်ပေးပြီး မြေတောင်မြှောက်မပေးနိုင်ရင်နေပါလေ၊ ဒါပေ မဲ့ သူများမြေတောင်မြှောက်ပေးတာကို ရိုးသားတဲ့စိတ်နဲ့ မခံယူဘဲ လောဘနဲ့နိုက်ယူတတ်အောင် သားသမီးတွေကို လမ်းမညွှန်ပေး သင့်ဘူးလို့ ကျွန်တော်ထင်တယ်"

"ဘာပြောတယ်"

ဒေါ်စုနှင်းဖြူ အသားတဆတ်ဆတ်တုန်ကာ လက်တစ် က်ခါးထောက်လိုက်သည်။ ဖေဖေက မျက်နှာကြီးပျက်ကာ

"သားက ဖေဖေတို့ကို လောဘကြီးတယ်လို့ စွပ်စွဲနေတာ ား"

"စွပ်စွဲနေတာ မဟုတ်ဘူး ဖေဖေ၊ သားသမီးတွေရင်ထဲမှာ ချောင်စိတ်ဓာတ်တွေ တန်းစီပြီး ဝင်လာအောင် လောဘမှိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပေးတာ'

"ဘာ"

ဦးလူမောင်သစ် မျက်နှာကြီး မဲတက်သွားကာ တစ်သက်နဲ့တစ်ကိုယ် ဖခင်ကို မော်ပြီးတောင် မကြည့်ခဲ့တဲ့ ဒီသား။

ဖခင်ကို စေ့စေ့ကြည့်ပြီး ပြောချလိုက်တာက လောဘမှိုင်းတိုက်ပေးနေတာတဲ့။

"တောက်"

ဦးလူမောင်သစ် သည်းမခံနိုင်တော့ပါ။ ဒေါသသွေး ကျိုက်ကျိုက်ဆူကာ၊

"ပြောဦးကွာ၊ ပြောဦး၊ ခွပ်ခွပ်"

သူ့မျက်နှာပေါ် နှစ်ချက်ဆင့်ကျလာတဲ့ ဖေဖေ့လက်သီးချက်။ သူ့တစ်ကိုယ်လုံး ယိုင်နဲ့သွားကာ နံရံနဲ့ကပ်မတတ်ဖြစ်လေသည်။

"သားမိုက်၊ မိဘစေတနာကို နားမလည်တဲ့သား"

မေမေက သူ့ပခုံးကို တဖတ်ဖတ် ရိုက်ပုတ်ရင်း ပြောပြန်သည်။

ဦးလူမောင်သစ် ဒေါသအလျောက် ပြုမိသွားတာကို နောင်တမရချင်။ ဒေါ်စုနှင်းဖြူကလည်း ခင်ပွန်းသည်နည်းတူ။ သမီးနှစ်ယောက်က မေမေနဲ့ဖေဖေဘက်က မှန်တယ်လို့ ယူဆကာ အစ်ကိုဖြစ်သူကို မကျေမချမ်းကြည့်နေကြသည်။





"ထိုးပါ ဖေဖေ၊ ဖေဖေတို့ စိတ်ကျေနပ်တဲ့အထိ ထိုးစမ်းပါ"

"တော်တော့ သားကြီး"

မေမေက ကြားဝင်ဟန့်၏။ ဖေဖေက အံတကြိတ်ကြိတ်နဲ့ နောက်ထပ်ထိုးချတော့မယ့်ဟန်နဲ့ တကဲကဲပြောသည်။

"မင်းမျက်နှာကို ဒီထက်မက ထိုးခွဲပစ်ချင်တယ်ကွ"

အထိုးခံထားရတဲ့နှုတ်ခမ်းက ဆစ်ခနဲ နာကျင်လာတာတွေရဲ့နောက် ပူနွေးတဲ့ သွေးရဲရဲက စီးကျကာ။ သွေးတွေကို သူ့လက်ခုံနဲ့သုတ်ရင်း၊ ကိုယ်ကို မတ်မတ်ပြန်ရပ်၏။

"ဖေဖေ့သဘောပါဖေဖေ၊ ဒါပေမဲ့ ရှေ့ဆက်ပြီး ဖေဖေနဲ့မမေရဲ့ လောဘတွေကြားမှာ သား ဘယ်သူ့ကိုမှ ခုတုံးလုပ်ပစ်ဖို့စိတ်မကူးပါဘူး။ သခင်ဟာ သားရဲ့ကျေးဇူးရှင်ပါဖေဖေ။ သခင့်ကျေးဇူးကို ကျွန်တော့်ဘဝတစ်ခုလုံး ဆပ်လို့မကုန်နိုင်ဘူး ဖေဖေ။ ဆပ်ရမယ့်ကျေးဇူးကို ပြန်မဆပ်ဘဲ နောက်ထပ်အခွင့်အရေးတွေယူရင်သားလောက် လောဘဇောတိုက်တဲ့သူ ဒီကမ္ဘာမှာ ရှိမယ်မထင်ဘူး"

ပြောနေရင်း နှလုံးသားက ဝမ်းနည်းကြေကွဲလာကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ထိုမျက်ရည်တွေကို စာပြန်မသုတ်ဘဲ ဆက်တိုက်ပြောသည်။

"မပြည့်စုံတဲ့ဘဝမှာ လူငယ်တွေ လမ်းမှားတာ လမ်းချော်ဘဲ ရှိကြမှာပဲ။ အဲဒီအတွက် နှစ်နှစ်က လမ်းချော်သွားတဲ့သဘော



www.burmeseclassic.com

www.burmeseclassic.com



ပါ။ နှစ်နှစ်ကို သားချစ်တာ ဘဝအတွက် လက်တွဲချင်တာ ရိုးသားတဲ့ချစ်စိတ်နဲ့ပါ ဖေဖေ။ ဖေဖေငို့ လောဘမှိုင်းသွင်းပြီး ဟိုဘက်လမ်းညွှန် ဒီဘက်ကိုနောက်ဆုတ်ဆိုပြီး ပြောနေတိုင်း သားနာခံတော့မှာ မဟုတ်ဘူး။ သားတို့ဘဝရှေ့ရေးခိုင်မာဖို့ သားတို့ကြိုးစားတည်ဆောက်သွားမှာပါ။ လောလောဆယ် အရေးကြီးတာက သခင့်အပေါ် စွပ်စွဲမိတဲ့အတွက် သားဘက်က အရိုးသားဆုံးတောင်းပန်ဖို့ကလွဲပြီး တခြားဘာအခွင့်အရေးကိုမှ နိုက်ယူဖို့မဟုတ်ဘူးမေမေ။ မေမေတို့ဆန္ဒနဲ့ သားဆန္ဒ တစ်ထပ်တည်းမကျနိုင်တဲ့အတွက် သားကို နောက်ထပ်ထိုးချင် ထိုးလိုက်ပါဦးဖေဖေ”

စာချွန် ရဲရဲဝံ့ဝံ့ပြောရင်း ဖေဖေ့ရှေ့ပြန်တိုးသွားသည်။ ထိုအခါ မေမေက သူ့ကို ဖက်ပြီး ငိုချ၏။

ဖေဖေက အံကြိတ်ကာ ပြင်ထားတဲ့လက်သီးနဲ့ နံရံကို ထိုးချသည်။ ညီမနှစ်ယောက် မိဘနှစ်ပါးနဲ့ အစ်ကို့ကိုကြည့်ကာ ထွေပြားစိတ်နဲ့ မျက်ရည်လေးများ ဝဲနေရှာသည်။

မျက်ဝန်းအိမ်မှ ဝမ်းနည်းလှိုက်ခုန်ကာ ယိုဆင်းလာတဲ့ စာချွန့်မျက်ရည်က နှုတ်ခမ်းကွဲရာမှ စီးကျနေတဲ့ သွေးနဲ့ ပေါင်းစုံစီးဆင်းလို့သွားသည်။

ဝမ်းနည်းရမှာလား၊ ကြေကွဲရမှာလားဆိုတာထက် သခင်နားလည်ခွင့်လွှတ်ပေးနိုင်ဖို့ သူ့စိတ်က တာဆူနေတာမို့ ဖက်တွယ်ထားတဲ့ မေမေကိုယ့်ကိုဖယ်ကာ မိသားစုဝင်အားလုံးရှေ့ ထွက်ခဲ့





မိလျှင်

“သား ဟင့်ဟင့်ဟင့်”

မေမေ ငိုရှိုက်ခေါ်သံချည်းနဲ့ ပြေးလိုက်လာသည်။ မေမေ့ခေါ်သံက နောင်တရနေတာလား။ သူမဆန်းစစ်တော့ပါ။ ခြေလှမ်းတွေက သခင့်ဆီ ဦးတည်ရွေ့လျားကာ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၅)

“ရော့ ဒီမှာ ရှင့်ခြံထဲက သခင်ခိုးထားတဲ့ နှင်းဆီပန်းတွေ”

မှန်ဘောင်သွင်းထားတဲ့ ရောင်စုံနှင်းဆီပန်းတွေက အိုရှိ ဘားနားနည်းပညာကြောင့် ခုချိန်ထိ လတ်ဆတ်နေကာ သူ့ရှေ့ စားပွဲပေါ် လာချပေးတဲ့ ပန်းတွေကို နေသက်တန့် ရင်ခုန်ပျော်ဝင် မတတ် ငေးကြည့်မိ၏။

သူ့ပန်းတွေကို မြတ်မြတ်နိုးနိုး ခံစားမှုမျိုးနဲ့ ပန်းသခင် တခမ်းတနား သိမ်းထားလိမ့်မယ်လို့ မထင်ခဲ့ပါ။

ခုတော့ ရင်ခုန်လှိုင်းတို့ နိုးကြွလာကာ သခင့်မျက်နှာလှလှ လေးကို ရီဝေစွာမော့ကြည့်၏။

သခင်က သူ့ကို အခဲမကျေသလို စိုက်ကြည့်ပြီး လက်ဖြန့်





တောင်းသည်။

“ပေး သခင့်လက်ပတ်ကြိုး”

ပြုမူပြောဆိုပုံလေးက ရန်လိုနေတဲ့ကလေးလို ချစ်စရာ ကောင်းနေတဲ့ ပန်းသခင်ရယ်။ သူ့ရင်ထဲ ကြည်နူးသွားကာ နှုတ်ခမ်း အစုံက မသိမသာချိုမြမြဖြစ်၏။ ထိုင်ရာမှထသလို လက်ကလည်း ဘောင်းဘီအိတ်ထဲနှိုက်၏။

သူ့လက်ပြန်ထွက်လာတော့ သခင့်ရဲ့လက်ပတ်ကြိုးလေး တန်းလန်းပါသည်။

စိန်ပွင့်ကလေးများနဲ့ လက်ဖြာနေတဲ့ လက်ပတ်ကြိုးကို မြင်ရတော့ သခင် လိုချင်စိတ်ကလေး ပြန်ဖြစ်သည်။

ဒီလက်ပတ်ကြိုးလေးက အန်ကယ်သာဝယ်ပေးတာလေ။ သခင့်မွေးနေ့အမှတ်တရပစ္စည်းလေး။

ဖြန့်ထားတဲ့ သခင့်လက်ထဲ သူထည့်ပေးတာနဲ့ သခင် ဆုပ် ကိုင်ပြီး လှည့်ထွက်ခဲ့မှာပေါ့။ သူနဲ့သခင် ဇာတ်လမ်းလည်းပြတ်ပြီ၊ မဟုတ်ဘူး။ ခုတော့ ထင်သလိုဖြစ်မလာ။

သူ့ရှေ့လက်ဖဝါးဖြန့်ဆန့်ထားတဲ့ သခင့်ဘယ်လက်ကောက် ဝတ်မှာ သူဆင်ပေးလျှင်

“အို”

သခင် ရင်ခုန်တာလား၊ ရှက်တာလားမသိ၊ လက်ကိုပြန်ရုတ်မိ၏။ သူက လျင်မြန်ပေသည်။ သခင့်လက်ချောင်းလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



အမိအရဆုပ်ကိုင်ကာ အတင်း ဝတ်ဆင်ပေးလျှင် သခင့်စိတ်က မလုံတော့ပါ။

"လွှတ် သခင့်ဘာသာသခင် ဝတ်လို့တတ်တယ်၊ ရှင့်ကို မခိုင်းဘူးနော်"

သခင်ဘယ်လောက်ပြောပြော သူမမှု။ ပြီးအောင်ဝတ်ပေး၏။ ပြီးတော့လည်း သခင့်လက်ကိုမလွှတ်ဘဲ နူးညံ့နွေးထွေးစွာ ဆုပ်ကိုင်ပြီး

"ကိုယ့်ကို ပြန်ချစ်ပါတော့ သခင်ရယ်နော်"

"ဘာပြောတယ်"

"ကိုယ့်ကို ချစ်ပါတော့လို့"

"မချစ်ဘူး၊ ရှင့်ကို တစ်သက်လုံးမချစ်ဘူး၊ ရှင်နဲ့ပိုင်ပိုင်က အကြံတူညာဏ်တူ"

"ကျွတ် ဘာဆိုင်လဲကွာ"

"ဆိုင်တာပေါ့ နေသက်တန့်ရဲ့ ဟင့်ဟင့်၊ ရှင်နဲ့ပိုင်ပိုင်က သွေးမတော်သားမစပ်တဲ့ ညီကိုတော်တွေလေ"

"ဘာရယ်၊ ညီကိုတော်၊ သွေးသားမတော်စပ်တဲ့ ညီကိုတော် ဟုတ်လား"

"ရှင်ဖုံးဖိထားချင်လို့လား၊ မရဘူး နေသက်တန့်၊ ရှင့်မအေ က ပိုင်ပိုင့်အဖေကို ချိုင်ယူထားတာလေ"

သခင့်စကားအဆုံးမှာ သူ့မျက်နှာချည်း ရှက်ရဲရဲလေသည်။





ထိုအခါ သခင့်ကို ဆုပ်ကိုင်ထားတဲ့ သူ့လက် အလိုလို လွတ်ကျသွား၏။

သခင်က သခင့်လက်ကို ဖွတ်ဖက်ခါသလိုခါရင်း

"ရှင့်အမေ ပိုင်ပိုင့်အဖေကို ချိုင်ယူလိုက်လို့ ပိုင်ပိုင်ရမယ့် ဝေစုတွေ ရှင့်အမေနဲ့ရှင် ရလိုက်တယ်လေ။ ခုလည်း ရှင့်အချစ်ဆိုတာနဲ့ သခင့်ကို ချိုင်ယူဖို့မဟုတ်လား"

သခင့်စကားလုံးတွေက သူ့နှလုံးသားကို ချွန်ထက်တဲ့အရာဝတ္ထုနဲ့ အကြိမ်ကြိမ် ဆွဲခြစ်နေသည့်နှယ်။ ရှက်စိတ်နဲ့နာကျင်စိတ်က ဆောက်တည်ရာမရဖြစ်၏။

"မ. . မ. . ဟုတ်ဘူး သခင်"

ခေါင်းရမ်းသလို လက်တကာကာနဲ့ သူငြင်း၏။ သခင်က လှလှပပ မဲ့ရွဲ့ရွဲ့ချည်း ရယ်ချပြီး

"ဒီမှာ ရှင်ရောပိုင်ပိုင်ရော သခင့်ကို ဘာကြောင့်အပြိုင်လုနေကြတာလဲဆိုတာ သခင် ကောင်းကောင်းနားလည်တယ်ရှင့်"

"ဘာ ဘာကိုနားလည်တာလဲ ပန်းသခင်"

"ဟင့်ဟင့်ဟင့် ရှင့်ပထွေးက ရှင့်ဘက်ကရပ်တည်ပြီး သခင့်ဒယ်ဒီဆီမှာ လက်ဦးပြီး တောင်းဆိုထားတာလေ"

"ဟာ ကိုယ် ကိုယ် ဘာမှမသိဘူး ပန်းသခင်၊ မင်း ကိုယ့်ကို လာမစွပ်စွဲနဲ့ကွ၊ တောက်"

"အဟင့် အဲဒီအတွက်လည်း ဆောရီးပဲ။ ရှင်တို့မိဘနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



မယားပါလင်ပါသားညီအစ်ကိုတော်တွေ တစ်ယောက်တစ်မျိုး ချိုင်ယူတဲ့ နည်းလမ်းနဲ့ သခင့်ကို ဘယ်တော့မှ ကြံယူလို့မရဘူး။ ရှင်အဲဒါကို မြဲမြဲမှတ်ထား။ နောက် ဘယ်တော့မှ သခင်နဲ့မဆက်သွယ်နဲ့ ဒါပဲ”

လွင့်ခနဲ လှည့်ထွက်သွားတဲ့သခင့်ကို တားမြစ်ဖို့ အရှက်သည်းနေတဲ့သူ့စိတ်က နာကျင်ဒေါသကို ဖြစ်စေကာ

မျက်လုံးစုံမှိတ်ရင်း အံကြိတ်လိုက်တာ အသက်ရှုဖို့ တကယ်မေ့၏။

သခင့်ကိုယ်သင်းရနံ့ချိုချိုလေးနဲ့ သခင့်အရိပ်ကလေး လွင့်ပျောက်သွားလျှင် ဘယ်အချိန်ကတည်းက အရှက်သည်းစွာ ခိုတွဲနေမှန်းမသိတဲ့ မျက်ရည်စတွေ ယိုကျ၏။

ထိုမျက်ရည်တွေက သခင် ပြန်ပေးသွားတဲ့ သူ့နှလုံးသားထဲက ပန်းတွေထည့်ထားရာ မှန်ပေါ် တတောက်တောက်ကျလေသည်။

ဘာကြောင့် သူ့နှလုံးသားနဲ့ဘဝဟာ ယိုးစွပ်မှုတွေနဲ့ ကြမ္မာဆိုးနေရတာလဲ။ ပြောစမ်းပါ မာမီ။

♥ ♥ ♥



## အခန်း(၃၆)

“စာချွန် နင်လာမှလာပါ့မလားလို့ သခင်မျှော်လိုက်ရတာ ဟယ်၊ လာလေ သခင့်နားကို”

သခင် အားရဝမ်းသာ လှမ်းခေါ်လျှင် သူ့ရင်မှာ ဝမ်းနည်းဝမ်းသာဖြစ်လို့သွားသည်။

သခင့်ကို တောင်းပန်နှုတ်ဆက်ဖို့ သူလာခဲ့တာ မှန်ပါသည်။ ဒါပေမဲ့ ရှက်တဲ့စိတ်က ရင်မဆိုင်ရဲဖြစ်ကာ၊

လေဆိပ်ခန်းမထဲ ဝင်သွားဖို့ ခြေလှမ်းတွေ မရဲတရဲ။ စိတ်ကိုတင်းပြီး တစ်လှမ်းချင်းဝင်သည်။ သို့သော်လည်း သခင်မြင်သွားမှာစိုးလို့ ဟိုလူနဲ့ကွယ် ဒီလူနဲ့ကွယ်နဲ့၊ သူ့ခမျာ ရဲဆေးတင်နေရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်။

သခင်က အန်ကယ်သာနဲ့အန်တီမေတို့ကြားမှာ ရပ်ရင်း ခရမ်းနဲ့နှုတ်ဆက်စကားဆိုနေသော်လည်း မျက်လုံးက စာချွန့်ကိုပဲ ရှာနေမိသည်။

စာချွန့်ကို ခရီးသွားဧည့်သည်တွေနဲ့ ခပ်ကွယ်ကွယ်ဖြစ်နေတာ လှမ်းမြင်ရ၏။

ထိုအခါ သခင်ဟန်မဆောင်နိုင်တော့ပါ။

လက်မြှောက်ကာ အားရဝမ်းသာ လှမ်းခေါ်သလို စာချွန်အနားလည်း မပြေးရုံတမယ် လျှောက်သွား၏။

"သခင်"

စာချွန်မှာ ဝမ်းသာစိတ် ဝမ်းနည်းစိတ်တွေရောကာ မျက်လုံးထဲမှာလည်း မျက်ရည်တွေဝေ့လျက်။

"ငါ့ ငါ့ကိုခွင့်လွှတ်ပါ သခင်ရယ်၊ သခင့်အပေါ်မှာ"

"ဟင့်အင်း အဲဒီအကြောင်းတွေ မပြောကြေး"

စာချွန့်ရင်မှာ နက်နက်နဲနဲ လှိုက်ဝင်သလို ခံစားရကာ မျက်ရည်တို့ ဝေ့သီလာသည်။ သခင်က သူ့လက်ကို ရင်းနှီးမှုအပြည့်နဲ့ဆုပ်ကိုင်ပြီး

"သခင်လည်း နင့်အပေါ်မှာ လွန်ခဲ့တာပဲ စာချွန်ရယ်၊ တကယ်ဆို သခင်လေ စိတ်လိုက်မာန်ပါ ပြောမိဖို့မကောင်းဘူး၊ ဒါပေမယ့် သခင့်စိတ်က ထစ်ခနဲဆို မဆင်မခြင်ပြောမိသွားတယ်၊





အဲဒီအတွက် စိတ်ထိခိုက်စရာတွေ ကြုံရတယ်မဟုတ်လား"

"သခင်ရယ် ငါလည်း နင့်အပေါ် မပွင့်လင်းခဲ့ဘူး။ ပြီးတော့ ငါ့အပေါ် သိပ်အနိုင်ကျင့်တယ်၊ လွှမ်းမိုးတယ်လို့ ယူဆခဲ့တယ်လေ။ အဲဒါကြောင့် သခင်ထုတ်ပြောလေခြင်းလို့ ငါနားလည်တယ်။ ဘာပဲဖြစ်ဖြစ် ငါ့ဘက်က အလွန်ချည်းပဲမို့ ငါတောင်းပန်ချင်တာ။ ငါ့ကိုခွင့်လွှတ် သခင်ရယ်။ သခင့်ကြောင့် ငါဖြစ်ချင်တဲ့ ဆရာဝန်ဖြစ်လာတာလေ"

"ဒါတွေ ထားလိုက်တော့ဟာ၊ ရှေ့ဆက်ပြီး သခင်က နင်ဖြစ်စေချင်တာတွေ ပံ့ပိုးပေးမှာပါ။ နင် ဘာကိုမှတွေးပြီး စိတ်မကောင်းမဖြစ်နဲ့။ နင်ရယ်၊ ခရမ်းရယ်၊ သခင်ရယ်က နင်ပြောတဲ့အတိုင်း တစ်သုံးလီသုံးလေ။ ဘယ်တော့မှ အဓိပ္ပာယ်မပြောင်းလဲမယ့် သူငယ်ချင်းစစ်စစ်ပါဟယ် နော် ခရမ်း။"

အနားရောက်လာတဲ့ ခရမ်းလက်ကိုပါဆွဲပြီး သခင်ပြောရှာသည်။

ခရမ်း လေးလေးနက်နက် ခေါင်းညိတ်ထောက်ခံ၏။ ထိုအခါ ဝမ်းသာသော စာချွန့်မျက်ရည်များ တဝေါဝေါပြိုကျလာပြီ။

သူ့အပေါ် ခိုင်မာလေးနက်လှစွာသော သခင့်ရဲ့သူငယ်ချင်းသံယောဇဉ်က ကြာလေမြဲမြံလေဖြစ်ကြောင်း ခရမ်းနဲ့စာချွန့် ကောင်းစွာသိနှင့်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သခင်တို့သုံးယောက် လက်တွေကို အချင်းချင်း ခွန်အားပါပါဆုပ်ကိုင်ထားသည်မှာ ဖြုတ်ချဖို့ ခဲယဉ်းလှကြောင်း ဦးထက်သာနဲ့ဒေါ်ဝင်းဝင်းမေ သိပါသည်။

ဒါကြောင့်ပင် တူမချောအလိုကျ နှုတ်ဆိတ်ကျေနပ်ကာ စောင့်ကြည့်လျက်။

"သခင်လေ နောက်ဆို ဘယ်တော့မှ စိတ်လိုက်မာန်ပါ မလုပ်တော့ဘူး သိလား။ ဒယ်ဒီနဲ့မာမီကိုလည်း စိတ်ချမ်းသာစေချင်တယ်။ ဒါကြောင့် ဒယ်ဒီတို့ဆီ လိုက်သွားဖို့ ဆုံးဖြတ်လိုက်တာ။ ပြီးတော့ သခင်ဝါသနာပါတဲ့ အလုပ်တစ်ခုလည်းလုပ်မယ်။ နင်တို့နှစ်ယောက်လုံး သခင့်ဆီလိုက်လာဖို့ ဝန်မလေးနဲ့ သိလား။ နှစ်နှစ်ကိုလည်း သခင်တောင်းပန်တယ်လို့ ပြောပေးပါ စာချွန်ရယ်နော်"

စာချွန်ခေါင်းလေးညိတ်ကာ

"စိတ်ချပါ၊ နှစ်နှစ်က သခင့်အပေါ် အမြင်စိမ်းတာက သူ့အကြောင်းနဲ့သူမို့ပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ သခင့်ကြောင့် ရှက်စိတ်နဲ့ နှစ်နှစ်ရဲ့ဘဝဦးတည်ချက် အလွဲအချော်ဘက်ရောက်စေမယ့် အပြောင်းအလဲမျိုးမဖြစ်စေချင်ဘူး။ ဒါကြောင့် နှစ်နှစ်ကိုလည်း သခင် ကူညီချင်တယ်လို့ ပြောပေးပါနော် စာချွန်။ ခရမ်းလည်း နှစ်နှစ်ကို ဝိုင်းကူပြောပေး သိလား"

သူငယ်ချင်းနှစ်ယောက် နွေးထွေးစွာခေါင်းကလေးညိတ်





ရှာသည်။

"သမီးလေးသခင် လေယာဉ်ပေါ် တက်ရတော့မယ်တဲ့"

အန်တီမေ အနားလာပြီး သတိပေးပြောကာမှ သခင်တို့သတိရကာ သုံးယောက်သား မခွဲနိုင် မခွာရက်ဖြစ်လာသည်။ ထို့ပြင် လေးနက်ခိုင်မာတဲ့ သံယောဇဉ်နဲ့ မျက်ရည်တွေ ကျကာ တစ်ယောက်ကိုတစ်ယောက် တင်းနေအောင် ဖက်လိုက်ကြသည်။

"သခင်ရယ်၊ သခင့်ကို ခရမ်းနဲ့စာချွန် ကျေးဇူးအထပ်ထပ်တင်ပါတယ်ကွယ်"

ငိုသံနဲ့ ရောထွေးနေတဲ့ သူငယ်ချင်းတွေ နှုတ်ဆက်သံကို သခင် နားဆင်ဖို့ နှလုံးသားလေး မခိုင်တော့ပါ။

သူငယ်ချင်းနှစ်ယောက် ဆုပ်ကိုင်ထားတဲ့ သခင့်လက်ကို သခင် ဖြုတ်ချကာ လှည့်ထွက်ခဲ့မိသည်။

"သခင်"

ခရမ်းနဲ့စာချွန် ပြိုင်တူခေါ်ပြီး သခင့်နောက်ပြေးလိုက်လာသည်။ သခင် ခေါင်းတစ်ချက်ရမ်းကာ သွက်သွက်ကလေးပဲ ပြည်ပထွက်ခွာခန်းထဲ ဝင်လိုက်တော့သည်။

သူငယ်ချင်းတွေကို ဘိုင့်ဘိုင်လို့ လက်ပြနှုတ်မဆက်ရက်တော့ပါ။

ဒါတင်မက သူငယ်ချင်းနှစ်ယောက်ရင်ထဲက ခံစားချက်နဲ့ မျက်ဝန်းထဲမှာရှိနေတဲ့ အားကိုးယုံကြည်နေသော သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



အရိပ်တွေကို သခင် တကယ်ပဲ ရင်ဆိုင်ခံစားနိုင်စွမ်း မရှိတော့ပါလေ။

ထို့ကြောင့် ဟီးခနဲ ငိုချမိကာ။

♥ ♥ ♥



## အခန်း(၃၇)

တိမ်တွေဟာ ကောင်းကင်ကို လွှမ်းမိုးခြယ်လှယ်လို့ ထားပါသည်။ သို့သော် စုံလင်စွာ အလှဆင်လျက် ရှိနှင့်သည်ကလည်း ငေးမောချင်စဖွယ် ဖြစ်လို့နေပါသည်။

သခင်ဟာ သူ့နှလုံးသားအတွက် တိမ်စိုင်တွေနဲ့ မခြားဘူးလို့ ထင်ရပေသည်။ တိမ်စိုင်တွေလိုပဲ ကောင်းကင်မျက်နှာပြင်မှာ သွားလိုရာသွား၊ လွင့်လိုရာလွင့်နဲ့။

တိတိကျကျ ဖြစ်တည်သော အရောင်အသွေးကို ဖမ်းဆုပ်ဖို့ ခဲယဉ်းလေသည်။

သခင်

မင်းလေးက မင်းစိတ်နဲ့မင်း အရာရာကို ဆုံးဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းသွားပေမယ့် မောင်က တိမ်စိုင်တွေကို ငေးမောကြည့်ရင်း ခင့်ကိုချစ်ဆဲ၊ မျှော်လင့်ဆဲနဲ့ လွမ်းမောဆဲပါလေ။

ဒါပေမဲ့

အများအမြင်အတိုင်း ပိုင်ပိုင်လို စွပ်စွဲနေတဲ့အဖြစ်ဟာ ကိုယ့်ဘဝအတွက် အမဲစက်တစ်စက်ထက်မက ပိုနေပါတယ်။

ဒီအကြောင်းတွေ ခင့်ကို ပြောပြချင်ပါတယ်။

သို့သော် မပြောရက်ပါဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ "ရှင်တို့ မိဘနဲ့ပါတဲ့ လင်ပါမယားပါသား ညီအစ်ကိုတော်တွေ တစ်ယောက်တစ်မျိုး ချိုင်ယူတဲ့နည်းလမ်းနဲ့ သခင့်ကို ဘယ်တော့မှ ကြံယူလို့မရဘူးရှင့်"

အဟင့်။

ခင့်စကားလုံးတွေဟာ မောင့်နှလုံးသားအတွက် ဖြေဆေးမရှိတဲ့ အဆိပ်တွေလိုပဲ။

မောင့်နှလုံးသားမှာ အဆိပ်သင့်နေပြီခင်။

အဆိပ်ဖြေဆေးပေးလှည့်ပါလို့ မောင် ဘယ်တော့မှ မတောင်းဆိုတော့ပါဘူး။ ခင့်စိတ်၊ ခင့်သဘော၊ ခင့်ပြတ်သားမှု အတိုင်းပဲပေါ့။

♥ ♥ ♥



## အခန်း(၃၈)

"သမီးကို မာမီပြောစရာရှိလို့"

သခင် သင်တန်းသွားဖို့ ပြင်ဆင်နေစဉ် မာမီ အခန်းထဲဝင်လာပြီးပြောသည်။

"ဘာပြောမလို့လဲမာမီ၊ ပြောလေ"

အင်္ဂလန်ရောက်ပြီးကတည်းက သခင် မာမီ့ကို ပြန်မပြောသလို အော်ဟစ်ဆက်ဆံတာလည်း မရှိပါ။ ဒယ်ဒီနဲ့မာမီပြောတဲ့ စကားကို လေးလေးနက်နက် နားထောင်ခဲ့တတ်သည်။ ခုလည်း မျက်ခုံးမွေးဆွဲတာ ရပ်တန့်ပြီး အလေးအနက်ပြန်မေးလျှင် မာမီ ပြောလေသည်။

"ဒီလိုသမီးရဲ့၊ မောင်နေသက်တန့်"



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ပါလာသည်မို့ သခင် ချက်ချင်းပင်

"တော်ပြီမာမီ၊ သူ့အကြောင်းမပြောပါနဲ့၊ သခင် စိတ်မဝင်စားဘူး မာမီ"

သူ့နာမည်ပါလာတိုင်း သခင် ထိုသို့ပြတ်သားနေခဲ့သည်။ အရင်ကလိုစိတ်မျိုးနဲ့ဆိုရင် သခင်တို့မိသားစုကြား စကားစစ်ပွဲကြီး ဖြစ်သွားနိုင်သည်။

ခုတော့ မာမီနှုတ်ဆိတ်နေလိုက်သည်။ သခင်လည်း မသိချင်ဟန်ဆောင်ပစ်တာမို့ ထိုအကြောင်း စကားစ,မလာတော့ပါ။ ဒယ်ဒီကလည်း သခင့်ကို အရင်လို အပြစ်ဖွဲ့ကြည့်ရှုခြင်း မရှိတော့ပါ။

သခင့်သဘောအတိုင်း လိုက်လိုက်လျောလျောနဲ့ သွေးအေးအေးဆက်ဆံခဲ့သည်မို့ သခင်တို့မိသားစုကြား နွေးထွေးသယောင်ရှိလာသည်။

သူ့နာမည်အစမဖော်လေ နွေးထွေးလေပဲ။

သခင်ကလည်း သူ့နာမည်ကို မကြားချင်ဆုံး။ ဒါကြောင့်မို့ အင်္ဂလန်ကို ရောက်ကတည်းက သခင် သင်တန်းတက်သည်။ အလှကုန်ပစ္စည်းထုတ်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိတဲ့အတိုင်း အလှကုန်ပစ္စည်းတွေနဲ့ ပတ်သက်ပြီး လေ့လာတဲ့ အခြေခံသင်တန်းပြီးရင် အဆင့်မြင့်သင်တန်း တက်ဦးမည်။

သခင့်မှာ ခိုင်မာတဲ့ စီးပွားရေးလုပ်ငန်းရှိဖို့လိုအပ်တယ်။ ဒါမှ သခင့်သူငယ်ချင်းတွေကို ရေရှည်ကူညီနိုင်မယ်လေ။





သခင်က ဒါပဲ စိတ်ထဲထည့်ကာ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းနဲ့ သက်ဆိုင်ရာ သင်တန်းတွေကို တစ်နေကုန်တစ်နေကန်း လျှောက်တက်ပြီး အချိန်တွေကို အကျိုးရှိရှိ အသုံးချနေလိုက်သည်။

သင်တန်းချိန်တွေ အားတဲ့အခါ အင်္ဂလန်ရဲ့အထင်ကရနေရာတွေကို လိုက်ကြည့်ရင်း နှလုံးသားကို အပန်းဖြေစေသည်။

ခုလည်း သင်တန်းကိုထွက်ခဲ့၏။ သင်တန်းနှစ်ချိန်ပြီးတော့ အားလပ်ချိန်ပေးသည်။

ထိုအချိန်မှာ သခင်မရောက်သေးတဲ့ လန်ဒန်တံတားဆီ ဦးတည်ခဲ့သည်။ မုခ်ဦးမျှော်စင်ပုံစံနဲ့ အကျအနဆောက်လုပ်ထားတဲ့ လန်ဒန်တံတား (The Tower Bridge)ကို ခန့်ညားထည်ဝါစွာ လှမ်းမြင်ရလျှင် သခင့်စိတ်ထဲက နောက်ကျိမှုတွေ လွင့်ပါးသလို ခံစားရသည်။

မြင်ကွင်းသစ် ရှုခင်းအသစ်က စိတ်နှလုံးကိုလည်း ကြည်လင်စေကာ။ တံတားကြီးရဲ့အမြင့် တစ်ရာ့သုံးဆယ့်ငါးပေကနေ လှမ်းမြင်ရတဲ့ လန်ဒန်တစ်မြို့လုံးနဲ့ သိမ်းမြစ်စီးဆင်းပုံကို ငေးကြည့်မိသည်။

အထူးသဖြင့် စီးဆင်းနေတဲ့ သိမ်းမြစ်ရဲ့ စီးဆင်းပုံရှုခင်း အလှကိုမြင်ရတာ သခင့်နှလုံးသားဟာလည်း သိမ်းမြစ်ရေစီးလို ရွေ့လျားနေကာ။

လတ်ဆတ်သောလေနုပျို့သံလေး တိုးဝှေ့ဝှေ့နဲ့ နှစ်စည်



www.burmeseclassic.com

www.burmeseclassic.com



ကို ဝင်လာတာ စကားလုံးတွေနှယ်။

မတွေးပါဘူး။

မကြားလိုပါဘူးဆိုတဲ့ စိတ်အာရုံမှာ ပိတ်ဆို့ကာဆီးထားတဲ့တံတိုင်းတွေ ဖြိုဖျက်ပြီး ဝင်လာသလို ခွန်အားပါနေတာမို့ သခင့်စိတ်နဲ့ ထိန်းချုပ်မထားနိုင်တော့ပါ။

တစ်နေ့ ဒယ်ဒီနဲ့မာမီဆီရောက်လာပြီး ရင်ဖွင့်ပြောနေတဲ့ သူ့ပထွေးရဲ့စကားတွေ။ သခင့်နားမှာ သိမ်းမြစ်ရေစီးသံလို အဆက်မပြတ် တသွင်သွင် စီးဆင်းလျက်။

"အဖြစ်သနစ်ကိုပြောရရင် ကိုယ့်ပေါင်ကိုယ် လှန်သလိုဖြစ်တော့မယ်ဗျာ။ တကယ်တော့ သားပိုင်ပိုင်က အထင်လွဲနေတာပါ။ သားစိတ်ထင် ကျွန်တော့်ရဲ့ပိုင်ဆိုင်မှုတွေက နေသက်တန့်မာမီက ချိုင်ယူတယ်လို့မြင်တယ် ဒါ သိပ်လွဲတာပဲ။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော့်မှာ လုပ်ငန်းတွေသာများနေတာ၊ ဘယ်လုပ်ငန်းမှ အကျိုးမပေးဘူး။ အကြွေးတွေချည်း ဝိုင်းနေတာဗျ"

ထိုစဉ်က သခင့်ကိုယ်လုံးလေးကို နံရံနဲ့ကွယ်ကာ။ ဘယ်သူမှမရိပ်မိအောင် ကွယ်ဝှက်လျက် ငြိမ်သက်ပြီး နားထောင်မိသည် မဟုတ်လား။

သူ့ပထွေးဦးသော်ခိုင်က စိတ်ဝင်တစား နားထောင်နေတဲ့ ဒယ်ဒီနဲ့မာမီ နားရှင်းအောင် ဆက်တိုက်ပြောပြသည်။

"ကျွန်တော်က ငွေလိုသမျှ နေသက်တန့်မာမီ နီလာသန့်ဆီက ဆွဲယူနေကြ။ နီလာကလည်း လုပ်ငန်းရှင်ချင်းမို့ စာနာပြီး ထုတ်ပေးနေကြ။ အတိုးဘာညာမယူဘဲနဲ့ဗျာ၊ ဒါတွေကို သားက နားမလည်ဘူး။ ပြီးတော့ ကျွန်တော်နဲ့ သားမာမီက ကွဲနေတာ သားဆယ်နှစ်သားကတည်းကဆိုတော့ သားကိုအလိုလိုက်တဲ့စိတ်နဲ့ ပြောမထားတာလဲ ပါတယ်။ နောက်ဆုံးဗျာ ကျွန်တော် နီလာနဲ့ ယူလိုက်တော့ နှစ်ဖက်လုံးက သားနှစ်ယောက် ရန်ငြိုးတွေနဲ့ မုန်းသွားကြတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော့်နာမည်နဲ့ ရှိတဲ့ လုပ်ငန်းအားလုံးဟာ နီလာငွေရင်းနဲ့ချည်းပဲ။ နေသက်တန့်က အကြောင်းစုံသိနေတော့ နီလာ့အပေါ် မကြည်လင်တော့ဘူး။ ဘယ်လောက်ထိ မကြည်လင်လဲဆိုရင် နီလာ့ကို မျက်နှာချင်းမဆိုင်တော့တာဗျ။ ခုချိန်ထိ မအေရယ်သားရယ်ဆိုပြီး အဆက်အဆံပြတ်နေတာလေ"

သခင် မသိမသာ သက်ပြင်းလေးချမိ၏။

"နီလာက သူ့သား ပြန်ဆက်သွယ်အောင် ကြိုးစားပါသေးတယ်။ နေသက်တန့်က နိုင်ငံခြားထွက်ပြီး သူတတ်ချင်တဲ့ စားဖိုမှူးပညာတွေ လိုက်သင်နေလိုက်တာလေ။ အဲလိုနဲ့ ပိုလို့တောင် အဆက်ပြတ်သွားတယ်။ လွန်ခဲ့တဲ့နှစ်လောက်ကမှ ဟိုတယ်လာဖွင့်တာ။ ဒါလည်း နီလာ့ကို မဆက်သွယ်ဘူး။ နီလာက သူ့သားနောက် နောက်ယောင်ခံလိုက်ပြီး တောင်းပန်ရှာပါတယ်။ ဒါလည်း လက်မခံဘူး။ အဲဒီအတောအတွင်းမှာပဲ ခင်ဗျားသမီးကို စိတ်ဝင်စားနေတာ သိ







www.burmeseclassic.com

www.burmeseclassic.com



တော့ နီလာ ကျွန်တော်နဲ့တိုင်ပင်တယ်။ ခင်ဗျားဆီမှာ သမီးတောင်းဖို့။ ကျွန်တော်လည်း ချက်ချင်းပဲ ခင်ဗျားနဲ့ဆက်သွယ်ပြီး တောင်းရမ်းထားတာ။ တစ်ချိန်ချိန်မှာ မနီလာနဲ့သား ပြေလည်ပါစေဆိုတဲ့ စိတ်နဲ့ပါ။ တခြား ဘာရည်ရွယ်ချက်မှ မပါဘူး။ ရှင်းရှင်းပြောရရင် နေသက်တန့် ဘာမှမသိပါဘူး။"

သခင် မျက်လွှာလေးစင်းချကာ အသက်မရှူဘဲ ငြိမ်သက်နေမိသည်။ ဟုတ်ရဲ့လား။ ဒယ်ဒီ့ဆီမှာ သခင့်ကို ချွေးမတောင်းတဲ့ကိစ္စက သူ့မာမီစတင်တာလား၊ ဟုတ်တယ်ဆိုရင် သူ့ကို သခင် စွပ်စွဲခဲ့တာ မှားနေတယ်ပေါ့၊ အဲဒီသဘောလားကွယ်။

"ဒီကြားထဲ ကျွန်တော့်သားကလည်း ပန်းသခင်ကို ကြိုက်နေပြန်တော့ ပြဿနာက ပိုပြီး ရှုပ်ထွေးသွားတယ်"

"ကျွန်တော်တို့လည်း သမီးကို ဖျောင်းဖျပါတယ်၊ သမီးစိတ်က ပျော့ပြောင်းလာတယ်ဆိုပေမယ့် အဲဒီကိစ္စ အပြောကို မခံတာဗျ"

သန္တာလည်း အရင်ကလို သမီးကို အတင်းအကျပ်ပြောဖို့ အားမပါဘူး။ ကျွန်မတို့မိသားစုကြား တင်းမာနေခဲ့တာ ခုမှ ကြေလည်ရုံရှိသေးတာဆိုတော့လေ"

မာမီဝင်ပြောတော့ ဦးသော်ခိုင် နားလည်မှုရှိရှိပြော၏။

"ကျွန်တော် နားလည်ပါတယ်၊ မိသားစုကြားမှာ ဖြစ်တည်နေတဲ့ အခြေအနေတင်းမာမှုက လုပ်ငန်းကိစ္စတွေ ကိုင်တွယ်ဖြေ





ရှင်းရတာထက် ခက်ခဲတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်ဗျာ၊ ကျွန်တော်လည်း ကျွန်တော့်မိသားစုအရေး ပြေလည်ဖို့ ကျွန်တော့်သားကို ကျွန်တော် လိုက်လိုက်လျောလျော စည်းရုံးနေရတယ်ဗျာ၊ သားနားလည်လာရင် သိပ်ကောင်းမှာ"

ဦးသော်ခိုင်စကားအဆုံးမှာ မာမီနဲ့ဒယ်ဒီ သက်မမောလေးချသည်။ သခင့်ကိုလည်း အရင်လို အပြစ်မြင်ဖို့ စိတ်ပါဟန်မတူ။

ထိုကတည်းက သခင့်စိတ်ဟာ ဟိုဟိုဒီဒီလွင့်ကာ အသက်ရှူမဝဖြစ်လို့နေတတ်သည်။

ပတ်ဝန်းကျင် ရှုမျှော်ခင်း ဘယ်လောက်လှလှ၊ လေပြည် ဘယ်လောက်နုနု၊ သခင် အသက်ရှူမဝ ဖြစ်နေသည်က ဘာကြောင့်ပါလိမ့်။

ဟောဒီ လန်ဒန်တံတားက ပြောပြနိုင်မလား။

ဒါမှမဟုတ် လှပတဲ့သိမ်းမြစ်ရှုခင်းလှလှက အဖြေပေးမလား။ ပြောပါ လေနုပျို့လေးရယ်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၉)

သခင်

အချစ်ဆိုတာပိုင်ဆိုင်ခြင်း၊ စွန့်လွှတ်ခြင်းလား၊ ဒါမှမဟုတ် နောက်ဆုတ်ခြင်းလား၊ ရှောင်တိမ်းခြင်းလား။

ဘာရယ်လို့တော့ ကိုယ် တိတိကျကျလိုက်မမီတော့ပါဘူး။ ဒါပေမဲ့ ကိုယ်လိုက်မီတာကတစ်ခုက သခင့်ကိုချစ်နေတဲ့ နေသက်တန့်အချစ်ကိုပါ။

ဘာဖြစ်လို့လဲဆိုတော့ နေသက်တန့်က သခင့်ကို လေးနက်ခိုင်မာတဲ့ နှလုံးသားနဲ့ ချစ်မြတ်နိုးတယ်ဆိုတာ ယောကျ်ားချင်းမို့ ကိုယ်နားလည်တယ်။ ကိုယ့်အချစ်ထက် နေသက်တန့်ချစ်ခြင်းက နှင်းစက်မှုန်လေးများလို ဖြူစင်တယ်။ တိမ်စိုင်တွေလို နူးညံ့သိမ်မွေ့





လှတယ်ဆိုတာ ကိုယ်အသိအမှတ်ပြုပါတယ်။

နောက်ပြီး ကိုယ်နဲ့ကိုယ့်ဒယ်ဒီကြားမှာ ရှိနေတဲ့ မကျေလည်မှုက ကိုယ့်ရဲ့အမြင်လွဲမှုသက်သက်ပါ။ အဲဒီအမြင်လွဲမှုနောက်မှာ သခင့်ကို ပစ်မှတ်ထားသလို ဖြစ်သွားတဲ့အတွက် ကိုယ့်ကို ခွင့်လွှတ်ပါ။ တကယ်တော့ ကိုယ်နဲ့ဒယ်ဒီက နေသက်တန့်ရဲ့ပိုင်ဆိုင်မှုနဲ့ဝေစုကို ချိုင်ယူသလို ဖြစ်ခဲ့ရတာပါ။

အဲဒီအတွက် နေသက်တန့်အပေါ် ကိုယ့်ဘက်က အကြွေးတင်သလို ဖြစ်နေတယ်။ ပြန်ပြီးလည်း ပေးဆပ်ချင်တယ်။ ပေးဆပ်ခွင့်လည်း ရချင်တယ်။ ရှေ့ဆက်ပြီး သခင့်ကို မရီးတစ်ယောက်အဖြစ် ကိုယ်တစ်သက်လုံး လေးစားသွားမှာပါ။

သခင်ကျေနပ်တယ်ဆိုရင် သခင့်နှလုံးသားထဲက အချစ်တွေ ကွယ်ဝှက်မထားပါနဲ့တော့။ အချစ်ဆိုတာ ကွယ်ဝှက်ထားလို့ရတဲ့ခံစားချက်မှ မဟုတ်တာ။ ချစ်ရင်ချစ်တယ်ပေါ့။ ချစ်ချင်ရင် ချစ်လိုက်ပေါ့။ ဒါမှလည်း နှလုံးသားက ပန်းလိုလန်းမှာလေ။ သခင့်ကို အစဉ်လေးစားပြီး မျှော်လင့်နေမယ်။

မောင့်မူပိုင်

ပိုင်ပိုင့်လက်ရေးနဲ့ စာလုံးလေးများက သခင့်ရင်ခုန်စိတ်ကို ထိန်းချုပ်ထားဖို့ ပိုပြီးခဲယဉ်းလာသည်။

ဒါတင်မက ခရမ်းကလည်း ရေးလာသည်။

သခင်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကို သခင်မချစ်ဘူးလားဟင်။ ဆရာက သခင့်ကို ဘယ်လောက်ချစ်လဲဆိုရင် ဆရာ့ရဲ့ နှင်းဆီပန်းခြံထဲမှာလေ သခင့်ပုံစံနဲ့ တစ်ထပ်တည်းတူတဲ့ ဖယောင်းရုပ်လေး ထုထားတာပေါ့။

ခြံထဲက ရောင်စုံနှင်းဆီပန်းတွေ ခူးနေတဲ့ပုံပေါ့။

အရမ်းအသက်ဝင်တာပဲ သိလား။

စာချွန်နဲ့နှစ်နှစ်ကတောင် ပြောနေသေးတယ်။ သခင့်ရဲ့ ဖယောင်းရုပ်ထုကို သခင့်ကို မြင်စေချင်လိုက်တာတဲ့။

ခရမ်းဆရာကတော့ သခင့်ရဲ့ဖယောင်းရုပ်တုလေးနဲ့ပဲ အလွမ်းဖြေနေတာလေ။ သခင်ကော. . .

"ဟင့်အင်း"

သခင် ခေါင်းရမ်းလိုက်လျှင် တမ်းတမျှော်လင့်သော မျက်ရည်တို့က ချစ်စိတ်ကြောင့် တားမရနိုင်စွာ လွင့်ကျသွားလေသည်။

သေချာတာက ခရမ်းစာကို သခင် ဆက်လက်ဖတ်နိုင်စွမ်း မရှိတော့ပါလေ။

♥ ♥ ♥



## အခန်း(၄၀)

သခင့်ပုံ ဖယောင်းရုပ်ထုထားသတဲ့။ ဟုတ်ရဲ့လား နေသက်တန့်ရယ်။

ရှင့်မှာ အနုပညာဆန်တဲ့ ချစ်စိတ်တွေ ရှိနေသတဲ့လား။

သခင့်စိတ်က ဘာမဆို လက်တွေ့ကျကျ စူးစမ်းချင်ပါတယ်။ ရှင်ဟာ တကယ်ပဲ သခင့်ကို ချစ်နေကြောင်း လွမ်းနေကြောင်း သက်သေထူတဲ့အနေနဲ့ သခင့်ရုပ်ထု ထုထားတယ်ဆိုရင်။

ထိုအတွေးက သခင့်နှလုံးသားကို နှိပ်စက်လွန်းလှသည်။ သခင့်ရင်ခုန်သံက တွေ့ချင်စိတ် မြင်ချင်စိတ်နဲ့ ဆူပွက်ကာ လက်တွေ့ကြည့်ချင်မိတဲ့စိတ်ကိုလည်း ထိန်းမထားနိုင်တော့ပါ။

ဒါကြောင့် ဒယ်ဒီနဲ့မာမီကိုလည်း အသိမပေး။ သခင့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရင်က စိတ်ကလေးများ လှုပ်ရှားသက်ဝင်လာကာ၊ တိတ်တဆိတ်ပဲ သခင် နောက်ကြောင်းပြန်လှည့်မိသည်။

ချက်ချင်းပဲ လေယာဉ်လက်မှတ် အပြေးအလွှားဝယ်ကာ သူ့ရဲ့ရောင်စုံနှင်းဆီလို့ ဆိုင်းဘုတ်တပ်ထားတဲ့ နှင်းဆီခြံရှိရာ နယ်မြေဆီ ဦးတည်ခဲ့လေပြီ။

ထိုနေ့ဟာ သခင့်နှလုံးသားကို တစ်စုံတစ်ရာက ဦးဆောင်ထားတဲ့ နေ့လေးအလားကွယ်။

BURMESE CLASSIC .com

သခင် ရင်အခုန်မြန်ကာ။

သူ့နှင်းဆီခြံနဲ့ နီးလာလေ ရင်ခုန်သံ သိမ့်သိမ့်ဖြစ်လေ။ ဟုတ်ပါ့မလားဆိုတဲ့ ဆန်းစစ်ချင်တဲ့ စိတ်နဲ့ ရင်ခုန်ရသလို ဟုတ်နေရင် ဘာလုပ်ရမလဲဆိုတဲ့အတွေးနဲ့လည်း ရင်ခုန်သံတွေ ဗရမ်းဗတာ လှုပ်ခတ်နေပေသည်။

အရောင်အသွေးစုံ ပွင့်ဖူးဝေဆာနေတဲ့ သူ့နှင်းဆီခြံက ခြံဝင်းတံခါးလဲ ဟင်းလင်းပွင့်လျက်။

သခင် ဘာမှမစဉ်းစားနေတော့ပါ။ ပန်းခင်းထဲ အသော့ကလေးပြေးဝင်လျှင်

"အလိုလေး"

ဟုတ်ပါရဲ့။ သခင် အံ့ဩကာ ခြေလှမ်းတွေတန့်လျက်။ သခင့်မျက်လုံးလှလှကလေး မြူးရွှင်လို့သွားသည်။

နှင်းဆီပန်းခင်းထဲက ပန်းရောင်စုံတွေခူးကာ ပွေ့ပိုက်ပြေး





တော့မယ့်ဟန်ဖြစ်နေတဲ့ သခင်ရယ်။ ထိုစဉ်က သခင်ဝတ်ထားတဲ့အတိုင်း ဘောင်းဘီရှည်နဲ့ခါးပတ်ပြားကြီးပတ်ကာ ချည်ကွက်အကျႌက ကိုယ်မှာရေစိုနေသလို ကပ်ကာနေသည်။

အသားအရည်ကအစ သခင့်အသားအရည်လို ပန်းနုရောင်ကြည်စင်ပြီး လှနေသည်။ ပန်းတွေ ပွေ့ပိုက်ထားတာမို့ ကျေနပ်အားရဖြစ်နေတဲ့ သခင့်မျက်နှာပုံနှင့် လှပစွဲငြိဖွယ်ကောင်းတဲ့ သခင့်ပါးချိုင့်လေးပါ ခွက်ဝင်နေသည်မှာ သခင်ပြုံးနေသည့်အတိုင်း အသက်ဝင်နိုးကြွနေ၏။

မျက်တောင်ကော့ကြီးများကလည်း သခင့်မျက်တောင်လှလှနဲ့ တစ်ထေရာတည်း။ ကြည့်စမ်း။

သူ သိပ်ခံစားတတ်တာပဲ။ သိပ်ပြီးလည်း စိတ်ကူးယဉ်ဆန်သလို အနုပညာစျာန်ဝင်ပြီး ရင်ခုန်စိတ်အပြည့်နဲ့ ထုလုပ်ထားတဲ့ သခင့်ရုပ်ထုလေးရယ်။ ထိုရုပ်ထုလေးကို ကျော်ခိုင်းမသွားရက်တော့ပါ။

ဒီရုပ်ထုလေးကို သခင် အံ့ဩတနန်း တို့ထိကိုင်တွယ်နေမိစဉ်။

"ခင်"

ကျေးငှက်တွန်ကြူးသံလား၊ လိပ်ပြာတောင်ပံခတ်သံလား၊ ခြားရခက်လှသော နူးညံ့မွတ်သိမ့်သော ခေါ်သံလေးနဲ့ အနားရောက်လာတဲ့နေ။

သခင့်မျက်လုံးက မွတ်သိမ့်စွာ ငေးကြည့်မိ၏။ အချစ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထင်တယ်။ နေက သခင့်မျက်လုံးထဲ ပိုလှနေတာမို့ သခင် ရင်သိမ့်သိမ့်တုန်ကာ။

ရွှန်းလက်တဲ့နေ့မျက်ဝန်းထဲက အချစ်တွေဟာ တိမ်ပြာတွေ လွင့်မျောနေသလိုလို ဖြစ်တာမို့ သခင်ရှောင်လွှဲဖို့ ခက်လေပြီး

သခင် မျက်တောင်တစ်ချက် ခတ်မိသွားလျှင်

"ခင့်ကိုမောင့်ရင်ခွင်ထဲက ထွက်ပြေးခွင့် မပေးနိုင်တော့ဘူး"

"ဘာ ဘာရယ် ထွက်ပြေးခွင့်မပေးနိုင်ဘူး ဟုတ်လား"

"ဟုတ်တယ်"

နေ မြူးမြူးလေး ခေါင်းဆတ်ကာ ဖယောင်းရုပ်လေးကို တို့ထားတဲ့ သခင့်လက်ချောင်းလေးတွေကို ဆွဲယူဆုပ်ကိုင်သည်။

"အိုး. . လွှတ်လို့"

သခင် ရှက်ရှက်နဲ့ ရုန်းဖယ်မလို့ စိတ်ကရှိပေမယ့် နူးညံ့စွာထိတွေ့လာတဲ့ နေ့ရဲ့ကြင်နာခြင်းကို သခင့်နှလုံးသားက တွယ်မက်သွားလေသည်။

"ခင် မောင့်ကိုမချစ်ဘူးလို့ မောင်မယူဆဘူး"

"အမယ်"

"ဟုတ်တယ်၊ ဒီတစ်ခါ သခင့်ကို မောင်အလွှတ်မပေးတော့ဘူး"

"ဘာရယ်"

"ခင့်ကို မောင့်နှလုံးသားနန်းတော်မှာ စံမြန်းဖို့ ဘိသိတ်သွန်းလောင်းပြီးပြီ"





သခင်က ပခုံးလေးပင့်ကာ ရယ်မြူးရင်း

"ဘယ်သူက နေ့ရင်ခွင်မှာ မနေဘူးငြင်းလို့လဲ"

"တကယ်"

"အင်းပေါ့"

သခင်ပြုံးမြိန့်မြိန့်လေး ခေါင်းညိတ်၏။ ထိုအခါ နေသက်တန့်ရဲ့ ရင်ခုန်ဘရိတ်လေး ရုတ်ချည်းလွတ်သွားချေပြီ။

သခင့်ကိုယ်လုံးလေးကို ဆွဲယူပွေ့ဖက်သလို ပါးချိုင့်ရာလေးနှင့် လှသောပါးပြင်နုနုကို ပွတ်တိုက်မွှေးကြူလျှင်

"ဖြောင်း ဖြောင်း ဖြောင်း"

"ဟင် ဘယ် ဘယ်က လက်ခုပ်သံတွေလဲ"

နေ့အနမ်းနွေးနွေးလေး အဆုံးမသတ်သေးခင် သခင် ခေါင်းထောင်ကြည့်လိုက်တော့ သူငယ်ချင်းစုံတွဲတွေ။

ကြည့်စမ်း သခင်ရှက်လွန်းလို့ အသက်ရှူဖို့ပါ မေ့လေသည်။ သခင့်ကို သူငယ်ချင်းတွေ ကရော်ကရော် လှောင်ပြောင်နေတော့ သခင် ပိုရှက်ပါ၏။

ထိုအခါ သခင့်မျက်နှာလေး ရှက်သွေးဖြာသွားသည်က ရောင်စုံပန်းခင်းနှယ် ကာလာစုံလျက်။

"ခင် မရှက်ပါနဲ့ကွာ"

"ဟွန်း ရှက်တယ် သွား"

"ရှက်ရင် မောင့်ကို ပြန်မွှေးလေ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ပါးမွှေးရာတွေမြိုင်နေတဲ့ နေ့ပါးပြင်ထိုးပေးလျှင် သခင့်နှလုံးသားလေး အရှက်ရဆုံးဖြစ်လေသည်။

"မွှေးလေ သခင်ရဲ့"

"ဟွန်း သွား"

သခင် တွန်းပစ်လိုက်ပေမယ့် မောင့်မျက်နှာ ရွေ့မသွား။ ပိုလို့ပင် တိုးလာက။

ဘရိတ်ပေါက်သွားတဲ့ မောင့်ရင်ခုန်သံနောက်မှာ သခင့်ပါးပြင်နုနုနဲ့ နှုတ်ခမ်းလှလှလေးတွေသာမက ကြော့ရှင်းသော သခင့်ကိုယ်လုံးလှလှလေးပါမကျန်။

ချစ်စိတ်တွေနောက် ပါတော်မူချေပြီ။

ထိုအခါ

ဖူးဖူးသစ်သစ် ပွင့်လန်းသော နှလုံးသားလေးဟာ တိမ်ပြာဆော့ကစားနေတဲ့ ကောင်းကင်လို သာယာလှိုက်မောလျက်။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**မိန်းကလေး**

အမှတ် ၄၅ (B)၊ ၆–လွှာ၊

ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၉၄၄၉၂၅၁၄၁

ဖျူးစာပေ

BURMESE CLASSIC .com

www.burmeseclassic.com